
NEW IDEA
စိတ်ကူးသစ်စာပေ
ဇေယျမင်းသျှင်
ဂမ္ဘီရအောင်မြေ
ထောင်တွင်းဂမ္ဘီရဝတ္ထုတိုများ

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး


## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိတ်ကူးသစ်စာပေ



စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၄၈၀၁၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၃၃၀၁၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၉၊ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဦးမန်းနော်စာင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

# မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ဂမ္ဘီရအောင်မြေ | ၁ |
| ၂။ | နွေ၏အလွှန် | ၈၄ |
| ၃။ | မေတ္တာစေရာ | ၁၁၆ |
| ၄။ | သစ်သီးခူးချိန် | ၁၅၁ |
| ၅။ | လားရာ | ၁၈၀ |
| ၆။ | စိန် | ၁၉၆ |



# ဂမ္ဘီရအောင်မြေ

(၁)

ရွှေဘိုနယ်ခံ ရွာနေပြည်ထိုင် မိတ်ဆွေများကို ကျွန်တော် မကြာခဏ ကလိလေ့ရှိသော စကားခွန်းလေး တစ်ခုရှိသည်။ ထိုစကား ခွန်းလေးဖြင့် မထိတထိပစ်ပေါက်လိုက်တိုင်း မခံချိတတ်ကြ။ မငြင်းသာ မကွယ်သာ ပကတိဖြစ်ရပ်မှန်မို့သာ တဟဲဟဲနှင့် သွားဖြဲရယ်ပြတတ် ကြရလေငြား၊ ရင်ထဲမှာတော့ ကလိတိတိ၊ တငြိငြိ ရှိတတ်လေမည် ထင်သည်။

''ရွှေဘိုသားတွေဟာ အလောင်းမင်းတရားကြီးရဲ့ အောင်မြေ နင်းပြီး ဘာမထီသာကီမျိုးတွေရယ်လို့ မိုက်ရဲ၊ တိုက်ရဲ၊ ဇာတိမာန် သွေးရဲကြပေမဲ့၊ တကယ့်အောင်မြေအစစ်ကို ယောင်လို့တောင် ခြေမ ချခဲ့ကြဖူးပါဘူးဗျာ။ အောင်မြေအတုပေါ်ခြေတင်ပြီး ဘဝင်ခပ်မြင့်မြင့်

လုပ်နေကြတာပါ။ တကယ့်(ဂမ္ဘီရအောင်မြေ)အစစ်ကို ကျုပ်တို့ကောင်းမှုကြောင့်သာ မြင်ကြရ၊ တွေ့ကြရ၊ နင်းဖူးကြရတာပါ။ သမိုင်းဝင် ''ဂမ္ဘီရအောင်မြေ''ပေါ်မှာ ဒီဘက်ခေတ် ကနဦးခြေချဖူးတာ ကျုပ်တို့မှ အစစ်အမှန်ပါ။ ဒါကြောင့် ရွှေဘိုသားရယ်လို့ မိုက်ဂုဏ်ပြလာရင်ဖြင့် ကျုပ်တို့က ရယ်ချင်ဖို့ထားလို့၊ ပြုံးတောင် မပြုံးမိဘူး။ ဂမ္ဘီရအောင်မြေတန်ခိုးကြောင့် ဘုန်းစွမ်းနဲ့လူစ ပြကြစတမ်းဆိုရင် ဒီဘက်ခေတ် ရွှေဘိုသားတွေမှန်သရွေ့ ကျုပ်တို့ရဲ့ နောက်တစ်ခေါ် လောက်မှာ ပြတ်ကျန်ခဲ့မယ်ထင်တယ် . . . ဟုတ်စ၊ ဟဲ . . . ဟဲ . . . ဟဲ''

ရွှေဘိုသွေးတစ်စက်မျှပါလျှင်ပင် အခံရခက်ချိမ့်မည့် သည်စကားခွန်းကို မိတ်ရင်းဆွေညာတို့ စကားဝိုင်း၌ နိုင်ဖဲတစ်ချပ်နှယ် ပစ်ခဲ့၊ ပေါက်ခဲ့၊ နှိပ်နယ်ခဲ့သည်မှာ အကြိမ်ကြိမ်။ အချက်အလက်နှင့် တကွ နှုတ်လှန်မထိုးသာအောင် ရာဇဝင်ခင်းပြခဲ့ဖူးသည်မှာ ခဏခဏ။ ပြောရဲပါသည်ကော။ အနီတတိယ မြန်မာနိုင်ငံတော်ကြီး၏ ဇာတ်ပန္နက်တည်ရာ ''ငါးမည်ရပြည်ရွှေဘို''မှ အလောင်းမင်းတရားကြီး၏ ''ဂမ္ဘီရအောင်မြေ'' ကို တကယ့်တကယ် သမိုင်းဝင်အဖြစ် ဖော်ထုတ်ခဲ့သည်က ဖြစ်ရပ်အမှန်ပေကိုး။

သည်လိုပါခင်ဗျာ။ သေချာထင်လင်းအောင် ဇာတ်စုံခင်းပြပါရစေဦး။

♛ ♛ ♛ ♛ ♛

(၂)

၁၉၉၁ ခုနှစ်၊ မန္တလေးဗဟိုအကျဉ်းထောင်ကြီးတွင် စက်မှု လက်မှုအလုပ်ရုံဌာနမှူးနှင့် ဆောက်လုပ်ရေးဘက်ဆိုင်ရာ တာဝန်ခံ ဌာနမှူးအဖြစ် ကျွန်တော်တာဝန်ထမ်းဆောင်စဉ်ကာလက ဖြစ်ပါသည်။ ကျွန်တော့်တို့ဆရာကြီး(ဦး)ရန်အောင်မောင်မောင်၏ ''ကြမ္မာရဟတ် တစ်ပတ်လည်''ဝတ္ထုကြီး (နောင်အခါ 'သိကြားစေသက်သေညွှန်း'အမည် ဖြင့် ရုပ်ရှင်ရိုက်ကူးသည်။) ပေါက်ဖွားခဲ့ရာ အနှိဌာနကြီးသည် ရေခံမြေခံ ဘူမိနက်သန်မှန်လွန်းသည်ထင့်။ ဆရာကြီးအတွက် Masterpiece လက်ရာများဖြစ်သော ဝတ္ထုကောင်းကြီးများ ဟောတစ်ပုဒ်၊ ဟောတစ်ပုဒ် မွေးထုတ်နိုင်ခဲ့လေသကဲ့သို့ ကျွန်တော်တို့အတွက်လည်း စာတင်ပေတင် ဖူးပွင့်မလာနိုင်သေးလေငြား၊ ရင်ထဲမှာ အမြဲတေအစိုင်အခဲဖြစ်တည် ခွင့်ရခဲ့သည့် ဇာတ်လမ်းပေါင်း သောင်းခြောက်ထောင်ကို တွေ့ကြုံ ဆုံမြင်ခဲ့ရဖူးပါသည်။ ဤ''ဂမ္ဘီရအောင်မြေ''သည်လည်း ဤအလုပ်ရုံ ဌာနမှပင် အခြေတည်ပေါက်ဖွားခဲ့သည်ဟုပင် ဆိုရပါမည်။

''ဆရာဦးဇော်မြင့်၊ ထောင်ပိုင်ကြီးက ညွှန်ကြားရေးမှူးရုံး လိုက်ခဲ့ပါတဲ့။ ဆောက်လုပ်ရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ အစည်းအဝေး တစ်ခုလုပ်မှာမို့ ယူသင့်တဲ့စာအုပ်စာတမ်းတွေလည်း တစ်ပါတည်း ယူခဲ့ပါတဲ့ . . .''

ထောင်ပိုင်ကြီးရုံးခန်းမှ အကူရဲဘော်တပ်သားကျော်မင်းသူ (ယခုထောင်မှူးကြီး၊ မြင်းခြံအကျဉ်းထောင်၊ တလောလေးက ဆုံးရှာပါပြီ) က လာရောက်သတင်းပို့သည်။

''ညီလေး . . . ဘာကိစ္စတဲ့လဲကွ။ နည်းနည်းမသိခဲ့ဘူးလား''

''ညွှန်မှူးဖုန်းဆက်လို့ ဆရာရေ။ ထောင်ပိုင်ကြီးတော့ ချက်ချင်းထွက်သွားလေရဲ့။ ဆရာ့ကို သတင်းပို့ပြီး အတူလာခဲ့ပါဆိုလို့ ကျွန်တော်ပြေးလာတာ။ ဘာမှ မသိခဲ့ရဘူး။ လိုတာယူပြီးရင် သွားစို့ ဆရာ။ ကိစ္စအရေးကြီးပုံပေါ်တယ်''

သိတော်မူကြသည့်အတိုင်း လူကြီးအနားက လူယုံရဲဘော် ဆိုတာ နည်းနည်းတော့သည်းပြတတ်သည်ချည်းပင်။ သို့တစေ ကိုယ့်အထက်လူကြီးဆီက လာသောအရေးကြီးကိစ္စဟူသည် ကိုယ့်ကိုချက်ချင်း ကူးစက်စေတတ်သော အပူမီးမဟုတ်ပါလား။ လိုအပ်တာ ပြင်ဆင်ယူငင်၍ တပ်သားကျော်မင်းသူနှင့်အတူ ညွှန်ကြားရေးမှူးရုံးသို့ မပြေးရုံတစ်မည်သာ ထွက်လာခဲ့မိပါတော့သည်။

♛ ♛ ♛ ♛ ♛

(၃)

''ကဲ . . . ကိစ္စကတော့ အဲဒါပဲ။ မင်းတို့ ဘယ်လိုလုပ်ကြမလဲ။ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ လိုအပ်တာညှိနှိုင်းပြီးရင် သုံးရက်အတွင်း စီမံချက်တင်ရမယ်။ လိုအပ်တာတွေ ကြိုတင်စီစဉ်ဖို့ ဆွေးနွေးနိုင်အောင် ခေါ်ရတာပဲ။ ဘာလုပ်မလဲ။ ဘာလုပ်သင့်သလဲ။ ငါနဲ့ညွှန်ချုပ်ရုံးက၊ ဌာနက ဘာတွေဖြည့်ဆည်းပေးရမလဲ။ အကြီးအကဲရဲ့ လိုအပ်ချက်ဟာ တို့အတွက် အမိန့်ပဲ၊ ဒါကို မမေ့နဲ့''

ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကျော်ထွန်း(ယခုညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)အဘဦးကျော်ထွန်းက သူ၏ရှင်းပြချက်ကို နိဂုံးချုပ်လိုက်သည်။ ထောင်ပိုင်ကြီးဦးဝင်းမြင့်(ဗိုလ်ကြီးဝင်းမြင့်၊ ညွှန်ကြားရေးမှူး(ငြိမ်း)စိုက်/မွေး၊ အကျဉ်းဦးစီးဌာန)နှင့် ထောင်ပိုင်လေးဦးထွန်းလှစိန်(လက်ထောက်ညွှန်မှူး၊ ဗဟိုအကျဉ်းထောင်၊ မန္တလေး ယခုကွယ်လွန်ရှာပါပြီ)တို့က ကျွန်တော့်ကို လှမ်းကြည့်သည်။ ညွှန်မှူးရုံးအဖွဲ့ဝင် ကျွန်တော့်ဆရာ ထောင်မှူးကြီးဦးမြဦး(လက်ထောက်ညွှန်မှူး(ငြိမ်း) ညွှန်ကြားရေးမှူးချုပ်ရုံး၊ အကျဉ်းဦးစီးဌာန)ကလည်း ကျွန်တော့်ကိုပင် မျက်ရိပ်ပြနေသည်။ မင်းပဲ ကြည့်ရှင်းပေတော့ဟု ဆိုနေကြသလိုပင်။

ကျွန်တော်လည်း လူကြီးများ၏ အသံကိုနာခံရင်း ကိုယ်လုပ်ရမည့်အလုပ်ကို တစ်ဆက်တစ်စပ်တည်း ကာရွတ်ကင်းလျှောက်တွေး

နေမိသည်သာ။ ဟုတ်သည်လေ၊ အလုပ်က ကိုယ်နှင့် တိုက်ရိုက်သက်ဆိုင်နေသောအလုပ်။ လုပ်ငန်းတာဝန်သဘောအရ ကိုယ်ကအလျင် ဦးအောင်တင်ပြရမည့်အလုပ်။ ပြီးတော့ နိုင်ငံတော်အကြီးအကဲများထံမှ တိုက်ရိုက်ကျလာသော အမျိုးသားရေးလုပ်ငန်း တာဝန်တစ်ရပ်လည်း ဖြစ်လို့နေသည်။

ရှင်းပြပါဦးမည်။ အဆိုပါကာလက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရသည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးအနက်ထားကာ အထူးဇောက်ချ လုပ်ဆောင်နေချိန်ဖြစ်သည်။ မှတ်မိကြလိမ့်ဦးမည် ထင်ပါသည်။ အထက်မြန်မာပြည် မန္တလေးမြို့၌ လှေသဘင်ပွဲတော်ကြီးများ၊ မြင်းခင်းသဘင်ပွဲတော်ကြီးများကို ခြိမ့်ခြိမ့်သဲမျှ နှစ်စဉ်ကျင်းပလျက်ရှိပြီး နန်းမြို့အတွင်း၌လည်း စစ်အတွင်းက စစ်ဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့ရသည့် မြန်မာ့ဦးစွန်း''မြနန်းစံကျော်'' ရွှေနန်းတော်ကြီးကို ရှေးမူမပျက်အသစ်ပြန်လည် တည်ဆောက်နေဆဲကာလ ဖြစ်ပါသည်။

မြန်မာပြည်အကြေ၊ အညာ၊ မြေလတ် အရပ်ရပ်ဒေသတိုင်း၌ ဇာတိပုညဂုဏ်မာနကို ထက်သန်တက်ကြွလာစေမည့် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ နန်းမြို့နန်းရာဟောင်းများကို ပြန်လည်ရှာဖွေဖော်ထုတ်နေသည်မှာလည်း အရှိန်အဟုန်ပြင်းလှသည်။ စစ်ကိုင်းတိုင်း၊ ပုံတောင်ပုံညာအရပ်က တွေ့ရှိဖော်ထုတ်နိုင်ခဲ့သော ''ပုံတောင်ဂျီးယား''လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများကြောင့်လည်း ကမ္ဘာ့အလယ်တွင် ''လူသားမျိုးနွယ်အစမြန်မာက''ဟု ဓာခမ်းတနားအရသာယူကာ ဝင့်ထည်နိုင်နေချိန်လည်း ဖြစ်ပါသည်။

သို့ကလို မျိုးချစ်စိတ်ဓာတ်ထက်သန်ပြင်းပြနေချိန် နှောင်းခေတ်

မျိုးဆက်သစ်တို့အား "ငါတို့ မြန်မာသည်ကား ခေသူမဟုတ်ကြပေ တကား"ဟု အမျိုးသားရေး ဝိညာဉ်ကို ပူးကပ်နိုးထစေလျက်ရှိချိန်တွင် နိုင်ငံတော်အကြီးအကဲများ၌ အခါကာလအားလျော်စွာ ထက်သန်ပြင်းပြသော ဆန္ဒကြီးတစ်ရပ် ကိန်းဝပ်ဖြစ်တည်လာခဲ့ဟန်တူပါသည်။

မဟာမြန်မာတို့၏ ရွှေရောက်ဝင်းပ ပြိုးပြိုးပြက်သည့် ရွှေခေတ်ကာလတစ်ရပ်ကို စွမ်းစွမ်းတမံ ထူထောင်တည်ဆောက် ဝင့်ထည်နိုင်ခဲ့သော ကုန်းဘောင်ဆက် မြန်မာနိုင်ငံတော်ကြီး၏ ဘူမိနက်သန်သန္တေတည်ရာ "ငါးမည်ရပြည်ရွှေဘို"၌ အလောင်းမင်းတရားကြီး၏ ရွှေဘုံရွှေနန်းကြီးကို ဖော်ထုတ်ကာ ခံ့ခံ့ညားညား ပြန်လည်တည်ဆောက်ရသော် ကောင်းလေစွ။ သင့်နိုးလေစွ။

အကြီးအကဲများ၏ ဤမျှသော စိတ်ကူးအကြံကို လက်တွေ့အကောင်အထည်ဖော်ရန်မှာ ပြည်ထဲရေးဝန်ကြီးရုံးမှတစ်ဆင့် အကျဉ်းဦးစီးဌာနသို့ လက်ပြောင်းရောက်ရှိလာခဲ့ပါသည်။ ပြီးမှ အနီးဆုံးတွင်ရှိသော ကျွန်တော်တို့သုံးဦးထံ ဦးတည်ဆိုက်ကပ်လာခဲ့သည်။

ကျွန်တော်မတ်တတ်ထရပ်၍ ညွှန်ကြားရေးမှူး အဘဦးကျော်ထွန်းအား တင်ပြရတော့သည်။

"ကျွန်တော်နဲ့ ဆောက်လုပ်ရေး ကျွမ်းကျင်နည်းပြ အဖွဲ့တစ်ဖွဲ့က ရွှေဘိုအကျဉ်းထောင်ကိုသွားပြီး ယခင်နန်းတော်ရာဟောင်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို လေ့လာစုဆောင်းပါမယ်။ ဒေသခံ၊ မြို့ခံ၊ ရှေ့မီနောက်မီ ဆရာတော်ကြီးတွေ၊ သက်ကြီးဝါကြီးတွေနဲ့လည်း တွေ့ပြီး ရနိုင်သမျှသတင်းစုပါမယ်။

ရွှေဘိုမြို့နယ် မ.ဝ.တ အဖွဲ့နဲ့လည်း ချိတ်ဆက်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေ ဆောင်ရွက်ပါမယ်။ မော်တော်ယာဉ်အစီအစဉ် အဆင်ပြေရင် ဒီကနေ့ညနေပိုင်းပဲ ခရီးစထွက်ပါမယ်။ ဒီရှေ့ပြေးခရီးစဉ်က

ရရှိတဲ့ သတင်းအချက်တွေပေါ် အခြေခံလို့ လုပ်ငန်းစီမံချက်မူကြမ်းကို တင်ပြပါမယ်ခင်ဗျာ။ ညွှန်မှူးကြီးနဲ့လူကြီးများက လိုအပ်တဲ့ လမ်းညွှန်ချက်၊ ညွှန်ကြားချက်နဲ့ Guide-line များ သီးသန့်ပေးဖို့ ရှိရင်လည်း အသေးစိတ် နာခံချင်ပါတယ် ခင်ဗျာ''

''အေး . . . ကောင်းတယ်။ ဒီအလုပ်က ချက်ချင်းဆောင်ရွက်ရမယ့်အရေးကြီးအလုပ်။ ဖင့်နွှေးနေလို့မဖြစ်ဘူး။ လူကြီးတွေကလည်း တို့ဆီကစီမံချက်နဲ့ အသေးစိတ်အစီအစဉ်တွေကို သိချင်နေကြတယ်။ မော်တော်ယာဉ်နဲ့ လိုအပ်မယ့်စုဖွဲ့မှုတွေ၊ ငွေကြေးကအစ အုပ်ချုပ်မှုကိစ္စတွေအားလုံးကို ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေးတို့က ပြည့်စုံအောင် စီစဉ်ပေးပါ။ သွားမယ့်အဖွဲ့အမည်စာရင်းရယ်၊ ထွက်မယ့်အချိန်ရယ်ကို ပြန်သတင်းပို့ပါ။ မြန်မြန်တော့လုပ်ကြ''

''ဟုတ်ကဲ့ . . . ညွှန်မှူး''

နဂါးခေါင်းကတော့ ဘယ်ညာနှစ်ချက် ဟန်မပျက်လှုပ်လိုက်ယမ်းလိုက်ပေပြီ။ နောက်ကလိုက်ရမည့် အမြီးပိုင်းဝင်ကရမယ့် ကျွန်တော်တို့တော့ အမောတကော ပြေးလိုက်ပေဦးပေါ့။

♛ ♛ ♛ ♛ ♛

(၄)

**ရွှေဘိုမြို့**

တစ်ခတ်တစ်ချိန်က ''မုဆိုးဘို၊ ရွှေဘို၊ ကုန်းဘောင်၊ ရတနာသိင်္ခ၊ ရန်ကြီးအောင်''ဟု အမည်တော်ငါးရပ်ဖြင့် ခမ်းခမ်းနားနား ဝင့်ထည်နိုင်ခဲ့သည့် မြန်မာတို့၏ ''ကုန်းဘောင်ရွှေပြည်'' ကြီးအား ပစ္စုပ္ပန်ကာလတွင် ကြည့်ရမြင်ရသည်မှာ အားမရစရာပါ။ မြန်မာပြည်တစ်ခွင် လုပ်ငန်းတာဝန်ဖြင့် အတော်ပင်နှံ့နှံ့စပ်စပ် သွားလာဝင်ထွက်ခဲ့ဖူးသော ကျွန်တော့်မျက်မြင်၌ ရွှေဘိုသည် မြို့ကြီးတစ်မြို့နှင့် အလျှင်းမတူ။ သိက္ခာကြီးသော ကျေးရွာကြီးတစ်ရွာကဲ့သို့သာ မြင်တွေ့နေရသည်။

၁၉၈၈ ခုနှစ်နှောင်းမှစတင်ကာ န.ယ.ကအစိုးရ၏ တည်ဆောက်ပြုပြင်၊ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များ အရှိန်အဟုန်ကြီးစွာ စီးဆင်းနေသည့်တိုင် သည်အလျဉ်က ရွှေဘိုကို ထိရောက်စွာရိုက်ခတ်နိုင်ခဲ့ဟန်မတူ။ မြို့အခင်းအကျင်း၊ မြို့ကွင်းမြို့ကွက်၊ လမ်းများတည်ဟန်၊ မြို့ပြဆိုင်ရာ အဆောင်အယောင်များ၊ ဈေးနှင့်စားသောက်ဆိုင်များ . . . စသည် စသည်မြင်လေသမျှမှာ အခြားမြို့ရွာများ၏ စည်ပင်ဖွံ့ဖြိုးမှုများထက် ခြေတစ်လှမ်းမက နောက်ကျကျန်နေသည့်နှယ်။ ညံ့ဖျင်းလွန်းလှသည်ဟု မဆိုနိုင်လေငြား ခေတ်ပြိုင်မြို့ပြများ၏

ခံ့ညားမှုကိုမူ အဆင့်မမီဟုကား ပိုင်းဖြတ်၍ရသည်။

သည်မြို့ကြီးကို တစ်ခေတ်တစ်ခါကနယ် စည်ပင်ဖွံ့ဖြိုးကာ သည်မြေသည်ဒေသ၏ မြန်မာ့အမျိုးသားရေး သမိုင်းစဉ်အပေါ် ကြီးစွာသော ကျေးဇူးဖြစ်တည်ခဲ့မှုကို နှောင်းလူတို့အောက်မေ့တသ အရေးတယူရှိစေချင်လှသော စေတနာတို့ ကျွန်တော့်ရင်မှာ လှုပ်ခတ်လာမိသည်။

လုပ်ရမည့်လုပ်ငန်းတာဝန်အရလည်း ရှေ့နေကြီးဦးမြင့်သန်း၊ မြို့မျက်နှာဖုံးစီးပွားရေးလုပ်ငန်းရှင် အဘဦးတိုက်ကြီးမောင်၊ ဆန်စက်ပိုင် ဦးတင်ဝင်း၊ ထောင်ပိုင်ကြီး(အငြိမ်းစား)ဦးမောင်ကို (စာရေးဆရာမြောင်းမြမောင်ကို)စသည့်မိတ်ဆွေများ၊ ဆရာသမားများ မြို့မိမြို့ဖများစသည့် တွေ့သင့်၊ တွေ့ထိုက်၊ တွေ့အပ်သူများကို စုံလင်အောင် တက်သုတ်ရိုက်၍ တွေ့ရသည်။ ရွှေဘိုမြို့နယ်စု ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမင်းဆွေအပါအဝင် ဒေသအာဏာပိုင်အဖွဲ့အစည်းများကိုလည်း နှံ့စပ်အောင် ဂါရဝပြုကာ သတင်းပို့အဆက်အစပ်ပြု၍ လမ်းညွှန်ချက် ခံယူရသည်။ လက်ရှိရွှေဘိုအကျဉ်းထောင်အား ထိန်းသိမ်းအုပ်ချုပ်လျက်ရှိသော ရဲအုပ်(စခန်းမှူး)ဦးညွန့်ရွှေနှင့်တွေ့ဆုံ၍ ရွှေဘိုအကျဉ်းထောင်မှ အဆောက်အအုံများ၏ မျက်မြင်အခြေအနေ ပန္နက်မြေပုံ၊ ဆက်စပ်ဝန်းကျင် အနေအထားတို့ကိုလည်း အသေးစိတ်လေ့လာရသည်။

သည်တွင် . . . ယခုဇာတ်လမ်းပါ ''ဂမ္ဘီရအောင်မြေ''၏ ခြေရာကို ကောက်မိခဲ့ရခြင်းပင်။ အမှတ်မထင်မှ အမှတ်တရသို့ အမှတ်ထင်ထင်သတိပြုမိခဲ့ရခြင်းဟုဆိုသော် ရနိုင်ပါသည်။

''ဆရာရေ၊ ဒီနေရာကတော့ အမျိုးသမီးအဆောင်အဖြစ် သတ်မှတ်ထားတဲ့ အဆောက်အအုံပါပဲ။ ဒါပေမဲ့ အမျိုးသမီး အချုပ်သူ၊ အကျဉ်းသူတွေတော့ တစ်ကြိမ်မျှ နေရာချထားခြင်းမရှိခဲ့သေးဘူး။

ဟိုးအရင် အကျဉ်းထောင်ဟောင်းလက်ထက်ကလည်း မထားခဲ့ဘူး။ ကျွန်တော်တို့ ရဲတပ်ဖွဲ့က လွှဲပြောင်းရယူပြီးတဲ့နောက် ကျွန်တော့်အရင် စခန်းမှူးတွေ လက်ထက်ကလည်း မထားခဲ့ဘူး။

ကျွန်တော် တာဝန်ယူတဲ့ ကာလမှာလည်း မထားခဲ့ဘူး။ မထားခဲ့ဘူးဆိုတာထက် ထားမရခဲ့ဘူးလို့ပဲ ဆိုရမယ်ဗျ။ ကျွန်တော် လူသိပ်ကျပ်လွန်းလို့ ထားကြည့်သေးတယ်။ ထားတဲ့အမျိုးသမီးတွေ အားလုံး အိပ်မရ၊ နေမရ၊ မူးမေ့လဲ၊ လန့်အော်၊ ဝမ်းတွေသွားလို့ ချက်ချင်းပဲ ပြန်ပြောင်းလိုက်ရတယ်။ ရှေးမိနောက်မီ ဆရာကြီးများရဲ့ အဆိုအရတော့ အဲဒီနေရာဟာ အလောင်းမင်းတရားကြီးရဲ့''အောင်မြေ'' နေရာလို့ဆိုကြတယ်။ ယုံတာ မယုံတာတော့ ကိုယ့်အမြင်ပေါ့လေ။ အခု တော့ ကျွန်တော်တို့အနေနဲ့ ဘာနေရာချထားမှုမျှ မလုပ်တော့ဘူး''

စခန်းမှူး ဦးညွန့်ရွှေက အသေးစိတ်ရှင်းပြပါသည်။ ရွှေဘို အကျဉ်းထောင်(ယခု ''ရွှေဘုံရတနာ'' ရွှေနန်းတော်ကြီး တည်နေရာ ၏ အရှေ့တောင်ထောင့်တွင် ပေတစ်ရာပတ်လည်ခန့် ကျယ်သည့် နေရာ၌ သစ်သားနှစ်ထပ်အိပ်ဆောင်ကလေးတစ်လုံးသာ တွေ့ရသည်။ သည်နေရာကလေး၏ ထူးခြားချက်က နှစ်ချက်ရှိသည်။ ပြင်ပဘုရား စေတီများ၏ ရှေ့တွင် တွေ့မြင်ရလေ့ရှိတတ်သော တံခွန်တိုင်သဖွယ် (လုံးပတ်နှစ်ပေ၊ အမြင့်ပေနှစ်ဆယ်ခန့်) ကျွန်းတိုင်ဟောင်းတစ်ခု ထီးထီး မားမား ရှိနေခြင်းနှင့် မြေပြင်ကွက်လပ်မှန်သမျှ မြေစာမြက်ပင်များက စိမ်းစိမ်းစိုစို သန်သန်စွမ်းစွမ်း ပေါက်ရောက်နေခြင်းပင်။

မြေသဘာဝကလည်း သဲနုန်းမြေသဖွယ် မြေဖြူနုများဖြစ်ပြီး မြေပြင်က ညီညာပြန့်ပြူးလွန်းသည်။ လူမနေသည့် အဆောက်အအုံ ဟောင်းနှင့်ပင် မတူ။ သန့်ရှင်းလွန်းလှသည်။ သည်နေရာတွင် ရပ်နေရ သည်မှာပင် အလိုလိုလန်းဆန်းရွှင်ပျနေမိသလို စိတ်ထဲခံစားရသည်။

''တို့ရွှေဘိုအကျဉ်းထောင်ဟာ မြန်မာပြည်မှာရှိတဲ့ ထောင်မှန်သမျှထဲမှာတော့ တော်တော်ဝိသေသထူးတဲ့ထောင်ကွ။ ရွှေဘိုထောင်ရောက်တဲ့ထောင်ပိုင်၊ ထောင်မှူးမှန်သမျှ ရောဂါကင်းတယ်။ စီးပွားဖြစ်တယ်၊ ရာထူးတက်တယ်။ ရွှေဘိုထောင်မှာ ပြဿနာဖြစ်တာ၊ ရာထူးကျတာ မဖြစ်ဖူးသေးဘူး။ တို့သိမီသမျှ ဒါအမှန်ပဲ။ နောက်ထူးခြားချက်က အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရဲ့ ''အောင်မြေ'' အစစ်အမှန်က ရွှေဘိုထောင်ထဲမှာရှိနေတယ်လို့ ပြောကြတယ်။

အင်္ဂလိပ်က ရွှေဘိုနန်းတော်ကိုငုံပြီး ထောင်ဆောက်ခဲ့တာ။ နံ့နှိမ်တဲ့ သဘောပေါ့ကွာ။ ရွှေဘိုထောင်ရဲ့ အရှေ့တောင်ထောင့် မြေစာမြက်တွေတောဖြစ်အောင် သန်တဲ့နေရာဟာ ''အောင်မြေ'' နေရာလို့ အစဉ်အဆက် မှတ်သားခဲ့ကြတာပေါ့။ အထူးခြားဆုံးကတော့ ရွှေဘိုထောင်ထဲက ညောင်ပင်ကြီးအောက်မှာရှိတဲ့ ဆုတောင်းပြည့် ရုပ်ပွားတော်ကို နှစ်စဉ်ကဆုန်လပြည့်နေ့တိုင်း ညောင်ရေသွန်းလောင်းပူဇော်ပွဲနဲ့အတူ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပလေ့ရှိတယ်။

မြန်မာပြည်အရပ်ရပ်မှာ ဘယ်ထောင်မဆို အကျဉ်းသား၊ အချုပ်သားကလွဲလို့ ဘယ်အရပ်သူ၊ အရပ်သားမျှ ထောင်ထဲဝင်ခွင့်ပေးရိုးထုံးစံမရှိပေမဲ့ ရွှေဘိုထောင်ရဲ့ အဲဒီညောင်ရေသွန်းပွဲနဲ့ ဗုဒ္ဓပူဇနိယပွဲကို ရွှေဘိုသူ ရွှေဘိုသား၊ အရပ်သားလူထုတွေ တရားဝင်ဝင်ပြီး ပူဇော်ခွင့်၊ ညောင်ရေသွန်းခွင့် ရခဲ့ကြတယ်။

ဗြိတိသျှခေတ်ကတည်းကနေ ဒီကနေ့အထိ ဘယ်သူက ဘာကြောင့် ထူးထူးခြားခြား ခွင့်ပြုခဲ့တယ်ဆိုတာ မသိပေမဲ့ ဒီအလေ့အထ၊ ဒီဓလေ့ရှိနေတာတော့ အမှန်ပဲ။ ဆရာကြီးမြောင်းမြမောင်ကို လက်ထက်မှာ ငြိမ့်ငြိမ့်သဲသဲ စည်ကားခဲ့သေးတာပေါ့။ အဲဒီအခါတုန်းက ငါတို့က ထောင်မှူးပေါက်စပဲ ရှိသေးပေမဲ့ ကောင်းကောင်းမှတ်မိနေတာ

ပေါ့ကွာ''

အကျဉ်းဦးစီးဌာနအုပ်ချုပ်မှုအောက် ရွှေဘိုအကျဉ်းထောင်တွင် တာဝန်ခံအရာရှိအဖြစ် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့သော ထောင်ပိုင်ကြီး ဦးသောင်းမြင့်(လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ယခုတိုင်ကျန်းမာစွာရှိနေဆဲ) နှင့် မွန်ပြည်နယ်၊ မုဒုံလင်ရာဘာ စိုက်ပျိုးရေးအလုပ်စခန်းတွင် ဆုံခဲ့ကြစဉ်က ဆရာ၏ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် စကားခွန်းကလေးများကို ကြားယောင်မိသေးတော့သည်။ ဆရာညွှန်းဆိုခဲ့သော ''အောင်မြေ''ပေါ်မှာ ခြေစုံရပ်ကာ ဆရာ့ကိုသတိရနေမိခြင်းပါ။

''အလောင်းမင်းတရားကြီးရဲ့ လက်ထက်တော်အခါက ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ဖန်ဘို့ စစ်ထွက်ရတဲ့အခါတိုင်း မင်းတရားကြီးဟာ ဒီအောင်မြေမှာ အောင်မြေနင်းပြီး အခါတော်ယူလေ့ရှိသတဲ့။ ဒီအောင်မြေပေါ်ပဲ ရွှေမြူတာ(ရေပြည့်ပန်းစိုက်)ညောင်ရေအိုးကို ကိုင်တော်မူပြီး **''ငါတည်းသာသနာတော်ကို ပြုထိုက်ပါမူကား ငါက အောင်စေသတည်း။ သူတည်း သာသနာကိုပြုထိုက်ပါမူကား သူက အောင်စေသတည်း''** လို့ အဓိဋ္ဌာန်ပြုတော်မူကာ ရေစင်သွန်းချဆုတောင်းတော်မူခဲ့တယ်လို့ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးမှာ ဖတ်ခဲ့ရဖူးတယ်။ ဒီအခါမှာ သက်ရှိ ကျေးငှက်များသာမက သက်မဲ့မြေ၊ ရေ၊ ကောင်းကင်တို့ကပင် အထင်အရှား နိမိတ်ပြအားပေးကြတယ်လို့လဲ ဆိုရိုးရှိခဲ့တယ်။

အဲဒီအလောင်းမင်းတရားကြီးရဲ့ အောင်မြေဆိုတာ အခု **ဒီအောင်မြေကျောင်းတိုက်ထဲက နေရာဟာ အစစ်အမှန် မဟုတ်ဘူးကွယ့်။** တကယ့်နေရာမှန်က ရွှေဘိုထောင်ကြီးရဲ့အတွင်းမှာလို့ ဆိုကြတယ်။ တို့များရဲ့ ဝေဘူဆရာတော်ဘုရားကြီးက ဒီအောင်မြေကျောင်း

တိုက်ကို တည်တော်မူတဲ့အခါ သာသနာတော်အစွန့်ရှည်သရွေ့ ဒီကျောင်းတိုက်ကြီးတည်ထွန်းပြီး သာသနာတော်ကို အထောက်အပံ့ပြုနိုင်အောင် ထောင်ကြီးထဲက အောင်မြေနေရာမှာ ဆရာတော်ကြီးကိုယ်တိုင် အောင်မြေနင်းလို့ အဲဒီဘူမိနက်သန်မြေကို သယ်ယူခဲ့ကာ ဒီကျောင်းတိုက်အတွင်းမှာ ပွားယူလို့ ''အောင်မြေ''သမုတ်ခဲ့တာပဲ။

ဒါပေမဲ့ သာမညတော့ မထင်လေနဲ့နော်။ မူလအောင်မြေ ဓာတ်ရဲ့ဟိတ်နဲ့ ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာ အရှိန်အဝါအာနုဘော်ကြောင့် ဒီအောင်မြေကလည်းပဲ အကျိုးထူးအနန္တကို ရစေနိုင်တယ်။ ဝေးဝေးမကြည့်လေနဲ့။ တစ်မြို့လုံး ဘယ်နေရာရေတွင်းတူးတူး ရေငန်တွေပဲထွက်တဲ့ ဒီရွှေဘိုမြို့မှာ တို့များရဲ့ အောင်မြေကျောင်းတိုက်အတွင်းမှာတော့ ဘယ်နားတူးလိုက်တူးလိုက် ရေချိုရေအေးပဲထွက်နေတာ လက်တွေ့အမြင်ဗျ။ သိပ်နက်နဲတဲ့ ဂမ္ဘီရ သဘောတွေပေါ့ဗျာ''

နံနက်ဦးက ဂါရဝပြုဖူးမြော်ကန်တော့ခဲ့သော ရွှေဘိုမြို့ အောင်မြေကျောင်းတိုက် ဆရာတော်ကြီး (ဘွဲ့တော်ကိုဖြင့် မမှတ်မိတော့ပါ) ၏ မိန့်ကြားချက်ကလည်း အလောင်းမင်းတရားကြီး၏ မြို့နန်းတည်ရာနှင့် ''အောင်မြေ''တည်ရာကို ရွှေဘိုအကျဉ်းထောင်နှင့် အဆက်အစပ် ပြုပေးနေပြန်သည်။

ဟုတ်တော့လည်း ဟုတ်သား။ ရေချိုရဖို့မှူး (ဆည်ရေမြောင်း) ရေနောက်ကျိကျိကို ကျောက်ချဉ်ထည့်အနည်ထိုင်စေ၍ သောက်ရသုံးရသော မြို့ရွှေဘိုသားတို့အားကိုးရာ သောက်ရေချိုချိုကို အောင်မြေကျောင်းတိုက် ရေချိုတွင်းကပဲ တစ်မြို့လုံးသယ်ကြ၊ သုံးကြရသည်။

ရွှေဘိုသူ အညာပျိုမေချောတို့ စက်ဘီးကိုယ်စီဖြင့် ရေအိုး

နှစ်လုံး သုံးလုံးဆင့်ကာ ရေသယ်ကြသည့် မြင်ကွင်းဆန်းဆန်းက နေ့စဉ်နံနက်တိုင်း၊ ညနေတိုင်း မြင်နေတွေ့နေရသည်။ သည်မြင်ကွင်းကပင် ဆရာတော်ကြီး၏ မိန့်ခွန်းတော်ကို အထောက်အခံကောင်းပြုနိုင်ပါသည်။

''အဲဒီရွှေဘိုထောင်ထဲမှာပဲဗျ။ ရှေးကဘေးလောင်းတော်ဘိုးလောင်းတော်တွေ အစဉ်အဆက်ကိုးကွယ်ခဲ့ကြတဲ့ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်တွေ ကိန်းဝပ်စံပယ်ခဲ့တဲ့ ဗောဓိညောင်ပင်ကြီးရှိသေးတယ်။ နှစ်စဉ်ညောင်ရေသွန်းပွဲလုပ်သမို့လား။ အဲဒီညောင်ပင်ကြီးပေါ့ဗျာ။ ရုပ်ပွားတော်မြတ်တွေကတော့ ရှေးနှစ်ပေါင်းများစွာကပဲ မန္တလေးနန်းမြို့ထဲက ဆုတောင်းပြည့်ဘုရား ဂန္ဓကုဋီတော်ထဲမှာ ပြောင်းရွှေ့စံပယ်တော်မူခဲ့ကြတယ်လို့ သိခဲ့ရဖူးတယ်။ အဲဒီ အဆက်အစပ်တွေတော့ သေချာသုတေသနပြုမှပဲ သိနိုင်မှာပါ''

ဆရာတော်ကြီးက မိန့်လိုက်သေးသည်။ ဟုတ်ပါသည်။ ရနိုင်ရတတ်သမျှ သတင်းနှင့်အချက်အလက်များကို ဆက်နွယ်ဖော်ထုတ်ပါက မဝေးလှသေးသော ''မြန်မာခြေရာ''ကို ကောက်နိုင်ဦးမည်ကေန်။

''ဗြိတိသျှနယ်ချဲ့တွေက မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးတာနဲ့ တစ်ပြိုင်နက် သူတို့ရဲ့မြို့ပြအုပ်ချုပ်ရေးစနစ်ကို အခြေချတဲ့အခါ အရေးတကြီး အလျှင်အမြန်ဦးစားပေး တည်ဆောက်ခဲ့တာ သုံးရပ်ရှိတယ်လို့ မှတ်သားဖူးတယ်ဗျ။ (Fort) လို့ခေါ်တဲ့ ''ခံတပ်မြို့''တွေ တည်ဆောက်ခြင်းကပထမ။ စစ်ရေးတည်ဆောက်မှုပေါ့ဗျာ။ အခုကျုပ်တို့သိနေတဲ့ မြစ်ကြီးနားတို့၊ ပြင်ဦးလွင်(မေမြို့)တို့ဆိုတာ သူတို့ရဲ့ အခိုင်အမာခံတပ်မြို့ကြီးတွေပေါ့။ နောက်တိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ်တွေရဲ့ ဆန့်ကျင်တော်လှန်မှုမှန်သမျှကို အမြစ်အရင်းကနေ ပိုက်စိပ်

တိုက်ပြီး နှိပ်ကွပ်ဖို့အတွက် (Jail) လို့ခေါ်တဲ့ "အကျဉ်းထောင်" တွေကို တစ်ပြည်လုံးအနှံ့ တည်ဆောက်ခဲ့ကြတယ်။ ထောင်တွေကတော့ သူတို့ရဲ့နှိပ်ကွပ်ရေးစခန်း၊ သတင်းရင်းမြစ် ညှစ်ထုတ်ရယူတဲ့ ဌာနတွေပေါ့ဗျာ။ နောက်ဆုံးကတော့ ကျုပ်တို့ဘာသာ၊ သာသနာကို အခြေယိုင်အောင်လုပ်ဖို့နဲ့ဖို့၊ သာသနာဝင်အင်အားတွေ ပြိုကွဲသွားစေဖို့ သူတို့ရဲ့ (church) လို့ခေါ်တဲ့ "ဘုရားကျောင်း" တွေကို တည်ထောင်သာသနာပြုခဲ့ကြတယ်။ ဒါသူတို့ရဲ့ လက်အောက်ခံ ကိုလိုနီနယ်မြေတစ်ခုအပေါ် စနစ်တကျသိမ်းပိုက်ရေး နည်းဗျူဟာတွေပဲ"

"ဆိုတော့၊ အဲဒီခံတပ်တွေ၊ ထောင်တွေ၊ ဘုရားကျောင်းတွေ တည်ထောင်ဆောက်လုပ်တဲ့အခါမှာလည်း အရှေ့တိုင်းသား ကျုပ်တို့မြန်မာတွေရဲ့ မိရိုးဖလာစွဲလမ်းယုံကြည်မှုတွေနဲ့ဆိုင်တဲ့ ကိုးကွယ်မှုဓလေ့တွေ၊ ရိုးရာအစဉ်အလာတွေကို စနစ်ကျကျ အကွက်ချချိုးဖျက်ခဲ့တာတွေကိုလည်း သုတေသနပြုတွေ့ရပြန်တယ်။ အထူးသဖြင့် ဂမ္ဘီရဆိုင်ရာလောကီအစီအရင်တွေကို တန်ပြန်စီရင်မှုတွေ၊ အင်္ဂလိဝိဇ္ဇာပညာရပ်အကူအညီနဲ့ နံနှိမ်တဲ့ အစီအရင်တွေကို ဆောင်ရွက်ခဲ့ကြတာကိုလည်း တွေ့ရှိရတယ်ဗျ . . ."

ကျွန်တော်တို့၏ လုပ်ငန်းအစီအစဉ်အရ ရွှေဘိုမြို့နယ်စုငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဒု-ဗိုလ်မှူးကြီး မင်းဆွေထံ သတင်းပို့ဩဝါဒခံယူခဲ့ရာတွင် အဘကစိတ်ဝင်တစားလက်ခံဆွေးနွေးကာ ဤသို့အမှာစကားမိန့်ကြားခဲ့ခြင်း ဖြစ်ပါသည်။ စာပေအလေ့အလာကြွယ်ဝ၍ လောကီဝိဇ္ဇာပညာရပ် နယ်ပယ်တွင်လည်း ကျွမ်းဝင်နှံ့စပ်သူ စစ်ဘက်အရာရှိကြီးတစ်ဦး၏ မှတ်သားဖွယ်စကားများကို စေ့စေ့စပ်စပ်နာခံကာ ရေးမှတ်ယူခဲ့ရပါသည်။

"ကြည့်ဗျာ။ ၁၈၈၅ခုနှစ် နိုဝင်ဘာမှာ မြန်မာမင်းဆက်

နောက်ဆုံးစိုးစံခဲ့ရာ ရတနာပုံမန္တလေး နေပြည်တော်ကိုအပိုင် တိုက်ခိုက်သိမ်းယူပြီးတဲ့အခါ မြို့ပြအုပ်ချုပ်ရေးစနစ်ကို စတင်တည်ဆောက်မယ်ဆိုတော့ မြန်မာဘုရင်ရဲ့ မှူးကြီးမတ်ကြီးတွေ အများစုပါဝင်တဲ့ လွှတ်တော်ကို ကင်းဝန်မင်းကြီးဦးကောင်း ဦးစီးလို့ ဆောင်ရွက်စေခဲ့တယ်။

အဲဒီက အကြံဉာဏ်တွေရယူပြီးမှ ရတနာပုံမြို့နန်းတည်စဉ်လက်ထက်တော်အခါတုန်းက နန်းမလေ့ထုံးတမ်းတွေအရ အစီအရင်ပြုခဲ့တဲ့ မြို့တံခါးကြီးလေးရပ်က ''သမ္မုဒ္ဒေအင်း''ချထားတဲ့ ရွှေအင်းတော်၊ ကြေးအင်းတော်တွေ၊ ဆီခန်းနေပြီဖြစ်တဲ့ ရာဝင်စဥ့်အိုးကြီးတွေ၊ အခြားဂမ္ဘီရ အင်္ဂဝိဇ္ဇာနည်းပညာစီရင်မှုတွေကို နုတ်ပယ်ပစ်ခဲ့တယ်။ လောကီထုံးမလေ့ယုံကြည်မှုအရပဲ တန်ပြန်အစီအရင်တွေကို စနစ်တကျလုပ်ဆောင်ခဲ့တယ်လို့ စာပေပညာရှင်ကြီး ဆရာဇော်ဂျီ ရေးသားဖူးတာကို ဖတ်ခဲ့ရဖူးတယ်။

''ဒါကြောင့် တတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ပြီးကုန်းဘောင်ဆက်ရာဇဝင်ကြီး ၾရေးထိုးခဲ့တဲ့ အလောင်းမင်းတရားကြီးရဲ့ သမိုင်းဝင်ဘူမိနက်သန်''အောင်မြေ''နေရာနဲ့ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်တွေကို အကျဉ်းထောင်ဝင်းအတွင်း ထည့်သွင်းဆောက်လုပ်လို့ နှိမ်စီရင်ခဲ့မယ်ဆိုရင် ဖြစ်ကောင်းဖြစ်နိုင်စရာ အကြောင်းရှိတယ်လို့ယူဆနိုင်တယ်။ လက်ရှိအကျဉ်းထောင်ကြီးရဲ့ အရှေ့မြောက်ထောင့်ပေ(၅၀)လောက်အကွာမှာ အလောင်းမင်းတရားကြီးရဲ့ အလောင်းတော်မြှုပ်နှံထားတဲ့ သင်္ချိုင်းဂူဘုရားရှိနေတာကိုထောက်ရင် ဖြစ်နိုင်ဖို့ကတော်တော်နီးစပ်နေပါတယ်''

လေးစားရပါသည်။ တိုက်ပွဲပျော်စစ်သားကြီးတစ်ယောက်၏ မြန်မာ့အမျိုးသားရေးသမိုင်းဆိုင်ရာ အလေ့အလာ၊ အမှတ်အသားများနှင့် ကောက်ယူဆင်ခြင်ပုံများမှာ ယထာဘူတကျလွန်းလှသဖြင့် လေးစား

ရပါသည်။

မှဆိုးဘိုရွာဇာတိ ဦးအောင်ဇေယျသည့် အလောင်းမင်းတရား ဘွဲ့ကိုခံယူပြီး ၁၇၅၂ ဧပြီမှ နတ်ရွာစံသည့် ၁၇၆၀ မေ(၁၁)အထိ ကုန်းဘောင်မင်းဆက်၏ နိုင်ငံနှင့်အမျိုး၊ ဘာသာ၊ သာသနာထူထောင် ရေးကို မနားမနေဦးဆောင်ခဲ့၏။ **"ပြည်ရွာငြိမ်း စည်းရုံးမိမှ သာသနာ ကို ပြုသင့်သည်ဆိုသည့်စကားကို ငါကြိုက်တော်မမူ။ ပြည်ထဲရေး ကိုသာ နေလိုနေရမည်။ သာသနာကိုပြုလိုသောကြောင့်ပင် ငါမင်း မူသည်ကိုကား သာသနာရေး၊ ပြည်ထဲရေး တစ်ချက်တည်း ပြုစုတော်မူသည်။(မင်းမိန့်၊ တွဲ-၃၊ စာ-၁၈၂)"** ဟူသော ခံယူချက်ဖြင့် အထူးဂရုစိုက်ပြုကာ ကြောင့်ကြစိုက်လုံ့လပြုခဲ့သည်။

ယိုးဒယားမြို့တော် သိမ်းခါနီးမကျန်းမာ၍ ပြန်လာခဲ့ရာ မုတ္တမနယ်၊ ကင်းရွာအနီး၌ မြန်မာသက္ကရာဇ်(၁၁၂၂) ကဆုန်လပြည့် ကျော်(၁၂)ရက် တနင်္ဂနွေနေ့ (၁၇၆၀) မေ(၁၁)တွင် သူ၏တိုင်းတော် ပြည်တော်အား မျက်နှာလွှဲခဲ့ရရှာသည်။ အလောင်းမင်းတရားကြီး၏ အလောင်းတော်ကို ရွှေမြို့တော် ရတနာသိင်္ခအထိ ပြန်လည်သယ်ယူ ခဲ့ကာ ရွှေနန်းတော်ကြီးအနီး၌ သင်္ဂြိုဟ်တော်ဂူဘုရားအဖြစ် တည်ထား တော် မူခဲ့ကြကြောင်းလည်း အမှတ်အသားရှိခဲ့ပေရာ အဘ ဗိုလ်မှူးကြီး ပြောသကဲ့သို့ ကိုယ်တွေ့မျက်မြင်နှင့် သမိုင်းအချက်အလက်တို့က ဟပ်စပ်ကိုက်ညီနေသည်ဟု ဆိုရပါမည်။

"၁၉၄၅ ခုနှစ်၊ ကမ္ဘာကျော် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို စတင်ဖို့ တာစူကြိုးပမ်းနေကြစဉ်တုန်းက၊ အဲဒီအချိန်နိုင်ငံတော် အဓိ ပတိ ဒေါက်တာဗမော်က ရွှေဘိုမြို့မှာရှိတဲ့ အလောင်းမင်းတရားကြီးရဲ့ "အောင်မြေ"နေရာကနေ မြေလက်တစ်ဆုပ်ယူခဲ့ပြီး ကန်တော်ကြီး ကျွန်းတစ်နေရာမှာ အခမ်းအနားနဲ့ အောင်မာတ်ယူ၊ အောင်မြေချခဲ့

တယ်။ အဲဒီတုန်းက စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းနဲ့ စစ်သေနာပတိ ဗိုလ်မှူးကြီးနေဝင်း အပါအဝင် ဗမာ့တပ်မတော်တပ်မှူးကြီးတွေ အတော်များများလည်း ဂျပန်တော်လှန်ရေး တပ်မထွက်မီ အောင်မြေနင်းခဲ့ကြတယ်လို့ စစ်တက္ကသိုလ်မှာ **ဆရာတစ်ဦးက အမှတ်မထင် ပြောကြားခဲ့ဖူးတယ်ဗျ။ ဒေါက်တာမောင်မောင် (နိုင်ငံတော်သမ္မတကြီး)ရဲ့ "သားမောင်စစ်သည်သို့" စာအုပ်တစ်နေရာမှာတော့ အဲဒီအချက်ကလေးကို တော်တော်တိတိကျကျ ရေးထားတာ တွေ့ရတယ်။**

ဆိုတော့ဗျာ ကျွန်တော်တို့ အခုရှာဖွေဖော်ထုတ်ရမယ့် အလောင်းမင်းတရားကြီးရဲ့ နန်းတော်ရာဟောင်းနဲ့ အောင်မြေနေရာ အစစ်အမှန်ဟာ ဒီအကျဉ်းထောင် အနီးတစ်ဝိုက်မှာရှိပြီး မကြာခင် ရှာဖွေတွေ့ရှိလိမ့်မယ်လို့ ကျုပ်တော့ယုံကြည်တယ်။ အောင်မြေရဲ့ ဂမ္ဘီရတန်ခိုးကလည်း အောင်ဟိတ်၊ အောင်နိမိတ်ပြပါလိမ့်မယ်ဗျာ။ ယုံယုံကြည်ကြည် အလုပ်လုပ်ကြဖို့ပဲ ရှိပါတယ်"

ရွှေဘိုမြို့နယ်စု ဥက္ကဋ္ဌကြီးက စကားစသိမ်းလိုက်သည်။ သည်ကနေ့တစ်နေ့စာ လှုပ်ရှားဆောင်ရွက်မှုများနှင့် စုဆောင်းရရှိသည့် သတင်းအချက်အလက်များကို စုစည်းသုံးသပ်ကာ ကျွန်တော့်ညွှန်ကြားရေးမှူးထံ အစီရင်ခံတင်ပြရပါဦးမည်။ လုပ်ငန်းလမ်းညွှန်ချက် ခံယူရပါဦးမည်။ ချီလေတဲ့ချီလေ။ အောင်မြေရှာနန်း၊ ရည်မျှော်မှန်းကာ ချီပါလေပေါ့ခင်ဗျာ။

♛ ♛ ♛ ♛ ♛

(၅)

"ကဲ . . . ညွှန်မှူးကြီးဆီလဲ ဒီကအခြေအနေတွေ တင်ပြပြီးပြီ။ အသေးစိတ်ညွှန်ကြားချက်တွေလဲ ထပ်ရပြီးပြီ။ ရှေးဟောင်းသုတေသနဦးစီးဌာနနဲ့ ဆရာဦးဝင်းမောင်(မြန်မာမှုအနုပညာရှင်နှင့် သုတေသီ၊ တမ္ပဝတီ)၊ ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)တို့ ထံကလည်း ကျွန်တော်တို့ အခုပြန်လည်ဖော်ထုတ်မယ့် "ရွှေဘုံရတနာနန်းတော်"ကြီးနဲ့ "ဂမ္ဘီရအောင်မြေ"ဆိုင်ရာ အချက်အလက်တော်တော်များများလည်း မန္တလေးညွှန်မှူးရုံးမှာ ရထားပြီးပြီလို့ဆိုတယ်။

အတိအကျမသိရသေးတာက "ဂမ္ဘီရအောင်မြေ"နေရာ အတိအကျနဲ့ နန်းတော်ရာ အခင်းအကျင်းပန္နက်မြေပုံ (Palace Location Plan) မရသေးတာပဲ။ ညွှန်မှူးကြီးက တစ်ရက်ထပ်နေပြီး ဒီလိုအပ်ချက်တွေရရှိဖို့ ဒီထက်ပိုပြီး အလုပ်လုပ်စေချင်တယ်တဲ့။ အကြီးအကဲတွေကိုယ်တိုင်လည်း ဒီကအခြေအနေကို စိတ်ဝင်တစား စောင့်ကြည့်နားထောင်နေကြတာဆိုတော့ ဒါဟာ အရေးကြီးကိစ္စတစ်ရပ် ဖြစ်လာခဲ့ပြီ။

ဒီတော့ ဘာဆက်လုပ်မလဲ။ ဘာလုပ်ရင် ပိုကောင်းမလဲ။ ပိုမြန်မလဲဆွေးနွေးကြဖို့ပါ။ အကြံဉာဏ်ယူကြဖို့ပါ။ ဒီကနေ့တော့ တစ်ခုခုအဖြေရသည်အထိ ထိုင်ကြဖို့လိုမယ်ထင်တယ်"

ပြည်ရွှေဘို၏ ဆောင်းဦးက အအေးကြမ်းသည်ဆိုကြပါ၏။ သို့တစေ ရင်ထဲက သောကအပူကြောင့် ဘယ်လိုအေးသည်ကိုပင် သတိမထားမိ၊ သတိမထားနိုင်ခဲ့။ အရေးပေါ်ညှိနှိုင်းဆွေးနွေးခေါင်းချင်းရိုက်ရပါလေပြီ။ အလုပ်လုပ်ဖို့ အချိန်ကသိပ်မရှိ၊ နည်းလွန်းလှသည်။ ထို့အပြင် မိမိအပါအဝင် အဖွဲ့ဝင်များအားလုံးလည်း အဖွဲ့ငယ်များခွဲကာ အသီးသီးတစ်နေ့လုံး ပြေးလွှားလှုပ်ရှားထားကြရသည်မှာ ဖတ်ဖတ်မောနေပြီမို့ ယနေ့တစ်ညတော့ဖြင့် အနားယူဖို့အမှန်လိုအပ်နေသည်။ အခြားတစ်ဖက်ကလည်း ကျွန်တော်တို့၏ ရည်မှန်းချက်တာဝန်ဖြစ်သော နန်းတော်ရာနှင့်အောင်မြေနေရာ အတည်ပြုနိုင်ရေးမှာ အပူတပြင်းဆောင်ရွက်ရမည့်ကိစ္စ ဖြစ်လို့နေသည်။ ခက်ပဲခက်ရချည့်။

"ဆရာ . . . တစ်ခုတော့ ကျွန်တော်ပြောကြည့်ချင်တယ်။ ဆရာတို့နဲ့သဘောထား အယူအဆတူချင်မှတော့ တူလိမ့်မယ်"

အသံလာရာကို ကျွန်တော်လှမ်းကြည့်မိသည်။ အဘဦးတင်မြ။ ကျွန်တော့်အလုပ်ရုံ စက်မှုလက်မှုဌာနတွင် အသက်အရွယ်အကြီးရင့်ဆုံး လက်သမားနည်းပြဆရာကြီးဖြစ်သည်။ ဘာသာတရားကိုင်းရှိုင်းရှိသော်၍ မန္တလေးဗဟိုအကျဉ်းထောင်၏ သာသနာရေး၊ သာသနာမှုအလုံးစုံကို ဦးစီးဆောင်ရွက်နေရသူ တစ်ဦးလည်းဖြစ်သည်။ ယခုခရီးစဉ်တွင် အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ ချန်ထားလိုခဲ့သော်လည်း ၎င်း၏ ဇာတိရပ်ရွာ ရွှေဘိုနယ်သို့ ၎င်းကိုယ်တိုင်လိုက်ပါလိုသည့် ဆန္ဒနှင့် သက်တော် ဝါတော်ရင့်ဆရာတော်၊ သံဃာတော်ကြီးများနှင့် လျှောက်ထားပြောဆိုရာတွင် ၎င်းကသာ အသင့်တော်အလျောက်ပတ်ဆုံးမို့ ခရီးစဉ်တွင် အားနာနာနှင့် အတူခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပါသည်။

"ပြောပါအဘ၊ ဒီအချိန်မှာ ရှိသမျှအကြံ၊ တွေ့သမျှနည်းလမ်းမှန်သမျှကို စဉ်းစားဆွေးနွေးပြီး ဆောင်ရွက်ကြဖို့ပါပဲ။ အဘမှာ ဘယ်

စိတ်ကူးရှိလို့ပါလဲ''

''ဆရာ . . . လောကီအစီအရင်ဆိုတာတွေ အယုံအကြည် ရှိသလား''

''ဟာ . . . အဘရယ်၊ အခုအချိန်မှာ ယုံကြည်တာ မယုံကြည်တာထက် လုပ်သင့်တဲ့နည်းလမ်းရှိသမျှ လုပ်ကြည့်ဖို့ ကျွန်တော်စိတ်ကူး ရှိပါတယ်။ တစ်ခါတစ်ရံ ကျွန်တော်တို့ လက်လှမ်းမမီတဲ့ လောကီအစီအရင်ဆိုတာတွေကလည်း အံ့ဩစဖွယ် အဖြေရှာပေးနိုင်တာတွေလည်း ရှိတတ်တယ်ဆိုတာ ကျွန်တော်ဖတ်ဖူး မှတ်ဖူးပါတယ်။ အဘ ဘယ်လိုအကြံပေးချင်လို့ပါလဲ။ ပြောကြည့်ပါ။ လိုအပ်ရင် လုပ်ကြည့်ကြတာပေါ့''

အဘ ဦးတင်မြက ခဏတ္တတော့ တွေနေသေးသည်။ ပြောသင့် မပြောသင့်ချိန်ဆနေဟန်တူပါသည်။ ပြီးမှ . . .

''ဒီလိုပါဆရာ . . . ''

♛ ♛ ♛ ♛ ♛

❑

အချိန်တော့ အတော်လင့်နေပါပြီ။ အကျဉ်းထောင်အုတ်ရိုး အတွင်းဝင်သင့်သည့် အချိန်တော့မဟုတ်ပါ။ သို့တစေ မြို့နယ်စုဥက္ကဋ္ဌ ကြီးထံ တယ်လီဖုန်းဖြင့်လှမ်း၍တင်ပြကာ ခွင့်ပြုချက်တောင်ခံခဲ့ပြီး ဖြစ်၍ စခန်းမှူးကြီး ဦးညွှန့်ရွှေကလည်း လိုအပ်သည်များကို လိုလေ သေးမရှိအောင် ကူညီဆောင်ရွက်ပေးပါသည်။ အဘဦးတင်မြ၏ အစီ အမံအရ အုန်း၊ ငှက်ပျော၊ လက်ဖက်အစုံဖြင့် ကန်တော့ပွဲကိုးပွဲကို ရှာဖွေပြင်ဆင်နေရသည်နှင့်ပင် ညဆယ်နာရီကျော်ခဲ့ပါပြီ။

ကျွန်တော်အပါအဝင် တစ်ဖွဲ့လုံး ''ဂမ္ဘီရအောင်မြေ''ဟု သတ် မှတ်ယူဆထားသော အမျိုးသမီးအိပ်ဆောင်ဝင်းအတွင်း တံခွန်တိုင် ရှေ့၌ စုဝေးရောက်ရှိနေကြပါပြီ။ နတ်အပေါင်းတို့ကောင်းချီးပြော၍ ထင်ရှားစွာသော သာသနာပြုမင်း(ဝါ)သာသနာ့ ဒါယကာ ဘုရားဗျာ ဒိတ်တော်ရမင်း(ဝါ) သာသနာပြု ပြည်မိပြည်ဖမင်း(ဝါ) ဘုရားရှင်အမိန့် တော်ရသိုက်ဝင်မင်းဟု ကုန်းဘောင်ခေတ်ရာဇဝင်တွင် ထင်ရှားခဲ့သော အလောင်းမင်းတရားကြီးအား တိုင်တည်လျက် ''ဂမ္ဘီရအောင်မြေ'' ကို စိုးမိုးစောင့်ရှောက်ကြသော မြင်အပ်၊ မမြင်အပ်နတ်ဒေဝတာများ အပါအဝင် ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့အား ရတနာသုံးပါးပူဇော်ရန် ကန်တော့ပွဲနှင့် ဆီမီး၊ ရေချမ်း၊ ပန်းများ ပေးလှူလျက်ပင့်ဖိတ်ကာ

အကူအညီတောင်းဖို့၊ တိုင်တည်ပန်ကြားဖို့ ပြင်ဆင်နေကြခြင်း ဖြစ်ပါသည်။

ကျွန်တော်ကတော့ သည်အတွေ့အကြုံမျိုးသည် တစ်ကြိမ်သာ နပူးတွေ့ ဒူးတွေ့မို့ သစ်ဆန်းနေသည်။ မြို့နယ်စု ဥက္ကဋ္ဌကြီးနှင့် စခန်းမှူးကြီးက သည်ဂမ္ဘီရနယ်တွင် အတော်အသင့်ယဉ်ပါး ကျွမ်းဝင်နေကြသူများမို့ အဘဦးတင်မြ၏ အစီအစဉ်ကို လှိုက်လှိုက်လှဲလှဲကြီး အားပေးထောက်ခံကြသည်။ ယခုလည်း စခန်းမှူးကြီးက အတက်ကြွဆုံး။

''ထူးခြားတဲ့ ကောင်းမွန်အကျိုးရှိတဲ့ တုံ့ပြန်မှုတစ်ခုတော့ ကြုံရမှာပါဆရာ။ ကျွန်တော့် မနောအာရုံမှာ အလိုလိုသိနေပါတယ်။ ဒီကနေ့ ထူးခြားမှုပြပါလိမ့်မယ်''

ကန်တော့ပွဲများကို နေရာချရင်း ကျွန်တော့်ကို ပြောသည်။ အဘဦးတင်မြကတော့ ဝတ်ဖြူစင်ကြယ်တွင် ယောဂီတဘက်ကိုဆင်ကာ ဆီမီးတိုင်များ စတင်ထွန်းနေပြီ။ လက်သမားနည်းပြ တပ်ကြပ်တင်ရွှေ (ယခုမန္တလေးဗဟိုအကျဉ်းထောင်)၊ ဒုတပ်ကြပ်တင်ရွှေ (ဂျပုတင်ရွှေ၊ ယခုအငြိမ်းစား၊ မန္တလေးဗဟိုအကျဉ်းထောင်)၊ တပ်သားဆန်းမြင့်အောင် (ယခုလက်သမားနည်းပြ၊ အင်းစိန်ဗဟိုအကျဉ်းထောင်)နှင့် ရဲအရာခံကြီး ဦးထွန်းညိုတို့က လိုသလို ကူညီရန်အဆင်သင့်။

''နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''

'' . . . . . . ''

ဘုရားရှင်အား အမှူးထား၍ ပူဇော်ကန်တော့မှု အစီအစဉ်အား အဘဦးတင်မြက စိတ်အားထက်ထက်သန်သန်၊ အသံနေအသံထားကြည်ကြည်လင်လင်ဖြင့် စတင်ပါလေပြီ။ ကျွန်တော်နားမယဉ်သော အသုံးအနှုန်းများ၊ အခေါ်အဝေါ်များ၊ ဝေါဟာရများ၊ ပါဠိစကားများဖြင့် ပွမ်းတီးနေသော်လည်း နားထောင်၍တော့ အကောင်းသား။

ရှေးရှေးကမ္ဘာအစ မဟာသမ္မတမင်းမှသည် ဘိုးလောင်းတော် ဘေးလောင်းတော်များ၊ မြင်အပ်မမြင်အပ် အရပ်ရပ်သော ပုဂ္ဂိုလ်သတ္တဝါ အဆုံး အားလုံးပါသည်။ ကုန်းဘောင်ဆက်အနွယ်ကို စတင်ပန္နက်ချ ခဲ့သော အလောင်းမင်းတရားကြီး၏ မြေထူးမြေမြတ် ''ဂမ္ဘီရအောင်မြေ'' နှင့် ''ရွှေဘုံရတနာနန်းတော်ကြီး''၏ နန်းဆောင်တည်ရာ ဌာနများအား ဖော်ထုတ်နိုင်ရေး ကူညီညာဝိုင်းကြဖို့ နှိုးဆော်နေသည်ဟုတော့ သိသာ ပါသည်။

''ကဲ . . . ကဲ အားလုံးထိုင်ပြီး ရတနာသုံးပါးအာရုံပြု ပူဇော်ကြပါ။ ပထဝီဇယ မန္တန်တော်ကြီးကို တစ်ရာ့ရှစ်ခေါက်တိတိ ရွတ်ဆိုပူဇော်မှာမို့ ပူဇော်မှုမပြီးမချင်း အခုထုံးဝိုင်းထားတဲ့ စည်းအပြင် မထွက်ကြဖို့ လိုပါတယ်။ ဆရာရဲစခန်းမှူးကြီးက အဲဒီမှာ အဆင်သင့် လုပ်ထားတဲ့ ကြက်လျှာအလံကလေးပါတဲ့ ပန္နက်တိုင်ကလေးကို အလွယ်တကူလည်း ဆွဲနှုတ်လို့မရအောင်၊ နှုတ်မရပြုမရသည်အထိ နိုင်မြဲအောင်လည်းမဟုတ်ဘဲ အခု''အောင်မြေ''အဖြစ် ကန်တော့ပွဲ ပေးလျှာထားတဲ့နေရာမှာ ရိုက်ပေးပါ။ ဆရာတို့နှစ်ဦးက ဦးစီးဦးဆောင် သူတွေဖြစ်တော့ အဓိဋ္ဌာန်ပြုရွတ်ဆိုဖို့ကို ကိုယ်တိုင်ဆောင်ရွက်ပေးပါ။ စာသားတော့ ရှေ့က ကျွန်တော်ကြောင်းပေးပါမယ်။ ဘာတွေပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် မန္တန်တော်ကြီးပူဇော်နေတုန်း လုံးဝမတုန်လှုပ် ကြပါနဲ့။ အဆင်သင့်ဖြစ်ရင် စကြရအောင်''

အဘဦးတင်မြက စေ့စပ်သေချာသည်။ ကြိုတင်မှာကြားစရာ ရှိသည်များကို လစ်ဟာမှု မရှိအောင်စီမံပေးနေသည်။ ကျွန်တော်ကတော့ ကျွန်တော်ကျွမ်းဝင်၊ ကျွမ်းကျင်သည့် အလုပ်မဟုတ်သည့်အတွက် အညွှန်းအတိုင်း လိုက်ဆောင်ရွက်ရုံသာ။

မှတ်မှတ်ရရ ည(၁၁)နာရီ(၁၀)မိနစ်တွင် မန္တန်တော်ပူဇော်ပွဲ

စတင်ပါသည်။ မြို့ရှေ့ဘို၏ နာမည်ကျော် ဆောင်းဦးညဦးလယ် အအေး ဓာတ်က သိသိသာသာ အစွမ်းပြလာပါပြီ။ လှုပ်ရှားမှုမရှိ။ ပကတိ ငြိမ်သက်စွာတည်နေရသော အခြေအနေမို့လည်း အအေးဒဏ်က ပို၍ သိသာလာသည်ဟု ထင်ရသည်။ ဝန်းကျင်တွင် အဘဦးတင်မြ၏ မဟာပထဝီဇယမန္တန်တော်ကြီး ရွတ်ဖတ်သရဇ္ဈာယ်နေသံသာလျှင် သက်ရှိ ဝိညာဉ်တစ်ခုပမာ ဟိုမှသည်ဝဲပျံလှုပ်ရှားနေပါတော့သည်။

''ဟာ . . . မီးပျက်သွားပြီ။ အဆောင်မီးတွေအားလုံး ပျက် သွားပြီ''

''တစ်မြို့လုံးပျက်တာဟ။ အားလုံးအမှောင်ကျသွားတာ''

''အရေးပေါ်မီးစက်မောင်းဖို့လုပ်၊ မြန်မြန်လေး . . . မြန်မြန် လေး''

''အိပ်ဆောင်တာဝန်ကျနဲ့ ညကင်းအဖွဲ့တွေ နိုးနိုးကြားကြား ရှိကြဟေ့။ အချုပ်သားညကင်းစောင့်တွေလည်း အခန်းအလိုက် လူစစ် သတင်းပို့နိုင်း''

ရုတ်တရက်ပင် ဝန်းကျင်လောက၊ ဩကာသတစ်ခုလုံး မှောင်ကျသွားသည်။ လျှပ်စစ်မီးပြတ်တောက်သွားခြင်း ဖြစ်ပေမည်။ တာဝန်မှူး၊ တာဝန်ကြပ်နှင့် လုံခြုံရေးအဖွဲ့များ၏ လှုပ်ရှားသံ၊ ဆော်ဩ သံများကို ကြားနေရသည်။ ကျွန်တော်တို့ကတော့ လှုပ်၍မရသေး။ မန္တန်တော်ကြီး ရွတ်ဖတ်မှုက မပြီးဆုံးသေး။ ကန်တော့ပွဲနှင့်အတူ ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်ကိုးတိုင်၏ အလင်းအားသာ ကျွန်တော်တို့ တစ်သိုက်ကို လွှမ်းခြုံထားသည်။ ဝန်းကျင်ကား ပကတိ အမှောင်တိုက်။

''ဆရာ . . . ဆရာ ဘေးပတ်လည်ကို သေချာကြည့်စမ်းပါဦး။ ဘာတွေထူးခြားမှုရှိသလဲ . . . ကြည့် . . . ကြည့်''

စခန်းမှူးကြီးက ကျွန်တော့်အနားအသာတိုးလာ၍ လက်တို့ကာ တိုးတိုးပြောသည်။ ကျုံ့ကျုံ့ထိုင်၍ အဘဦးတင်မြ၏ မန္တန်ရွတ်ဆိုပူဇော်သံကိုသာအာရုံပြုကာ ကိုယ်နေဟန်ထားကို အသာပြင်ပြီး ဘေးဝန်းကျင်အမှောင်ထုအတွင်းသို့ ကြည့်လိုက်မိသည်။

အလို . . . ဘုရား . . . ဘုရား။ အမြင်တွေများ မှားလေရော့သလား။ ကိုယ့်မျက်စိအစုံကိုပင် နှစ်ခါသုံးခါ. အဖွင့်အပိတ်လုပ်၍ သေချာအောင် ကြည့်မိသေးသည်။ စိတ်ကအထင်လား။ တကယ်အဖြစ်မှန်လား။ ကျောထဲကစိမ့်၍ ကြက်သီးများ တုန်ခနဲတက်လာမိသည်။ အူအသည်းများပင် အေးလာသည်ထင်မိသည်။

ကျွန်တော်ကဲ့သို့ပင် ကျန်အဖွဲ့ဝင်များလည်း လှုပ်လှုပ်ရွရွဖြစ်ကာ နီးရာနီးရာလှည့်၍ ကြည့်နေမိသည်ကို သတိထားမိ၏။ အဘဦးတင်မြကမူ ရွတ်ဖတ်ပူဇော်မှုကိုမရပ်။

ကျွန်တော်နှင့်စခန်းမှူးကြီးအား အဘဦးတင်မြစေခိုင်း၍ထားခဲ့ရသော ကြက်လျှာတိုင်သုံးတိုင်၏ ပတ်ပတ်လည်တွင် နှင်းလိုလို၊ မြူလိုလို အဖြူငွေ့ငွေ့များသည် လူပုဂ္ဂိုလ်များ လှုပ်ရှားသွားလာနေဘိသကဲ့သို့ရှိနေကာ ကြက်လျှာတိုင်များအနီးတွင်သာ စုစု စုစုဖြင့် ဖွဲ့တည်နေသည်။

ရွှေဘိုဆောင်းက အအေးကြမ်းသည် ဆိုစေဦး၊ ယခုလိုဆောင်းဦးကာလတွင် မြူနှင်းတွေထုထည်ဖွဲ့အောင် ကျရိုးထုံးစံမရှိ။ ပြီးလျှင် ဝန်းကျင်တစ်ခွင်လုံး မြူနှင်းတို့ ဝေနေသည်လည်းမဟုတ်။

''အောင်မြေ''တည်ရာ ကြက်လျှာတိုင်များ ဝန်းကျင်တွင်သာ . . . ။ ပကတိ ပိန်းနေအောင်မှောင်သော ညဥ့်နောက်ခံတွင် အဖြူငွေ့ငွေ့အရာများ၏လှုပ်ရှားမှုက ညင်သာလွန်းသည်။ အရိပ်ပြပွဲပမာ သတိထားကြည့်မှ သိသာသည်။

"ဒီလို ကြက်လျှာအလံကလေးတွေ စိုက်ထားတာရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ ဂမ္ဘီရနယ်၊ လောကီပညာနယ်မှာတော့ နယ်ခံ၊ မြေခံပုဂ္ဂိုလ်များရဲ့ ကိုယ့်အပေါ်လက်ခံ၊ လက်မခံ၊ ကိုယ့်လုပ်ရပ်ကို သဘောတူ၊ မတူ စမ်းကြည့်တာပါပဲ။ သူတို့ကို ပင့်ဖိတ်၊ ကြိုတင်မေတ္တာရပ်ခံပြီး လက်မခံ၊ သဘောမတူရင် ကြက်လျှာတိုင်လဲပြိုပါစေလို့ အဓိဋ္ဌာန်ရတယ်။ ပြီးရင် မေတ္တာပို့၊ မေတ္တာသုတ်နဲ့ မဟာပဋ္ဌာန်းဇယမန္တန်တော်ကြီးကို ရွတ်ဖတ်ပူဇော်ရပါတယ်။ တကယ်လည်း အထင်အရှား ပြတတ်ပါတယ်။

မြေကြမ်း၊ တောကြမ်းတဲ့ဒေသ နယ်ခံတောပိုင်၊ တောင်ပိုင်၊ နယ်ပိုင်နဲ့တကွ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်သတ္တဝါတွေရဲ့ ဆန္ဒကို ခံယူကြည့်တဲ့သဘောပေါ့။ လက်မခံ၊ သဘောမတူရင်တော့ အဲဒီလိုနေရာကို ရှောင်ပေတော့။ အသစ်ရှာပေတော့။ အန္တရာယ်တစ်ခုခုနဲ့တွေ့ဖို့ မ[illegible]ဘူး။ အသေအချာပဲ။ အဲ . . . ကြက်လျှာတိုင် မလဲမပြိုနဲ့ နဂိုအတိုင်းတည်နေပြီဆိုရင်တော့ ဒါကိုယ့်ဆန္ဒ၊ ကိုယ့်လုပ်ရပ်ကို ပရလောက၊ ပရနယ်သားတွေ သဘောတူတယ်လို့ အချက်ပြတာပါပဲ။

အခု ကျွန်တော်တို့ရဲ့ ကြက်လျှာတိုင်ကလေးတွေကို မနက်အရုဏ်တက်မှာ ပြန်ကြည့်ရင် အဖြေရမှာပေါ့။ ဒီအပြင်နေရာဟာ အောင်မြေအစစ်အမှန်ဆိုခဲ့ရင် နတ်ရွာစံခဲ့တဲ့ အလောင်းမင်းတရားကိုယ်တော်ကြီးနဲ့တကွ ကုန်းဘောင်ဆက်အနွယ်တော် လောကသားများက ထင်ရှားပြပေးဖို့ပါ အဓိဋ္ဌာန်တင်ထားတော့ ထူးခြားတဲ့ဖြစ်ရပ်ကလေးတွေတော့ ရှိလာလိမ့်မယ် ဆရာရေ"

အဘဦးတင်မြက သည်သို့ ကြိုကြိုတင်တင်ပြောထား၍သာ။ သို့မဟုတ်က သည်မြင်ကွင်းမှာ လိပ်ပြာစဉ်၍ နှလုံးသွေးပျက်စရာ။ တွေ့ဦးကြုံသစ်မို့ ကျွန်တော်ကိုယ်တိုင်ပင် ရင်တုန်ချင်ချင်။ ဒါတောင်

ကျွန်တော်က ထေရဝါဒ ဗုဒ္ဓသာသနာမှလွဲ၍ ကျန်ဝါဒများကို သိပ် အယုံအကြည်ထားသူမဟုတ်။

ဝိညာဉ်လောကတို့၊ ပရလောကတို့ ဆိုသည်ကိုလည်း ကိုယ်နှင့် အလှမ်းဝေးလွန်းသည်မို့ သိပ်စိတ်မဝင်စားတတ်။ ထဲထဲဝင်ဝင်လည်း မစူးစမ်းခဲ့စဖူး။ ယခုမူ ကြုံတောင့်ကြုံခဲ မြင်နေတွေ့နေရပြီ။

အသွင်သဏ္ဍာန်ပီပီပြင်ပြင်မဟုတ်လေငြား လူသဏ္ဌာဝါကဲ့သို့သော ရုပ်ဒြပ်များ ဖွဲ့တည်လှုပ်ရှားနေသယောင်တော့ မြင်ရသည်။ ကိုယ်တစ်ဦးတည်းလည်း မဟုတ်။ ဤနေရာတွင် စုဝေးနေသူအားလုံး မြင်ရတွေ့ရခြင်းမို့ အမြင်တိမ်းခြင်း၊ ထင်ယောင်မှားခြင်း၊ အာရုံ မှောက်ခြင်းဖြင့်တော့မဟုတ်။ ဒါတော့ အသေအချာ သံသယကင်းသည်။ ''ဂမ္ဘီရအောင်မြေ''၏ အောင်ဟိတ်အောင်နိမိတ်တို့ ပြချေပြီထင့်။

သိပ်အကြာကြီးလည်းမဟုတ်၊ ဆယ်မိနစ်စွန်းစွန်းလောက်သာ ရှိမည်ထင်ပါသည်။ မီးများဝင်းခနဲ ပြန်လာပါပြီ။ ''ဟေး''ခနဲ ဟစ်အော်လိုက်သော အကျဉ်းထောင်ဝင်းအတွင်း လုံခြုံရေးရဲဘော်များ၏ မြူးထူးဟစ်ကြွေးသံက လျှပ်စစ်အလင်းရောင်နှင့်အတူ အဖြူငွေ့ငွေ့ ဝိညာဉ်ပုံသဏ္ဌာန်များအား လှန့်ထုတ်လိုက်ပုံရသည်။ အမြင်အာရုံတွင် ဖျတ်ခနဲ ပျောက်ကွယ်သွားပုံမှာ မယုံစရာ။ စောစောက ဖွဲ့တည်နေခဲ့သော မြူငွေ့သဏ္ဍာန်များ မရှိတော့။ မြန်ဆန်လွန်းလှပါသည်။

''လျှပ်စစ်မီးပြန်လာပြီ''

ကျွန်တော့်ဘေးတွင် မှင်တက်မိနေသော စခန်းမှူးကြီးက ယခုမှပင် သတိဝင်လာသလို တိုးတိုးရေရွတ်သည်။

''ဆရာ လေးချောကို ကြည့်ပါဦး။ လေးချော ဘာဖြစ်နေတာလဲ။ ဟောကောင် . . . လေးချော သတိထားစမ်း . . . သတိထားစမ်း''

တပ်သားစန်းမြင့်အောင်က အလန့်တကြား အော်သည်။

ဟုတ်ပ။ သူ့အော်လေမှ လေးချော (တပ်သားလေးချော၊ ယခု အောင်ချမ်းသာကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်တွင် ကြီးပွားချမ်းသာလို့နေပါပြီ)ကို ဂရုပြုကြည့်လိုက်မိသည်။ ဗုဒ္ဓေါ။ နောက်တစ်ခါ လာပြန်ပြီဟော့ဟုသာ အော်လိုက်ချင်တော့သည်။

ကျွန်တော့်အဖွဲ့ဝင်များထဲတွင် အသက်အငယ်ဆုံး၊ လုပ်သက်အနုဆုံးနှင့် လိပ်ပြာအငယ်ဆုံးအကောင် တပ်သားလေးချောမှာ မျက်လုံးများပြူးထွက်ကာ ပါးစပ်မှအမြှုပ်တစီစီဖြင့် သတိမေ့နေပါလေပြီ။ စောစောက မြင်ကွင်းများကြောင့် အကြောက်လွန်ပြီး မေ့သွားလေသလား။ ဘာကြောင့်လဲ။ သဲကွဲသေချာ မသိတတ်နိုင်။ ထူးဆန်းထွေလာတွေသာ ဆက်တိုက်ကြုံနေရသမို့ ရင်ထဲမရှင်းလင်းပြား ကိုယ်ရည်ရွယ်ရာလုပ်ငန်းနှင့် နွှယ်နေပြီမှန်း ထင်ထင်လင်းလင်း ရိပ်မိလာပြီမို့ ရင်ထဲကကျိတ်၍ ဝမ်းသာမိသည်။

အဘဦးတင်မြက လက်တစ်ဖက်ကာပြကာ မန္တန်တော်ကိုပဲ ဖိရွတ်နေသည်။ ဘေးအန္တရာယ်တစ်စုံတစ်ရာ မရှိနိုင်။ လုပ်စရာရှိတာ ဆက်လုပ်ကြဖို့ အချက်ပြခြင်းဖြစ်တန်ရာသည်။ ကျွန်တော်တို့လည်း တိုးတိုးတိတ်တိတ်ပင် မန္တန်တော်ကြီးပြီးဆုံးသည်အထိ တပ်သားလေးချောကို ဝိုင်းပွေ့ထားကာ တတ်သမျှမှတ်သမျှဖြင့် ပြုစုနေမိကြရသည်။ ဘာတွေဆက်၍ ကြုံရလေဦးမည်နည်း။

စုစုပေါင်းနှစ်နာရီကျော်ခန့်ကြာပါသည်။ အဘဦးတင်မြ၏ ပင့်ဖိတ်ထားသော နတ်ဒေဝတာနှင့် ပုဂ္ဂိုလ်သတ္တဝါ အပေါင်းတို့အား ဆိုင်ရာဆိုင်ရာပြန်ပို့ပြီး မေတ္တာပို့ အမျှဝေသံ၏နိဂုံး၌ ကျွန်တော်တို့ အဖွဲ့က အသင့်ဆောင်ထားသော ကြေးစည်၊ ကြေးမောင်းတို့ကို တစ်ပြိုင်နက် တီးခတ်လိုက်ကြပါသည်။

ကြေးစည်၊ ကြေးမောင်းတို့၏အသံနှင့်အတူ ဝေါခနဲ မြည်ဟည်း

လိုက်သံကြီးက ''အောင်မြေ''နေရာဆီမှထွက်လာကာ အရှေ့မြောက်ထောင့် အရပ်ဆီသို့ အော်မြည်ပျောက်ကွယ်သွားတော့၏။

မထိတ်သာ မလန့်သာပါတကား။ ကျွန်တော်တို့ ဝိုင်းပွေ့ထားသော တပ်သားလေးချောသည် ငေါက်ခနဲထ၍ထိုင်ကာ အဆိုပါအသံကြီးသွားရာအရပ်သို့ လက်ညှိုးညွှန်လျက်၊ ''ဣန္ဒသာလာ'' ဆိုသော အမည်ကို ရေရွတ်မြည်တမ်းရင်း ခွေခွေကလေး လဲကျသွားပါတော့၏။

''အောင်မြင်ပါပြီဆရာ။ 'ဣန္ဒသာလာ' ဆိုတဲ့ စကားကိုသာ အနက်ဖော်နိုင်ရင် အဖြေတွေ့ပါပြီ။ လေးချောကိုတော့ ရေအေးအေး ကလေးနဲ့သာ မျက်နှာကိုတောက်လိုက်ပါ။ သတိပြန်ရလာမှာပါ။ မစိုးရိမ်ပါနဲ့''

အဘဦးတင်မြ၏ ရွှင်လန်းနေသောအသံကြောင့် ဘာမှန်းပင် မသိဘဲ အားသစ်ရပါသည်။ သို့တစေ . . . 'ဣန္ဒသာလာ' ဆိုသော စကားကို ရှာပုံတော်ခရီးက ရှေ့မှာကာဆီးနေပါသေးတကား။ နီးအောင် လှမ်းဖို့အားသစ်ထားရပါဦးမည်။

♛ ♛ ♛ ♛ ♛

(၆)

အကောင်းဆုံးကို မရနိုင်လျှင် ရနိုင်သမျှ ရတတ်သမျှနှင့် အကောင်းဆုံး ဆောင်ရွက်တတ်ဖို့ ဘဝကကျွန်တော်တို့ကို သင်ကြား လေ့ကျင့်ပေးခဲ့သည်။ သည်အလေ့အလာ သည်အညွှန်းအပြကာ နိုင်ငံ ဝန်ထမ်းဘဝတစ်လျှောက် စနစ်တကျ ထုဆစ်ပုံလောင်းခဲ့ပြီးမို့ ပုံစံ ကျနေပါပြီ။

လူ့သဘာဝ၊ လူ့ဉာဉ်အတိုင်း အကောင်းဆုံးကို မျှော်တတ် လေငြား၊ ဖြစ်လာလိမ့်နိုးဖြင့် ငုတ်တုတ်ထိုင်၍တော့ဖြင့် စောင့်မနေတတ်။ ရသမျှ ရှိသမျှဖြင့် ဖြစ်အောင်လုပ်ကြည့်တတ်စမြဲ။ တစ်လှမ်းရွှေ့၊ နှစ်လှမ်းရွှေ့ဖြင့် လိုရာခရီးပေါက်အောင် လျှောက်ခဲ့စမြဲ။

မိမိ၏စေတနာသည်သာ မိမိ၏ အလုပ်၏ အဆုံးအဖြတ်ဟု လည်း မပိုတ်မသုန် သက်ဝင်ယုံကြည်သည်။ ထေရဝါဒဗုဒ္ဓသာသနာ အဆုံးအမ၏ စူးစူးနစ်နစ်တည်သောဘဝကို ပြုစုနိုင်ခဲ့ပြီးမို့ ကံနှင့်ကံ၏ အကျိုးကံသည် စေတနာ၊ စေတနာသည်သာ ကံဟူသော ပြဋ္ဌာန်းချက် တွင် စွဲမြဲသည်။

ယခု ကိစ္စတွင်လည်းကြည့်။ မိမိတစ်ဦးတစ်ယောက် တစ်ခု တစ်ဖွဲ့အတွက် မဟုတ်၊ အမျိုးဘာသာ သာသနာတစ်ရပ်လုံးအတွက် ကျေးဇူးများမည့် လုပ်ရပ်ဖြစ်၍ ကောင်းသောရလဒ်ကို ဆောင်ကာ

ကောင်းသောနိဂုံးဖြင့်သာ အဆုံးသတ်မည်ဟု နှစ်နှစ်ကာကာ ယုံသည်။

လူ၊ ရှင်၊ ရဟန်း ဆက်ရာနွယ်ရာများမျှသာမဟုတ်။ အမျိုးအနွယ်၊ ဘာသာသာသနာကို စောင့်ရှောက်ကုန်သော နတ်ဒေဝတာ၊ ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့သည် ကိုယ်စီကိုယ်စီ သင့်ရာသင့်ရာ ဝိုင်းဝန်းကူညီ မှိုင်းမကြပေလိမ့်မည်။ စေတနာမပြောက်မကျားဘဲ စိတ်ရှည်ဖွဲ့ရှိဖို့ပဲ လိုသည်။

ယခုပဲကြည့်။ ညဥ့်က အတွေ့အကြုံဆန်းကြောင့် တော်တော်နှင့် မအိပ်နိုင်ကြ။ ဟိုမှသည်၊ သည်မှဟို ထိုထိုရာရာစကားဆုံနေကြကာ မျက်စိကျယ်နေမိကြသည်။ မိမိတို့ တည်းခိုနေကြသည်က မြို့ရှေ့ဘိုး၏ အဝိကရ ရန်ကြီးအောင်ညွှန်ရိပ်သာမို့သာ တော်ပေတော့သည်။ သာမန်အရပ်ထဲသာဆို မအိပ်မနေ ပေါက်ပေါက်ဖောက်နေမိသဖြင့် ခဲထုခံရဦးမည်။

ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့နေကြစဥ် ညွှန်ခံတံခါးဝတွင် လူရိပ်မြင်၍ စကားသံများ တိတ်သွားသည်။ ဥပဓိကောင်းကောင်း သန့်သန့်ပြန့်ပြန့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။

''ဩော် . . . အဘ ကြွပါခင်ဗျာ။ ကျွန်တော်တို့ စကားသံတွေနဲ့မို့ အိပ်မရဖြစ်နေထင်ပါရဲ့။ ကျွန်တော်တို့လည်း အိပ်ကြတော့မလို့ပါ''

ကျွန်တော်က ပဋိသန္ထာရစကားဖြင့် ကြိုဆိုမိသည်။ ဟုတ်သည်လေ၊ စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံကြောင့် တက်ကြွနေသည့်စကားသံများက မည်မျှထိန်းထိန်းသိမ်းသိမ်းရှိငြား ညသံမို့ အတန်ကျယ်နေလေမည်သာ။

''ရပါတယ်ဗျာ . . . ကျွန်တော်က ဗိုလ်မှူးကြီးရဲ့ညွှန်သည်ပါ။ မိတ်ဆွေပဲ ဆိုကြပါစို့။ ဝေဘူဆရာတော်ဘုရားကြီးရဲ့ အင်ကြင်းပင်တောရမှာ တရားပတ်ဝန်းအပြီး ဒီမှာခဏလာနားနေတာပါ။ ဒီက ဆရာတို့

ဆွေးနွေးနေတဲ့ အကြောင်းအရာတွေကို စိတ်ဝင်စားလို့ ထလာခဲ့တာပါ။ ပြင်ပပုဂ္ဂိုလ်တွေ မသိသင့်တဲ့ကိစ္စဆိုရင်တော့လည်း တောင်းပန်ပါတယ်''

''ရပါတယ်အဘ . . . ကြွပါခင်ဗျာ''

သည်ပုဂ္ဂိုလ်၏ ပြင်ပသဏ္ဌာန်အမူအရာက ငြိမ်းချမ်းလှသည်။ ငြိမ်းအေးကြည်လင်နေသော သူ့အသွင်က ရင်ထဲတွင်အမှန်ပင် ငြိမ်းချမ်းအေးမြစေသော ဆောက်တည်မှုတစ်ခု အခိုင်အမာရှိနေပြီကို သိသာလွန်းနေသည်။ ဤသို့ဖြင့် ကျွန်တော်တို့ မမောနိုင်မပန်းနိုင် ဇာတ်ကြောင်းလှန်ကြပြန်တော့သည်။ ဂမ္ဘီရနွယ်သော ဖြစ်စဉ်၌ တွေ့ဦးကြုံသစ်မို့လည်း စိတ်ဝင်စားမှု ပိုပိုသာသာ အားပါနေမိတာလည်း ဖြစ်ပါလိမ့်မည်။

♛ ♛ ♛ ♛ ♛

❑

''ဣန္ဒသာလာ . . . တဲ့လား''

သူကတိုးတိုးရေရွတ်သည်။ မျက်စိကိုမှိတ်၍ ခေတ္တငြိမ်နေသည်။ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသည့်သဘောမို့ ကျွန်တော်တို့ငြိမ်ပြီး ကြည့်နေမိရသည်။

''အင်း . . . ရွှေဘိုမြို့ရဲ့ အရှေ့မြောက်ထောင့်မှာ အခုကျွန်တော်တို့ မြို့ထောင့်စေတီရယ်လို့ သိမှတ်ပူဇော်နေကြတဲ့ ဘုရားစေတီကြီး

တစ်ဆူရှိတယ်။ အဲဒီစေတီကြီးကို အလောင်းမင်းတရားကြီးက ဟံသာဝတီ၊ ပဲခူးကို သိမ်းပြီးအပြန်မှာ တည်ထားတော်မူခဲ့ခြင်း ဖြစ်တယ်။ စေတီတော်တည်ရာကုန်းတော်ဟာ "ကာလာသာလာ" လို့ အမည်ရှိတယ်ဆိုတာကို ကုန်းဘောင်ဆက်ရာဇဝင်ကြီးမှာ ဖတ်ခဲ့ဖူး၊ မှတ်ခဲ့ဖူးတယ်ဗျာ။

အလောင်းမင်းတရားကြီးရဲ့ နန်းမြို့နန်းရာနဲ့ "ဘူမိနက်သန် အောင်မြေ" ကို ဖော်ထုတ်ပြီး အသစ်ပြုပြင် တည်ဆောက်ကြမယ့် တကယ့်ကုသိုလ်မှုကိစ္စကြီးကို မင်းတရားကြီးရဲ့ ကုသိုလ်တော်ဖြစ်တဲ့ အဲဒီစေတီတော်ကြီးပေါ်မှာ ကုသိုလ်အမျှဝေလို့ တိုင်တည်နိုင်ခဲ့ရင် ပိုပြီး ကောင်းမွန်ထင်ရှားတဲ့ တုံ့ပြန်မှုတွေ ရမယ်ထင်တယ်။ ခင်ဗျားတို့ ပြောတဲ့ ညက "အောင်မြေ" ဖြစ်ရပ်ဆန်းမှာညွှန်းတဲ့ "ကာလာသာလာ" ဆိုတဲ့ စကားကလည်း အဲဒီကိုပဲ ညွှန်းနေတယ်မဟုတ်လား"

ညှိသည်ပုဂ္ဂိုလ်၏ စကားအဆုံးတွင် ပုတီးစိပ်ရင်း အာရုံပြုနေသော အဘဦးတင်မြ လှုပ်ရှားလာသည်။

"ဟုတ်ပြီ . . . ဆရာကြီးရေ . . . ဟုတ်ပြီ။ ကျွန်တော်က ဆရာကြီးလို စာပေအဖတ်အပြု အားနည်းခဲ့တော့ အတော်ကြီးကို စဉ်းစားနေရတာ။ ဒုတိယအဆင့် အစီအရင်တစ်ခုက အလောင်းမင်းတရားကြီးရဲ့ ကုသိုလ်တော် စေတီရင်ပြင်တစ်ခုခုမှာ ပြုလုပ်စီရင်ရမှာ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ မြို့ထောင့်စေတီမှာပဲ ဒီအစီအရင်ကို လုပ်ရမလား၊ ကုန်းကြီးရွာနားက စေတီတော်ကြီးမှာပဲလုပ်ရမလား ဝေခွဲလို့မရဘူး။ မနက်မှပဲ မြို့ခံ ရှေ့မီနောက်မီပုဂ္ဂိုလ်များဆီက အကြံဉာဏ်နဲ့ ဩဝါဒခံယူဖို့ စဉ်းစားနေသေးတာ။ ညက မောင်လေးချော လက်ညှိုးညွှန်ရင်းပြောသွားတဲ့ "ကာလာသာလာ" ဆိုတဲ့ စကားလုံးကိုလည်း အမည်ဖော်လို့မရဘူး။ အခုတော့ရှင်းပါပြီဗျာ။ ဘာဆက်လုပ်ရမလဲဆိုတာလည်း သေချာသွားပါပြီ။ ကျေးဇူးကြီးပါရဲ့ခင်ဗျာ"

အဘဦးတင်မြ၏ အသံက လှိုက်လှိုက်လှဲလှဲကြီး ဝမ်းပန်းတသာ ရွှင်ရွှင်လန်းလန်း ထွက်လာပေပြီ။ သေချာတယ်။ ဒါဆိုလျှင် အဘတွင် တိကျသော၊ သေချာသော အစီအစဉ်တစ်ရပ် ရှိနေပေပြီ။ ခြေလှမ်း သစ်တစ်လှမ်းရှေ့ကို တက်နိုင်တော့မည်။ ထိုသို့ဖြင့် နံနက်ဦးတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ကြပါတော့၏။ ရွှင်လန်းမှုဖြင့် အပန်းပြေခဲ့ရသော ညပေတကား။

"ဆရာ . . . ဆရာ၊ ထ . . . ထ ဗိုလ်မှူးကြီး ရောက်နေတယ် ဆရာ့ကိုမေးနေတယ်"

အိပ်လိုက်ရသည်ပင် မထင်မိပါ။ မြို့နယ်စဉက္ကဋ္ဌကြီး ကြွလာသည်ဆို၍ အိပ်မှုန်စုံမွှားဖြင့် ထလိုက်ရတော့သည်။ ညှိ့ခန်းသို့ ကျွန်တော်ရောက်သွားတော့ အဘဦးတင်မြသည် ညက အတွေ့အကြုံများကို ရှင်းပြနေပေပြီ။ ဥက္ကဋ္ဌဗိုလ်မှူးကြီးကလည်း စိတ်အားထက်သန်စွာ နားထောင်နေသည်။ စကားဆက်ပြတ်သွားမည်မို့ ကျွန်တော် အသာပဲ ဝင်ထိုင်မိသည်။ အဘဗိုလ်မှူးကြီးမင်းဆွေအား ပဋိသန္ဓာရစကားပင် မဆိုမိ။ ပုဂ္ဂိုလ်ကလည်း အဘဦးတင်မြ၏စကားတွင် ဝင်စားနှစ်မျောနေသည်ထင့် ငြိမ်လို့။

"ဒါဆိုရင် အဘရေ . . . အဲဒီ "ဣန္ဒသာလာ"ဆိုတဲ့ နေရာကိုရော ဖော်ထုတ်လို့ရပါပြီလား။ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ရော ရှိပြီလား"

ဥက္ကဋ္ဌကြီး မအောင့်နိုင်၊ မစောင့်နိုင်တော့ပါ။ စကားဆုံး မရောက်မီပင်ဖြတ်၍ မေးချေပြီ။

"ဖော်ထုတ်လို့ရပါပြီ ဗိုလ်မှူးကြီး။ ဒီရိပ်သာမှာပဲ တည်းနေတဲ့ ဗိုလ်မှူးကြီးရဲ့မိတ်ဆွေက အစဖော်ပေးခဲ့လို့ "ဣန္ဒသာလာ"ဆိုတာ ယခု မြို့ထောင့်စေတီတည်ထားတော်မူတဲ့ ကုန်းတော်ပါပဲဆိုတာ အတိအကျ

သိရပါပြီ။ ဒီကနေ့ မနက်ပိုင်းမှာပဲ မြို့ထောင့်စေတီတော်မှာ အချို့သော အစီအရင်ကလေးများ ဆောင်ရွက်ပြီးရင်တော့ ပြီးပြည့်စုံသွားမယ်လို့ ထင်ပါတယ်ခင်ဗျာ''

အဘဦးတင်မြ၏အဖြေ။ ကျွန်တော်ကလည်း အဘဗိုလ်မှူးကြီး၏မိတ်ဆွေညွှန်ပြ၍သာ ''ဣန္ဒသာလာ''ကုန်းတော်ကို ခြေရာခံ ခြေရာကောက်မိခြင်းဖြစ်၍ အထူးကျေးဇူးတင်ရပါကြောင်းဖြင့် လေးလေးစားစား လောကဝတ်စကားဆိုရပါသည်။

''ဘာလဲဗျာ . . . ကျွန်တော့်မိတ်ဆွေဆိုတာ။ ဒီရွှေဘိုမြို့နယ်စုကိုရောက်ကတည်းက၊ တာဝန်ယူကတည်းက ကျုပ်တပည့်တစ်ယောက်ကလွဲလို့ မိသားစုတစ်ယောက်တောင် ပါမလာခဲ့ဘူး။ ဘုန်းမောင့်တစ်ကိုယ်တည်းပဲ။ ကျုပ်မိတ်ဆွေသင်္ဂဟာဆိုတာလဲ မလာဘူး။ မရောက်ဖူးသေးဘူး။ ဒီရန့်ကြီးအောင် ညေ့ရိပ်သာမှာ တည်းဖို့၊ ခိုဖို့ဆိုတာက တော့အဝေးကြီး။ ဘာတွေ၊ ဘယ်သူတွေလဲ . . . မောင်ဦး၊ ဟေ့ . . . မောင်ဦး''

ရှုပ်ထွေးမှုတစ်ခုက စပြီ။ ညက ''ဣန္ဒသာလာ''ကုန်းတော်နှင့်ပတ်သက်၍ ညွှန်ပြခဲ့သူပုဂ္ဂိုလ်ကို သူမသိဟု ဗိုလ်မှူးကြီးက ဆိုလာပါချေပြီ။ သူ၏ရိပ်သာစောင့် ကိုမောင်ဦးအား ခေါ်ယူမေးမြန်းကာမှ ပို၍သာ ဆန်းကြယ်ဖွယ် ဖြစ်ရပြန်ချေပြီ။

''မောင်ဦး . . . ဒီရိပ်သာမှာ ငါ့မိတ်ဆွေဆိုပြီး တည်းနေတာ ရှိသလား။ ဘယ်သူလဲကွ။ ငါမသိလိုက်ရပါလား။ ဘာကြောင့် ငါ့ကို အသိမပေးကြတာလဲ''

''ဘယ်သူမျှ မရှိပါဘူးအဘ။ ဟိုတလောက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအဖွဲ့တွေ တည်းသွားတာ နောက်ဆုံးပါပဲ။ ဒီနောက် ဘယ်သူမျှ မတည်းပါဘူး။ ညကလည်း တည်းခိုသူမရှိပါဘူးအဘ။ အခန်းလွတ်သော့အားလုံးကလည်း ရုံးအဖွဲ့မှူးဆီမှာပဲ သိမ်းထားတာပါအဘ''

''ဟော . . .''

မျက်လုံးပြူးကြရသည်။ ကျွန်တော်တို့အားလုံး အံ့ဩထူးဆန်းလွန်း၍ ကြက်သီးမွေးညင်းပင် ထောင်ထလာကြရသည်။ ရန်ကြီးအောင်ရိပ်သာတွင်လည်း အခိုက်အတန့်မျှတော့ ဝုန်းဒိုင်းကြသွားသည်ဟုပင်ဆိုရပါမည်။ မရှိတော့သော ပုဂ္ဂိုလ်ကို တစ်ခန်းဝင်၊ တစ်ခန်းထွက်ရှာကြဖွေကြသည်။ ပုဂ္ဂိုလ်နှင့် ကြုံဆုံခဲ့ရသော ညကအဖြစ်အပျက်ကိုတစ်ယောက်တစ်ပေါက် စားမြုံ့ပြန်ကြ၊ အတွေးချင်းအမြင်ချင်း ဆွေးနွေးဖလှယ်ကြနှင့် မရှင်းနိုင်သော ချည်ခင်အူပေါက်ကို ဆွဲနေကြသည်မှာဆူညံနေတော့သည်။

''လာဗျာ . . . အဘဦးတင်မြနဲ့ဆရာ ကျွန်တော်နဲ့လိုက်ခဲ့။ သေသေချာချာ ပြောကြည့်ရအောင်''

ရွှေဘိုအကျဉ်းထောင်တာဝန်ခံ စခန်းမှူး ဦးညွန့်ရွှေလည်းရောက်လို့လာသဖြင့် အဘဗိုလ်မှူးကြီး၏နေအိမ်သို့ ထွက်လာခဲ့ကြသည်။ ရိပ်သာနှင့်သိပ်မဝေးလှပါ။ အိမ်ဧည့်ခန်းတွင် ဧည့်ခံတိုက်ကျွေးသော ကော်ဖီနှင့်မုန့်ပဲသရေစာများကို သုံးဆောင်ကြရင်း ညက ဇာတ်ကြောင်းကို တစ်ကျော့ပြန်ကာ ညှိနှိုင်းအဖြေထုတ်ကြရပြန်သည်။

ပုံမှန်သဘာဝ မဟုတ်လေသော ဂမ္ဘီရအရာဝင်သည့် အံ့ဩဘနန်းအဖြစ်အပျက်တို့က ဆင့်ကာဆင့်ကာ တွေ့နေကြုံနေရသဖြင့် အခြေအနေမှန်များကို ယထာဘူတကျကျ သုံးသပ်ကာ ရှေ့ခြေလှမ်းအတွက် သတိရှိရပါလေတော့မည်။ အရေးကြီးလာပါပြီ။

နောက်ဆုံးတော့ အများသဘော ညီညွတ်သော အဖြေတစ်ခုရခဲ့ကြသည်။ ''ဏ္ဍနူသာလာ''ကုန်းတော်ကို ဘယ်လိုပုဂ္ဂိုလ်က ဘယ်ပုံဘယ်နည်းညွှန်းပြစေ ခဏကလေးမေ့ထားလိုက်။ သူ့ဆီမှာ လမ်းဆုံးမခံလေနဲ့။ ''ဏ္ဍနူသာလာ''ကုန်းတော်မှာ ဆက်လုပ်မယ့် အစီအစဉ်နဲ့

ရလာမယ့် အဖြေကသာအဓိက။

စခန်းမှူးဦးညွှန့်ရွှေကလည်း ညက "အောင်မြေ"နေရာတွင် စိုက်ထူခဲ့ကြသော ကြက်လျှာအလံများမှာ မလဲမပြို။ နဂိုရည်မပျက် မတ်မတ်ခိုင်ခိုင်ရှိနေပါကြောင်း အုံ့ဩဝမ်းသာ တင်ပြလာပြန်လေရာ အဘက်ဘက်က အောင်ဟိတ် အောင်နိမိတ်များရှိနေပြီဟု မှတ်ချက်ပြုမိရသည်။ သည်သို့ဆိုလျှင် "ကုန္တသာလာ" ကုန်းတော်ဆီသို့ ချီတက်ကြစို့ဟု သဘောညီကြသည်။ ချီလေတည့်ရယ်တဲ့ချီလေ . . . ။ ဆက်လုပ်ပေါ့ခင်ဗျာ . . . ။

♛ ♛ ♛ ♛ ♛

❑

အလောင်းမင်းတရားကြီးဟာ မုဆိုးဘိုကို ရွှေဘိုလို့သမုတ်ပြီး ကုန်းဘောင်ဆက်အနွယ်တော်ကို ဆက်ခံထူထောင်တဲ့အခါမှာ ခေတ်ကာလ အခြေအနေတွေအရ ပြည်ရေးရွာမှုကိုသာငဲ့ပြီး ဆောင်ရွက်ခဲ့တာ မဟုတ်ဘူး။ အမျိုး၊ ဘာသာ၊ သာသနာရဲ့ အကျိုးနဲ့ အနာဂတ် အစူအစဉ်အထိ ကောင်းမှုကောင်းရာတွေကို ရည်မျှော်ခဲ့တာ ထင်ရှားပါတယ်။ ညောင်ရမ်းမင်းတရား(ခရစ်နှစ် ၁၅၉၇–၁၆၀၅)တည်ထောင်ခဲ့တဲ့ ညောင်ရမ်းမင်းဆက်ဟာ မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ဟံသာဝတီပါ

မင်းလက်ထက်မှာ နိုင်ငံကြေပျက်သွားခဲ့တယ်။ နိုင်ငံနဲ့သာသနာမြတ်ဟာ ကောက်သိမ်းပြုစုမယ့်သူမရှိ။ ပြည်အညာကြွေကို အလောင်းမင်းတရားကြီးက အမွေခံကာ သိမ်းပိုက်ပြုစုတော်မူခဲ့ရပါတယ်။

"ငါသို့သော မင်းမြေးမင်းမြစ်ရှိသည်ဖြစ်လျှက် ဘေးလောင်းတော်တို့၏ အရိုက်အရာ၊ သာသနာတော်၏ အခြေအမြစ်ဖြစ်သောတိုင်းကား ရှင်လူပြည်သူ သတ္တဝါအပေါင်းတို့ ဆင်းရဲဖြင့် မနစ်မွန်းကောင်း။ ငါသည်သာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်စေအံ့" လို့ ကြုံးပပြီး ပြည့်လက်ရုံးကို စုစည်းထူထောင်တော်မူခဲ့ရာမှာ ရွှေဘိုမြို့နန်းတည်ဖို့ ဘူမိနက်သန်နေရာမှန်ကို ရှာဖွေတော်မူခဲ့ပါသတဲ့"

ရွှေဘိုမြို့ထောင့် စေတီတော်ကြီးဆီသို့ အလာလမ်းခရီးတွင်ပင် ကျွန်တော်တို့အစုတွင် တကူးတက ပူးပေါင်းပါဝင်လာခဲ့သော ကျွန်တော့်မိတ်ဆွေကြီး ဦးမြင့်သန်း(တရားရုံးချုပ်ရှေ့နေကြီး)က သူ၏ လက်တွင်ကိုင်ထားသည့် ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ ကုန်းဘောင်ဆက် ရာဇဝင်စာအုပ်ကြီးကို လက်ကြားညှပ်ကာ၊ "ဇမ္ဗူရအောင်မြေ" "ဘူမိနက်သန်အောင်မြေ" "အဓိဋ္ဌာန်အောင်မြေ"ဟု အမည်အမျိုးမျိုးဖြင့် ထင်ရှားရာ အလောင်းမင်းတရားကြီး၏ အောင်မြေ "ရွှေဘုံရတနာ နန်းတော်ကြီး"နှင့် ဆက်ရာနွယ်ရာ အကြောင်းရပ်များကို ရှင်းပြနေခြင်းပါ။

ပါးစပ်ရာဇဝင်လာ လက်ဆင့်ကမ်းစကားများဖြင့် ထင်ရှားရာ ဤအကြောင်းရပ်များကို စာတင်ပေတင် တိတိကျကျသိမှတ်ရ၍ ကျေနပ်ဝမ်းမြောက်ရပါသည်။ ဦးမြင့်သန်းသည် ဥပဒေပညာရှင်မျှသာမဟုတ်။ ခေတ်ပြိုင်ဂျာနယ်၊ မဂ္ဂဇင်းများတွင် စာပေရေးသားနေသူတစ်ဦးဖြစ်၍ ဖတ်အားမှတ်အား စာအစုအဆောင်းကောင်းလှသူတစ်ဦးလည်း ဖြစ်နေသေးသည်။ ဥပဒေပညာရှင်ပေမို့ တိကျသေချာမှုကိုလည်း တန်ဖိုး

ထားဂရုပြုလှသည်။ ကျွန်တော်တို့၏ လက်တွေ့အလုပ်ရည်ရွယ်ချက်နှင့် ကိုက်ညီလှဘိ။ အားကိုးအားထား ပြုနိုင်လောက်ပါသည်။

''ရွှေဘုံရတနာ နန်းတော်ကြီးတည်ရမယ့် ဘူမိနက်သန်မြေ နေရာကို ရှာဖွေခဲ့ရာမှာ ယခု''အောင်မြေ''လို့ သိနေကြတဲ့နေရာမှာ ထင်ရှားသိသာသော အောင်နိမိတ်များ တွေ့ရှိခဲ့ပါသတဲ့။ ဖားက မြွေကို မျိုပြီး ကျားကိုသမင်က လိုက်လံဖော့ခတ်လို့ ကျားထွက်ပြေးရာ ပင်မြက် မြေစာတို့ အထူးရှင်သန်ပေါက်ဖွားရာ ဒီနေရာမှာ ''အဂ္ဂပဒေသ'' ပကတိအောင်မြေမြတ်ရဲ့ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော မြေထူး မြေမြတ်ကို တွေ့ရှိတော်မူခဲ့တယ်။ ဒီနေရာကို မင်းတရားကြီးရဲ့ ပညာရှိ အများက ''ဘူမိနက်သန်အောင်မြေ''အရပ်အဖြစ် အဘိသိက်သွန်းကာ နေရာတော်ရွေးပြီး ''ရွှေဘုံရတနာနန်းတော်ကြီး''ကို တည်ခဲ့တယ်။ နန်းတော်ဦးမှာတော့ အောင်မြေတော်မြတ်ကို သီးသန့်နေရာ သတ်မှတ် ကာ ပူဇော်ခဲ့ကြပါတယ်။

အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူကြပြီးတဲ့နောက် ၁၈၈၆ နိုဝင်ဘာမှာ မန္တလေးထောင်ကြီး စတင်တည်ဆောက်ခဲ့သလို ရွှေဘိုအကျဉ်းထောင်ကိုလည်း (၁၈၉၁)မှာ တည်ဆောက်ခဲ့ကြပါတယ်။ ကုန်းဘောင်မင်းဆက်ရဲ့ ရွှေဘုံရတနာနန်းတော်ကြီးကတော့ နန်းမြို့ တည်ရာ(၁၇၅၂)ကနေကြည့်ရင် နှစ်ပေါင်းတစ်ရာလေးငါးဆယ် ကြာခဲ့ ပြီဆိုတော့ ရွှေနန်းဘုံဆောင်တွေ အခန်းခန်းဟာ ယိုယွင်းပျက်စီးခဲ့ပြီ ပေါ့။ ဒီကနေ့ကာလမှာ ရွှေဘိုအကျဉ်းထောင်ကြီးသာလျှင် ထီးထီးမားမား တည်နေရှိနေတွေ့နေရပြီး ''ရွှေဘုံရတနာနန်းတော်ကြီး''ရဲ့ အရိပ် အယောင်တောင် ရှာမရတော့လောက်အောင် ပျောက်ဆုံးသွားခဲ့ရတာ ဟာ ကျွန်တော်တို့သမိုင်းမှာ မျက်ခြည်ပြတ်ခဲ့ရတဲ့ ကွင်းဆက်တစ်ခု။ အဖြေရှာရဦးမယ့် ပဟေဠိတစ်ခုပဲဗျာ။

---

စိတ်ကူးသစ်စာပေ

''အခု ဆရာတို့အဖွဲ့ရဲ့ အဓိကဦးတည်ချက်ဖြစ်တဲ့ အောင်မြေနဲ့ ရွှေဘုံရတနာနန်းတော် ဖော်ထုတ်ရေးလုပ်ငန်းဟာ အဲဒီကွင်းဆက်ကိုပါ တစ်ပါတည်း ရှင်းလင်းစေမယ်လို့ထင်တယ်။ သဘာဝလွန် ဂမ္ဘီရ သဘောတွေ၊ အရှေ့တိုင်းရဲ့စိတ်ပိုင်းဆိုင်ရာ နာမ်သဘောတွေကို ယုံကြည်မှုနည်းပြီး ရုပ်ပိုင်းဆိုင်ရာကိုသာ ဦးစားပေးပါတယ်ဆိုတဲ့ ဗြိတိသျှနယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို ကျွန်ပြုသိမ်းပိုက်ခဲ့ရုံမျှမက ဘာသာ၊ သာသနာကို တိမ်ကောစေ၊ အရောင်အဝါညှိုးစေခဲ့တဲ့အပြင် မြန်မာတို့ရဲ့ ယုံကြည်ကိုးကွယ်မှု ဓလေ့ထုံးတမ်းတွေ၊ မြန်မာလူမှုအဆောက်အအုံက မြန်မာ့ဦးစွန်း အထွတ်အထိပ်မှန်သမျှကိုပါ အညွန့်ချိုးဖျက်ဆီးပစ်ခဲ့တာကို လက်ဆုပ်လက်ကိုင် ပြနိုင်လိမ့်မယ်လို့ ကျွန်မတော်ထင်တယ်ဗျာ''

ဟုတ်လိုက်ပလေ။ ဆရာဦးမြင့်သန်း၏ ဤစကားခွန်းများက ကျွန်တော့်ရင်ကို တည့်တည့်ကြီးပစ်၍ မှန်သည်။ အကျဉ်းဦးစီးဌာနဝင် အရာရှိတစ်ဦးအဖြစ် နိုင်ငံ့ဝန်ထမ်းဘဝကို ဖြတ်သန်းခဲ့ရာ၌ ဤအတွေးအထင်၊ ဤခံစားရချက်ကို မကြာခဏ ကြုံခဲ့ရဖူးသည်။ ငြင်း၍မရ၊ ပယ်၍မလွယ်သော အမှန်တရားများကို အထောက်အထားများနှင့်တကွ လက်ပူးလက်ကြပ် ထင်ထင်ရှားရှား တွေ့ရမြင်ရလေတိုင်း ရင်လှိုင်းထခဲ့ရသည်လည်း အကြိမ်ကြိမ်။ ကြည့်ပါဦး။ မြန်မာအများအထွတ် အမြတ်ပြုရာဦးဆံတို့ကို အကျဉ်းထောင်အတွင်း၌ ရိပ်ပယ်ပစ်ပြီး ဘာသာ၊ သာသနာမှု၌ သူတော်စင်တို့၏လက္ခဏာဆောင်သော ဦးပြည်းခေါင်းတုံးကို အကျဉ်းသား၊ အချုပ်သားတို့အား ထားစေခဲ့သည်။

မြန်မာတို့က သစ္စာတရားနှင့် ကုသိုလ်ဓမ္မ၏ ပြယုဂ်အဖြစ် ခံယူသိမှတ်သောအဖြူရောင်ကို အပြစ်သားတို့၏ဝတ်စုံအဖြစ် ဝတ်ဆင်စေခဲ့သည်။ ယုတ်ညံ့လေစွ။ သိမ်ဖျင်းလေစွ။ သည့်ထက်မိုက်ရိုင်းစော်ကားသော၊ မခံချိဖွယ်ကောင်းသော လုပ်ဆောင်ချက်များလည်း

များစွာရှိနေပါသေးသည်။ လက်ဝါးဖြင့် ကောင်းကင်ကိုကွယ်လိုသော်လည်း မလုံနိုင်ပါချေ။ ဝံသာနုရက္ခိတအရင်းခံဖြင့် သုတေသီတို့ လုံ့လစိုက်ဖော်ထုတ်က မြောက်မြားစွာ ထပ်မံတွေ့ရှိနိုင်ပါဦးမည်။

''အောင်မြေဆိုတာကို အင်္ဂလိပ်အဘိဓာန် များမှာတော့ ''Advantaged Ground'' အခွင့်အလမ်းသာသော မြေလို့ပြဆိုကြပြီး ပါဠိအဋ္ဌကထာဋီကာတို့မှာတော့ အဂ္ဂပဒေသ၊ ဇေယျပထဝီ၊ ဇေယျဘူမိစသည်ဖြင့် ပြဆိုကြပါတယ်။ ''ပကတိအောင်မြေဌာန''များနှင့်ပတ်သက်လို့ ကျေးဇူးရှင်မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်ပိုဒ်ရေ(၅၆၇)နဲ့ (၅၈၆)တို့မှာ အသေးစိတ် ရှင်းလင်းစပ်ဆိုတော်မူခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ အာဘော်အရဆိုရင် ''ပကတိအောင်မြေ''ဆိုတာ . . .

(၁) မြေပြင်သည် စည်မျက်နှာပမာ ညီညာပြန့်ပြူးနေခြင်း၊

(၂) ယင်းမြေပြင်၌ ဆံမှတ်ဆိတ်မျှသော မြက်ပင်မရှိ ကွက်လပ်ဖြစ်နေခြင်း၊

(၃) ငွေရောင်အဆင်း၊ ဖြူလင်းသော သဲတို့ဖြင့် ကြဲဖြန့်ထားသကဲ့သို့ ရှိခြင်း၊

(၄) ထက်ဝန်းကျင်မှ မြက်ချုံနွယ် တောစိုးသစ်ပင်တို့သည် ပင်စည်တန်း၏အစွမ်းဖြင့် အောင်မြေကို လက်ယာရစ်လှည့်၍ သစ်ရွက်တန်း၏အစွမ်းဖြင့် အောင်မြေသို့ မျက်နှာမူရှေးရှုကာ (ဦးတိုက်ကာ) ပေါက်ရောက်ခြင်း၊

(၅) ခြသေ့်၊ ကျားစသည်တို့က သားသမင်၊ ဝက်တို့ကိုလည်းကောင်း . . . ၊ မြွေ၊ ကြောင်တို့က ဖား၊ ကြွက်

တို့ကိုလည်းကောင်း . . . လိုက်လံဖမ်းဆီးစဉ် ထိုအောင်မြေသို့ ရောက်လာပါက သားသမင်၊ ဝက်၊ ဖား၊ ကြွက်တို့က ပြန်လည်ခြိမ်းခြောက်သဖြင့် ခြင်္သေ့၊ ကျား၊ မြွေ၊ ကြောင်တို့ နောက်ဆုတ် ပြန်ပြေးရခြင်းဟူသော အင်္ဂါရပ်တို့နှင့် ပြည့်စုံသောမြေ ဖြစ်သည်လို့ဆိုရပါမယ် ခင်ဗျာ။

''ဘုရားဟောပါဠိတော် ''ကလိင်္ဂဗောဓိဇာတ်''မှာ ပကတိအောင်မြေရဲ့ အထက်ကောင်းကင်မှာ သိကြား၊ နတ်ဗြဟ္မာတို့ပဲဖြစ်ဖြစ်၊ ဆင်ပျံ မြင်းပျံတို့ပဲဖြစ်ဖြစ် ဖြတ်သန်းခြင်းငှာ မစွမ်းနိုင်ဘူးလို့ ဖော်ပြထားပါတယ်။

အမ္ဗဋ္ဌသုတ် အဋ္ဌကထာမှာတော့ မြေကြန်အတာဝ်ကို တစ်ဖက်ကမ်းခတ် တတ်မြောက်သော ကပိလရသေ့ရဲ့မှတ်ချက်မှာ ဤအောင်မြေပေါ်၌ တည်ဆောက်သောမြို့သည် ''အင္ဂနဂရ''မြို့မြတ် ဖြစ်လတ္တံ့။ ဤအောင်မြေအရပ်၌တည်ရာ ဒွန်းစဏ္ဍားသားသည်လည်း စကြဲမင်းစွမ်းပကားဖြင့် အလွန်မြင့်မြတ်သူဖြစ်လတ္တံ့လို့ ဟောကြားခဲ့ကြောင်း ဖတ်မှတ်ရပါတယ်။

အခုဆရာတို့ ဖော်ထုတ်မယ့် အလောင်းမင်းတရားကြီးရဲ့ အောင်မြေဆိုတာဟာ အင္ဂပဒေသအောင်မြေတော် နှစ်ဌာနအနက် ''ပကတိအောင်မြေ''လို့ဆိုတဲ့ မီး၊ ရေ၊ လေ၊ မြေ ဓာတ်လေးပါးတို့ရဲ့ ထူးခြားသော ဓာတ်သဘာဝကြောင့် ပေါ်ထွန်းလာရတဲ့မြေ ဖြစ်ပါတယ်။ မြေရဲ့ မူလဘူတစွမ်းအားကြောင့် မနောမယပတ္တမြားကဲ့သို့ စွမ်းအင်သတ္တိရှိတဲ့မြေ ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်က အရာဝတ္ထုတစ်ခုခုနဲ့ ပြုလုပ်ဖန်တီးလို့ ဖြစ်ပေါ်လာတာမဟုတ်ဘဲ ပကတိစွမ်းအင် ရှိတဲ့မြေ ဖြစ်တယ်လို့ သိရပါတယ်''

---
စိတ်ကူးသစ်စာပေ

ကျေးဇူးကြွေးတို့ ထပ်ကာထပ်ကာ တုံ့တင်ရလေပြီ။ မိမိတို့၏ လုပ်ငန်းတာဝန်များ၌ အောင်မြေဌာနနှင့် အလောင်းမင်းတရားကြီး ၏ ရွှေနန်းတော်ရာကိုသာ ရှာဖွေဖော်ထုတ်ရန်မဟုတ်။ ဒေသခံရွာ နေပြည်ထိုင်တို့အထံမှ စာဟောင်း၊ စကားဟောင်း၊ အကောက်အယူ များကိုပါ နာခံစုဆောင်းကာ တင်ပြပေးရန်လည်း ပါဝင်လေရာ ဆရာ ဦးမြင့်သန်း၏စကားများက အဖိုးတန်လွန်းလှပြီ။ အကိုးအထောက် သေချာသဖြင့်လည်းပို၍ တန်ဖိုးမြင့်ရသည်။ အလုပ်နှင့်စပ်ရာစပ်ရာ တစ်စရုပ်လုံးရုပ်သွင်ပီပြင် ပေါ်လွင်လာနေသဖြင့်လည်း ကျွန်တော့်မှာ အံ့သြဝမ်းသာ ပီတိဖြစ်နေရပါသည်။

နံနက်ကိုးနာရီမထိုးမီ မြို့ထောင့်စေတီကြီးသို့ ကျွန်တော်တို့ အဖွဲ့တစ်စုတစ်ဝေးကြီး ရောက်ရှိခဲ့ကြသည်။ ပျော်စရာပင် ကောင်းသေး တော့။ အလောင်းမင်းတရားကြီး၏ ကုသိုလ်တော်မို့ထင့်။ စေတီတော် မြတ်ကြီးကား သပ္ပာယ်ခံ့ညားလွန်းလှပေစွ။ နံနက်ခင်း နေရောင်ခြည် အောက်ဝယ် ခံ့ခံ့ထည်ထည်စံပယ်တော်မူနေသော စေတီတော်ကြီးပေါ် ၌ ဆောင်ရွက်ရမည့် ပြုဖွယ်ကိစ္စများရှိနေသေးရာ ဂေါပကအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းရသည်။ အလုပ်၏ မွန်မြတ်သောရည်ရွယ်ချက်နှင့် မြို့ နယ်စုဥက္ကဋ္ဌကြီး၏ ကြိုတင်စီမံညွှန်ကြား ဆောင်ရွက်ပေးထားမှုကြောင့် ချောချောမွေ့မွေ့ပင် အခွင့်သာခဲ့ပါသည်။

"ကဲ . . . ဆရာရေ၊ ဆရာတို့ရဲ့မူလ အစီအမံ၊ အစီအရင် များမစတင်မီ အလောင်းမင်းတရားကြီးရဲ့ ဘုရားပူဇော်နည်းကလေးနဲ့ အထွတ်တင်လိုက်စေချင်သေးတယ်။ ပိုပြီးမင်္ဂလာရှိ ကျက်သရေ တိုးသွားအောင်ပေါ့။ အလောင်းမင်းတရားကြီးဟာ ရန်ကုန်ရွှေတိဂုံ ဘုရားကြီးမှာ ဂုဏ်တော်ကိုးပါးတစ်ထောင်ပြည့် လက်ယာရစ်လှည့်ပြီး ရွတ်ဆိုပူဇော်ခဲ့သလို ညောင်ဦးရွှေစည်းခုံစေတီတော်မြတ်ကြီးကိုလည်း

လက်ယာရစ်လှည့်ကာ ဂုဏ်တော်ကိုးပါးတစ်ထောင်ပြည့် ရွတ်ဆိုပူဇော်ခဲ့တယ်လို့ ကုန်းဘောင်ဆက် ရာဇဝင်ကြီးထဲမှာ ကြည်ညိုခဲ့ရဖူးပါတယ်။ ကျွန်တော်တို့ကလည်း ဒီအစဉ်အလာကလေးကို ဆက်ခံထိန်းသိမ်းတဲ့အနေနဲ့ ဂုဏ်တော်တစ်ထောင်မပြည့်တောင် နိုင်သလောက်၊ စွမ်းသလောက်၊ အချိန်ခွင့်ပြုသလောက်နဲ့ လက်ယာရစ်သုံးပတ်တော့ ပူဇော်ကြပါဦးစို့''

သို့ဖြင့် ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစားကာ ကောင်းကျိုးကိုယ်၌ တည်စေခဲ့ကြပါသည်။ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်ပူဇော်ကာ အရှေ့မြောက်ထောင့်တွင် အဘဦးတင်မြ၏ အစီအရင်များ၊ ရွတ်ဖတ်ပူဇော်မှုများ၊ အဓိဋ္ဌာန်တင် ဆုတောင်းခြင်းများကို ဆောင်ရွက်ကြရပြန်ပါသည်။ သို့ဆိုစေကာမူ ကျွန်တော်တို့ကား အကူသက်သက်သာ။ ဂမ္ဘီရဆို၍ နကန်းတစ်လုံးပင် သိမြင်နှံ့စပ်သူမဟုတ်၍လည်း ပွဲကြည့်မျှသာ။ အရန်လူစာရင်းပင် မဝင်နိုင်ခဲ့။

''ဆရာ . . . ဆရာတော်ကြီး ဦးသာသနတဲ့။ ကုန်းကြီးစိုးတင့်ရဲ့ဘကြီးလို့ မိန့်ပါတယ်။ စိုးတင့်ရဲ့အမေကြီးလည်း ပါလာပါတယ်။ ဆရာနဲ့ တွေ့ချင်လို့ရယ်၊ ဆရာတော်ကြီးက ဆရာ့ကို မိန့်ကြားစရာလည်း ရှိပါတယ်တဲ့။ ဟိုနားက တန်ဆောင်းထဲမှာ စောင့်နေကြပါတယ်''

တပ်သားလေးချောက သတင်းပို့အပြီး သူညွှန်ရာသို့ ကဲ၍ကြည့်မိသည်။ စေတီတော်ကြီး၏ အရှေ့ဘက်တန်ဆောင်းအတွင်းဝယ် ထေရ်ကြီးဝါကြီးသံဃာတော်တစ်ပါးနှင့် သံဃာငယ်နှစ်ပါး၊ အမျိုးသား အမျိုးသမီးသုံးလေးဦးခန့်ကို လှမ်းမြင်ရသည်။

''နေပါဦးကွ၊ ကုန်းကြီးစိုးတင့်အမေနဲ့ မင်းနဲ့က ဘယ်လိုဆက်မိသွားကြတာလဲ''

''ကျွန်တော်တို့ ရွှေဘိုခရီးစဉ် ထွက်မယ်ဆိုတော့ စိုးတင့်က

သူ့ရှာက သူ့အမေဆီကို စကားပါးလိုက်ပါတယ်။ ဒီရွှေဘိုဈေးထဲမှာ သူ့ညီမအငယ်ရှိတယ်လေ။ သူကတဆင့် သူ့အမေဆီ မှာလိုက်တာ။ ကျွန်တော်တို့အဖွဲ့ ရွှေဘိုမှာရှိနေတုန်း လိုအပ်တာကူညီဖို့နဲ့ အစား အသောက် ဒုက္ခမရောက်အောင် စီစဉ်ပေးဖို့မှာတာပါ။ ဆရာတော်ကြီး ကတော့ ဆရာ့ကိုတွေ့ဖို့ ကိစ္စရှိတယ်လို့ မိန့်ပါတယ်"

ကျွန်တော့်မှာ ပါရမီပြောရမည်လား၊ ရေးဘုန်း ရေးကံပဲ ပြောရမည်လား၊ တပည့်ကံကောင်းသည်ဆိုရမည်။ ကျွန်တော့်တပည့် များသည် ကျွန်တော့်အပေါ် မိဘသဖွယ် သဘောထားကာ ပူပန်ကြောင့် ကြ ထားတတ်ကြလွန်းသည်။ ယခုပဲ ကြည့်တော့၊ ကုန်းကြီးစိုးတင့် ဆိုသည်မှာ ဓားပြမှုဖြင့် ထောင်ကျလာသည့် ကျွန်တော့်လက်ရုံးတပည့် ကျော်။ ရွှေဘိုမြို့အရှေ့မြောက်ဘက် ကုန်းကြီးကျေးရွာ ဇာတိသား။ မြို့ကျော်၊ ရပ်ကျော် နာမည်ကြီးဓားပြခေါင်းဆောင်ဖြစ်၍ ထောင်ဒဏ် စို့စို့ပို့ပို့ ကျထားသူ။ ကျွန်တော့် စက်မှုလက်မှုအလုပ်ရုံတွင် လက်ယက္ကန်း ဘတ်ကိုင်အဖြစ် ရက္ကန်းကျွမ်းကျင်အလုပ်ဦးစီး (Convict Officer) အဖြစ် တာဝန်ထမ်းဆောင်နေသူတစ်ဦး။

ရွှေဘိုမြို့ခရီးစဉ်ကို အမြွက်မျှသိ၍ မြို့ခံရှာခံအနေဖြင့် စီစဉ် ပေးခြင်း ဖြစ်ပါလိမ့်သည်။ ကျွန်တော်တို့မှာ မြို့နယ်စ ဥက္ကဋ္ဌကြီး၏ စီစဉ်ပေးမှုကြောင့် ရန်ကြီးအောင်ညွှန့်ရိပ်သာတွင် အဆင်ပြေပြေရှိနေ ပါသော်လည်း လောကဝတ် ကျေပွန်စေဖို့လာသူကို ခရီးဦးကြိုကာ တွေ့တော့ တွေ့ရပါမည်။ တပ်သားလေးချောကိုခေါ်ကာ ညွှန့်သည်များထံ ထွက်လာခဲ့မိသည်။ ဆရာတော်ကြီးအား တည်ခြင်း၊ ထိခြင်းငါးပါးဖြင့် ရှိရှိသေသေ ဦးချကန်တော့လိုက်မိ၏။ နံနက်ဦး နေခြည်နုနုအောက် တွင် ဘုရားကျောင်းကန်၏အရိပ်က အေးမြချမ်းသာလွန်းသည်မို့ စိတ် အနေပင် ပျောင်းပျော့နူးညံ့နေမိသည် ထင်ပါသည်။ စိတ်မှာ အလိုလို

ရှင်လန်းချမ်းသာနေဘိသည်။

''သာဓု . . . သာဓု . . . သာဓု ဗျာ''

ဆရာတော်ကြီး ဦးသာသနမှာ သက်တော်၊ ဝါတော်ကြီးရင့်လှပါပြီ။ စာသင်စာချပရိယတ္တိတာဝန်ထက် ပဋိပတ္တိကျင့်ကြံဝန်ဆောင်မှုတွင်သာ ပျော်မွေ့နေပါချေပြီ။ ထိုက်သင့်သော ဓမ္မရသကို ထောက်တည်မိပြီမို့လည်း တည်ကြည်ငြိမ်းအေးမှု အသွင်သဏ္ဌာန်ကို သိသိသာသာဖူးတွေ့နေရပါသည်။

''အေး . . . ဒကာကြီးရေ၊ ဘုန်းကြီးကတော့ စိုးတင့်ဘကြီးပေါ့။ ဒီဒကာမကြီးက စိုးတင့်အမေပ။ စိုးတင့်က စကားပါးလိုက်လို့ ဒကာကြီးတို့ ရောက်နေတာကို သိရတာ။ ဒကာကြီးရဲ့ စောင့်ရှောက်မှုအောက်မှာ ဒကာမကြီးရဲ့သားကို ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာ နေခွင့်ရတာသိရလို့ ကျေးဇူးရှိပါရဲ့။ ဒီမှာနေကြတုန်းလည်း ရွာဘက်ကို အလည်မလာနိုင်တောင် လိုအပ်တာများရှိရင်တော့ သားချင်းဆွေမျိုးလို ပြောကြဗျ။ ပြီးရင် ဒကာမကြီးလည်း ပြောပါဦးမလေ။ ဘုန်းကြီးကတော့ 'ဒကာကြီးကို သီးခြားမိန့်စရာလေးရှိလို့ပ''

လေသံခပ်လေးလေးဖြင့် ရိုးရိုးကြီးမိန့်ပါသည်။ သို့ဖြင့် ကုန်းကြီးစိုးတင့်၏ အမေ၊ သူညီမများနှင့် မိတ်ဖွဲ့ရ၊ ပဋိသန္ဓာရစကားပြောရဆိုရပြန်သည်။ သူ့ကျေးဇူး၊ ကိုယ့်ကျေးဇူး ကျေးဇူးအပြန်အလှန်သိတတ်နားလည်မှု ချစ်စရာခလေ့ကောင်းကလေးများ ထွန်းကားရာကျေးလက်သူ ကျေးလက်သားတွေမို့ စကားကပြောမကုန်။ ဖွယ်ဖွယ်ရာရာ ရင်းရင်းနှီးနှီး အားရပါးရရှိလှသည်။ သူ့သားတော်မောင်ကို သတိရ၍ မျက်ရည်စမ်းစမ်းဖြစ်လာသော မယ်တော်ကြီးကို ချော့မော့အားပေး နှစ်သိမ့်ရသေးသည်။ ထိုထိုလောကဝတ်တို့ ကျေပွန်လေမှ ဆရာတော်ကြီးကို တစ်ပြန်တစ်လှည့် ဖူးရသည်။

---

သည်တွင် ကျွန်တော်တို့၏ လာရင်းခရီးစဉ်အား လုလုပပ သိမ်းဆည်းစေမည့် မြန်မာ့သမိုင်း အစုအစဉ်တွင် မမေ့အပ် မပျောက်ကောင်းသော ဓာတ်နွယ်ကို ထင်လင်းစေမည့် စကားခွန်းတို့ကို ဦးသာသနကိုယ်တော်ကြီးထံမှ ဖူးပွင့်လွင့်ပျံ့လာခဲ့ခြင်းပင်။

''ဒကာကြီးရေ . . . ကျုပ်တို့မြန်မာစကားမှာ တိုင်းရက်သည့် ပက္ကလာ မိုးရှာတာနှင့် အခန့်သင့်ဆိုသလိုပ။ ကျုပ်ကလည်း အိုမင်းလာလို့ ခါးကိုင်းနားထိုင်း၊ ကိုယ့်မသာကိုယ်ရွက်ပြီး သေမင်းဆီတရွေ့ရွေ့ သွားနေတာ သိပ်မကြာခင် ဘဝနေဝင်တော့မယ်။ တစ်ဘဝတစ်ခန္ဓာ လက်စသိမ်းရပြန်တော့မယ်။ သင့်တင့်မျှတတဲ့ ဓမ္မအသိ၊ ဓမ္မရသလေးတွေ မျက်မှောက်ပြုထားနိုင်လေတော့ တုန်လှုပ်စရာတော့ မဟုတ်လှပေမဲ့ ဆရာစဉ်ဆရာဆက် လက်ကမ်းလာခဲ့တဲ့ တာဝန်ကလေးတွေ ကျေအောင်မှဆောင်နိုင်ပါ့မလားလို့ စိတ်တော့အပူသား။

ဒီတာဝန် မကျေပွန်နိုင်ခဲ့ရင် ကိုယ့်ရဲ့အစုအစဉ်က အသိန္ဒမ်းပါးလို့ ပျက်စီး၊ ပျောက်ဆုံးကုန်မှာလည်း သတိပြုရသေး။ အိမ်း . . . အခုတော့ ရေအသင့်၊ ကြာအသင့်ဆိုသလို ဒကာကြီးတို့ရဲ့ လုပ်ငန်းအကြောင်း စကားအဆက်အစပ်ရမိတော့ ဝမ်းသာလိုက်တာလေ။ ညကဆို အိပ်လို့တောင်မပျော်ချင်ဘူး။ ညတာနှယ် ကုန်နိုင်ခဲရန်ကောလို့တောင် ညည်းမိရဲ့။ ဒီမနက်တော့ ဒကာတို့ဆီ အစောထွက်လာခဲ့ကြတာပဲ''

ဆရာတော် ဦးသာသနက တစ်လုံးချင်း ဖြည်းဖြည်းမိန့်နေသည်။ သို့ရာတွင် စကားလုံးတိုင်း၊ စကားလုံးတိုင်းက နားစည်ကို ဖြတ်လျက် ကျွန်တော်တို့၏ နှလုံးသားကို ဝင်မှန်နေသည်။ ကိုယ့်လုပ်ငန်း၊ ကိုယ့်ဦးတည်ရာ၊ ကိုယ့်ရည်ရွယ်အချက်ဆီသို့ ဖြုန်းခနဲ၊ ဒိုင်းခနဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားရသည့် အခြေအနေမို့လည်း အံ့ဩ

ဝမ်းသာစိတ်တို့က ဝုန်တက်ကဲလွှန်နေသည်။ အဓိကအကြောင်းအရာများကို ဒိုင်းခနဲ ကြားသိရပြီးသည်နောက် ကျန်စကားခွန်းတို့က ကြားတစ်ချက်၊ မကြားတစ်ချက် နားလျှံနေသည်။

သည်လိုပါခင်ဗျာ။ သည်လိုပါ။ သက်တော်လေးဆယ်ကျော်ဝါတော်နှစ်ဆယ်စွန်းစ စာချဆရာတော် ဦးသာသနအား ငယ်ဆရာဘုန်းကြီးဘုရားက စောင့်ရှောက်ထိန်းသိမ်းသွားရမည့် ပေစာ၊ ပုရပိုက်စာနှင့် ရွှေဇဝါဆေးရေး ရှေးစာတိုက်သေတ္တာကြီးများကို အမွေခံစွန့်ကာ တစ်ဘဝငြိမ်းတော်မူခဲ့ပါသည်တဲ့။

ဆရာဘုန်းကြီးဘုရား စွန့်တော်မူသော ပေစာ၊ ပုရပိုက်စာများတွင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး (ဉာဏဂရာဘိဝံသ)ပြုစုတော်မူသော ''ဂမ္ဘီရာ ဂမ္ဘီရနိဗ္ဗုတဒီပနီ''ကျမ်းကဲ့သို့သော လောကုတ္တရာပေစာများ၊ ဓာတ်ကျမ်းဆေးကျမ်း အင်္ဂရတ်ကျမ်း၊ ဗေဒင်ကျမ်းများအဖုံဖုံပါဝင်ခဲ့ပါသည်တဲ့။ ထိုအထဲတွင်မှ ကျွန်တော်တို့ တစ်သီးတသန့်ရှာဖွေဖော်ထုတ်နေသော အလောင်းမင်းတရားကြီး၏ ''ဘူမိနက်သန်အောင်မြေ''ဆိုင်ရာ ''အဂ္ဂပဒေသ''ပေစာတစ်ဆူနှင့်တကွ၊ ''ရွှေဘုံရတနာနန်းတော်ရာ''၏ ပန္နက်မြေပုံတော်ဘုရား ပုရပိုက်တစ်ဆူပါဝင်တော်မူခဲ့ပါသတဲ့။ ဘုရား . . . ဘုရား။ တိုက်ပဲတိုက်ဆိုင်လှချည့်။ ရင်တဒိတ်ဒိတ်ခုန်ကာ သွေးတိုးနှုန်းပင် မှုမမှန်ချင်။ ဒက်ထိတိုးပဲ တိုးတတ်လွန်းလှချည့်။ ဆရာတော်ကြီး ဦးသာသနကိုသာ အခါခါဦးတင်နေမိပါတော့သည်။

''ကိုင်းအဲဒါပဲ ဒကာကြီး၊ ကျုပ်နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့တဲ့ ဆရာစဉ်ဆရာဆက်က ပေ၊ ပုရပိုက်တွေ၊ ရှေးဟောင်းကျမ်းဂန်စာအုပ်တွေကိုလည်း ဒကာကြီးကတစ်ဆင့် သက်ဆိုင်ရာကို ပေးအပ်လှူဒါန်းချင်တယ်။ ဒကာကြီးနဲ့တကွ နိုင်ငံတော်အစိုးရမင်းများက ရှာဖွေ

ဖော်ထုတ်ကြမယ့် အလောင်းမင်းတရားကြီးရဲ့ အောင်မြေနဲ့ နန်းတော်ဆိုင်ရာ ပုရပိုက်များကိုလည်း လှူချင်တယ်။ ကျုပ်တို့ မျက်စိမမှိတ်ခင် ကုန်းဘောင်မင်းဆက်ရဲ့ ရွှေပြည်ရွှေနန်းစံရာ ''ရတနာသိဃ်၊ ကုန်းဘောင်ရွှေပြည်''ကြီး တည်ခဲ့ရာ ဒီမြေပေါ်မှာ အထိမ်းအမှတ် နန်းတော်ကြီးနဲ့တကွ ''အဂ္ဂပဒေသ ဂမ္ဘီရအောင်မြေတော်''မှာ စေတီတစ်ဆူ ဖူးတွေ့သွားချင်သပ။ ဒါပါပဲ . . . အိမ်း . . . အိမ်း''

''ဝမ်းသာလွန်းလို့ မျက်ရည်များတောင်လည်ရှာတယ်''ဟု ဂီတစာဆိုတစ်ဦးက တေးချင်းဖွဲ့သီခဲ့ဖူးသည်။ ကျွန်တော်မှာမူ ဘယ်အချိန်က ဖြစ်တည်ခဲ့သည်မသိသော မျက်ရည်တစ်စက် လျှံကျလို့ပင်လာခဲ့သည်။ သည်အချိန်မှာပဲ မြို့ထောင့်စေတီရင်ပြင်တော် ပေါ်ဝယ် အစီအရင်ပြုနေကြသော အဘဦးတင်မြတို့လူသိုက်ဆီမှ အောင်စည် အောင်မောင်း၊ ကြေးမောင်းကြေးစည်သံများ လွှင့်ပျံလာသည်။ အောင်ပြီ . . . အောင်ကြပေပြီ။ ဝံသာနုရက္ခိတတရားဖြင့် ထုံမွှမ်းအပ်သော အမျိုးအနွယ်စောင့်တရား၏ လားရာဂတိကား ဖြောင့်ဖြူးလှပစွာ အောင်မြင်ခဲ့ပေပြီ။

♛ ♛ ♛ ♛ ♛

(၇)

မမျှော်လင့်ဘဲ အံ့အားသင့်ဖွယ် ပြောင်းလဲပေါ်ပေါက်လာသည့် အခြေအနေအရ လုပ်ငန်းအစီအစဉ်များကို ချက်ချင်းပြုပြင်ဆောင်ရွက်ကြရပြန်သည်။ ကျွန်တော်က မြို့နယ်စုဥက္ကဋ္ဌ၊ အဘဗိုလ်မှူးကြီးမင်းဆွေထံ ချက်ချင်းတယ်လီဖုန်းဆက်ကာ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို သတင်းပို့ရသည်။ ''ကွန်ဂရက်ကျူလေးရှင်းပဲဆရာရေ။ အောင်အတိတ်အောင်နိမိတ်နဲ့ အောင်ဟိတ်ယူပြီး လာကြတဲ့သူတွေပဲဗျာ။ အောင်မြေမှာ အောင်တံခွန်ထူကြဖို့ပဲရှိတာပေါ့။ ကဲ . . . ဒီလိုလုပ်ကြရအောင်။ ဦးဇော်မြင့်တို့က ဆရာတော်ကြီးနဲ့ သံဃာများကို ''ရန်ကြီးအောင်ညှိရိပ်သာ''ကို ပင့်ခဲ့ကြဗျာ။

''ကျုပ်က ဒီမှာ ပေ၊ ပုရပိုက်များနဲ့တကွ ရှေးဟောင်းအမွေအနှစ်များကို စိစစ်လက်ခံထိန်းသိမ်းရေးအဖွဲ့ကလေး တစ်ခုဖွဲ့လိုက်မယ်။ ဆရာတော်ကြီးရဲ့ အခွင့်ပြုတော်မူချက်အရ ဒီကနေ့ပဲ မော်တော်ယာဉ်စီစဉ်ပြီး အားလုံးလက်ခံထိန်းသိမ်းဖို့ စီစဉ်ပါမယ်။ ဦးဇော်မြင့်တို့ကတော့ အောင်မြေနဲ့နန်းတော်ရာဆိုင်ရာ အထောက်အထားများကို စိစစ်ပြီး ပကတိမြေပြင် အခြေအနေပေါ်မှာရှိနေတဲ့ အဆောက်အအုံတွေ၊ တည်နေရာတွေကို တိုက်ဆိုင်ညှိနှိုင်း ဖော်ထုတ်ပေးပါ။ လက်ရှိတည်ရှိမှုအနေအထားနဲ့ ယခင်နန်းတော်ရာဟောင်းရဲ့ နန်းဆောင်အနေ

အထားတွေကို နှိုင်းယှဉ်ဖော်ပြတဲ့ မြေပုံကြမ်းလဲ ဆွဲပေးကြပါဦး''

ဗိုလ်မှူးကြီးက လက်ငင်းဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ချက်ချင်းပင် လျာထားချမှတ်ပေးသည်။ ကျွန်တော်တို့ကလည်း ဝမ်းမြောက်ဝမ်းသာပင် လက်ခံဆောင်ရွက်ကြသည်။ တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်။ ဟုတ်သည်လေ . . . မြန်မာတို့၏ ဇာတိပုညဂုဏ်မာနကို တူးဆွဖော်ထုတ်ရာ မော်ကွန်းတစ်ရပ်ကို ကျွန်တော်တို့ ပုံဖော်သွန်းထုနေကြခြင်းပင် မဟုတ်ပါလား။

ဆရာတော်ကြီးကို အစီအစဉ်များအား လျှောက်ထားတင်ပြရသည်။ ပင့်ဖိတ်ရသည်။ ကျွန်တော် ဗိုလ်မှူးကြီးနှင့် သတင်းပို့ ဆက်သွယ်နေဆဲတွင် အဘဦးတင်မြဦးစီးသည့် ကျွန်တော့်အဖွဲ့က ဆရာတော်ကြီးအား ယခင်နေ့က ကြုံတွေ့ခဲ့သမျှ ဂမ္ဘီရဖြစ်ရပ်ဆန်းများကို လျှောက်တင်နှီးနှောပြီးပေပြီ။ အားလုံးလည်း အံ့သြတကြီး။ သို့ တစေ မျက်နှာငွေလ ရွှင်ပျပျ။

''ဒကာကြီး ဦးတင်မြက ''ဂမ္ဘီရကိစ္စ''လို့ ဆိုတယ်နော်။ ယခင်ယခင် အနွယ်တော်ဝင် ပရလောကသားများရဲ့ ပံ့ပိုးကူညီမှုလို့လဲ ယုံကြည်ထားတယ်။ ဘုန်းကြီးလည်း လက်ခံပါတယ်။ ဘုန်းကြီးတို့ ဘုရားဟောဒေသနာတော်မှာလည်း ကြံဆတွေးတောခြင်းဖြင့် ဖြေရှင်းလို့ မရနိုင်တဲ့ ''အစိန္တေယျတရား''တွေ ရှိနေတာကို မငြင်းခဲ့ဘူး။ ''အတက္ကာဝစရာ၊ ပဏ္ဍိတဝေဒနီယာ''တဲ့။ အချို့အချို့သော သဘောသဘာဝတွေဟာ ကြံစည်စိတ်ကူး၊ တွေးခေါ်မြော်မြင်ရုံမျှ သက်သက်၏ အရာမဟုတ်။ ပညာရှိတို့၏ အရာသာလျှင် ဖြစ်တယ်လို့လဲ ဆိုထားတယ် မဟုတ်လား။

ဘုန်းကြီးကတော့ ဗုဒ္ဓရဲ့မဗ္ဗလမ်းကြောင်းပေါ်ကနေ သွားနေတာဆိုတော့ လောကီအစီအရင်တွေထဲ ဝင်မပါလိုဘူး။ မေတ္တာဆောင်

အောင်သတဲ့။ အရာရာမေတ္တာရှေ့ထားရင် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ် သတ္တဝါအားလုံး ချစ်ခင်လေးမြတ်ကြပြီး နိုင်သမျှ စွမ်းသမျှ ဝိုင်းဝန်း ကူညီကြမှာပေါ့။ လူလိုမှနတ်လို၊ နတ်လိုမှဗြဟ္မာမဆိုတာလို အလိုလို အောင်မြင် ပြီးမြောက်ရမှာပေါ့။

"အခုလည်း ဇမ္ဗူရဖြစ်ရပ်ဆန်းကြေယ်လို့တော့ မထင်လေနဲ့။ ဦးမခံ၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့မဆောင်ဘဲ ခင်ဗျားတို့ရှာနေတဲ့ ရချင်နေတဲ့ "ရွှေဘုံရတနာ နန်းတော်ကြီးရဲ့ ပန္နက်မြေပုံတော်" ကို တစ်ထိုင်တည်း ချက်ချင်းရမယ်ဆို မလိုချင်ဘူးလား။ ဘယ်လိုလဲ"

လုပ်ပြန်ပြီ။ ရှင်ဘုရင့်ပုဆိုးပိုးချည့်ဟု ဆိုရမလောက် ဖြစ်နေ ရသည့်အထဲ ဆရာတော်ကြီးက ကျီစယ်နေပြန်တော့သည်။

"တင်ပါ့။ ရရင်တော့ လိုချင်တာပေါ့ဘုရား။ ဒါပေမဲ့ အထိတ် တလန့်တွေတော့ မကြုံမတွေ့ချင်ပါဘူး ဘုရား"

ကျွန်တော်က အပြုံးကလေးဖြင့် လျှောက်တင်မိရသည်။ ထပ်ကာထပ်ကာ မထိတ်သာမလန့်သာတွေကိုတွေ့နေရလျှင် နေ့ချင်း ပင် နှလုံးရောဂါရရချည်ရဲ့။

"ကိုင်း ... ဒကာကြီး၊ ဘုန်းကြီးတို့ အခုထိုင်နေတဲ့နေရာရဲ့ အပေါ်က မျက်နှာကြက်ကို ကြည့်လိုက်။ ဗုဒ္ဓဝင်ပန်းချီကားကို တွေ့ရ မယ်နော်။ ဒီအရှေ့ဘက်စောင်းတန်းပြာသာဒ်ရဲ့ တတိယမြောက် မျက် နှာကြက် ပန်းချီကားဟိုဘက်ခြမ်းမှာ ဒကာကြီးတို့လိုချင်နေတဲ့ မြေပုံတော် ရှိနေတယ်။ ဇမ္ဗူရမဟုတ်ဘူး။ ဘုန်းကြီးကိုယ်တိုင် သက်ရှယ်ငယ်စဉ်က မပျောက်မပျက်စေလိုတဲ့စေတနာနဲ့ ပန်းချီဆရာကြီးဆရာမြစ်ကို အပ်နှံ ရေးဆွဲစေခဲ့ပြီး စီမံထားခဲ့တာပဲ။ ပေ၊ ပုရပိုက်တွေများ ပျက်စီးသွားခဲ့ ရင်တောင် ဒီမြေပုံတော်ကိုတော့ နောင်လာနောင်သားတွေကို လက်ဆင့် ကမ်းနိုင်အောင် စဉ်းစားလုပ်ကိုင်ထားခဲ့တာပဲ။ ကဲ ... ကဲ လက်တွေ့

ကြည့်ကြရအောင်''

ဆရာတော်ကြီး ညွှန်ပြတော်မူသည့်အတိုင်း၊ ရွှေဘုံရတနာနန်းတော်ရာ၏ ပန္နက်မြေပုံအား ကူးယူရေးဆွဲထားသည့် မြေပုံတော်တစ်ဆူကို လက်ဆုပ်ပိုင်ပိုင် ရရှိခဲ့ပါလေပြီ။ ရှေးဟောင်း ပေစာ၊ ပုရပိုက်စာအဆူဆူတို့ကြားတွင်သာ တိမ်မြုပ်ကွယ်ပျောက်ရမည့် မြန်မာဇာတိမာန်ဝီရအလျဉ်သည် ဘွားခနဲ ဦးလည်ဆံမော့ တကြော့ကြော့ဖြင့် ပေါ်လာခဲ့လေပြီ။

**''တစ်သယ့်ရှစ်မင်း၊ ဖယ်ကွင်းရပ်သား၊ ခည်မျက်နှာသို့၊ ဇေယျာပထဝီ၊ ဘူသိခရာမ်၊ မြေနှစ်မဏ္ဍာ၊ ကမ္ဘာ့သေတ္တူ၊ အောင်ကိန်းဇူသား၊ ဓမ္မူပြုဂ်လာ၊ စွေထက်ချာထက်၊ မဟာဇုဒ္ဓဟော၊ ငါးမာရ်ကြွေသည်၊ ညောင်ရွှေဇောဓိ၊ သိဒ္ဓိဝေဇ္ဇူမ်၊ အောင်မြေရပ်ကို အောင်တပ်နှင်းတော်မူသတည်း''**

**(မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ် ပိုဒ်ရေ (၅၆၅))**

♛ ♛ ♛ ♛ ♛

## (၈)

''တောက်''

''ယုတ်မာရိုင်းစိုင်းလိုက်လေဗျာ။ ကမ္ဘာတစ်ခွင်လုံးမှာ ဒီမိုကရေစီဘိုးအေ လူကြီးလူကောင်းနိုင်ငံကြီးအဖြစ် သိန်နဲ့ဒြပ်နဲ့ နေလာခဲ့တယ်ဆိုတာကို ပြောလို့သာယုံရတော့မယ်။ ကျုပ်တို့ နိုင်ငံအပေါ်မှာတော့ ထီးကျိုးစည်ပေါက်ဘ၀ ရောက်ရှိ၊ စိန်မှန်ကင်းအစစ်က ထင်းဖြစ်ခဲ့ရရုံသာမက အနွယ်အစဉ်တစ်ခုလုံးကို အညွန့်ပြန်မလူနိုင်အောင် အမြစ်အခြေကိုပါ ရေနွေးပူလောင်းလိုက်တာပဲ။ ယုတ်ညံ့လိုက်ပလေဗျာ''

''ဟုတ်တယ် . . . အဘရေ။ ဗုဒ္ဓဓမ္မနဲ့ ပရလောက၊ နာမ်လောကရဲ့ ဂမ္ဘီရကိစ္စတွေကို စိတ်နယ်လွန်လို့သာမှတ်ပြီး ယုံကြည်လက်ခံဖို့ တွန့်ဆုတ်နေတဲ့ သင်းတို့တွေက ဒီလောက်နိမ့်ကျတဲ့ အစီအရင်အဆောင်အရွက်မျိုးတွေကို စနစ်ကျကျလုပ်ခဲ့ကြတယ်ဆိုတာ ကိုယ်တွေ့မို့ ယုံရတော့တာပဲ''

''ပြောမယ့်၊ ကြုံဖူးမှသိ''ဟု စကားစဉ်ရှိပါသည်။ မြို့နယ်စုဥက္ကဋ္ဌကြီး ဦးစီးသော ကျွန်တော်တို့လူစုမှာ ရွှေဘိုအကျဉ်းထောင်၏ လက်ရှိအဆောက်အအုံများ တည်နေရာပြ ပန်းချပ်ပုံစံ (Location Plan of Shwe Bo Jail) နှင့် ကျွန်တော်တို့လတ်တလော ရှာဖွေဖော်ထုတ်

တွေ့ရှိထားသော ရွှေဘုံရတနာနန်းတော်ရာ၏ပန္နက်ပုံ(Plan of Palace) နှစ်ခုကို ရှေ့တွင်ချကာ အုံ့ညြမှု၊ စက်ဆုပ်မှု၊ မုန်းတီးနာကြည်းမှုနှင့် မခံမရပ်နိုင် လောင်မြိုက်လာသောဒေါသ စသည်တို့ကို အတင်းကြိတ်ကာ မျိုချနေရပါ၏။ သည်မျှထိ မျှော်လင့်မထား၍လည်း လက်ဆုပ်လက်ကိုင်ပိုင်ပိုင်ကြီး တွေ့သိလိုက်ရသည့်အခါ ခံစားရချက်ဆိုးလှချည့်။

ကြည့်ပါ။ သင်သာမြန်မာမျိုးစစ်လျှင် နှလုံးသား၌ မီးတောက်သွားနိုင်သည်။

ရွှေဘိုမြို့ဆိုသည်က အလောင်းမင်းတရားကြီးက ပျက်သုဉ်းခဲ့ရသော ညောင်ရမ်းဆက်ပြည်အညွှာကြွေကို စုစုစည်းစည်း၊ ထုပ်ထုပ်ပိုက်ပိုက် တည်ဖန်ပြုစုကာ ယနေ့ခေတ် မြန်မာနိုင်ငံ၏သန္ဓေကို အမြုတေတည်စေခဲ့သော ကုန်းဘောင်မင်းဆက်၏ အဦးအစ။ မုဆိုးဘိုကျေးရွာကို ''ရွှေဘို''ဟု သမုတ်လျှက် ငါးမည်ရကုန်းဘောင်ရွှေပြည်ကို တည်ခဲ့ခြင်းသည်ပင်လျှင် ပစ္စုပ္ပန်ကာလ မြန်မာ့ဝိညာဉ်အစပြုခဲ့ခြင်း မဟုတ်ပါလား။ အမရပူရမှသည် ရတနာပုံအထိ စီးဆင်းခဲ့သော သမိုင်းအလျဉ်ကို ရွှေဘိုက စခဲ့သည်။ ဧရာဝတီသိသည်၊ မြန်မာသိသည်၊ ကမ္ဘာသိသည်။

သို့ဆိုလျှင် အဘယ်မည်သော အကြောင်းကြောင့် ကုန်းဘောင်အနွယ်အစဉ်၏ မူလအစ ''ရွှေဘုံရတနာနန်းတော်ကြီး''နှင့် ဝိသေသထူးတို့ဖြင့် ဖြစ်တည်လာသော မြန်မာဘုန်းကံကြောင့် ရခွင့်ကြုံခဲ့သော ''အဂ္ဂပဒေသ ပကတိအောင်မြေတော်မြတ်''ကိုငုံလျက် မြန်မာမျိုးချစ်အာဇာနည်များအား နှိပ်ကွပ်သုတ်သင်ရာ အကျဉ်းထောင်ကြီး တည်ဆောက်ခဲ့ရပါသနည်း။ တည်စရာမြေ ရှား၍လော။

ကုန်းဘောင်မင်းဆက် အနွယ်တော်ဝင်တို့ ပြည်ရေးရွာမှုစုဝေးစီရင်ဆောင်ရွက်ရာ ဘုရင့်ညီလာခံသဘင်ဆောင်နေရာကို အဘယ်သို့သော ရည်ရွယ်မှုဖြင့် ကြိုးဒဏ်ကျ အကျဉ်းသားတို့ထားရှိရာ ကြိုး

တိုက်နေရာအဖြစ် သတ်မှတ်တည်ဆောက်ခဲ့ရပါသနည်း။ နေရာရှား၍လော။ ကုန်းဘောင်ရွှေပြည်၏ ဥကင်၊ ဘုရင်မင်းတရားတို့ ခံတော်မူရာပလ္လင်တော်မြတ်နေရာကိုမှ တမင်ရွေး၍ အဘယ်မည်သောအကျိုးကိုမှန်းကာ သေဒဏ်ကျအပြစ်သားကို ကွပ်မျက်စီရင်သည့် ''ကြိုးစင်'' ဆောက်လုပ်ခဲ့ရပါသနည်း။ တိုက်ဆိုင်မှုဟု ဆိုရအံ့လော။

''မှတ်လော့နောင်လာ၊ သမိုင်းဖြာလိမ့်
မတောစုံမြိုင်၊ ပန်းစုံလှိုင်လျက်
ဝနိုင်ဦးဆောက်၊ ဖြိုးဖြိုးမောက်နှင့်
ထက်အောက်သံတောင်၊ ရှစ်ဆယ်အောင်လျှင်
ဖြိုးပြောင်စက္ကို၊ နတ်သံဒို၍
ဘုမိဇာလ၊ နာမထင်ရှား ·
မြွေကြောင်ကျားကို၊ ဇားကြွက်သမင်
အောင်မြင်နိုင်ရာ၊ မော်ကွန်းသာသား''

ဟု မော်ကွန်းပြုအပ်သော မြန်မာ့အောင်မြေတော်မြတ်နေရာကိုမှ အဘယ်မည်သော စိတ်အကြံဖြင့် အမျိုးသမီးအချုပ်သူ၊ အကျဉ်းသူ၊ အပြစ်သားတို့ထားဖို့ (မိန်းမထောင်)ဆောက်လုပ်ခဲ့လေသနည်း။ ရင်သပ်အံ့သြဖွယ်ကြုံကြိုက်မှုဟု သတ်မှတ်ရအံ့လော။

''တောက်''

တက်ခေါက်သံပြင်းပြင်းတစ်ချက်က ထွက်လို့လာပြန်သည်။ တက်ခေါက်သံတွေ မျိုချထားသည့် ရင်တစ်မြင်လုံး ပူလောင်ပြင်းပြလွန်းလှ၏။ အမျိုးအနွယ်ကို အမြတ်တနိုးထားတတ်လွန်းသည့် စစ်သားကြီး (မြို့နယ်စုဥက္ကဋ္ဌကြီး)၏ မျက်နှာကား နီမြန်းခက်ထန်လျက်။

''အခု ဖော်ထုတ်တွေ့ရှိချက်တွေကို ဦးဇော်မြင့်က အစီအရင်ခံစာ အကျဉ်းရေးပေးဗျာ။ အကျဉ်းဆိုပေမဲ့ ပါသင့်ပါထိုက်သမျှတွေ

တော့မကျန်အောင် ပြည့်ပြည့်စုံစုံလေးလုပ်ပေး။ ဒီတွေ့ရှိချက်တွေကို လည်း မြေပုံတွေနှင့်တကွ ရှင်းလင်းဖော်ပြပေးပါ။ အမြန်တော့လုပ်ကြပါ။ အစီရင်ခံစာရရင် ကျုပ်က တိုင်းမှူး(အနောက်မြောက်တိုင်းဌာနချုပ်၊ ဗိုလ်မှူးချုပ်လှမြင့်ဆွေ)ဆီကတစ်ဆင့် နဝတကို ဆက်တင်ပြမယ်။ ဦးဇော်မြင့်တို့ကလဲ ဝန်ကြီးဌာနအစီအစဉ်အရ ဆက်တင်ကြပေါ့။ လူကြီးတွေ ညွှန်ကြားချက်အရ ဆက်လုပ်ကြရမှာပဲ''

ဥက္ကဋ္ဌဗိုလ်မှူးကြီးမင်းဆွေက တည်ကြည်လေးနက်သောမျက်နှာဖြင့် လမ်းညွှန်မှုပြုသည်။ မိမိကတော့ ရင်ထဲမှာကျိတ်၍ ဆုံးဖြတ်ထားပြီးပါပြီ။ သမိုင်းတစ်ကွေ့တွင် ကုသိုလ်ကံအခွင့်ကြုံ၍ မြန်မာ့ဝံသာနုရက္ခိတအမွေကို ပွေ့ပိုက်ဆုပ်ကိုင်မိပြီ။ ထူးခြားအံ့ဖွယ် ''ဂမ္ဘီရအောင်မြေ''ကိုလဲတွေ့ပြီ။ ရှားပါးလှကြုံကြိုက်ခဲလှသည့်ဖြစ်စဉ်ကြီးနှင့်တည့်တည့်တိုးမိနေပြီ။ အကြောင်းကောင်းအောင်သာ ကြိုးစားရတော့မည်။ သည်အသိက မိမိကိုယ်ကိုယ်ကျိတ်၍ ဘာသာသတိပေးနေမိသည်လေ။

♛ ♛ ♛ ♛ ♛

❑

"ဗိုလ်မှူးကြီးခင်ဗျာ။ ကျွန်တော်တို့ အတည်ပြုဆောင်ရွက်ဖို့ အလုပ်တစ်ခုတော့ ကျန်နေဦးမယ်ထင်တယ်ခင်ဗျ"

အဘဦးတင်မြ၏အသံ။ အားလုံး၏ မျက်လုံးအစုံတို့က သူ့ဆီစုပြုံရောက်ရှိကာ တစ်စုံတစ်ခုကို ငံ့လင့်နေကြသည်။

"ပြောပါအဘ။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေ ပြီးပြည့်စုံလေ၊ အထက်အကြီးအကဲတွေ သုံးသပ်ဆုံးဖြတ်ရတာ မှန်ကန်လေပါပဲ။ လုပ်သင့်လုပ်ထိုက်တာ မှန်သမျှ မကျန်စေချင်ပါဘူး"

"ဒီလိုပါခင်ဗျာ။ အခု ကျွန်တော်တို့ တွေ့ကြုံရသမျှဟာ အိပ်မက်ပမာပါပဲ။ နိုင်ငံဘုန်းကံ၊ ဘာသာ၊ သာသနာတော်ရဲ့ ဘုန်းကံကြောင့် မထင်မှတ်မမျှော်လင့်တဲ့ အဖြစ်တွေနဲ့ ထူးထူးလည်လည် ကြုံဆုံရပြီး ကျွန်တော်တို့ရဲ့လုပ်ငန်းတွေ အောင်မြင်ခဲ့ပါတယ်။ ဝမ်းသာစရာပါပဲ။

ဒါပေမဲ့ ဒီတွေ့ရှိချက်တွေထဲက ဘယ်အချက်တွေဟာ အမှန်လဲဆိုတာ မျက်မြင်ဒိဋ္ဌအတည်ပြုဖို့တော့ လိုအပ်လိမ့်မယ်ထင်ပါတယ်။ ဆိုပါတော့ . . . အခုဖြစ်ရပ်တွေကိုပဲ ကြည့်ပါ။ "အောင်မြေ"ဆိုတာ ပကတိဇေယျပထဝီ မဟုတ်ပါလား။ အစစ်အမှန်ဖြစ်ကြောင်း စမ်းသပ်

အဖြေထုတ်ကြည့်ဖို့ လိုပါမယ်ခင်ဗျာ။ ယုံမှုလည်း ကြည်လင်ကြည်ညို နိုင်မှာပါ''

တဒင်္ဂတော့ အသံတွေတိတ်နေသည်၊ အဘဦးတင်မြပြောတာ ဟုတ်လည်း ဟုတ်လို့နေသည်ပင်။

''ဒါက လွယ်ပါတယ်ခင်ဗျာ။ အခု ကျွန်တော်တို့ အတည်ပြု ထားတဲ့ ''ဂမ္ဘီရအောင်မြေ''နေရာဟာ ''အောင်မြေ''အစစ်အမှန်ဖြစ် ကြောင်း အများလက်ခံ ဘဝင်ကျနိုင်လောက်တဲ့ အတွေ့အကြုံ ကျွန်တော့်မှာရှိပါတယ်။ ကိုယ်တွေ့ဆိုပေမဲ့ ဘယ်သူ့မှုတော့ မပြောခဲ့သေး ပါဘူး။ အခုတော့ ဒါကိုပဲ တင်ပြပါရစေ''

တစ်ခန်းထလာသူက စခန်းမှူး ဦးညွန့်ရွှေ။ လက်ရှိ ရွှေဘို အကျဉ်းထောင်(ရဲအချုပ်)၏ တာဝန်ခံ စခန်းမှူးဖြစ်သည်။ အတွေ့အ ကြုံရင့်၊ သမ္မာရင့် ရဲဝန်ထမ်းကောင်း တစ်ဦးပင်။

''၁၉၈၈ ခုနှစ်၊ ဆူပူဆန္ဒပြမှုတွေနဲ့ တစ်တိုင်းတစ်ပြည်လုံး အုံးအုံးကြွက်ကြွက်ဆူပွက်နေတဲ့ အချိန်ကလည်း ကျွန်တော်ဒီရဲအချုပ်မှာပဲ ရှိနေခဲ့ပါတယ်။ ဗိုလ်မှူးကြီးတို့ သိခဲ့ကြတဲ့အတိုင်းပါပဲ။ အဲဒီကာလ ဆိုးကြီးထဲမှာ ကျွန်တော်တို့စစ်ကိုင်းတိုင်းက ဒိတ်ဒိတ်ကြဲဖြစ်ရပ်ကြီးတွေ ကြုံခဲ့ရပါတယ်။ တန့်ဆည်မှာ ရဲတပ်ဖွဲ့ကို လူအုပ်နဲ့ဝိုင်းလို့ မြို့နယ် ရဲတပ်ဖွဲ့မှူးအပါအဝင် ရဲတပ်ဖွဲ့ဝင်တွေ၊ မိသားစုဝင်တွေကို ရက်ရက် စက်စက်သတ်တဲ့ဖြစ်ရပ်၊ ရေဦးမှာလည်း ရဲတပ်ဖွဲ့စခန်းကို ဆူပူသူ လူအုပ်စုကြီးက ဝိုင်းဝန်းရန်ပြုတဲ့ဖြစ်ရပ်တွေ ရက်ပိုင်းအတွင်း ဆင့်ကဲ ဆင့်ကဲ ဖြစ်လာနေတော့ ကျွန်တော်တို့ ရွှေဘိုရဲစခန်းလည်း တထိတ် ထိတ်ပေါ့။

စခန်းလုံခြုံရေးကိုလည်း နေ့၊ ည တင်းတင်းကျပ်ကျပ် ဆောင်ရွက်နေရတာပေါ့ခင်ဗျာ။ စီခနဲ ညံခနဲဆိုရင် ဘာဖြစ်မှာလဲ၊ ဘာဖြစ်

မှာလဲ ကျီးလန့်စာ စားနေရတဲ့အချိန်။ စိတ်တွေလည်း တင်းကျပ်ကြွပ်ရွ နေကြတဲ့အချိန်။ နေ့တကုပ်ကုပ်၊ ညတကုပ်ကုပ် မအိပ်မနေလုံခြုံရေး စောင့်နေရတဲ့ တပ်ဖွဲ့ဝင်တွေဆိုတော့ စက်ရုပ်ကလေးတွေလိုပဲ။

တစ်နေ့တော့၊ မနက်အာရုံမတက်ခင်လေးမှာပဲ အကျဉ်းထောင်တောင်ဘက် ဈေးလမ်းမှာ လူစုလူဝေးနဲ့ အော်ဟစ်သံတွေ၊ ကြွေးကြော်သံတွေနဲ့ ကြားလာရတယ်။ လူအုပ်ကလည်း ခန့်မှန်းရတာ သိပ်မနည်းဘူး။ သူတို့ဦးတည်လမ်းကြောင်းက ဘယ်ဆီဆိုတာ မသိပေမဲ့ လုံလောက်တဲ့လုံခြုံရေးစည်းမရှိတဲ့ ကျွန်တော်တို့ အတွက်တော့ လိုရမည့်ရချက်ချင်း စီစဉ်လိုက်ရတာတွေရှိတယ်။ မိသားစုတွေကို ထောင်ဘူးတံခါးကြီးထဲမှာ နေရာချထားပေးပြီး အပြင်စည်း၊ အတွင်းစည်း လုံခြုံရေးယူထားကြရတယ်။

ကျွန်တော်ဆိုရင်လည်း ဘူးတံခါးကြီးအပေါ်ဆုံးထပ် ဗဟိုကင်းနှင့် လက်နက်တိုက်ရှိတဲ့နေရာက မခွာရဲဘူး။ ဝီရိယလွန် ကျွန်ဖြစ်ဆိုသလိုပါပဲ။ ကျွန်တော်တို့က ကိုယ့်အကြောင်းနဲ့ကိုယ် လှုပ်လှုပ်ရွရွ လုပ်လေ လူအုပ်က သတိထားမိပြီး ရှေ့ဆက်မရွေ့ဘဲ ထောင်ခြံစည်းရိုး အပြင်မှာ အုံလာလေလေပဲ။ ကျွန်တော်ထင်တယ်၊ အင်အားငါးထောင် ထက်တော့ လျော့မယ်မထင်ဘူး။ ဘယ်သူက စတယ်မသိလိုက်ပါဘူး။ ကျောက်ခဲတွေ၊ အုတ်ခဲကျိုးတွေ၊ တုတ်ပိုင်းတွေ ပလူပျံအောင် ပစ်ခတ်ဝင်လာတော့တာပဲ။

''ရှေးနဲ့တန့်ဆည်အရေးကိစ္စကလည်းဖြစ်ပြီးခါစ၊ ဒီလိုမျိုး အတွေ့အကြုံကလည်း မရှိဆိုတော့ လုံခြုံရေးတာဝန်ကျ ရဲဘော်ကလေး တစ်ယောက်က လူအုပ်ဆီ ရိုင်ဖယ်ထိုးချိန်ပြီး ပစ်တော့တာပေါ့။ ရုတ်တရက် စိတ်ပူခနဲ၊ ထိတ်ခနဲဖြစ်ပြီး ပစ်မိန့်နာခံဖို့လည်း မေ့သွားဟန်တူပါရဲ့။ ကျွန်တော်လည်း လှမ်းတားလိုက်သေးတယ်။ ဒါပေမဲ့ ကိုယ်တော်ကလည်း လက်သွက်လိုက်တာ။ ပစ်ခလုတ်ဆွဲပြီးနေပြီ။

ဒါပေမဲ့ . . . ''

ပွဲကောင်းတုန်း လင်းကွင်းကြိုးပြတ်။ စခန်းမှူးကြီးက ကျွန်တော်တို့အား အဓိပ္ပာယ်ပါပါ မျက်လုံးဝင့်ကြည့်ကာ စကားစကို ရပ်ထားလိုက်သည်။ ခက်ပဲခက်တဲ့ပုဂ္ဂိုလ်။

''လုပ်ပါဦးဗျ၊ ဒါပေမဲ့ ဘာဖြစ်သလဲ''

မြို့နယ်စု ဥက္ကဋ္ဌကြီးက သိလိုစိတ်ဖြင့် တွန်းသည်။ တော်သေးရဲ့။

''ဒါပေမဲ့ ကျည်မထွက်ဘူးခင်ဗျ။ ကျွန်တော်တော့ ဒီတစ်ချီတော့သွားပဟ၊ ပြဿနာကြီးတော့တွေ့ရပြီထင်ထားတာ။ ''ချောက်''ခနဲ မောင်းခလုတ်သံ၊ ကျည်ရိုက်တံက ရိုက်လိုက်တဲ့အသံပဲ ကြားရတယ်။ ကျည်ထွက်မလာဘူး။ ရင်ထဲတော့ တော်တော်အေးသွားပေမဲ့ တကယ့်ကြက်ရေး ငှက်ရေးမှာ ကိုယ့်လက်နက်ကို မယုံရရင် သိပ်အရေးမလှနိုင်တာမို့ ချက်ချင်းပဲသေနတ်ရော ကျည်ရောစစ်ကြည့်လိုက်မိတယ်။ သေနတ်လည်းတိုက်ထားတာ ပြောင်လို့၊ ကျည်ဆန်ကလည်းအသစ်၊ အရာခံကြီးကတော့ အဖြေထုတ်ပေးပါရဲ့။ သူ့သေနတ်ပစ်တဲ့ ကျည်လမ်းကြောင်းက ''အောင်မြေ''အစစ်ဆိုရင်၊ အောင်မြေရဲ့ အထက်ကောင်းကင်မှာ သိကြား၊ နတ်၊ ဗြဟ္မာ၊ ဆင်ပျံ၊ မြင်းပျံ၊ ဈာန်၊ အဘိညာဉ်ရပုဂ္ဂိုလ်တို့ပင် ပျံသန်းခြင်းငှာ မစွမ်းဘူးဆိုမှဖြင့် ဘယ်ကျည်ဆန်က ကျည်ထွက်နိုင်တော့မလဲ။ မဟုတ်ဘူးလား''

စခန်းမှူးကြီး၏ စကား အဆုံးတွင် ဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီးက စိတ်မြန်လက်မြန် ဖြုန်းခနဲ မတ်တတ်ထရပ်သည်။ ''ဟုတ်ပီ . . . လာသွားကြမယ်''ဟုသာဆိုကာ ညှိရိပ်သာစုစည်းခန်းမမှ ကားဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ဆိုးဆိုးဆတ်ဆတ် ထွက်သွားတော့သည်။ ဘာလုပ်မှာလဲ၊ ဘယ်သွားမှာလဲ မမေးမိ။ ကားပေါ်တွင် လူစုံထိုင်မိကြကာ

ကားစက်နှိုးစပြုမှပင် စပ်စုကြည့်ရတော့သည်။

"အဘ . . . ဘယ်ကိုလဲခင်ဗျ။ ဘယ်သွားမှာလဲ"

"ခင်ဗျားတို့ပြောတဲ့ "ဂမ္ဘီရအောင်မြေ"ကို ကိုယ်တိုင်ဆင်းကြည့်မယ်ဗျာ။ စခန်းမှူးကြီးပြောတဲ့ ဗဟိုကင်းဂါတ်မကြီးနဲ့ အောင်မြေရဲ့ အကွာအဝေး၊ အနေအထား မျက်မြင်သုံးသပ်မယ်။ တွေ့ရတဲ့ အခြေအနေတွေကို ကွင်းဆင်းလေ့လာသုံးသပ်ပြီးမှ ကျုပ်ကကျုပ်ရဲ့ အုပ်ချုပ်မှု လမ်းကြောင်းကတစ်ဆင့် သေနတ်နဲ့ပစ်ခတ် စမ်းသပ်ခွင့် (Firing Order) တောင်းမယ်။ ဦးဇော်မြင့်တို့ကလည်း ကိုယ့်လမ်းကြောင်းနဲ့ကိုယ် အစီအရင်ခံတင်ပြ။ လူကြီးတွေ ခွင့်ပြုရင် "အဂ္ဂပဒေသ ပကတိ အောင်မြေ"ကို အစစ်အမှန်ဟုတ်၊ မဟုတ် ကျုပ်တို့ စမ်းသပ်အတည်ပြုနိုင်ပြီ။ အဲဒါပဲ"

အကွင်းကွင်း မုန့်တီဟင်းသို့ ရှင်းရှင်းကြီး လင်းရပါပြီ။ ကျွန်တော်လည်း ကျွန်တော့်ညွှန်မှူးကြီးထံ အကျိုးအကြောင်း အစီရင်ခံဖို့ စိတ်ထဲတွင် အကွက်ချစီစဉ်ရင်း ရွှေဘိုအကျဉ်းထောင်ဆီသို့ ပြေးနေသော ကားကလေးပေါ်တွင် ကိုယ်နှင့်စိတ်မကပ်ဘဲ လိုက်ပါလာခဲ့ရပါတော့သည်။

♛ ♛ ♛ ♛ ♛

❑

အုပ်ချုပ်မှု မြဲမြံခိုင်ခန့်ခြင်းနှင့် ဆုံးဖြတ်ချက်ပြတ်သား လျင်မြန်ခြင်း၏ အကျိုးတရားကို မျက်မှောက်လက်ငင်း ခံစားရပါသည်။ ထင်တောင်ထင်မထားမိ။ တစ်နာရီသာသာကာလအတွင်း ကျွန်တော်တို့၏စီမံချက်လုပ်ငန်းများ "ဆက်လုပ်"ရန်နှုတ်မိန့်များ အသီးသီး ရခဲ့ကြပြီ။

မြို့နယ်စု ဥက္ကဋ္ဌကြီးက န.မ.ခ တိုင်းမှူးကြီးထံ ဆက်လက်ခွင့်ပြုမိန့် တောင်းခံနေဆဲကလည်း ကျွန်တော်ညွှန်မှူးကြီးအား ဖြစ်ကြောင်းရယ်ကုန်စင်ကို နတ်သံနှောကာပြောပြရ၊ တင်ပြရပါသည်။ ကိုယ်စွမ်းနိုင်တာ ကိုယ်လုပ်ခဲ့ပြီးမို့ ကိုယ့်အရေးမဟုတ်တာကို အမိန့်ခံယူရပါမည်။ မိမိဆောင်ရွက်ချက်၊ တွေ့ရှိချက်၊ သုံးသပ်ချက်များ အားလုံးကို အိတ်သွန်ဖာမှောက် အစီရင်ခံတင်ပြပြီး ယခုနောက်ဆုံး တိုင်းမှူးကြီးထံက အမိန့် (Firing Order) တောင်းခံထားကြောင်းအထိ ပြည့်ပြည့်စုံစုံကလေး တင်ပြရပါ၏။ ဟုတ်ပါသည်။ ကျွန်တော်တို့ဆရာ ညွှန်မှူးကြီး ဗိုလ်မှူးကြီးကျော်ထွန်း (ယခု ညွှန်ချုပ်(ငြိမ်းစား)၊ အကျဉ်း ဦးစီးဌာန)က အရာရာတိကျသေချာ စေ့စပ်လွန်းသူ၊ အလုပ်နှင့် ပတ်သက်၍ အူမချေးခါးမကျန် ကျွမ်းဝင်နှံ့စပ်သူ။ ဆုံးဖြတ်ချက်နှင့်

အမိန့်ပေးတိကျပြတ်သားသလို တာဝန်ခံရဲ၊ တာဝန်ယူရဲသူမှန်း အနီး နေတပည့်ရင်း ကျွန်တော်က အထာကျေပြီးသား မဟုတ်ပါလား။

"အေးလေ . . . ညွှန်ချုပ်ရုံးကနေတစ်ဆင့် ဝန်ကြီးရုံးအထိ ငါဆက်တင်ပြထားမယ်။ မင်းတို့ ဆက်လုပ်မဲ့ အစီအစဉ်တွေကတော့ ဒေသအာဏာပိုင် အဖွဲ့အစည်းဖြစ်တဲ့ တိုင်းမှူးကြီးရဲ့ အမိန့်အတိုင်းပဲ ဆက်လုပ်ပါ။ မြို့နယ်စ ဥက္ကဋ္ဌကြီးနဲ့ မင်းတို့အဖွဲ့တွေ အတည်ပြုလုပ်ငန်း တွေပြီးရင်တော့ ချက်ချင်းထပ်သတင်းပို့။ အစီအစဉ်တွေကို ဒီကနေ့ လုပ်ဖြစ်မယ်ဆိုရင်ပြီးတာနဲ့ ချက်ချင်းပြန်လာဖို့လုပ်ပါ။ ဘယ်အချိန်မှာ မန္တလေးရောက်ရောက်၊ ရောက်တဲ့အချိန်မှာ ငါ့ကို သတင်းပို့။ ရုံးမှာမြဦး (ဦးမြဦး၊ လက်ထောက်ညွှန်မှူး(ငြိမ်း)အကျဉ်းဦးစီးဌာန)နဲ့ ရဲဌေး(ဦးရဲဌေး၊ လက်ထောက်ညွှန်မှူး(ငြိမ်း)အကျဉ်းဦးစီးဌာန)တို့ကို တာဝန်ချထား ပေးမယ်။ သေချာတော့ လုပ်ခဲ့"

သည်လေသံမျှဆိုလျှင်ပင် ကျွန်တော်တို့ လုပ်ရပ်များကို ဘဝင်ကျကြောင်း ရိပ်စားမိရပါသည်။ ကိုယ့်ဆရာမို့ ကိုယ်သာသိပါသည်။ နှုတ်ကထုတ်၍ ချီးမွမ်းခဲလှသည်မို့ ငါဟယ်သူဟယ် ဆူဆူပူပူမရှိလျှင်ပင် ကျေနပ်မှု၏ သင်္ကေတပါခင်ဗျာ။

မြို့နယ်စ ဥက္ကဋ္ဌကြီးထံသို့ အားချင်းပင် ကျွန်တော်ညွှန်မှူး၏ ထပ်ဆင့်အမိန့်ကို တယ်လီဖုန်းဖြင့် တင်ပြရပါသည်။

"အတော်ပဲ ဦးဇော်မြင့်ရေ၊ ကျုပ်လဲတိုင်းမှူးကြီးဆီက Pass ရပြီးပါပြီ။ ခင်ဗျားတို့အဖွဲ့ စားသောက်ပြီးရင် ရွှေဘိုအကျဉ်းထောင်မှာပဲ ဆုံကြမယ်။ နေ့လယ် (၁)နာရီပေါ့ဗျာ။ စခန်းမှူးကြီးအားလုံး စီစဉ်ပြီး စောင့်နေပါလိမ့်မယ်။ See You ဗျာ"

ကောင်းဗျာ။ အားလုံးကောင်းပါသည်ခင်ဗျာ။ ကျွန်တော်တို့ အကျဉ်းထောင်များတွင် အကြောင်းထူးမရှိ အခြေအနေအေးချမ်း

သာယာနေသည့် အခါများတွင် ကင်းတာဝန်ကျအဖွဲ့က သတင်းပို့သည့် ထုံးစံစကားအတိုင်းသာ ရင်ထဲမှာ ကြွေးကြော်လိုက်မိပါတော့၏။

♛ ♛ ♛ ♛ ♛

❑

လက်ညှိုးကို ၃၀၃ ရိုင်ဖယ်၏ ပစ်ခလုတ်အား ဆွဲထားရင်း ပထမမောင်းကို တင်းတင်းဖိထားမိ၏။ မျက်စိက သေနတ်၏ ရှေ့ချိန်သီးနှင့် တစ်တန်းတည်းတွင် ရှိနေသော နှစ်ပေပစ်မှတ်ငယ်များ၏ ဗဟိုစက်ဝိုင်းတည့်တည့်ကို ကြည့်ထားသည်။ ရင်ကမငြိမ်။ နိုင်ငံ့ဝန်ထမ်းဘဝ သက်တမ်းအတွင်း သေနတ်ကိုင်၍ နွှဲခဲ့ရသည့်ပွဲလည်း မနည်းလှတော့သည့်တိုင် သည်တစ်ကြိမ်၊ သည်ကျည်တစ်တောင့်ကို ရုပ်ပုံပစ်မှတ်တစ်ခုအား ပစ်ခတ်ရမည်ကိုပင် အာရုံက စုစည်း၍မရချင်။ လှုပ်လှုပ်ခတ်ခတ်၊ ပြေးပြေးလွှားလွှား။ အစောကလေးက စခန်းမှူးကြီး ဦးညွန့်ရွှေ၏ပစ်ခတ်စဉ် စမ်းသပ်မှုရလဒ်က မိမိ၏သိလိုဇောကို ကလိကာ ဆန္ဒစောနေမိခြင်း ဖြစ်ပါလိမ့်မည်။

ဟုတ်ပါသည်။ ကျွန်တော်နှင့် ကျွန်တော့်လက်ရင်းတပည့် ကျော်တပ်သားအောင်မိုး (ယခုတပ်ကြပ်၊ ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်ကျောင်း၊ အကျဉ်းဦးစီးဌာန၊ မန္တလေးတွင် နည်းပြဆရာ တာ

သာယာနေသည့် အခါများတွင် ကင်းတာဝန်ကျအဖွဲ့က သတင်းပို့သည့် ထုံးစံစကားအတိုင်းသာ ရင်ထဲမှာ ကြွေးကြော်လိုက်မိပါတော့၏။

♛ ♛ ♛ ♛ ♛

❑

လက်ညှိုးကို ၃၀၃ ရိုင်ဖယ်၏ ပစ်ခလုတ်အား ဆွဲထားရင်း ပထမမောင်းကို တင်းတင်းဖိထားမိ၏။ မျက်စိက သေနတ်၏ ရှေ့ချိန်သီးနှင့် တစ်တန်းတည်းတွင် ရှိနေသော နှစ်ပေပစ်မှတ်ငယ်များ၏ ဗဟိုစက်ဝိုင်းတည့်တည့်ကို ကြည့်ထားသည်။ ရင်ကမငြိမ်။ နိုင်ငံ့ဝန်ထမ်းဘဝ သက်တမ်းအတွင်း သေနတ်ကိုင်၍ နွှဲခဲ့ရသည့်ပွဲလည်း မနည်းလှတော့သည့်တိုင် သည်တစ်ကြိမ်၊ သည်ကျည်တစ်တောင့်ကို ရုပ်ပုံပစ်မှတ်တစ်ခုအား ပစ်ခတ်ရမည်ကိုပင် အာရုံက စုစည်း၍မရချင်။ လှုပ်လှုပ်ခတ်ခတ်၊ ပြေးပြေးလွှားလွှား။ အစောကလေးက စခန်းမှူးကြီး ဦးညွှန့်ရွှေ၏ပစ်ခတ်စဉ် စမ်းသပ်မှုရလဒ်က မိမိ၏သိလိုဇောကို ကလိကာဆန္ဒစောနေမိခြင်း ဖြစ်ပါလိမ့်မည်။

ဟုတ်ပါသည်။ ကျွန်တော်နှင့် ကျွန်တော့်လက်ရင်းတပည့်ကျော်တပ်သားအောင်မိုး (ယခုတပ်ကြပ်၊ ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်ကျောင်း၊ အကျဉ်းဦးစီးဌာန၊ မန္တလေးတွင် နည်းပြဆရာ တာ





ဝန်ထမ်းဆောင်နေကြောင်း သိရပါသည်။) အဘဦးတင်မြတို့အဖွဲ့သည် ရွှေဘိုအကျဉ်းထောင်သို့ နေ့လယ်(၁၂)နာရီခွဲခန့်တွင် ရောက်ရှိကာ စခန်းမှူးကြီးထံ သတင်းပို့ပူးပေါင်းနိုင်ခဲ့ကြ၏။ မကြာမတင် မြို့နယ်စုဥက္ကဋ္ဌကြီးနှင့် သူ့ရုံးအဖွဲ့မှူးတို့လည်း ကားဖြင့်ပေါက်ချလာပါသည်။

စခန်းမှူးကြီးက ကြိုတင်စီစဉ်ထားသော အောင်မြေအတည်ပြုရေးပစ်ခတ်စဉ် စမ်းသပ်မှုစီမံချက်ကို အကြမ်းဖျင်း ရှင်းလင်းတင်ပြရာ အားလုံးဝိုင်းဝန်းဆွေးနွေးကြပြီး ဗဟိုကင်း(Main Guard & Arms Court) ပေါ်သို့ တက်လာခဲ့ကြသည်။

လူတွေ တစ်လှေကြီးတော့ မဟုတ်ပါ။ မြို့နယ်စု ဥက္ကဋ္ဌကြီးတို့က နှစ်ဦး၊ မိမိအဖွဲ့ကသုံးဦး၊ စခန်းမှူးကြီးနှင့် ရဲအရာခံကြီးတို့ စုစုပေါင်း ခုနစ်ဦးသာ။ လိုအပ်ပါက ဗဟိုကင်းတာဝန်ကျ ကင်းအဖွဲ့ကို သုံးနိုင်သည်လေ။

ရွှေဘိုမြို့အကျဉ်းထောင် (ယခင်ထောင်ဟောင်း)၏ တည်ထားပုံမှာ ပေလေးရာပတ်လည် လေးထောင့် စတုရန်းပုံဖြစ်ပြီး အရှေ့ဘက်သို့ မျက်နှာမူထားပါသည်။ ဗဟိုကင်းအပါအဝင် သုံးထပ်ဘူးကြီး (Gate & Security Building) ကလည်း အရှေ့ဘက်မျက်နှာလှည့်ကာ ခံ့ခံ့ညားညား ရှိလှသည်။

အပေါ်ဆုံးထပ်တွင် ဗဟိုကင်းအဖွဲ့နှင့် လက်နက်တိုက်ရှိကာ အကျဉ်းထောင်တစ်ခုလုံးအား အပေါ်စီးမှ စိုးမိုးထားပါ၏။ ပစ်ကွင်းမြင်ကွင်း ရှင်းလင်းအောင်လည်း အကျဉ်းသားအိပ်ဆောင်များ အပါအဝင် အုပ်ချုပ်မှု အဆောက်အအုံများအားလုံးကို ဆောက်လုပ်ထားရာ အရေးအကြောင်းကြီးငယ်ရှိက အဆောက်အအုံအတွင်း ဝင်မနေမိလျှင် ပစ်ကွင်းရှင်းရှင်းဖြင့် နှမ်နင်း၍ ရနိုင်ပါသည်။

အကျဉ်းထောင်၏ အရှေ့တောင်ထောင့်တွင် ပေ ၁၀၀ ပတ်

လည်ခန့်ကို (၁၅)ပေအမြင့် အုတ်ရိုးကာထားသော "အဂ္ဂပဒေသ အောင်မြေ"နေရာရှိသည်။ အမျိုးသမီးအကျဉ်းသူ အိပ်ဆောင်ဟုသတ်မှတ်ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အအုံတစ်လုံးနှင့် တံခွန်တိုင်တစ်ခုမှအပ အခြားဘာမျှမရှိ။

မြေညီ၊ မြေသန့်၊ မြေဖြူဖြူတွင် မြေစာမြက်ခင်းစိမ်းစိမ်းက ကမ္ဗလာစိမ်း ကော်ဇောတစ်ချပ်ကို ပွဲဝင်ဗဟိုကင်းပေါ်ကကြည့်လျှင် အခမ်းအနားတစ်ခုအတွက် အသင့်ခင်းထားသည့်နှယ်။ တည့်တည့်တန်းတန်းမျက်နှာမူရာ တောင်ဘက်ထောင်အုတ်နံရံကြီး (Main Wall of Jail) ကို မှီလျက် နှစ်ပေရုပ်ပုံ ပစ်မှတ်ငယ်သုံးခုကို အတန်မျှစီခြားကာ ထောင်၍ နေရာချထားသည်။ သည်ပစ်မှတ်ငယ်သုံးခုက အတိတ်မြန်မာဘုန်းကျက်သရေနှင့် ဂုဏ်သိန်ကို အဆုံးအဖြတ်ပြုပေးရတော့မည်မို့ ရင်ကော့ကာ ခပ်ကြွားကြွား ရပ်နေဘိသကဲ့သို့ရှိ၏။

စခန်းမှူးကြီး၏ အစီအမံများပါ။ မနေ့ညက အဘဦးတင်မြ၏ အစီအရင်များအတိုင်း ကျွန်တော်တို့ စိုက်ထူခဲ့သော ကြက်လျှာတိုင်ကလေး သုံးတိုင်က တံခွန်တိုင်အနီးတွင် မတ်မတ်တည်နေသည်။ လာလှည့်၊ ကြည့်လှည့်၊ စမ်းသပ်လှည့်ဟု လက်ယပ်ခေါ်နေ၏သို့။

ကျွန်တော်တို့ စီမံချက်အရ ပထမပစ်ခတ်စဉ်ကို စခန်းမှူးကြီးတစ်ဦးတည်းက .၃၀၃ ရိုင်ဖယ်ဖြင့် (၅)ချက်၊ ကျည်စုပစ်ခတ်ရန် ဖြစ်ပါသည်။ ပြီးမှ ကျွန်တော်၊ စခန်းမှူးကြီးနှင့် ရဲအရာခံကြီးတို့ သုံးဦးက .၃၀၃ ရိုင်ဖယ်ဖြင့်ပင် ကျည် (၅)တောင့်စီ ပစ်ခတ်စမ်းသပ်ကြရန် ဖြစ်ပါ၏။ လူငယ်များအား တာဝန်မပေးပါ။ တစ်စုံတစ်ရာ အထစ်အငေါ့ လွဲချော်မှု မရှိနိုင်အောင် သတိထား၍ ကြိုတင်ပြင်ဆင်ထားခြင်းပါ။

ဗဟိုကင်းသည် သုံးထပ်အမြင့် ပေသုံးဆယ်ခန့်တွင် ရှိနေပြီး

မြောက်ပြန်လေကလေးတညင်းညင်း တိုက်ခတ်နေ၍ နေ့လယ်ခင်းဖြစ်သည့်တိုင် အပူချိန်က မပြင်းလှ။ သို့တစေ စခန်းမှူးကြီး၏ မျက်နှာတွင် ချွေးစချွေးနကလေးများကို တွေ့နေရသည်။ ပထမဦးဆုံး ပစ်ခတ်စဉ်က ဗွေဆော်ဦးပစ်ခတ်ရမည်မို့လား။ သူကိုယ်တိုင်သာ သိပေမည်။

စခန်းမှူးကြီးက .၃၀၃ အီတာလီရိုင်ဖယ်တစ်လက်ကို ပြောင်းထိုးချိန်ကာ ပစ်ခလုတ်ကို ဆွဲချလိုက်သည်။ သူ၏ပစ်မှတ်အညွှန်းက ပစ်မှတ်တစ်။ ''ချောက်''ခနဲ မောင်းရိုက်သံတော့ ကြားလိုက်ရသည်။ သေနတ်သံထွက်မလာ။ သေနတ်ကို မတ်တတ်ရပ်လျက် ပစ်ခတ်သည့် အနေအထားအတိုင်း ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်ကာ လက်ကျန်ကျည်များကို ဆက်တိုက်ပစ်သည်။

''ချောက် . . . ချောက် . . . ချောက် . . . ချောက်''

ဟုတ်ကဲ့။ လုံးဝသေနတ်မီးမကူးပါခင်ဗျာ။ (၁၉၆၄)ခုနှစ်ထုတ်၊ က.ပ.စ ကျည်အသစ်ငါးတောင့်ကို အသစ်ကျပ်ချွတ်ထုတ်၍ ထည့်ထားလို့ ကျည်'အ'ဖြစ်တော့ မဟုတ်နိုင်ပါ။ ကျည်အ၊ ကျည်အဆံချောင်လည်း မဟုတ်ပါ။

ကျည်ရိုက်တံကလည်း ပုံမှန်အလုပ်လုပ်ပါလျက် ဘာကြောင့် မီးမကူးသလဲ။ ကြံဖူးမှယုံမည်ထင်သည်။ လက်တွေ့မျက်မြင်မို့ မယုံရဲစရာမရှိ။ စခန်းမှူးကြီးက မြို့နယ်စု ဥက္ကဋ္ဌကြီးထံ မျက်နှာရိပ် မျက်နှာကဲ လှမ်းကြည့်ကာ သူ့သေနတ်ကို ကျည်ရှင်းသည်။

.၃၀၃ ကျည်အသစ် တစ်တောင့်ထပ်ထည့်ကာ ယခင်သူပစ်နေသည့် ပစ်မှတ်နှင့်လွဲ၍ အကျဉ်းထောင်၏ အနောက်မျက်နှာ မိုးပေါ်သို့ထောင်လျက် ပစ်ချလိုက်သည်။

''ဒိုင်း''

စိတ်ကူးသစ်စာပေ

အားရှိပါးရှိ မြည်ဟည်းသွားသည့် ကျည်ပေါက်ကွဲသံက တုန်သွားသည်။ ကျွန်တော်တို့အားလုံး၏ ''ဟူးခနဲ'' မှုတ်ထုတ်လိုက်သည့် သက်မသက်ပြင်းချသံက နောက်ဆက်တွဲ ပါလာသကဲ့သို့ အချုပ်သား အိပ်ဆောင်များဆီက ''ဟေး''ခနဲ ဟစ်အော်လိုက်သော အသံများလည်း စီညံလာသည်။

ဘာမှန်းညာမှန်း တိတိကျကျမသိသည့်တိုင် မြန်မာ့အမွေ ''ပကာတိအောင်မြေ''တော်မြတ်ကို ဖော်ထုတ်ရောင်တော် ဖွင့်နေကြ မှန်းတော့ တစ်ယောက်စကား၊ တစ်ယောက်နား သူတို့ရိပ်မိကြသည်။ မြန်မာတွေမို့ မြန်မာ့အရေး စိတ်ဝင်စားသည်။ မြန်မာ့သွေးမို့ မြန်မာ့ ကိစ္စမှာ အာရုံငြိသည်။

ပေါက်ကွဲမြည်ဟည်းသွားသော သေနတ်သံတစ်ချက်သည် ကုန်းဘောင်ရွှေပြည်ကစခဲ့သော မျက်မှောက်ခေတ်မြန်မာ၏ ရတနာ တစ်ပါး ပွင့်ထွန်းလာကြောင်း အခါတော်ပေးမင်္ဂလာသံဟု သူတို့ မသိကြငြား၊ အရေးပါသောကိစ္စ၊ ကောင်းသောကိစ္စဟုတော့ ခံစား နားလည်ကြသည်ထင်သည်။

မတိုင်ပင်ဘဲထ၍ အော်လိုက်ကြသည့် သူတို့၏အသံတွင် ရန်လိုမှု၊ ဒေါသအငွေ့အသက်မပါ။ တက်ကြွရွှင်လန်းခြင်းနှင့် ဝီရအရိပ် အယောင်တို့တို့သာလျှင် တွဲယှဉ်ပူးကပ်နေဟန်သည်တကား။

ဥက္ကဋ္ဌဗိုလ်မှူးကြီးက နှုတ်မှအသံမထွက်။ မျက်ရိပ်ပဲပြသည်။ ကျွန်တော်၊ စခန်းမှူးကြီးနှင့် ရဲအရာခံကြီးတို့က ကိုယ်စီကြိုတင် ရွေးချယ်ထားသော .၃၀၃ ရိုင်ဖယ်တစ်လက်စီကို အသစ်စက်စက် ကျည်(၅)တောင့်စီထိုးသွင်း၍ ပြောင်းထိုးချိန်ကာ ''အောင်မြေ''ပေါ်တွင် ထူထားသော ပစ်မှတ်များဆီ ပစ်ခတ်လိုက်ကြပြန်သည်။

သေနတ်လက်နက်နှင့် ယဉ်ပါးသူတိုင်း သိကြပါသည်။

---

စိတ်ကူးသစ်စာပေ

အပစ်ခလုတ်တွင် လက်ညှိုးကိုကွေး၍ ဒုတိယမောင်းကို ညှစ်ဆွဲလိုက်သည်နှင့် ကျည်ရိုက်တံက ကျည်ဆန်ကို ရိုက်ထုတ်လိုက်ပြီး "ဒိုင်းခနဲ" ကျည်ထွက်သွားသံ၊ ထိုထွက်သွားသောကျည်သည် ကိုယ်ချိန်ရွယ်ထားသော ပစ်မှတ်ကိုထိ၊ မထိ၊ သိကိုသိသည်။ တိတိကျကျ။ ဟောသည့် လက်ညှိုးကွေးကလေးမှသည် အာရုံက စီးစီးပိုင်ပိုင်သိနေတတ်ပါသည်။ ထိလျှင်ထိမည်။ လွဲလျှင်လွဲပြီ။ ဒက်ထိ။

ယခုလည်း ကျွန်တော်ပစ်ခတ်သော ကျည်ငါးတောင့်စလုံး ပစ်မှတ်ကို သေချာချိန်၍ ပစ်သော်လည်း ပေါက်ကွဲမှုမဖြစ်။ တချောက်ချောက်နှင့် လုံးဝကို မီးမကူးပါ။ အလားတူပင် စခန်းမှူးကြီး၊ ရဲအရာခံကြီးတို့ဆီကလည်း သေနတ်သံတစ်ချက်မျှ ထွက်လာသံမကြားရထူးမခြားနား။

"ကိုင်း ... ကိုင်း ဒီလောက်ဆို လုံလောက်ပါပြီဗျာ။ ဦးဇော်မြင့်တစ်ယောက်ပဲ အောင်မြေနဲ့လွဲပြီး ကျည်တစ်တောင့်ပစ်ကြည့်လိုက်ပါ။ ခင်ဗျားက တရားဝင်အဖွဲ့ခေါင်းဆောင်လဲဖြစ်၊ နောက်ဆက်လုပ်မယ့်လုပ်ငန်းတစ်ခုလုံးလဲ လုပ်ငန်းဦးစီးအဖြစ် ဆောင်ရွက်ရမှာဆိုတော့ ခင်ဗျားဝန်ကြီးဌာနကို ခင်ဗျားကိုယ်တွေ့ တင်ပြနိုင်တာပေါ့။ စခန်းမှူးကြီးတို့ကတော့ အေးစေပေါ့ဗျာ"

အဘဗိုလ်မှူးကြီးက အဆုံးအဖြတ်ပြုသည်။ ခွင့်ပြုချက်ရသည်နှင့် ကျွန်တော်သည် လက်ထဲက .၃၀၃ ရိုင်ဖယ်တွင် ကျည်တစ်တောင့်ထိုးထည့်ကာ အကျဉ်းထောင် အနောက်ဘက်လယ်ကွင်းများဆီ မိုးပေါ်ထောင်၍ ပစ်ခတ်လိုက်သည်။ သိလိုက်သည်။ လက်ထဲစေးစေးပိုင်ပိုင်ရှိလာသည်။ သည်ကျည်တစ်တောင့်တော့ ပေါက်ကွဲသည်။

"ဒိုင်း"

ဂမ္ဘီရဆိုသည် သိရခက်ခဲသော နက်နဲလာသည့် အရာကို

ဆိုသည်။ လောကတွင်လည်း သိရခက်ခဲနက်နဲလှသည့် ဂမ္ဘီရအမှုကိစ္စတွေလည်း ဗရုပ္ပ။ သိခွင့်မရလက်လှမ်းကွာလွန်းလှသည့် ဂမ္ဘီရတွေလည်း အနန္တ။

ယခုပင်ကြည့်။ သည်ကျည်တစ်တောင့်ကို ကျွန်တော်ကိုယ်တိုင်သည် .၃၀၃ ရိုင်ဖယ်ဖြင့် ပစ်ခတ်ခဲ့ခြင်းပါ။ ကျွန်တော်၏ပစ်ခတ်မှုအတွေ့အကြုံသည် လုံလောက်သည်ဟု ထားလိုက်လျှင် မတူညီမှုကပစ်မှတ်၏ညွှန်းရပ်။ ပစ်မှတ်တစ်ခုက အောင်မြေပေါ်ထောင်ထားသည်။ နောက်ပစ်မှတ်က အောင်မြေပစ်မှတ်နှင့်ကွဲလွဲရာ အခြားအရပ်တစ်ခု။

သို့လျှင် ပစ်ခတ်စဉ်၌ ပစ်မှတ်၏ ညွှန်းရပ်မတူရုံနှင့် သည်ကျည်က ဘာကြောင့်မပေါက်ကွဲရသနည်း။ ကျည်တစ်တောင့်ပေါက်ကွဲမှုဖြစ်စဉ်၏ အဆုံးအဖြတ်ပြုအပ်သောအရာသည် ပစ်မှတ်တွင်တည်သလား။ အကြောင်းရှာလျှင် ခေါင်းမှာချာချာလည်သွားနိုင်သည်။

''ရပြီဗျာ . . . အောင်မြင်ပါပြီ''

ဥက္ကဋ္ဌ ဗိုလ်မှူးကြီးက ပြောသည်။ ပြောပြောဆိုဆိုပင် နောက်သို့လှည့်၍ ဗဟိုကင်းမှ ပြန်ဆင်းရန်ပြင်သည်။ ကျွန်တော်တို့လည်း လက်ထဲက သေနတ်များကို စနစ်တကျကျည်ရှင်းပြီး တာဝန်ကျကင်းမှူးထံ အပ်နှံလိုက်သည်။ ပြီးမှ ဥက္ကဋ္ဌကြီးနောက်လိုက်ဖို့ ခြေလှမ်းပြင်ရသည်။

သို့သော် ဗိုလ်မှူးကြီး၏ ခန္ဓာကိုယ်ကြီးက တစ်ပတ်ပြန်လည်လာသည်။ နှုတ်ကတိုးတိုးရွတ်ဆို၍ အောင်မြေဆီသို့ ပစ်ခတ်စမ်းသပ်ရာနေရာကိုရှေ့မှသွားသည်။ ပြီးလျှင် သူ့ခါးပတ်ပေါ်ကပစ္စတိုကို ဆွဲထုတ်မောင်းတင်ကာ အောင်မြေပေါ်မှ နှစ်ပေပစ်မှတ်ကို လျှပ်တစ်ပြက်ပစ်ခတ်နည်းဖြင့် ပစ်လိုက်သည်ကို မြင်ရသည်။

''ချောက်''။ ကျည်မထွက်။ ဆက်တိုက်ပစ်သည်။ ကျည်

တစ်တောင့်မျှမထွက်။ အကျဉ်းထောင်အနောက်မျက်နှာ၌ မိုးပေါ်ထောင်လျက် ထပ်ပစ်သည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

ပစ္စတိုသေနတ်သံသုံးချက်က ဆက်တိုက်ထွက်လာသည်။ ယမ်းခိုးငွေ့ငွေ့ဝေနေသော ပစ္စတိုသေနတ်ကိုကိုင်လျက်၊ မျက်စိကို မှေးမိုတ်ကာ တစ်စုံတစ်ခုကို အာရုံပြုနေသော ဗိုလ်မှူးကြီး၏ အသွင်က တည်တည်ငြိမ်ငြိမ်။ ပြီးမှ"အဂ္ဂပဒေသ"ပကာတိအောင်မြေအရပ်ဌာနဆီ ဦးတည်ကာလ လက်အုပ်ချီလျက် အာရုံပြုနေပြန်တော့သည်။ ကျွန်တော်တို့လဲ မှင်တက်မိနေကြပြီ။

"ဗိုလ်ကြီး၊ ဗိုလ်ကြီး . . . အချုပ်သားတစ်ယောက် သရဲပူးနေလို့ အချုပ်ဆောင်(၁)ခန်းထဲမှာ ဗြောင်းဆန်နေပြီ။ ဗိုလ်ကြီး ခဏလိုက်ကြည့်ပါဦး"

ရဲတပ်ကြပ်တစ်ဦးက အရေးတကြီး သတင်းလာပို့သည်။ သုံးထပ်ကို ပြေးတက်လာရသည်မို့ မောရှိနေသည်။ စခန်းမှူးကြီးက ဥက္ကဋ္ဌဗိုလ်မှူးကြီးအား လှမ်းကြည့်သည်။ ဗိုလ်မှူးကြီးက ခေါင်းညိတ်ပြသည်။ ကျွန်တော့်ကိုလက်ဆွဲကာ စခန်းမှူးကြီးက အကျဉ်းထောင်သို့ဝင်ခဲ့သည်။ ရဲအရာခံကြီးနှင့် အဘဦးတင်မြတို့လည်း နောက်မှပါလာသည်။ ဗိုလ်မှူးကြီးတော့ ရုံးခန်းမှာ ခေတ္တနားရင်း စောင့်နေပါလိမ့်မည်။

"အချုပ်ဆောင် (၁)ခန်းမှာပါ ဗိုလ်ကြီး"

ရဲတပ်ကြပ်က ရှေ့မှ လမ်းပြသည်။ ရွှေဘိုအကျဉ်းထောင်အတွင်း နှစ်စဉ်ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော် ကျင်းပလေ့ရှိသည်ဆိုသော အဓိကညောင်ပင်ကြီးဘေးမှ ဖြတ်ကာသွားရသည်။ ညောင်ပင်ကြီးက အိုလှပြီ။

အသက်ရာကျော် မထေရ်ကြီးတစ်ပါး၏ ရင့်ကျက်တည်ကြည်မှု

နှင့် ဇရာပေါင်းစပ်ထားသည့် မျက်နှာတော်သဖွယ်ကျွန်ရေရ၊ ခုံခုံညားညား ရှိသော်ငြား အိုမင်းလွန်းနေခြင်းကိုကား ဖုံးကွယ်မရ။ ပြီး ထူးခြားသည့် အာနိသင်တစ်မျိုး ဩဇာသက်ရောက်မှု မျိုးရှိအံ့ထင်။ သူ့ဘေးမှာ ဖြတ်သွားရသည်ကပင် ရင်ထဲမှာစိမ့်၍ အေးသည်။

''သျှောင်ကြီးဖွေဦးအောင်လှပါ ဗိုလ်ကြီး။ တအုံ့သုသာန်က အလောင်းဖော်လို့ တရားစွဲခံရတဲ့ ဆေးဆရာပါ။ အချုပ်တရားခံပါပဲ။ သတိလက်လွတ်တော့ ဖြစ်နေတယ်။ တစ်ခုခု ပူးကပ်နေသလိုမျိုးပါ။ ဝိုင်းချုပ်ထားပါတယ်''

အိပ်ဆောင်တာဝန်ကျ ရဲအကြပ်တစ်ဦးက စခန်းမှူးကြီးအား တင်ပြသည်။ စခန်းမှူးကြီးက ခေတ္တမျှအခြေအနေကို အကဲခတ် စဉ်းစားနေဟန်ရှိသည်။ ငြိမ်နေသည်။ ကျွန်တော်ကတော့ ကိုယ့်ဒေသ မဟုတ်၊ ကိုယ့်အုပ်ချုပ်မှုမဟုတ်၍ အကူအညီပေးရန်မှတစ်ပါး ဘာမျှ မလုပ်နိုင်။ ပွဲကြည့်သက်သက်။

''ဆရာရဲဝင်း၊ အဲဒီပုဂ္ဂိုလ်ကို ဝိုင်းချုပ်ပြီး ရုံးခန်းခေါ်ခဲ့ဖို့ လွယ်မလား''

''မလွယ်ဘူးထင်တယ် ဗိုလ်ကြီး။ အခုတောင် မနည်းချုပ် ထားကြရတာ''

''ဟေ . . . နည်းနည်းတော့ ခက်နေပြီကွာ''

''မခက်ပါဘူး စခန်းမှူးကြီး။ ဒီချည်မန်းကွင်းလေးကိုသာ ဦးခေါင်းကနေ လည်ပင်းမှာစွပ်ပေးလိုက်ပါ။ လက်ဆွဲခေါ်ခဲ့ရင်တောင် ငြိမ်ပြီး လိုက်လာပါလိမ့်မယ်''

အဘဦးတင်မြက အပ်ချည်ဖြူဖြင့် စီမံထားသောအရာကို ပေးလိုက်သည်။ ရဲတပ်ကြပ်က အခန်းအတွင်းဝင်သွားပြီး ပြုဖွယ်ကိစ္စ များကို ဆောင်ရွက်သည်။ သိပ်မကြာပါ။

"ဗိုလ်ကြီးရေ . . . ရပြီ၊ ရပြီ။ ကျွန်တော်တို့ ရုံးခန်းဆီ ခေါ်လာခဲ့မယ်။ ဗိုလ်ကြီးတို့ သွားနှင့်ပါ"

♛ ♛ ♛ ♛ ♛

❑

"ကဲ . . . အခု ပူးကပ်ပြီး အနှောင့်အယှက်ပြုနေဆဲ ပုဂ္ဂိုလ်က ဘယ်သူလဲ။ ဘာအလိုရှိလို့လဲ။ ဘာကြောင့်လဲ။ သင့်အပေါ် မေတ္တာမပျက်၊ ဘေးဥပဒ် မပေးဘဲနဲ့ ဘာအကြောင်းကြောင့်အခုလို ပူးကပ်ဒုက္ခပေးရတာလဲ ပြောပြပါ"

အဘဦးတင်မြကပယောဂပူးဝင်နေသည့် ဒေါ်ကျောင်းကြီးဖွေ့ အချုပ်သားကြီး၏ရှေ့တွင် တည့်တည့်ထိုင်ကာ စိန်းစိန်းကြည့်၍ မေးသည်။ ဘဝတစ်လျှောက် ဆောက်တည်ခဲ့သော အကျင့်သီလ၏ ဩဇာသည် သူ့အသံတွင် အထင်အရှားပါဝင်နေသည်။ တည်ကြည်ငြိမ်းချမ်းသော ဥပမိသွင်ပြင်ကလည်း အာဏာတည်စေလောက်အောင် ခန့်ညားနေသည်။ ဒေါ်ကျောင်းကြီးဖွေ့ပုဂ္ဂိုလ်သည် သတိကပ်ဟန်မရှိ။ မျက်လုံးကြီးများပြူးကျယ်ဝိုင်းစက်ကာ ရှေ့တူရူကိုသာ စူးစူးကြီးကြည့်နေသည်။ အချိန်အတန်ခန့်ကြာသည်။ ပြီးမှ မပီမသ ညည်းသံထွက်လာသည်။

"အောင်ပြီ . . . အောင်ပြီ . . . အောင်ပြီ"

''ဖေယျတုသဗ္ဗမင်္ဂလာ၊ ဖေယျတုသဗ္ဗမင်္ဂလာ၊ ဖေယျတုသဗ္ဗမင်္ဂလာ''

''အာဒိစ္စမင်းဖျား၊ အလောင်းမင်းတရားကြီး၏ ဆွေတော်မျိုး၊ ကျွန်တော်မျိုး ရွှေတောင်ဗလကျော်''

စကားခွန်းတို့က ပြတ်တောင်းပြတ်တောင်း၊ တုံ့ဆိုင်းတုံ့ဆိုင်း၊ သို့တစေ အသံသြဇာကား မာမာထန်ထန်။ ရွှေဘိုနယ် အညာသားစစ်စစ် ပီသလွန်းသော သျှောင်ကြီးဖွေပုဂ္ဂိုလ်၏ ခန္ဓာအတွင်း ယာယီကိန်းဝပ်နေသူ၏ စရိုက်သွင်ပြင်က သူ့မျက်နှာမူဟန်တွင် တွေ့နေရဘိသည်။

''၁၁၂၂ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၂)ရက်၊ တနင်္ဂနွေနေ့ မုတ္တမနယ်၊ ကင်းရွာတွင် ထီးဘုရားကြီး ရွှေပြည်စံရာကို မျက်နှာမလွှဲမိ တာဝန်နှင်းခဲ့သော အမှုကိစ္စကျေကုန်ခဲ့ပြီ''

လေးလေးကြီးထွက်ပေါ်လာသော အသံက မြန်မာစကား ပီသလွန်းသည်။ အသံသြသြ၊ မာမာ၊ အဖြတ်အတောက်အရပ်အနား ပီရိသေသပ်လွန်း၍လည်း ဇာတ်ထဲပွဲထဲက တမင်လုပ်ယူထားသည့် သဘင်သည်တို့၏ နှုတ်ထွက်သံနှင့် ခြားနားသည်။ ပီလှ၊ မြည်လှ၊ ကြည်လှ၏။ စကား၏ ဆိုလိုရိပ်ကား အတိအကျမသိနိုင်။

''ကွန်းရွာ ရွှေတုံ့တစ်၊ ရှင်မတောင်သီဟတော၊ ပခန်းစည်သူရှင်၊ ဆက်ကျို့ရွှေဂူ၊ သရက္ခန်ဆင်းတုလေးဆူ ကိုးကွယ်တော်မူရသည့်နေ့ ရတနာသိင်္ဃနန်းဦးစံရာ အောင်မြေတော်အရပ်၌ ဇမ္ဗူဒီပ အနန္တဇေ မဟာရာဇဂုရုအသျှင်က စေတီတည်ရန် အခါပေးခဲ့လည်း ပြည်အရေးကြောင့် မအောင်ခဲ့''

''ယခုကား မင်းဘုရားကြီး ဆန္ဒတော်ပြည့်တော့မည်။ ငါ့ဝန်၊ ငါ့အမှု၊ ငါကူညီအံ့သတည်း''

''ရွှေကရားဖြင့် ရေစင်သွန်း၍ မင်းတရားကြီးအား ကုသိုလ်

ဝေလော့ . . .”

“ဖေယျတု . . . ဖေယျတု . . . ဖေယျတု”

အသံကား ငြိမ်ဆိတ်သွားပြီ။ သျှောင်ကြီးဖွေ၏ ကိုယ်ခန္ဓာမှာမူ ယိမ်းယိုင်လျက် တဟီးဟီးတုန်ယင်ကာ နေတော့၏။ ပီတိနတ်ဝင်သည် ပမာ။

“ကောင်းပါပြီ။ အခုလို စောင့်ရှောက်ကူညီတာ ကျေးဇူးတင်လှပါတယ်။ မနက်ဖြန်မနက်ကိုးနာရီမှာ အန္တယ်တော်မုန်သမျှကို ရည်စူးပြီး ကောင်းမှုအလှူလုပ်ပါ့မယ်။ ကုသိုလ်အဖို့ဘာဂကိုလဲ ဝေမျှပါမယ်။ ကုသိုလ်ခံယူပြီး ကောင်းရာသုဂတိဘုံဌာနသို့ ရောက်ကြပါစေလို့ ဆုတောင်းပါမယ်။ ဒီကနေ့ညကစလို့ ခုနစ်ရက်၊ ခုနစ်ည အောင်မြေတော်ဌာနမှာ ပန်း၊ ဆီမီး၊ အမွှေးတိုင်များ အလုံအလောက်ထားရှိကာ ရွှေဘုံရတနာ နန်းစောင့်အန္တယ်တော်များနဲ့ အောင်မြေတော်အစောင့်အရှောက်ပုဂ္ဂိုလ်များကို အလှူဒါနပြုနိုင်အောင် ဆောင်ရွက်ပါမယ်။ ရတနာသုံးပါးပူဇော်ကြပါ။ ကုသိုလ်ယူကြပါ။ ယခုလည်း ယနေ့ယခုအထိ ပြုပြုသမျှကောင်းမှုတို့၏ အဖို့ဘာဂကို အမျှပေးဝေပါတယ်။ အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါခင်ဗျာ”

အဘဦးတင်မြက စကားသံကို တစ်လုံးချင်းပီပီသသပြောကာ အမျှအတန်းဝေသည်။ သျှောင်ကြီးဖွေပုဂ္ဂိုလ်ကား အဘဦးတင်မြအား မျက်ရည်ယိုစီးနေသော မျက်လုံးအစုံဖြင့် မမိုတ်မသုန် စိန်းစိန်းကြည့်ကာ တုန်ယင်နေဘိသည်။

အဘဦးတင်မြက ချည်မန်းကွင်းကို ယင်း၏လည်ပင်းမှချွတ်ကာ ရေစင်ဖြင့် တောက်ပေးနေသည့် ခဏသားတွင် ၎င်းပုဂ္ဂိုလ်သည် ခေါက်ခနဲ ခွေလဲသွားပါလေတော့၏။

“ကဲ . . . ကဲ၊ သယ်ယူသွားပြီး ခေတ္တသိပ်ထားလိုက်ပါ။

---

စိတ်ကူးသစ်စာပေ

ကောင်းသွားမှာပါ''

အဘဦးတင်မြ၏ စကားသံအဆုံးဝယ် ရဲတပ်ကြပ်နှင့်အဖွဲ့က သျှောင်ကြီးဖွေအား သယ်ယူသွားကြ၏။ ဘုမသိဘမသိဖြင့် အငှားခန္ဓာ မြှောင်တင်ခံလိုက်ရသော သျှောင်ကြီးဖွေကား ရွှေဘိုမြို့အရှေ့၊ ကျောက် မြောင်းရွာကြီးသွားလမ်းဘေး တအုံကျေးရွာမှ တိုင်းရင်းသား ဆရာ တစ်ဦးဟုဆိုပါသည်။

ဂမ္ဘီရအစီအရင်တစ်ခုပြုရန် တစ်ရွာတည်းနေ သေဆုံးသူ အပျိုကြီးတစ်ဦး၏ ရုပ်အလောင်းအား သင်္ချိုင်း၌ တိတ်တဆိတ်ခိုးယူ တူးဖော်စဉ် ပက်ပင်းမိကာ တရားစွဲခံထားရခြင်းဟု ဇာတ်ပေါင်းပါ၏။

ထို့နှယ် စခန်းမှူးကြီး၏ ထွေထွေလီလီ တင်ပြချက်များကို စုံလင်အောင် နားဆင်ပြီးနောက် မြို့နယ်စဉ္စဏ္ဍကြီး ထိုင်ရာမှထသည်။

''ကဲ ဦးဇော်မြင့်ရေ၊ အောင်မြေရှာပုံတော်တော့ အောင်မြင်စွာ နိဂုံးချုပ်ပြီထင်ပါတယ်။ ကျွန်တော်လည်း တိုင်းမှူးကြီးဆီ အကျိုးအကြောင်း အပြည့်အစုံကို အစီရင်ခံလိုက်ဦးမယ်။ ခင်ဗျားလည်း ခင်ဗျားဌာန ဆက်တင်ပြပေါ့။ စခန်းမှူးကြီးကတော့ အဘဦးတင်မြနဲ့ တိုင်ပင်ပြီး လုပ်သင့်လုပ်အပ်သမျှ ကိစ္စတွေကို အသေးစိတ် ဆက်ဆောင်ရွက် ပါဗျာ။ ကုန်ကျသမျှကို ရုံးအဖွဲ့မှူးဆီ တင်ပြပြီးထုတ်သုံးပါ။ သိပ်မကြာ ခင် အကြီးအကဲတွေ ရောက်လာလိမ့်မယ်ထင်တယ်။

အကျဉ်းထောင်အတွင်းအပြင်နဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လမ်းများပြုပြင်ရေးအထူး ဆောင်ရွက်ပါ။ ဩော် . . . ထောင်ဘေးက အလောင်းမင်းတရားကြီးရဲ့ သင်္ချိုင်းတော်အုတ်ပြာသာဒ်နဲ့ စေတီကိုလည်း ပြုပြင်သန့်ရှင်း ထုံးသကန်းကပ်ထားပါဗျာ။ ရှေ့ဆက် အလုပ်တွေများ လာဦးမှာမို့ ခါးတောင်းကျိုက် မဖြုတ်ကြပါနဲ့ဦး။ ကဲ . . . အားလုံး ကျေးဇူးတင်ပါတယ်''

---

ဥက္ကဋ္ဌ ဗိုလ်မှူးကြီးက စကားလက်စသိမ်းကာ ပြန်ဖို့ပြင်သည်။ ပြုံးချိုရွှင်ကြည်နေသော သူ့အသံ သူ့ဟန်က ကျွန်တော်တို့အားကူးစက်ကာ စိတ်လက်များ ပေါ့ပါးရပါသည်။

မြို့နယ်စု ဥက္ကဋ္ဌကြီးအား တစ်လက်စတည်း နှုတ်ဆက်ကာ ယင်းနေ့ည သုံးနာရီခန့်တွင် ရွှေဘိုမြို့မှအပြန်ခရီးကို နှင်ခဲ့ကြပါ၏။ နှစ်ရက်နှင့်တစ်ညဆိုသော သုံးဆယ့်ခြောက်နာရီ အတွေ့အကြုံများက ကမ္ဘာတစ်ခုနှယ် ရှည်ကြာလွန်းသည် ထင်ရပါသည်။

ဘဝ၌ မရင်းနှီး၊ မယဉ်ပါးခဲ့ဘူးသော ဂမ္ဘီရအဖြစ်ဆန်းများက ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရသည်မို့လည်း ပရလောကနယ်ကို မျက်နှာမူခွင့်ရခဲ့ရပါသည်။

သည်အတွေ့အကြုံများကို စနစ်တကျ အစီအရီသီကုံးကာ ကျွန်တော့်ဆရာ ညွှန်မှူးကြီးအား တင်ပြရပါဦးမည်။ ကျွန်တော့်သားမြေးအစုအစဉ်အတွက်လည်း မှတ်တမ်းပြုစရာ မော်ကွန်းလေးတစ်ခုတော့ ထုဆစ်နိုင်ခဲ့ပြီမို့ ရင်မှာတသိမ့်သိမ့် ကြည်နူးရပါသည်။

♛ ♛ ♛ ♛ ♛

(၉)

မကြာမတင်မီကာလအတွင်း ကျွန်တော်တို့၏ အစီအရင်ခံစာနှင့် အချက်အလက်အထောက်အထားများကို အထက်ဌာန အသီးသီးနှင့် ညှိနှိုင်းကြပါ၏။ ယခင်ကပင် စုဆောင်းရှိနှင့်ပြီးသော ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ဆရာဦးဝင်းမောင်(တမ္ပဝတီ)၊ ဆရာကြီးဦးအောင်ကြိုင်(ရှေးဟောင်းသုတေသန)တို့၏ အထောက်အထားအကိုးအကားများ၊ ရှေးဟောင်းပေ ပုရပိုက်များနှင့် တိုက်ဆိုင်ကာ အထပ်ထပ်စိစစ်ညှိနှိုင်း လေ့လာဆန်းစစ်ကြသည်ဟု သိရပါသည်။

ကျွန်တော်နှင့် ကျွန်တော့်အဖွဲ့ကား (၁-၁၂-၉၁) မှ (၂၉-၁၂-၉၁)အထိ ရက်ပေါင်း(၂၈)ရက်ဖြင့် ''အဂ္ဂပဒေသ''အောင်မြေတော်မြတ်ကို ရွှေဘိုအကျဉ်းထောင် အုတ်နံရံကြီးအား ဖြိုဖျက်လျက် အကျဉ်းဝင်းအပြင် ထုတ်ခဲ့ရပါ၏။

ထောင်အုတ်နံရံကို အသစ်ပြန်လည် တည်ဆောက်ခြင်း၊ မိန်းမထောင်ဟောင်းအား စနစ်တကျဖျက်သိမ်းခြင်း၊ အောင်မြေတော်မြတ်ကို သဲဖြူခင်းရာဇမတ်ကာ၍ သုံးပေအမြင့် အုတ်တံတိုင်းပတ်လည်ကာခြင်းလုပ်ငန်းများကို နေ့ညမနားဆောင်ရွက်ခဲ့ရပါသည်။

(ကုသိုလ်ကံအခွင့်ကြုံ၍ မြန်မာ့မော်ကွန်းတွင် ပါဝင်ထိုက်သော အောင်မြေတော်မြတ် မြေသန့်မင်္ဂလာပြုခြင်း လုပ်ငန်းနှင့်ကြုံတွေ့ခဲ့ရသော အံ့သြဘနန်းဂမ္ဘီရဖြစ်ရပ်များကိုလည်း ဆက်လက်တင်ပြပါဦးမည်။)

ယခုမူ ''အဂ္ဂပဒေသ''အောင်မြေတော်မြတ်နေရာတွင် ဉာဏ်တော်(၂၇)ပေရှိ စေတီတစ်ဆူကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့နိုင်ပါပြီ။ ရွှေဘိုမြို့သူ မြို့သားတို့ ဝင့်ကြွားဂုဏ်ယူကာ ဒည့်ခံစရာ ''ရွှေဘုံရတနာနန်းတော်ကြီးလည်း'' ဝင့်ဝင့်ကြွားကြွားတည်နေပါပြီ။ အကျဉ်းထောင်ကြီးကိုလည်း ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးဘေး၊ ရွှေဘိုမြို့အထွက် တမာတန်းအနီးတွင် ပြောင်းရွှေ့တည်ဆောက်ပြီးခဲ့ပါပြီ။ အပေါဝတာ၊ ကောင်းစွ။

♛ ♛ ♛ ♛ ♛

(၁၀)

ကြုံဖူး၍လည်း ဂမ္ဘီရနယ်အဖျားအနားကို နင်းလျှောက်ခွင့်ရခဲ့ပါသည်။ အရွက်အနွယ်တို့ဖြင့် ဖုံးအုပ်တိမ်ကောအံ့သော အရိုးအစဉ်ကိုလည်း ထောက်မိရုံမျှ လမ်းစရှာဖွေပေးနိုင်ခဲ့ပါသည်။ ကြုံခဲ့သော ဤကုသိုလ်အဖို့ကိုမူ ဝံသာနုရက္ခိတ အခြေခံရင့်သန်နိုင်မာသော လုလင်ငယ်သွေးတို့အတွက် ချန်ထားရစ်ခဲ့ချင်ပါသည်။

''ဂမ္ဘီရအောင်မြေ'' မှသည် . . . ။

♛ ♛ ♛ ♛ ♛

လေးစားလျက်

ဇေယျမင်းချင်



# နွေ၏အလွန်

(၁)

လူဆိုတာ စွဲမိစွဲရာစွဲတတ်သော အမျိုးဖြစ်သည်။ ပင်ကိုဇာတိစိတ်ကပင် အဖော်မင်လွန်းလှသည်။ အထီးတည်းမနေတတ်၊ မနေချင်။ သံယောဇဉ်လွန်းပျံ့ခတ်၍ သမုဒယနွယ်မျှင်များဖြင့် ထာဝရရက်ရှယ်ရှုပ်ထွေးနေတတ်သော သတ္တဝါကိုပင် လူဟုဆိုရမည်လေလား။ ဘုရားရှင်ကတော့ "သမုဒယ"ဟု အတပ်ဟောခဲ့၊ ဆုံးမခဲ့သည်။

တွယ်ချည်နှောင်ဖွဲ့တတ်လွန်းသော သည်သမုဒယကိုပင် "မေတ္တာ"ဟု ထင်ယောင်မှားတတ်လိုက်သေးသည်။ သံယောဇဉ်ဟု ထင်ယောင်ပိုးဝါး တံလျှပ်ရေရိပ်များကို မျှော်လင့်တကြီး ငေးနေရင်း နွေအပူနေပူထဲ ရပ်ရတာအားရှိလှသည်။

နွေလွန်လျှင် . . . တံလျှပ်ရေရိပ်တို့ ပျောက်ကွယ်မြဲ။ တကယ်

စစ်မှန်အေးမြသော မိုးရေချိုချိုကို သောက်ချိုးရမြဲ။ သို့ငြား နွေမလွန်မီ သမုဒယအပူလှိုင်းတို့က မေတ္တာအယောင်ဆောင်၍ သိင်္ဂါရသီချင်း ဆိုညည်းနေချိန်မှာဖြင့် စွဲမိစွဲရာ၌ ရစ်ပတ်နှောင်ဖွဲ့ သံယောဇဉ် ချဲ့တတ်စမြဲ။

နွေ၏ အလွန်၌မူ ... နွေ၏အလွန်။

♛♛♛♛♛

(၂)

သူ့လောက် ရိုးသားအေးဆေးလွန်းသူတစ်ယောက် ကြိုးသမားအဖြစ် သေဒဏ်ကျလာသည်မှာ တကယ်တော့ အံ့ဩဖို့ကောင်းသည်။

တည်ကြည်ဖြောင့်မတ်သော၊ နူတ်နည်းလွန်းသော၊ စိတ်အနေဖြူစင်လွန်းသော၊ သူတစ်ပါး အနေခက်လောက်အောင် အားနာတတ်လွန်းသော၊ ရတနာသုံးပါး၌ ကိုင်းရှိုင်းရိုသေတတ်လွန်းသော တောနေလယ်သမား လူရိုးတစ်ယောက်က လူနှစ်ယောက်ကိုသတ်၍ သေဒဏ်ကျခံခဲ့ရပါသည်ဆိုသည်မှာ နိစ္စဓူဝ သူနှင့်တွေ့ကြုံဆက်ဆံ အုပ်ထိန်းနေရသူတစ်ဦးအဖို့ ယုံကြည်ရန်ပင် ခက်လွန်းလှသည်။

ကျွန်တော့်ဘဝ ငယ်နုစဉ် ထောင်မှူးကလေးဘဝက ၁၉၉၀

ဝန်းကျင်တွင် မန္တလေး ဗဟိုအကျဉ်းထောင်ကြီး၏ ကြိုးတိုက်ထောင်မှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က တွေ့ခဲ့ရသော "သေဒဏ်ကျ အကျဉ်းသား ကိုစိုးတင့်" ကို နေ့တိုင်းသတိတရရှိနေဆဲ။ အကြောင်း တိုက်ဆိုင်မှုလေးများကြုံလာတိုင်း သူ့ကိုဖျတ်ခနဲ သတိရမိတတ်ဆဲ။

အထူးသဖြင့် မေတ္တာလွန်၍ သောက၊ ဒေါသအပူဖြင့် လောင်မြိုက်ကာ ထင်မိထင်ရာ တစ်ဆုံးတစ်စ လုပ်ပစ်တတ်သူတစ်ဦး ဦးကို တွေ့လိုက်တိုင်း ကျွန်တော်ရင်းနှီး ကျွမ်းဝင်ခဲ့ဖူးသော ကြိုးသမား ကိုစိုးတင့်၊ ခိုဖြူကလေးတစ်ကောင်၊ လူမိုက်ပြူးကျယ်နှင့် ယင်းတို့သုံးဦး ၏ ထောင်ထဲကဇာတ်လမ်းကလေးကို မနေ့တစ်နေ့က ဖြစ်ခဲ့သလိုပင် ရင်ထဲ၌အသစ်ဖြစ်၍ဖြစ်၍ လာတတ်ချင်သေးသည်။

သိင်္ဂါရသီချင်း။ သံယောဇဉ်တေးသံ။ ရန်လိုမုန်းတီးမှု။ ရက် ရက်စက်စက် လူသတ်ရန် ကြံစည်မှု။ ဘယ်လိုမှ ယှဉ်တွဲဆက်စပ်စရာ မကောင်းလှသည့် အကြောင်းတရားများနှင့် ဖွဲ့စည်းသော သည်ဇာတ် လမ်းကလေးက မန္တလေးဗဟိုအကျဉ်းထောင်အမှတ်(၁) ကြိုးတိုက် အခန်း(၁၃)၌ တကယ်ဖြစ်ခဲ့ဖူးပါသည်။

ကြာတော့ ကြာခဲ့ပါပြီ။ ၁၉၉၀ ပြည့်နှစ်ဆီကဆိုတော့ အနှစ် နှစ်ဆယ်ခန့်ရှိပြီပေါ့။

♛ ♛ ♛ ♛ ♛

## (၃)

ထောင်မှူးပေါက်စဘဝဖြင့် မန္တလေးဗဟို အကျဉ်းထောင်သို့ ၁၉၈၉ ခု၊ ဇူလိုင်လတွင် ကျွန်တော်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရသည်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် နောင်ရိုးကြံစိုက်ပျိုးရေးစခန်းမှာပင် (၁၁)နှစ်ကျော် စာရေးကလေးဘဝ၊ စာရေးကြီးဘဝ၊ ထောင်မှူးဘဝ သုံးဘဝပြောင်း၍ နေခဲ့ရသည်။

ဒေါနတောင်တန်း၏ မှိုင်းမှိုင်းညို့ညို့ တောင်စဉ်တောင်တန်းများ နောက်ခံတွင် ဧက(၃၇၀၀)ကျော် ကျယ်ဝန်းလှသည့် စိမ်းမြမြကြံစိုက်ခင်းကြီးများအလယ်၌ ပျော်ရွှင်နှစ်ခြိုက်စွာ တာဝန်ထမ်းဆောင်ခဲ့ရသည်မှာ (၁၀)နှစ်ဆိုသောအချိန်ပင် ခဏကလေးထင်ရလောက်အောင် တိုတောင်းလွန်းစွာ ကုန်ခဲ့သည်။ တောမှာမွေး၊ တောမှာကြီး၊ တောကြက်၊ တောငှက်သဖွယ် အနေကြာခဲ့၍ မန္တလေးလို နန်းမြို့တော်ကြီးမှ တကယ့်အဓိပတိ ဗဟိုအကျဉ်းထောင်ကြီးမှာ တာဝန်ထမ်းဖို့ဆိုတာ သွေးမရဲစရာ။ အလိုလို စိုးရွံ့နေမိသည်။

အကျဉ်းဦးစီးဌာန လက်အောက်တွင် အကျဉ်းထောင်နှင့် အလုပ်စခန်းဟု တာဝန်ထမ်းဆောင်ရာ ဌာနနှစ်ရပ်ရှိရာ အလုပ်သဘာဝချင်းကမတူ။ ထောင်ဆိုသည်မှာ ထောင်ဆိုသည့်အတိုင်း အရာရာစည်းမျဉ်း၊ စည်းကမ်းတိတိကျကျ။ ဝန်ထမ်းရော၊ အကျဉ်းသားရော

၁၈ ပေအမြင့်ရှိသည့် အုတ်တံတိုင်းကာ နံရံကြီးအတွင်း အသက်ရှူမဝ လောက်အောင် ပိတ်လှောင်လွန်းသည့်နေရာ။

အလုပ်စခန်းဆိုသည်က ဘယ်မြို့၊ ဘယ်ရွာမှာဖြစ်ဖြစ် အပြင်လေရှူပြီး လွတ်လွတ်လပ်လပ်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ငန်းနှင့် လုံခြုံရေးကို မထိပါးသရွေ့ ခေတ်ကာလနှင့် မဆီလျော်တော့သော အချို့ထောင်စည်းကမ်းများကို မသိကျိုးကျွန်ပြု၍ ရတတ်သည်။ ထောင်လိုတော့ မတင်းကျပ်။

ထို့ကြောင့်ပင် ကျွန်တော်တို့လို နယ်အလုပ် စခန်းများတွင်ပင် တစ်ဆက်တည်း နှစ်ကာလကြာရှည် တာဝန်ထမ်းဆောင်ခဲ့သူ အရာရှိဝန်ထမ်းများသည် အကျဉ်းထောင်သို့ ပြောင်းရမည့် အမိန့်စာရကတည်းက မြစ်ထဲချောင်းထဲမှ ပျော်မြူးစွာကူးခတ်နေသော ငါးကလေး၊ ဖားကလေးများကို ရေခွက်ငယ်တစ်ခုထဲ ဖမ်းယူထည့်ထားခြင်းခံရသလို စိတ်ရောကိုယ်ပါ ကျဉ်းကျပ်သွားရတတ်သည်။

သို့တစေ၊ တော်ပါသေးသည်။

ထိုအချိန်က မန္တလေးဗဟိုအကျဉ်းထောင်ကြီး၏ တာဝန်ခံအရာရှိ ထောင်ပိုင်အဆင့်(၂)၊ (ယခု အခေါ်အဝေါ်တော့ ဒုတိယ ညွှန်ကြားရေးမှူးတဲ့) ဦးသန်းစိန်(ကုလားကြီး)က လွန်ခဲ့သော (၂)နှစ်ကျော်ခန့်ကမှ နောင်ရိုးစခန်းမှ မန္တလေးဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့သွားရသူ ကျွန်တော့်ဆရာအရင်း။ ထောင်ပိုင်ကြီးသမီး ရီရီစိန်၊ ယုယုစိန်၊ သီတာစိန်တို့က ကျွန်တော့်တူမကလေးများ၊ ညီမလေးများသဖွယ် လက်ပွန်းတတီး ပြုစုစောင့်ရှောက်ခဲ့ရသည့် မိသားစုများဖြစ်သည်။

အငယ်ဆုံးမ သီတာစိန်ဆိုလျှင် ကျွန်တော့်လက်ပေါ်တွင် ပင်ကြီး။ ကျွန်တော်ပင် စာသင်စာပြ။ ညီမထွေးကလေးနှယ် သံယောဇဉ်

တွယ်ခဲ့၊ သံယောဇဉ်ကြီးရသည်။ ထောင်ပိုင်ကြီးဇနီး အန်တီကြီးကလည်း ကျွန်တော့်အပေါ် မိခင်ကြီးပမာ သံယောဇဉ်ကြီးရှာသည်။

သည်အခံကလေးရှိနေတော့ မျက်စိသင်ယ်နှင့် မန္တလေးရွှေမြို့တော်ပြောင်းရွှေ့ခဲ့ရသော တောသားကျွန်တော် ထင်ထားသလောက် အနေအစား မကျပ်ခဲ့ရပါ။

စခန်းမှာရှိနေစဉ် အတူတာဝန် ထမ်းဆောင်စဉ်တည်းကပင် ထောင်ပိုင်ကြီး၏ပီအေ (Personal Assistant) သဖွယ် အလုပ်စခန်း၏ နောက်တန်းလုံခြုံရေး စားဖိုမှူးကြီးနှင့် နောက်တန်းအုပ်ချုပ်ရေး တပ်ခွဲ၏ တပ်ခွဲမှူးအဖြစ် (၄)နှစ်နီးပါးခန့် အတူတာဝန် ထမ်းဆောင်ခဲ့ဖူးသဖြင့် ထောင်ပိုင်ကြီးကလည်း ကြည့်ရှုစောင့်ရှောက်ပါသည်။

''နန်းဧရာ''အရာရှိ ရိပ်သာတွင် (V.I.P) အခန်း(၁)ခန်း ပေးထားကာ ထောင်ပိုင်ကြီးအိမ်ပေါ်၌ မိသားစုနှင့်အတူ ထမင်းစား၍ မန္တလေးထောင်ရှိ လုပ်ငန်းတာဝန် (Section)များအနက် နှစ်သက်ရာ တစ်ခုခုကို ကိုယ်တိုင်ရွေးချယ်ရန်ပင် အခွင့်ပြုခဲ့သည်။

သို့ဖြင့် ထောင်လုပ်ငန်းတာဝန်များအနက် မည်သူမျှ မလုပ်ချင်၊ ရှောင်ကွင်းကြသော ''ကြိုးတိုက်ထောင်မှူး''တာဝန်ကို ကျွန်တော် ကျေကျေနပ်နပ် ရွေးချယ်ခဲ့သည်။

ထောင်ပိုင်ကြီးက အံ့အားသင့်၍ တားမြစ်ခဲ့သေးသည်။ ဟုတ်ပ။ အကျဉ်းထောင်တွင် နေရချောင်၊ စားရချောင် ကြော့ကြော့မော့မော့ ပပလွှားလွှား လူလုံးပြကောင်းသည့် Show Job တွေ တစ်ပုံတစ်ပင် ရှိသည့်အနက် အလွန်တာဝန်ကြီး၊ အလွန်အလုပ်များ၊ ဘယ်တော့မျှ မျက်နှာကောင်းမရလောက်အောင် ပြဿနာများလွန်းသည့် ကြိုးတိုက်ထောင်မှူးကိုမှလုပ်ချင်၍ ရွေးခဲ့သူတပည့်ကျော်ကို ထောင်ပိုင်ကြီး နားမလည်နိုင်ခဲ့။

သို့တစေ ကျွန်တော်က ကိုယ့်အကြောင်းနှင့်ကိုယ်ဖြစ်သည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ်။ ထို့ကြောင့် ''ကြိုးတိုက်ထောင်မှူး'' တာဝန် ကိုပင် လိုလိုချင်ချင်တခုတ်တရ တောင်းခံတင်ပြခဲ့ခြင်း ဖြစ်သည်။ သည်လိုပါ။

ကျွန်တော်က သည့်ဗဟို အကျဉ်းထောင်ကြီးတွင် အတွေ့ အကြုံ နုနယ်လှစွာ အစိမ်းသက်သက် တိုးဝင်ခဲ့ရသူ။ ထောင်အတွေ့ အကြုံ၊ ထောင်ပညာ၊ ထောင်သမ္မာ နတ္ထိ။ ကိုယ်အုပ်ချုပ်ရမည့် အကျဉ်းသား၊ အချုပ်သားများက ကိုယ့်ထက်ပို၍ထောင်တွင် ချိုးကပ် နေသူတွေ၊ ထောင်စာ၊ ထောင်သမ္မာရင့်နေသူတွေ။ လက်ရည်ချင်း ယှဉ်၍ မရနိုင်သေး။

ကျွန်တော့်မှာ ထောင်ကြီးဆီက သင်ယူလေ့လာစရာတွေ အများကြီး ရှိသေးသည်။ ထောင်လားမြောက်ဖို့ အချိန်ယူရဦးမည်။ ကြီးကြီးကျယ်ကျယ် တာဝန်ကြီးတွေတောင်းပြီးခါမှ ဖင်မနိုင်၊ ခေါင်း မနိုင် ကယ်ပါယူပါ မဖြစ်စေချင်။

ပညာသင်ကာလတွင် ထောင်ဆရာကြီးတွေကို ရှောင်ရမည်။ ပြီးတော့ ကျွန်တော့်မှာ တွယ်ကပ်နေသော စာပေပိုးက ရှိသေးသည်။ အချိန်ကလေးရတုန်း၊ အခြေအနေကလေးပေးတုန်း သေဒဏ်ကျအကျဉ်း သား(ဝါ)ကြိုးသမားတို့၏ဘဝကို ထဲထဲဝင်ဝင် စေ့ငုကြည့်ချင်သည်။

တစ်သက်တစ်ခါ လူဖြစ်လာရသည့် သည်ဘဝတွင် ၁၀ပေ၊ ပေ၂၀ပတ်လည် အုတ်တိုက်အခန်းကလေးအတွင်း နေ့နေ့ညညနေ၍ ကြိုးပေးအသတ်ခံရမည့်၊ ကိုယ်သေရမည့်ရက်ကို ထမင်းစားရင်း စောင့်နေကြရသူတို့၏ တကယ့်လက်တွေ့ဘဝ၊ ရင်ထဲနှလုံးသားထဲက ခံစားချက်ကို နီးနီးကပ်ကပ် ဝေလလာကြည့်ချင်သည်။ စာနာကြည့် ချင်သည်။

---

စိတ်ကူးသစ်စာပေ

သူတို့ဘာဖြစ်ခဲ့ကြသလဲ။ သူတို့ဘယ်လိုနေကြသလဲ။ သူတို့ ဘယ်လိုခံစားကြသလဲ။ နောက်ဆုံး သူတို့ဘာဖြစ်သွားကြသလဲ။ ကြို တောင့်ကြိုခဲတွေ့ရတုန်း ပွန်းပွန်းတီးတီး၊ ကျွမ်းကျွမ်းဝင်ဝင် နေကြည့် ချင်သည်။ သို့ဖြင့် . . .၊ ကိုင်းလုပ်လိုက်ပေါ့ ''ကြိုးတိုက်ထောင်မှူး''

သည်မှာတွင် သူတို့နှင့် တွေ့ရသည်။

♛ ♛ ♛ ♛ ♛

(၄)

မန္တလေး ဗဟိုအကျဉ်းထောင်ကြီး(ထောင်ဟောင်း)တွင် အရေး ကြီးအကျဉ်းသား၊ အချုပ်သားများထားရှိ ထိန်းသိမ်းသော အဓိက တိုက်ကြီး (၃)ခုရှိသည်။ (၁)တိုက်၊ (၂)တိုက်၊ (၃)တိုက်။ (၁)တိုက်တွင် ကြိုးသမားများ(ဝါ) သေဒဏ်ကျအကျဉ်းသားများ ထားရှိထိန်းသိမ်းသည်။

(၂)တိုက်တွင် နှစ်(၃၀)အထက် နှစ်ကြီးအကျဉ်းသားများကို ထားရှိထိန်းသိမ်းသည်။ (၃)တိုက်၌ လုံခြုံရေးအရ သီးခြားထိန်းသိမ်း ထားရှိရန် ညွှန်ကြားခြင်းခံရသူ၊ အကျဉ်းထောင်စည်းကမ်းဖောက်ဖျက်၍ တိုက်ပိတ်ပြစ်ဒဏ် ကျခံရသူနှင့် အကျဉ်းထောင်လုံခြုံရေး၊ စည်းကမ်း ထိန်းသိမ်းရေးကို ထိပါးမည်ဟုယူဆရသည့် အကျဉ်းသား၊ အချုပ်သား များကို တစ်သီးတစ်သန့် ခွဲထားရှိသည်။

---

စိတ်ကူးသစ်စာပေ

လှေကြီးပေါ်တွင် လှေငယ်တင်ခြင်း မဟုတ်။ ထောင်ကြီးထဲက ပိုမိုကျဉ်းကျပ်သည့် နောက်ထပ်သီးသန့် ထောင်ကလေးများဟုသာ ဆိုကြပါစို့။

၁၉၉၀ ပြည့်နှစ်ခန့်က ကျွန်တော်တာဝန်ယူရသော အမှတ်(၁) တိုက်၊ ကြိုးတိုက်တွင် သေဒဏ်ကျကြိုးသမား တော်တော်လေးများ သည်။ မန္တလေး အကျဉ်းထောင်သမိုင်းတွင် တွေ့ဖူးကြုံဖူးသမျှ၌ အများ ဆုံးဟုပင် ရှေ့မီနောက်မီဆရာသမားများက ပြောကြသည်။

၁၉၈၈ တိုင်းဆူပြည်ပျက် အရေးအခင်းကြီးကလည်းပြီးစ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရ တက်လာ၍ တိုင်းပြည်အား တည်ငြိမ်အေးချမ်းအောင် အင်တိုက်အား တိုက် တည်ဆောက်ဆဲကာလ။

အရေးအခင်းကာလ ခေတ်ဆိုးကြီးအတွင်းက ထင်သလို သောင်းကျန်းမင်းမူခဲ့ကြသော ဆူပူဆန္ဒပြသူများ၊ တောကြောင်များ၊ ဝေလေလေခုတ်ခွာများကို ဖိဖိစီးစီးဖော်ထုတ်စစ်ဆေး၍ နှိမ်နင်းနေဆဲ ကာလ။

တရားစီရင်မှုအာဏာကို အထူးစစ်ခုံရုံးများ ဖွဲ့စည်း၍ မှန်မှန် ကန်ကန် မြန်မြန်ဆန်ဆန် စစ်ဆေးစီရင်နေဆဲကာလ။ သည်ကာလ အတွင်း အကြောင်းကြောင်းသော အကြောင်းများကို အကြောင်းပြုပြီး ကျလာလိုက်သည့် သေဒဏ်၊ ကြိုးဒဏ်သမားတွေ။

ကျွန်တော် ကြိုးတိုက်ထောင်မှူး အလုပ်တာဝန်ကို ထောင်မှူး ဦးထွန်းဟန်ထံမှ လွှဲပြောင်းလက်ခံရယူချိန်တွင် သေဒဏ်ကျ အကျဉ်း သား(၅၁)ဦး ရှိသည်။

ကျွန်တော် တာဝန်ထမ်းဆောင်ချိန်တွင် လက်ခံရရှိ ထိန်းသိမ်း ခဲ့ရသည်မှာ (၃)ဦး၊ စုစုပေါင်း (၅၄)ဦးတောင် ရှိခဲ့သည်။ အလားတူပင်

အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးနှင့် (က)အဆင့် အကျဉ်းထောင်ကြီး (၁၉)ထောင်တွင် လက်ခံထိန်းသိမ်းခဲ့ရသူ သေဒဏ်အကျဉ်းသား များပြား လွန်းလှကြောင်း ကြားသိနေရပါ၏။

(၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ(၁)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်–၁/၉၃ ဖြင့် နိုင်ငံတော်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ကာ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုခဲ့၍ မြန်မာတစ်ပြည်လုံး သေဒဏ်အကျဉ်းသားများ အားလုံး အသက်ဘေးမှ ကင်းဝေးကာ တစ်သက်တစ်ကျွန်းပြစ်ဒဏ် အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၂၅)နှစ်စီ ပြောင်းလဲကျခံခဲ့ကြရပါသည်။ ယခုအချိန်တွင်မူ ပြစ်ဒဏ်ကာလ စေ့ရောက်လွတ်သွားကြပါပြီ။ အဆိုပါ အကျဉ်းသား(၅၄)ဦးစလုံး အကျဉ်းထောင်အတွင်း မရှိကြတော့ပါ။ ပြင်ပ လူ့အဖွဲ့အစည်းတွင် သာမန်ပြည်သူများနှယ် ကျင်လည်နေကြပါပြီ)

ကြိုးတိုက်ရှိ သေဒဏ်ကျအကျဉ်းသားများမှာ နှစ်စုကွဲနေသည်။ ၁၉၈၈ မတိုင်မီက ရောက်နှင့်နေသည့် လူဟောင်း (၁၉)ယောက်အုပ်စုနှင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း အရေးအခင်းနှင့် ဆက်နွယ်သော အပြစ်မှုများဖြင့် ရောက်ရှိလာသည့် လူဟောင်း(၃၂)ယောက်အုပ်စုတို့ ဖြစ်ကြသည်။

လူဟောင်းအုပ်စုမှာ ကျွန်တော် ထောင်မှူးမဖြစ်မီ တပ်သား ကလေးဘဝ ၁၉၇၉ ခုနှစ်ကတည်းက ကြိုးတိုက်တွင် ရောက်နှင့်နေသူ တွေပင်ပါသည်။ ရွှေဘိုက အဘဦးအေးဖေ၊ အဘမိုး၊ ကိုရန်နိုင်၊ ချင်းပြည် နယ်ဟားခါးက ဒိုကပ်နှင့်အဖွဲ့၊ ကလေးတမူးဘက်က ဓားပြလူသတ်အဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်မှူးချုပ် အယ်လ်ကွန်ဖန်ကို လုပ်ကြံခဲ့သည် ၎င်း၏တူအရင်း ဇော်ဆိုင်းနှင့်ပီတာ၊ ကျောက်ဆည်က သုံးလောင်းပြိုင် လူသတ်မှုဖြင့်ကျလာသည့် ဟိန္ဒူကုလားကလေး လားရယ် ဗဟာဒူးတို့၊ ညီအစ်ကို၊ ခင်ဦးကအဘဦးညီပု၊ ကောလင်းဝန်းသိုက

မုဒိမ်းလူသတ်အလောင်း ဖျောက်လှမောင်၊ ပြီးတော့ ပုသိမ်ကြီးက လူသတ်မှုဖြင့်ကျလာသည့် တပ်ကြပ်ကြီးစိုးတင့်စသည့် စသည်လူဟောင်း (၁၉)ဦးက ကြိုးတိုက်တွင် အနေကြာလူဟောင်းများပီပီ ပုံစံကျလာသည်။ စည်းကမ်းရှိသည်။ သေဝပ်သည်။ အနေအေး၍ အချင်းချင်းညီညွတ် စည်းလုံးကြသည်။ လူသစ်အဖွဲ့ကမူ အရေးအခင်းကာလ ဥပဒေမဲ့ ချိန်တွင် တဒင်္ဂမိုလ်ကျ မင်းမူခဲ့ဖူးသည့် စရိုက်ဆိုးနှင့် နိုင်ငံရေးသမား ယောင်ယောင်၊ တိုင်းပြည်နှင့်လူမျိုးအတွက်ပဲ အသက်ပေးလာခဲ့ သယောင်ယောင်၊ ထောင့်မကျိုးသည့် ဉာဉ်ကလေးတွေ ကိုယ်စီနှင့်အပြင် အချင်းချင်းကလည်း မတည့်ကြ။

အမှတ်(၁)တိုက်တွင် အခန်း(၂၀)ရှိရာ အကျဉ်းသားများကို နှစ်ဦးတစ်တွဲ၊ သုံးဦးတစ်တွဲ အလှည့်ကျမကြာခဏ ပြောင်းတွဲပေးနေရာ ချထားပေးရာ လူသစ်အဖွဲ့က အချင်းချင်းလည်းမတည့်။ လူဟောင်း များနှင့်လည်း အဆင်မပြေ။ တော်တော်ဂဂျီဂချောင်ကျ၍ ထိန်းရအုပ်ရ ခက်လှသည်။

လူဟောင်းကြိုးသမားအဖွဲ့များက တကယ်လုပ်ရဲကိုင်ရဲ၊ လက်စ လက်နရှိပြီး ပြစ်မှုကိုအဟုတ်သတ်၊ အဟုတ်ကျလာသူတွေမို့ ထိပ်တိုက် ရင်မဆိုင်ရဲ။ တော့တော့ဆိုင်ဆိုင် မငြိုဝံ့ကြသော်လည်း မကြားနိုးနား ထိကပါးရိကပါး လုပ်တတ်ကြ၍ လူဟောင်းလူသစ် ခဏတိုင်း စကား များတတ်ကြ၊ တိုင်ကြတောကြ ဖြေရှင်းရတတ်သည်။

ပြဿနာက အဲသည်ကစသည်။

♛ ♛ ♛ ♛ ♛

(၅)

ပြဿနာက ပြူးကျယ် (ခေါ်) တင့်လွင်က စသည်။ တိတိကျကျပြောကြစို့ဆိုလျှင် ပြူးကျယ်သည် ကျွန်တော်တို့အညာက ရေပုံးဆယ်သည့် ရေပုံးချိတ်လို လူစားမျိုးဖြစ်သည်။

ကျွန်တော်တို့ အညာဒေသ မိုးခေါင်ရေရှားအရပ်မှာ အားကိုးရသော ရေတွင်းများက အနက်ပေရှစ်ဆယ်တစ်ရာနက်သည့် တကယ့်ရေတွင်းကြီးများ ဖြစ်သည်။ နက်လိုက်သည်မှာ ဝိခေါ်လို့နေသည်။ တွင်းဝက ငုံ့ကြည့်၍ပင် တွင်းခြေကို မမြင်နိုင်။

သည်ရေတွင်းထဲ ရေငင်သည့် ရေပုံးကြိုးပြတ်ကျသွား၍များဖြင့် ချက်ချင်းဆယ်ဖို့မလွယ်။ ပစ်သာထားလိုက်ပေဦးတော့။ ရေပုံးကျသူလေးငါးခြောက်ဦးရှိပြီဆိုမှ ရေပုံးချိတ်ကို ကြိုးထိပ်မှချည်၊ ကျသောရေပုံးများကို တွင်းခြေတွင် မွှေနှောက်ရှာဖွေပြီး ပြန်ဆယ်ယူရသည်။

တစ်ပုံးပြုတ်ကျ တစ်ခါဆယ်ဆိုလျှင် ရေတွင်းထဲက သည်ရေနည်းနည်းကို အဘယ်မှာ သုံးနိုင်မည်လဲ။ နောက်ကျိနေတော့မည်။ သည်တော့ တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါမှ ရေပုံးတစ်ခါဆယ်ရသည်။ ထိုသို့ ဆယ်ရာတွင်လည်း အလုပ်ပြီးအလုပ်တွင်ဖို့ ရေပုံးချိတ်ကို သံချိတ်ငါးချောင်းခန့်ပူးချည်ပြီး စပါယ်ရှယ်လုပ်ထားရသည်။

ကိုယ့်ပုံးဆယ်ရင်းနှင့် သံချိတ်တွင် အခြားသူများပုံးတွေ ငြိပါ

လာတတ်သည်။ သူများပုံးဆယ်ရင်း ကိုယ့်ပုံးငြိပါလာလို့ ကိုယ်တိုင် မဆယ်ရဘဲ ပုံးပြန်ရခဲ့တာလည်းရှိသည်။ ရနိုင်ပါသည်ကော။ ရေပုံး ဆယ်သည့်ချိတ်က လေးငါးခြောက်ခု ပူးချည်ထားသည့် ရှယ်ချိတ်လေ။

ရေတွင်းအခြေသို့ချ၍ တစ်ချက်နှစ်ချက်လောက် လှည့်ပတ် မွှေလိုက်၊ ဆွဲလိုက်သည်နှင့် ပုံးကတော့ မငြိမရှိ။ ငြိပြီးချိတ်ပြီးသား။ ပြူးကျယ်က ထိုသို့ အညာရေပုံးဆယ်သည့် ချိတ်မျိုး။ သူများကငြိငြိ မငြိငြိ သူကလိုက်ငြိတတ်သူ။ ဘယ်သူရယ် ဘယ်ဝါရယ် လူမရွေး၊ တွေ့သည်နှင့် ခဏတွေ့၊ ခဏငြိသူ။

သေဒဏ်ကျလာခဲ့ပုံကိုက မလည်ရှုပ်အမှိုက်ပွေ့တတ်သူမို့ ကိုယ်မသိ၊ ကိုယ်မသတ်သည့်အမှုတွင် ဓားခုတ်ရာလက်လျှိုမိပြီး အကြောင်းဆိုးလာခဲ့သည်ဟု ဆိုရပါမည်။ သေဒဏ်ကျလာသော ''ဓားပြ ချိုထွန်း''နှင့် မိုက်ဂုဏ်ချင်းပြိုင်ကာ ပြဿနာများလွန်းလှသည်။

လူတွေထက်ပိုမိုက်၍ ကတုံးတုံးထားသည် ဆိုသကိုး။ ကြွေး ကြော် လိုက်သေးသည်။ သေဒဏ်ကျပြီးမှ ဘုရားဝတ်ပြု ပုတီးစိပ်ခြင်း၊ ဗုဒ္ဓဂါရဝအမှု၊ ရတနာသုံးပါး နုဿတိပွားများမှုများကိုပင် အပိုအလုပ် တွေဟု မိုက်မိုက်ကန်းကန်း နှုတ်ထွက်ရဲလိုက်သေးသည်။ သူနှင့်တစ်ခန်း တည်း အတူတွဲနေလိုသူမရှိ။ သူ့ကို မေတ္တာရှိသူလည်း နတ္ထိ။ သူက သံယောဇဉ်ထားသူလည်း မတွေ့မမြင်။ ကြိုးတိုက်ခန်းမှာ တကယ့် ပြဿနာဦးခေါင်းကြီးလို ဖြစ်နေတော့သည်။

တစ်နေ့သ၌ . . . ။

♛ ♛ ♛ ♛ ♛

(၆)

''ဆရာထောင်မှူး . . . ဆရာထောင်မှူး။ ခဏထစမ်းပါဦး။ (၁)တိုက်ဘက်က မီးခိုးတွေထွက်နေတယ်။ လိုက်ကြည့်ပေးစမ်းပါဦး''

တာဝန်ကြပ်၊ တပ်ကြပ်ဆရာသန်းမောင်၏ အသံကိုကြား၍ အိပ်ရာမှ ခပ်သွက်သွက်ထကာ လက်နှိပ်မီးကိုကိုင်၍ ဘူးဝတံခါးဆီ အပြေးတစ်ပိုင်းထွက်လာမိ၏။ ထိုနေ့ညက ထောင်မကြီးတွင် ကျွန်တော် တာဝန်မှူးကျသည်။ သီးသန့်ထောင်တွင် ဆရာဦးအောင်သန်း(ကုလား) ဖြစ်သည်။

တာဝန်မှူးကျသည့် တစ်နေ့တာ (၂၄)နာရီပတ်လုံး အကျဉ်းထောင်လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးတွင် အဓိကတာဝန်အရှိဆုံး အရာရှိဖြစ်၍ မိမိနေအိမ်ခန်းတွင် မနေရပါ။ အကျဉ်းထောင်တံခါးကြီးရှိ တာဝန်မှူးရုံးခန်းတွင် နေ့ရောညဉ့်ပါ (၂၄)နာရီလုံး အချိန်ပြည့်ရှိနေ၊ တာဝန်ထမ်းနေရပါသည်။

''ဦးသန်းမောင် . . . ဘာလဲဗျ။ တိုးတိုးသက်သာလုပ်စမ်းပါ။ ထောင်ပိုင်ကြီးနဲ့ထောင်ပိုင်လေးနိုးသွားလို့ အလန့်တကြားတွေ ဖြစ်ကုန်ပါဦးမယ်။ ခင်ဗျား တံခါးမှာနေခဲ့။ ရော့ . . . အပြင်တံခါးသော့။ ထောင်ပိုင်(၂)ယောက်နဲ့ ဦးစီးမှူးကြီးလာတာကလွဲလို့ ဘယ်သူ့မျှဖွင့် မပေးနဲ့။ ကျုပ်တိုက်ကို သွားစစ်လိုက်ဦးမယ်။ ညကင်းစစ်အဖွဲ့ ကျုပ်

ခေါ်သွားမယ်''

ဟုတ်ပါသည်။ အကြီးအကဲများက လာစစ်လာမေးမှ ကိုယ့်ဂယနဏာသိထားတာမရှိရင် ရေးပေတော့ထုချေလှာ၊ ရှင်းပေတော့ တစ်သံသရာ။ လူသားမို့ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ် ခေတ္တခဏ လဲလျောင်းနားနေရအောင် အိပ်ရာခင်းခွင့်ပြုသော်လည်း ကျကျနန နှစ်နှစ်ခြိုက်ခြိုက်တော့ အိပ်ခွင့်မရှိပါ။ ကြက်အိပ်ကြက်နိုးပ။

ညကင်းစစ်အဖွဲ့ တပ်ကြပ်သန်းဦး၊ တပ်သားလှိုင်ဦး (ယခုထောင်မှူး)၊ တပ်သားတင်မောင်သန်းတို့ကိုခေါ်ကာ တိုက်(ကြိုးတိုက်)ဘက်သို့ အပြေးကလေး လှမ်းခဲ့ရပါတော့သည်။ ညဦးပိုင်းမှစကာ ည(၁၁)နာရီခန့်အထိ မိုးကခပ်ပါးပါး ရွာထားသဖြင့် မိုးငွေ့ကြောင့် ချမ်းစိမ့်စိမ့်ရှိလှသည်။ နာရီကိုကြည့်လိုက်တော့ နံနက်(၁)နာရီကျော်နေပြီ။

စည်းကမ်းထိန်းသိမ်းရေးရုံး (Main Jail)ကနေ ကဲကြည့်လိုက်ရာ ကြိုးတိုက်အခန်း(၃)လား၊ (၄)လား တစ်ခန်းခန်းဆီမှ မီးခိုးငွေ့တန်းက နောက်ကျောလေဝင်ပေါက် (Ventilation Hole) သံတိုင်များကြားက ထွက်ကာ မိုးပေါ်သို့တစ်မျှော်တစ်ခေါ် ထောင်တက်နေသည်။ မီးခိုးလုံးမကြီး၊ မီးခိုးမည်းမဟုတ်၊ ဆူညံသံလည်း မကြားရ၊ ငြိမ်သက်တိတ်ဆိတ်နေသဖြင့် အဖြေကို ကျွန်တော်ခန့်မှန်းမိလိုက်ပါပြီ။

''ဆရာသန်းဦးရေ . . . စွပ်ဝင်မသွားနဲ့ဟေ့။ စိုးရိမ်စရာကိစ္စ မဟုတ်လောက်ဘူး။ တစ်ယောက်ယောက် မီးခိုးမွှေးပြီး ရေနွေးတည်သလား၊ ဟင်းချက်သလား တစ်ခုခုပဲ။ ထောင်ကျဆောင်(၂)ဘက်အပေါက်က ပတ်ဝင်ရအောင်။ တင်မောင်သန်းနဲ့လှိုင်ဦးက တိုက်နောက်ကျော မီးခိုးထွက်နေတဲ့အခန်း နောက်ကစောင့်။ ငါနဲ့ ဆရာသန်းဦးက တိုက်ခန်းအပြင် တံခါးကနေဝင်မယ်။ ရှေ့ဒီမှာ ကြိုးတိုက်အပြင်

တံခါးသော့တွေ။ ဝန်ထမ်းတွေ အိပ်နေတာသိလို့ လုပ်တာကွ။ ခြေသံ လုံလုံသွားကြ''

ဒါမျိုးက ခဏခဏ ဖြစ်တတ်ပါသည်။ အကျဉ်းထောင်အတွင်း လုံခြုံရေးကို ထိခိုက်စေမည့်ကိစ္စများ ဖြစ်မလာအောင် ထောင်တွင်း ရှာဖွေရေး(တလာစီခြင်း)ကို ဘယ်လောက်ပင် ဖိဖိစီးစီးလုပ်လုပ်၊ လိုက်သူ နှင့်ပြေးသူပမာ အကျဉ်းသားအချုပ်သားများက တစ်ကွက်တော့ ဦးနေ တတ်သည်။ ဒီနည်းကိုမိလို့ ပိတ်ပြီဆိုရင် နောက်တစ်နည်း ကြံဆဦးမည်။ ရှာရှာဖွေဖွေလုပ်ဦးမည်။

လွန်ခဲ့သော(၁)ရက်ကပင် တိုက်ခန်းများ အထူးရှာဖွေရေး လုပ်ခဲ့သေးသည်။ နေ့စဉ်ရှာဖွေရေးကတော့ တစ်နေ့လျှင် အနည်းဆုံး ငါးကြိမ်ထက်မနည်း လုပ်နေရသည်။ သည်အထဲကပင် အကျဉ်းသား၊ အချုပ်သားကပို၍ ဉာဏ်ပြေးလျှင် (သို့မဟုတ်)ဝန်ထမ်းက ပျင်းလျှင်၊ ဖျင်းလျှင် ယခုလို ချောင်သွားတတ်သည်။

ပီအီး (ပဏာမ စုံစမ်းစစ်ဆေးမှု Preliminary Enquiry) က တော့ဖြင့် သေချာနေပါပြီ။ ဒီအီး (ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု (Departmental Equiry) မငြိအောင်၊ ကိုယ်ကလက်ဦးအောင် အုပ်မိ ဖမ်းမိဖို့တော့လိုသည်။

ဟော နောက်ဆုံးတော့ မိပါပြီ။ ကြိုးတိုက်ခန်းအမှတ်(၂)တွင် ဘယ်သူနှင့်မျှမတည့်၍ ဦးစီးထောင်မှူးကြီး ဦးချစ်အမိန့်အရ တစ် ယောက်တည်း သီးခြားထားသည့် ဗြဟ္မာဦးခေါင်းကြီး ပြူးကျယ်ပါပဲ။ ပြူးကျယ်ကတာ့ လုပ်ချလိုက်ပြန်ချေပြီ။

တိုက်ခန်းတာဝန်ကျ တပ်သားဟန်မြင့်နှင့် မောင်ကံတို့အတွဲ တိုက်ခန်းတံခါးရှေ့ ငုတ်တုတ်အိပ်ပျော်နေသည်ကို အခွင့်ကောင်း ယူကာ ပလတ်စတစ်ဇလုံကို ထုရိုက်ချိုးဖဲ့လျက် မီးမွှေးပြီး ပုံစံဒန်ပန်းကန်

လုံးတွင် အသားကြော်နေခြင်းပါ။ သက်သေခံပစ္စည်းများအားလုံး မိပါသည်။

ပြူးကျယ်ကလည်း လွယ်လွယ်ပဲ ဝန်ခံပါသည်။ တစ်ခုပဲ ခက်နေသည်။ မီးမွှေးတာ၊ ဆီရတာ၊ ပန်းကန်လုံးရတာတွေ ပေါ်သော်လည်း ဘာသားကြော်နေတာလဲ၊ ဘယ်ကရတာလဲဆိုတာ ဘယ်လိုစစ်စစ် အဖြေမပေးပါ။ ဝေ့လည်လည်လုပ်နေသည်။ နောက်ဆုံး အပြင်းအထန် လှန်လှောဖွေရှာတော့မှ တွေ့ရပါပြီ။

တိုက်ခန်း အပြင်ခန်း၌ထားသည့် ရေစဉ်အိုးအောက်မှ ငှက်တစ်ကောင်၏ အမွေး၊ အတောင်၊ အရေခွံများ။ ငှက်ဘယ်ကရသလဲ၊ ဘယ်လိုရသလဲ သေချာပြန်ကြည့်လိုက်မိ၏။ ဗုဒ္ဓေါ . . . ။ ပြူးကျယ် ဒုက္ခပေးပြန်လေပြီ။

သူကြော်နေတာ ခိုတစ်ကောင်ရဲ့အသား။ ကိုစိုးတင့် တယုတယ သံယောဇဉ်တကြီး မွေးထားသည့်ခို။ သည်ခိုတစ်ကောင်ကို သားသမီးလို တယုတယ၊ တပွေ့တစ်ပိုက်ပိုက် ကျွေးမွေးပြုစုလာတာ ကြာပြီ။ သူ့နာမည် ''ရွှေသွေး''။

ရွှေသွေးနှင့် သူ့ဖခင်ကိုစိုးတင့်တို့၏ မေတ္တာသံယောဇဉ်ကလည်း လွမ်းလောက်အောင် စာဖွဲ့ချင်စရာ ကောင်းလှသည်။

♛ ♛ ♛ ♛ ♛

(၇)

တပ်ကြပ်ကြီးစိုးတင့်။

ပုသိမ်ကြီးမြို့တွင် တပ်တည်သော တပ်မ ( . . . . . . ) လက်အောက်ခံတပ်ဖြစ်သည့် ခလရ( . . . . . . )မှ တပ်ကြပ်ကြီး တစ်ယောက်ဖြစ်သည်။ ပြီး သည့်ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေက ရွာကလေးတစ်ရွာသား။

ရွာခံမိဘများက တောင်သူလယ်သမားများ ဖြစ်သော်လည်း ဘယ်ဘဝက ဗီဇသွေးကြောင့်မှန်းမသိ။ မောင်စိုးတင့်ကလေးက စစ်သားပဲ ဖြစ်ချင်သည်။ စစ်ထဲပဲဝင်ချင်သည်။ စစ်တိုက်တာပဲ ဝါသနာပါသည်။ အမိအဘများက သဘောမတူ၍ အတန်တန် တားနေသည့်ကြားကပင် စစ်ထဲဝင်ဖြစ်အောင်ဝင်သည်။

ကိုးတန်းဖြေအပြီး အိမ်မပြန်ဘဲ မန္တလေးမြို့ပေါ် မျက်ပါးရပ်က ခလရ(၇၆)တပ်ရင်းတွင် တပ်သားသစ်အဖြစ် ဝင်ရောက်ခဲ့သည်။ ဝါသနာ စေရာပေမို့လားမသိ၊ သူ့အလုပ်နှင့်သူ အကျိုးပေးကောင်းခဲ့သည်။ အထက်လူကြီးချစ်ခင်သည်။ လက်အောက်က ချစ်ကြောက်ရိုသေသည်။ တိုက်ဖော်ရဲဘက်တို့က အားကိုးသည်။

တကာယ့်သေကွင်းသေကွက်၊ ကြက်ရေးငှက်ရေးတွင် သူ့ကို သတိရသည်။ တာဝန်ကို ဝံ့ဝံ့ရဲရဲ၊ စွန့်စွန့်စားစားကျားကုတ်ကျားခဲ၊

လုပ်ရဲကိုင်ရဲသူမို့ အောင်ပွဲကရလွယ်သည်။ အောင်ပွဲနှင့်အတူ ရာထူးတက်တာလည်း ကြမ်းသည်။ စစ်သက်ကလေး မရင့်သေးမီမှာပင် မောင်စိုးတင့် တပ်ကြပ်ကြီးဖြစ်နေပြီ။

အသားညိုညို၊ အဆစ်အမြစ်ကြီးကြီး၊ တုတ်တုတ်ခိုင်ခိုင်၊ ဂင်တိုတိုနှင့်မို့ ရုတ်တရက်ကြည့်လိုက်ပါက ရုပ်နည်းနည်းဆိုးသည်ဟု ဆိုချင်ဆိုနိုင်သည်။ မိန်းကလေးကြိုက်တော့မဟုတ်။ နှုတ်ကလည်း နည်းသေးသည်။ စကားတတ်ကမဖွာ။

အနေအေးပြီး ခပ်ကုပ်ကုပ် သိပ်သိပ်သည်းသည်းကလေး နေတတ်သူမို့ သူ့မိဘများနှင့် တပ်ရင်းမှူးကြီး ဇနီးမောင်နှံက ဦးစီးကာ စီမံနေရာချထားပေးခဲ့သည်။ မဟုတ်လျှင် လူပျိုကြီးဘဝနှင့် အရိုးထုတ်ရဦးမည်။ ယခုတော့ သူနှင့်တစ်ရွာတည်း ဆွေနီးမျိုးစပ်ထဲက သူ့ထက်ငယ်သူမိန်းကလေး ''မြမြထွေး''နှင့် အိမ်ထောင်ကျခဲ့ရသည်။

သားကလေး ''ရွှေသွေး''နှင့် သမီးကလေး ''ရွှေရည်''တို့ အပါအဝင် ဇနီးနှင့်သူ့မိသားစုကလေးကို မြတ်နိုးတန်ဖိုးထားလိုက်သည်မှာ မြင်သူတိုင်းသြချယူရအောင်ပင်။ ရေ့တန်းမထွက်၊ တပ်တာဝန်များမရှိပါက နေအိမ်လိုင်းခန်းကမခွာ။ အသောက်အစား အပျော်အပါးကင်း၊ လူချစ်လူခင်လည်းများသူမို့ ဆရာသမား၊ အရာရှိများကလည်း စောင့်ရှောက်ကြသည်။

အိမ်ထောင်စုကလေးတစ်ခု သာတောင့်သာယာ၊ တင့်တင့်တယ်တယ် ထူထောင်နိုင်ခဲ့ပါသည်။ တစ်ခုပဲရှိသည်။ ဇနီးသည် ''မြမြထွေး''က အရွယ်ချင်းလည်းကွာ၊ မိဘသဘောကျ အလိုတူခဲ့ရသူမို့ နည်းနည်းစိမ်းချင်သည်။ သားသမီးနှစ်ယောက် ထွန်းကားခဲ့ပြီးဖြစ်သည့်တိုင် သူ့အပေါ်ဆက်ဆံရေးက အေးစက်စက်။ ရှိသေပါသည်။ အလိုက်သိပါသည်။ ဇနီးကောင်းတစ်ယောက် ဆိုနိုင်လောက်အောင်

တာဝန်ကျေလှပါသည်။

သို့တစေ အခေါ်အပြော ဆက်ဆံမှုက ရင်ချင်းမဆုံ နွေး ထွေးလိုက်လှဲ့မှု ကင်းသည်။ အရေးကြီးလှသော "အချစ်"ဆိုသည့် အရာကို ဘယ်တော့ရမည်လဲ။ စစ်သားကောင်း လူရိုးကြီးကိုစိုးတင့် မျှော်လင့်တကြီး ကြိုးစားနေရဆဲ။ တစ်နေ့နေ့ပေါ့လေ . . . တစ်နေ့ နေ့ပေါ့။

သို့တစေ ကြမ္မာဆိုးက မောင့်ကိုမွေ့ခဲ့ပြီထင့်။

ကရင်ပြည်နယ်၊ စစ်ဆင်ရေးကြီးကာလကြာ ဆင်နွှဲနေရစဉ် ဇနီးချောက မှုပြောင်းလာသည်။ ဖခင်ကြီးနေမကောင်းသည်ကိုပြုစုရန် အကြောင်းပြ၍ တပ်ရင်းအိမ်ထောင်သည်လိုင်းမှ သည့်ရွာကိုပြန်ပြောင်း နေသည်။

သူ့မိဘများနှင့်အတူ တပ်ရင်းမှူးကတော်ကြီးကို ကျလောက် အောင် မျက်ရည်ခံထိုးလိုက်တော့ နဂိုကပင် စိတ်ထားသိမ်မွေ့လှသူ လူကြီးက ခေါင်းညိတ်လိုက်သည်။ ကလေးနှစ်ယောက်ကိုပါ ခေါ်၍ ရွာပြန်နေသည်။

ရွာနှင့်တပ်ရင်းက အလှမ်းမဝေးလှ၍ မကြာခဏတော့ တပ်ရင်း ကိုရောက်သည်။ တပ်ရင်းမိသားစု အလုပ်များကိုလည်း တာဝန် ကျေကျေလာ၍ လုပ်ရှာပါသည်။ သို့ဖြင့် သည်တစ်ခါ စစ်ဆင်ရေးက တော်တော်လေး ကြာသွားသည်။

အထိအခိုက် အကျအဆုံး ကလည်းတပ်ရင်းသမိုင်းမှာ ပြောစ မှတ်ပြုလောက်အောင်များသည်။ ဒုတပ်ရင်းမှူး ဗိုလ်မှူးဝင်းမြင့် (ယခု မြို့တော်စည်ပင်၊ ရန်ကုန်)ကိုယ်တိုင် မိုင်းနင်းမိကာ တပ်မှရာသက်ပန် နားလိုက်ရရှာသည်။

ကာလရှည်လှသည့်စစ်မြေပြင်က ခဏခွာဖို့ တပ်ကြပ်ကြီး

ဆရာကြီးစိုးတင့် အခွင့်ကြုံရသည်။ အရေးကြီးတပ်တာဝန်ဖြင့် ယာယီတပ်တည်ရာ ကရင်ပြည်နယ်၊ ရွှေဂွန်းမှ သည်တပ်ရင်းသို့ ရုတ်တရက်ပြန်လာခဲ့သည်။ ပါလာသည့်အလုပ်ဝတ္တရားများကို ကျေပွန်အောင်တက်သုတ်ရိုက်ဆောင်ရွက်ပြီးသည်နှင့် မိသားစုရှိရာ ရွာကလေးသို့ အပြေးတစ်ပိုင်း ပြန်လာခဲ့သည်။

ကပျာကသီ ပြေးလာခဲ့ရသည်ဟု ဆိုသည့်တိုင် ဇနီးသည်နှင့် ''ရွှေသွေး''တို့ ''ရွှေရည်''တို့အတွက် ကရင်ပြည်ထွက်ဒေသ လက်ဆောင်ကလေးများ၊ အဝတ်အစားများ၊ မန္တလေးမြို့က မုန့်ပဲသရေစာများ တစ်ပွေ့တစ်ပိုက်ပါဖြစ်အောင် ပါလာသေးသည်။

သို့သော် . . . ။

တိတ်ဆိတ်နေသော ဇနီးသည်၏မိဘများအိမ်ကို ဝမ်းသာအားရပြေးအဝင် အမြင်မတင့်တယ်စရာ၊ နှလုံးရိုင်းဖွယ်မြင်ကွင်းက ''စိုးတင့်''ရင်ကို မုန်တိုင်းထန်စေခဲ့သည်။ အသိ၊ သတိတရားတို့ရုတ်တရက် ပျောက်ကွယ်ပျက်သုဉ်းခဲ့ရသည်။

ကာလကြာရှည်ခဲ့သော စစ်မြေ၏ဖိအားကပဲ ပေါက်ကွဲထွက်သလား၊ သားသမီးနှစ်ယောက် ရချိန်အထိ တယုတယ ချစ်ချစ်ခင်ခင်၊ ကြင်နာလိုက်လျှောမှုမရခဲ့ဘဲ အေးစက်စိမ်းကားသည့် အဆက်အဆံများ၏ တုံ့ပြန်တွန်းကန်အားကပဲ ပြင်းထန်လေသလား။ အသိနှင့်ကိုယ်ကပ်လိုက်မိချိန်တွင် ဇနီးသည် မြမြထွေးနှင့်အတူ မသူတော်ဇာတ်ခင်းနေသည့် သူ့မောင်နှမဝမ်းကွဲတော်သူ တက္ကသိုလ်ကျောင်းသားတို့ အသက်နှင့်ခန္ဓာ အိုးစားကွဲခဲ့ကြပြီ။

ရုတ်တရက် မုန်တိုင်းမွှေလိုက်သလို ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ချေမှုန်းမှုများအောက်၌ မကြည့်ရက်၊ မကြည့်ရဲစရာ ဖိုဖိုနဲ့ကြွေခဲ့ကြရပြီ။ သားကလေး ''ရွှေသွေး''ရေ၊ သမီး ''ရွှေရည်

ကလေး''ရေ ဖေဖေကြီးကို ခွင့်လွှတ်ကြပါတော့။ သည်မျက်နှာကလေး များကိုပင် မကြည့်ရက်၊ မကြည့်နိုင်။ ကြည့်ဖို့အင်အားလည်း မရှိနိုင်တော့။

မြင်မြင်သမျှ၊ ကြားကြားသမျှက စုတ်တသပ်သပ် သနားကရုဏာ ပိုကြသည်။ သည်မိသားစုလေး၏ကြမ္မာဆိုးကို ရင်နင့်ကြရသည်။ တတ်နိုင်သမျှ ဝိုင်းကြဝန်းကြ ဖေးမကြသော်လည်းငြား ဥပဒေ၏လက်တွင်းက ရုန်းမထွက်သာခဲ့။ သတိမဲ့စွာ လိုသည်ထက်ပို၍ ရက်စက်ကြမ်းကြုတ်ခဲ့သည့် ဒေါသတရား၏အမွေကို ခံရသည်။ သေဒဏ်တဲ့ . . . ။

ဘဝတွင် မည်သည့်အခါကမျှ မယုံကြည်၊ မမျှော်လင့်ခဲ့သည့် သည်လိုဘဝဆိုးမျိုးကိုကြုံရ ရင်ဆိုင်ခဲ့ရသည်။ သည်တစ်ဘဝ တစ်သက်တာတွင် လူမှန်းသိစကပင် မည်သူ့အပေါ်မျှ မုန်းစိတ်မဝင်၊ ရန်မပြုဘူးခဲ့။ ဒုက္ခရောက်စေအံ့သောငှာ မပြုမှားခဲ့ဘူးခဲ့။

သံသရာ၏အကွေ့ တစ်ကွေ့ဝဋ်ကြွေးကို ဆပ်ရပြီဟုပင် ယုံလိုက်ပါပြီ။ ကျန်နေသေးမည့် ဘဝတာကို ဘဝကူးကောင်းအောင် နောင်သံသရာဘဝအဆက်ဆက်မှာ သည်လိုကြမ္မာဆိုးမျိုး မကြုံရအောင် ကြိုးစားပေတော့မည်။

ကြိုးလည်း တကယ်ကြိုးစားရှာပါသည်။ အားလျှင်တရားထိုင်၊ ပုတီးစိပ်နေသည်ကိုသာ တွေ့ရသည်။ သေဒဏ်ကျကြိုးသမားက မအားရအောင် ဘာတွေအလုပ်ရှိလို့လဲဟု စောဒကမတက်ပါနှင့်။ သူ့မှာလည်း သူ့အလုပ် နှင့်သူပါ။

ကြိုးသမားဘဝ အထီးကျန်စွာ သေမည့်နေ့ကို လက်ချိုးရေရင်း စောင့်နေရသည့်ကာလတွင် သံယောဇဉ်ကြိုးနှစ်ချောင်းက တိုးလာသေးသည်။ ''ရွှေရည်''ဟူသော ကြွက်မကလေးတစ်ကောင်နှင့်

''ရွှေသွေး''ဟူသော ခိုဖြူကလေးတစ်ကောင် သူမွေးထားသည်။ သည် တိရစ္ဆာန်ကလေး နှစ်ကောင်ကို သူ့ဘဝအတွင်းက သူ့ရင်နှစ်သည်းချာ သားကလေး သမီးကလေးတို့နာမည် ပေးထားသည်။

ကလေးတို့ကို သတိရလွမ်းဆွတ်ရင်း ကလေးတို့ကိုယ်စား ပြုစုယုယ ကျွေးမွေးရသည်။ စကားပြောရသည်။ ''ရွှေရည်''က ကြိုးတိုက်ရှေ့ ညောင်ပင်ကြီးခြေရင်း တွင်းထဲမှာနေသည်။ ''ရွှေသွေး''က အကျဉ်းထောင်ဗဟိုကင်း၏ မျက်နှာကြက်ပေါ်မှာနေသည်။

သို့တစေ နံနက်တိုက်ခန်း ဖွင့်ချိန်ကနေ ညပိုင်းတိုက်ခန်း ပိတ်ချိန်အထိ သူတို့တစ်နေကုန်နေသည်က သည်ကြိုးတိုက်အခန်းတွေ မှာသာ။ ''ကိုစိုးတင့်''အခန်းမှာ ပင်တိုင်နေသော်ငြား ကြိုးသမားတို့စံရာ အခန်းနှစ်ဆယ်စလုံး သူတို့အိမ်၊ သူတို့ရာ အားလုံးကသူတို့နှစ်ကောင် ကို သိသည်။ ချစ်ကြ၊ သံယောဇဉ်ထားကြသည်။ ယုယကြသည်။

စကြနောက်ကြသည်။ ခင်တွယ်စရာ လူသားကလေးငယ် မရှိ သည့်အရပ်သည်နေရာတွင် သူတို့နှစ်ယောက်သည်သာ ကလေးသဖွယ် ဖြစ်နေတော့သည်။

သည်နှစ်ကောင်ကလည်း ထောင်ဖွင့်သံချောင်းမှ မခေါက်လိုက် နှင့် ကိုစိုးတင့်အခန်းဆီရောက်ပြီး ကျွေးတာစား၊ သူပြောတာ နား ထောင်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် သွားကြ၊ လာကြ၊ စားကြ၊ သောက်ကြ။ မကြာမကြာ ရွှေရည်မှာအစားလွန်ကာ ဗိုက်ကြီးဖောင်း ကား၍ မရှူနိုင်၊ မကယ်နိုင် ဖြစ်နေတတ်သေးသည်။

ကျွန်တော်ထင်သည်၊ ကျွန်တော်ကြိုးတိုက် ထောင်မှူးအဖြစ် ထောင်မှူး ဦးထွန်းဟန်ထံမှ တာဝန်လွှဲယူခဲ့စဉ်က ''သည်နှစ်ကောင်'' ပါ တရားမဝင် ပါခဲ့သည်ဟုပင် ပြောရမည်။

ထိုစဉ်ကတည်းက ''ရွှေရည်နှင့် ''ရွှေသွေး'' ကိုသိ၍ အများ

နည်းတူချစ်ခဲ့၊ သံယောဇဉ်ပိုခဲ့ရသည်။ တစ်ခုပဲရှိသည်၊ ကျွန်တော်က တာဝန်ပြီးချိန်တွင် အပြင်မှာသားကြီး ''ဖိုးသိဂ်ါ''နှင့် သမီး''မြတ်နိုး'' တို့ကရှိနေ၍ ကိုစိုးတင့်တို့ ကြိုးသမားများလောက်တော့ နက်နက်နဲနဲ ခင်တွယ်မှုမရှိဟုဆိုလျှင် ဝန်ခံရပါမည်။

ယခုမူ . . .

သည်ကြိုးသမားငါးဆယ်ကျော်၏ ရင်သွေးဖြစ်သော နိုဖြူက လေး''ရွှေသွေး''ကိုမှ ရက်ရက်စက်စက်သတ်ပြီး ကြော်စားရက်လေသည့် ပြူးကျယ်၏ လုပ်ရပ်မှာ စပ်ဆုပ်ရွံမုန်းစရာ ကောင်းလွန်းလှသည်။ ထို့ထက်ပိုဆိုးတာ မိုးလင်း၍များ သည်ကိစ္စ အဖြစ်မှန်ပေါ်ခဲ့လျှင် . .။

ကျွန်တော် တွေးမကြည့်ဝံ့။ ဒေါသအိုးတွေ ပေါက်ကွဲကာ ဘာတွေဆက်ဖြစ်မည်လဲ။ ကိုစိုးတင့်ဘာလုပ်မလဲ။ ဘယ်လိုနေမလဲ။ တကယ်မတွေးဝံ့တော့ပါ။

ပြူးကျယ်ပေးသည့်ဒုက္ခက တိုက်ခန်းအတွင်း မီးမွှေး၍ ဟင်း ချက်သည့်ကိစ္စကို အစစ်ဆေးခံရရုံမျှ မကတော့။ ပြင်းထန်လွန်းသည့် မုန်တိုင်းတစ်ခု ကြိုဟ်ဆိုးကြမ္မာဆိုးကြီးတစ်ခုကိုပါ ဖိတ်စာကမ်းမိလျက် သား ဖြစ်နေပြီ။

စိတ်မကောင်းမှုနှင့်အတူ ''ရွှေသွေး''အပေါ် သနားစိတ်က လှိုက်တက်လာသည်။ သည်အကောင် ပြူးကျယ်ကို စိတ်ရှိလက်ရှိ နားရင်း တီးလိုက်ချင်သည်။ အားရပါးရ တွယ်လိုက်ချင်သည်။ သို့တစေ ထိန်းရ မည်။ ပြဿနာမီး ဟုန်းခနဲတောက်၍ မဖြစ်။ ဉာဏ်နှင့်ယှဉ်၍ စီစဉ်စရာ ရှိသည်တို့ကို စနစ်တကျစီစဉ်ရသည်။

''ရွှေသွေး''ဆိုသည့် ခိုကလေး၏ အသားနှင့်တကွ သဲလွန်စ အားလုံးကို ဖျောက်ဖျက်ရသည်။ တိုးတိုးတိတ်တိတ်၊ သိပ်သိပ်သည်းသည်း တာဝန်ကြပ်နှင့်တကွ ကင်းစစ်အဖွဲ့ ညကင်းသားအဖွဲ့တို့ကို စည်းရုံး

နှုတ်ပိတ်ရသည်။ နောက်တစ်နေ့ နံနက်မိုးလင်းလာမှာကိုပင် ဝန်လေး နေတော့သည်။

♛ ♛ ♛ ♛ ♛

(၈)

စစ်ဆင်ရေး အောင်မြင်ခဲ့ပါသည်။ ပြဿနာကောင် ပြူးကျယ်၏ကိစ္စကို အားလုံးသိကြသော်လည်း နှုတ်ဆိတ်နေလိုက်ကြသည်။ သည်အမှုကနေ မီးခိုးကြွက်လျှောက်တိုက်ခန်းအားလုံး စည်းကမ်းနှင့် ရှာဖွေရေးတင်းကျပ်ကာ အနေမချောင်တော့မည်မို့ ဇာတ်မတိုက်ရဘဲ ညီညီညွတ်ညွတ် ဖုံးဖိထားနိုင်ခဲ့ကြသည်။

ဟုတ်သည်လေ။ ထောင်မှာဆိုရိုးစကားရှိသည်။ ဘာမှုမဖြစ်ရင်တော့ ဘာမှုမဖြစ်ဘူး၊ တစ်ခုခုဖြစ်ရင်တော့ အားလုံးဖြစ်ပြီတဲ့။ ဘာမှုမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်လေ ထောင်အုပ်ချုပ်မှု တည်ငြိမ်အေးချမ်းလေပင်။

သို့တစေ နံနက်ထောင်ဖွင့်ချိန်တွင် ရောက်လာနေကြ ရွှေသေွးပျောက်နေ၍ အားလုံးယောက်ယက်ခတ်နေကြသည်။ ကိုစိုးတင့်က အဆိုးဝါးဆုံး။

တိရစ္ဆာန်ဆိုသည့် ကြွက်ကလေး ရွှေရည်ပင် ရွှေသွေးကို

တစ်ခန်းဝင်၊ တစ်ခန်းထွက်ရှာဖွေကာ ပျာယာခတ်နေပုံမှာ မြင်ရသူ ရင်ဆို့စရာ။ မည်သူမျှ မကြည်လင်၊ မရွှင်ပျကြ။ တိုင်ပင်မထားပါဘဲလျက် ရပ်ထဲရွာထဲက နာရေးအိမ်ပမာ ကြိုးတိုက်ခန်းတစ်ခုလုံး မီးခိုးတိတ်။

ကျွန်တော်လည်း ဘယ်လိုရှင်းပြရမည်၊ ဘယ်ပုံဖြေသိမ့်ရမည် စဉ်းစားမတတ်တော့။ ခပ်မဆိတ်ပင် နေလိုက်ရတော့သည်။

သည်မှာ ကယ်တင်ရှင် ပေါ်လာသည်။ ညက တာဝန်ဝင်ရောက်ခြင်းမရှိဘဲ နေ့တာဝန်ကျ တပ်ကြပ်မောင်အုန်း။ သက်ပြည့်ပင်စင်နီးဖြစ်၍ ပြေးပြေးလွှားလွှားလုပ်ရန်မလိုသည့် ကြိုးတိုက်နေ့အင်ချပ်တာဝန် ထမ်းဆောင်ရသူ။

သူက တကယ့်ရွှေပြည်အေးဆရာကြီး။ မည်သူ့ကို ချော့မော့နှစ်သိမ့်ရမည်နည်း။ ရသည်။ ပိုင်သည်။ မန်းရာပြည့်ပွဲမှာ တယောရွှေတံဆိပ်ရခဲ့သည့် ''မန္တလာအုန်း''ပေပဲ။

သူ့တယောအိုကြီးက ထွက်လာသည့်အသံနှယ် အေးအေးတွဲ့တွဲ့၊ လေးလေးမှန်မှန်ဖြင့် တအိအိပြောပါလိမ့်မည်။ တစ်ဖက်လူနားဝင်မဝင်တော့မသိ၊ နားညည်း၍တော့ တိတ်သွားရမည် အသေအချာ။ ယခုလည်း သူဝင်ရှင်းသည်။

''ကဲ . . . ကဲ သတ္တဝါတစ်ခု ကံတစ်ခုပဲကွာ။ ဘာတတ်နိုင်မလဲ။ ငါတွေ့တာတော့ မနေ့ကညနေပိုင်းက ဗိုလ်သင်တန်းတက်နေတဲ့ ထောင်ပိုင်လေးသား ဗိုလ်လောင်းနဲ့အဖွဲ့တွေ လေသေနတ်တွေနဲ့ ငှက်လိုက်ပစ်နေတာ တွေ့ရတယ်။ လေးငါးဆယ်ကောင်ရလို့ စာရေးကြီး ကိုကံညွန့်(ယခုထောင်မှူးကြီး)အိမ်မှာ ကြော်နေတာတွေ့ရတယ်။ ''ရွှေသွေး''တော့ ပါသွားရှာပြီထင်ရဲ့။ ကျန်နေတဲ့ လူတွေက ကျန်းမာရေးဂရုစိုက်ကြ၊ ကိုယ့်ဘာသာကိုယ်ပဲ သတိထား။ ပြုပြင်နိုင်တာလဲ ပြုပြင်ကြ

ဟော့၊ အဘတော့ ဒါပဲပြောချင်တယ်''

အားလုံးလည်း နားလည်ပါသည်။ ကိုယ်ဘာမျှမတတ်နိုင်သည့်ကိစ္စ ဆိုသည်ကိုး။ သို့တစေ ကိုစိုးတင့်တစ်ယောက်တော့ဖြင့် ရှိုက်ကြီးတငင် ချုံးပွဲချ၍ ငိုရှာပါသည်။ ရှိုက်၍ရှိုက်၍ တသိမ့်သိမ့် တအိအိ ငိုရှာပါသည်။ ကျွန်တော်ပင်လျှင်ကြည့်ရင်း မြင်နေရင်းက မျက်ရည်စို့လာမိသည်။ ကြေကွဲရပါသည်။

ပြီးတော့ ထူးထူးခြားခြား တသိမ့်သိမ့်ငိုကြွေးနေသူ တစ်ဦးရှိပါသေးသည်။ အကြောင်းစုံမသိသူတို့က အံ့ဩဟန်မပြသော်လည်း အတွင်းသိ အစင်းသိကျွန်တော်တို့ကမူ အံ့ဩရသည်။ တော်တော်ဟန်ဆောင်ကောင်းတဲ့ ကောင်ပဲဟု ရွံရှာစိတ်ပင် ဝင်လာသေးသည်။

သည်တစ်ခါလည်း ကျွန်တော့်အထင်လွဲပြန်ပါသည်။ ပြူးကျယ်(ခ)တင့်လွင်တစ်ယောက် သည်တစ်ခါ တကယ်သံဝေဂ ရသွားပုံပေါ်သည်။ အနေအထိုင်၊ အပြောအဆို ပြောင်းလဲလာသည်။ ပို၍ တည်ငြိမ်အေးချမ်းလာသည်။ ယခင်လို ညဥ့်ဆိုး၊ စရိုက်ဆိုးတို့ သိပ်မတွေ့ရတော့။ ပို၍ထူးသည်က ကိုစိုးတင့်နှင့် တစ်ခန်းတည်းအတူနေပါရစေဟု သူကပင်စတင်တောင်းဆိုကာ ကိုစိုးတင့်အပေါ် အထူးအလေးပေးကြင်နာစွာနေထိုင်လာခဲ့သည်။ ကြွက်မလေး''ရွှေရည်'' ကိုလည်း သူ့လက်ပေါ်က မချတော့။

သည်လိုဖြစ်လာတော့မှပင် . . . ။

♛ ♛ ♛ ♛ ♛

## (၉)

ကြိုးတိုက်မှာ ကြိုးသမားချင်း ရိုက်ကြလို့တဲ့။ တစ်ယောက်တော့ သေမလားရှင်မလား မသိဘူး။ ထောင်တွင်း ဆေးရုံတင်လိုက်ရပြီ။ စကားမေးတောင် မရဘူး။ ညွှန်မှူးပါ ထောင်ထဲဝင်သွားပြီ။

ထိုသို့သော ကြားလိုက်ရသမျှ သတင်းက ကြိုးတိုက်ထောင်မှူး ကျွန်တော့်ရင်ဝကို လက်နက်ကြီးကျည် တည့်တည့်မှန်သလို တစ်ရက်ပဲ ကျွန်တော့်နားရက်။ ရှားရှားပါးပါးတစ်ပတ်မှာ တစ်ရက်တည်း။ ဇိမ်မယူအားတော့။ ယူနီဖောင်း ကပျာကယာလဲကာ ထောင်တွင်းသို့ အပြေးတစ်ပိုင်းလာခဲ့မိသည်။

ပြေးရင်းလွှားရင်းလဲ ဆိုင်းမဆင့် ဗုံမပါထဖြစ်သည့် သည်ရန်ပွဲ၏ ဇာစ်မြစ်ကို အတွေးမှာ အဖြေရှာသွားမိသည်။ မနေ့က ညနေအထိ ဘာသံမျှမကြား၊ အားလုံးအေးအေးချမ်းချမ်း၊ ဘာအရိပ်အယောင်မျှ မရှိ။ ဘယ်လိုဖြစ်ပါလိမ့်။

လမ်းမှာ တပ်သားလှိုင်ဦးနှင့် တွေ့သည်။

"ဆရာရေ . . . ညွှန်မှူးခေါ်ခိုင်းတယ်။ ကိုစိုးတင့်နဲ့ ပြူးကျယ်ဖြစ်တာဆရာ။ ကိုစိုးတင့်က ထမင်းထမ်းတံပိုးနဲ့ အသေရိုက်တာ ပြူးကျယ်အတော်နာတယ်။ ကံကောင်းလို့ မသေတာ။ ပြူးကျယ်အိတ်ကပ်ထဲမှာ ရွှေရည်ရှိနေလို့ ရွှေရည်က စွတ်အော်နေတော့မှ ကိုစိုးတင့်

သတိပြန်ဝင်လာတာ။ ပြူးကျယ်တော့ ဆေးရုံပေါ်မှာ မသေနိုင်ဘူး ထင်ပါတယ်''

တပည့်ကျော်က ကသောကမျော ရှင်းပြသည်။ သွားပါပြီ။ တစ်သက်လုံးဖုံးသမျှ ဘယ်လိုကုန်းလိုက်လို့ ပေါ်ပြန်လေသလဲမသိ။ ညွှန်မှူးပါဖြစ်ကြောင်းကုန်စင် သိလောက်ပေပြီ။ ဘယ်လိုလျှောက်လဲချက်တင်ရမလဲ။ ပြေးရင်းလွှားရင်း ခေါင်းပူအောင် စဉ်းစားရသည်။

''နေပါဦး၊ ဘယ်လိုလုပ်ပြီး ရွှေသွေးနဲ့ပြူးကျယ်အကြောင်း ကိုစိုးတင့်သိသွားရတာလဲ''

''တင်မောင်သန်းပေါ့ ဆရာရယ်။ မနေ့ညက ကြိုးတိုက်မှာ ကင်းဝပ်ရင်းနဲ့ နည်းနည်းလည်း ထွေလာတယ်နဲ့တူပါတယ်။ ပြူးကျယ်ကို စရင်းနောက်ရင်းနဲ့ ကိုစိုးတင့်ကြီးကိုမေ့ပြီး လွှတ်ခနဲပြောချလိုက်တာ အားလုံးပေါ်ကုန်တယ် ပြောတာပဲ''

''တောက် . . . ခွေးမသား တင်မောင်သန်း''

နိဂုံးချုပ်လျှင် ရွှေသွေးကိစ္စထိန်ချန်ခဲ့၍ ကျွန်တော့်အပေါ် ဌာနဆိုင်ရာစစ်ဆေးမှုပြုပြီး နှစ်တိုး(၆)လ ဖြတ်တောက်ခြင်း ခံခဲ့ရပါသည်။ ရာထူးတိုးမြှင့်ရေး ဖြေဆိုခွင့်မရခဲ့တော့။ ကိုစိုးတင့်က တိုက်ပိတ်၊ ဒေါက်ခတ်ပြစ်ဒဏ်(၁)လနှင့် လျှော့ရက်(၁)လ ဖြတ်တောက်ခံရသည်။

ပြူးကျယ်ကတော့ ဦးခေါင်းတွင် ခြောက်ချက်ချုပ်လိုက်ရသည်။ ညာခြေထောက်ခြေချင်းဝတ်မှာ သွင်သွင်ကျိုးသွားသည်။ ဝဲဘက်ညှပ်ရိုး အရိုးအက်သွားသည်။ (၂)လခန့်ဆေးရုံမှာ အသည်းအသန် ကုလိုက်ရသည်။ ပြီးတော့ ကျွန်တော်လည်း ကြိုးတိုက်မှရဲဘက်ရုံးသို့ တာဝန်ပြောင်းလဲခြင်း ခံလိုက်ရသည်။

ထောင်ပိုင်ကြီး ကျွန်တော့်ဆရာကတော့ ထောင်အတွေ့အကြုံမရှိသူ ကျွန်တော့်အား ကြိုးတိုက်ထောင်မှူးတာဝန်ကြီးတွင် ချထား

ပေးခဲ့မိ၍ ညွှန်ကြားရေးမှူး (ယခု ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) အဘဦးကျော်ထွန်း) ဆူပူကြိမ်းမောင်းမှုကို တော်တော်ခံလိုက်ရသည်။

ဤတွင် ရွှေနိဒ္ဒိတံ၊ ပြီးပါပြီဟု ထင်ပါသလား။ မပြီးသေးပါ။

♛ ♛ ♛ ♛ ♛

(၁၀)

မနေ့တစ်နေ့က ကျွန်တော့်အိမ်သို့ အလည်လာသော ထောင်မှူးကြီးကိုကံညွှန့် (ယခင်စာရေးကြီး)ထံမှ သတင်းစကားရသည်။

ကျွန်တော့်တပည့်ကျော် သေဒဏ်ကျအကျဉ်းသား ကိုစိုးတင့်သည် ၁၉၉၇ ခုနှစ်က ထောင်မှလွတ်ပြီး သူ့ဇာတိရွာ ပုသိမ်ကြီးမြို့နယ် သရက်ကုန်းရွာကလေးတွင် ဖရဲနှင့်သခွားမွှေးစိုက်တာ တောင်သူကြီးဖြစ်၍ ကြီးပွားနေပြီ။ သားကြီးမောင်ရွှေသွေး၊ သမီးငယ်မရွှေရည်တို့နှင့်အတူနေကာ ပျော်ရွှင်နေပြီ။ ပြီးတော့ ခြေထောက်တစ်ဖက်ကျိုးနေသည့် ဒုက္ခိတသားတစ်ယောက်ကိုလည်း မွေးစားထားသည်။ သူ့မွေးစားသားက သူ့ရွာမှကလေးများကို ပညာဒါနအခမဲ့ စာသင်ပေးရင်း သူ့အပေါ်ဖခင်တစ်ဦးပမာ ပြုစုနေသည်။ သူ့သားအမည်က ကိုတင့်လွင် (သို့မဟုတ်) ကိုပြူးကျယ် . . . ။

♛ ♛ ♛ ♛ ♛

(၁၁)

နွေ၏အလွန်မှာ  မိုးဖြိုင်ဖြိုင်ရွာတတ်ပါသည်။

♛ ♛ ♛ ♛ ♛

ဇေယျမင်းသျှင်



## မေတ္တာစေရာ

"မေတ္တာ . . . "

မေတ္တာဆိုတဲ့ တရားသည်

စကားလေး နှစ်လုံးတည်းနဲ့

အများဆုံး တန်ဖိုးရှိသည်။

ကျယ်ဝန်းနက်ရှိုင်းလှသည်၊

လူတိုင်းကိုယ်စီ ထားသင့်ကြသည် . . . "

လေလှိုင်းမှ ငြိမ့်ညောင်းစွာ ပျံ့လွင့်လာသည့် တေးသံချိုလွင်လွင်ကို လူတိုင်းနားဆင်ဖူးကြပါလိမ့်မည်။ တခုတ်တရ နားထောင်သူလည်း ရှိကောင်းရှိနိုင်သည်။ တချို့က သီချင်းကောင်းကလေးများကို မက်မက်မောမော ခံစားတတ်ကြသည့် အကျင့်ရှိသည်။ အမှတ်မထင်

နားဆင်မိသူလည်း ရှိချင်ရှိမည်။ တချို့ အခွင့်ကြုံလျှင် ကိုယ်နှစ်သက်ရာ သီချင်းကလေးကို ခေတ္တမျှရပ်လျက် စုံရေမက်ရေ ခံစားတတ်ကြသည်။ သို့သော်ငြား တေးသံမျှကိုပင် နားဝင်သူက ရှိချင်မှရှိမည်။ ဂီတနှင့် နားဝေးသူမျိုးလည်း ရှိတတ်သေးသည်ကိုး။

မည်သို့ဆိုစေ . . . မေတ္တာ၏ ကျယ်ဝန်းနက်ရှိုင်းမှုကိုကား ငြင်းဆန်ကန့်ကွက်မည့်သူ ရှိအံ့မထင်ပါ။

ရှားရှားပါးပါး ရှိများရှိခဲ့လျှင် ပြောပြချင်သော ဇာတ်ကြောင်း ကလေးတစ်ပုဒ်တော့ ရှိပါသည်။ ရှိနေပါသည်။ ရှိခဲ့ဖူးပါသည်။

♛ ♛ ♛ ♛ ♛

## (၁)

"မောင်းထောင်သိန်း" . . . တဲ့။

"မောင်းထောင်ဘသိန်း" . . . တဲ့။

(၁၉၇၅)ခုနှစ်ကျော်ကျော် ဝန်းကျင်ကာလက မန္တလေးဗဟို အကျဉ်းထောင်ကြီးထဲတွင် နာမည်ကြီးလွန်းလှသည်။ ထောင်ပိုင်၊ ထောင်မှူး၊ ထောင်အာဏာပိုင်များကလည်း သူ့ကိုအားကိုးကြရသည်။ သူလိုလူက ရှားမှရှား၊ အလွယ်တကူအစားထိုးလို့ မရနိုင်။ အကျဉ်းသား၊ အချုပ်သားများကလည်း သူ့ကိုကြောက်ရွံ့ခန့်ညားကြရသည်။ ရှိသေ

ကျိုးနွံကြရသည်။

အကျဉ်းထောင် အဝန်းအဝိုင်းအတွင်း ကျင်လည်နေရသရွေ့ မလွတ်နိုင်သေးသရွေ့ သူနှင့်ကမကင်းနိုင်ကြ။ တစ်နေ့မဟုတ် တစ်နေ့၊ တစ်ကွေ့မဟုတ်တစ်ကွေ့ တွေ့ကြရဦးမည်သာ။ သည်တော့ မချစ်သော်လည်း အောင့်ကာနမ်းနေကြရသေးသည်။ သူမျက်နှာလွှဲလို့ကတော့ တကယ်အရေးတွင် အမေကယ်ပါ၊ အဘကယ်ပါ လုပ်နေကြရပေလိမ့်မည်။ သူဆိုသည်က "မောင်းထောင်သိန်း"။

အမည်ရင်းက ဦးဘသိန်း။ မောင်းထောင်ရွာဇာတိ။ မောင်းထောင်ရွာသား ဦးဘသိန်း။ ဓားပြမှုဖြင့် ထောင်ဒဏ်အနှစ်နှစ်ဆယ်ကို ကျခံနေရသူ၊ ဓားပြမှုက ခုနစ်မှု၊ ပြစ်မှုတစ်ခုစီအတွက် သီးခြားစီကျခံရခြင်းဖြစ်ပေရာ စုပေါင်းလိုက်တော့ စုစုပေါင်း အနှစ်နှစ်ဆယ်ကျခံနေရသူ။ အသက်က ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါး။

ရှေးမြန်မာကြီးများကဲ့သို့ သန်သန်မာမာ၊ ထွားထွားကျိုင်းကျိုင်း၊ ညိုညိုမောင်းမောင်း၊ သျှောင်တစောင်းနဲ့လူ၊ နှုတ်ခမ်းမွေးကားကားကြီးကလည်း ခန့်ညားလှဘိ။ အကျဉ်းထောင်အတွင်းတွင် သူ၏မူလတာဝန်က "ကြိမ်ရိုက်ဘုတ်ကိုင်". . . ။

ဟုတ်ကဲ့။ ကြိမ်ဒဏ်ခံရသူ အကျဉ်းသား၊ အချုပ်သားများအား "ကြိမ်ဒဏ်"ပေးရာ၌ ကြိမ်ရိုက်ခြင်းအမှုကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရသူ၊ အရေးကြီးတရားခံများဆိုလျှင် ဟပည့်တပန်းကိုပင် ကိုယ်စားမခိုင်းဘဲ ကိုယ်တိုင်ဝင်၍ ကြိမ်ရိုက်ပေးရသူ။ "ဘယ်ကြိမ်" ဖြစ်စေ၊ "ညာကြိမ်"ဖြစ်စေ ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် ဝံ့ဝံ့စားစား လက်စွမ်းပြနိုင်သူ။ ကြိမ်ရိုက်ဘုတ်၏ ဦးစီးပဲ့ကိုင်။

သူနာမည် ဘာကြောင့် ကြီးရသည်ကို ရှင်းပြပါရစေဦး။

♛ ♛ ♛ ♛ ♛

(၂)

ယခင်တရားစီရင်ရေး စနစ်ဟောင်းတုန်းက ကြိမ်ဒဏ်ဆိုသည့် အပြစ်ဒဏ် စီရင်ချက်တစ်မျိုး ရှိခဲ့ဖူးပါသည်။ ထောင်ဒဏ်မပါ ကြိမ်ဒဏ်သက်သက် ချမှတ်သည်ရှိသကဲ့သို့၊ ကြိမ်ဒဏ်နှင့် ထောင်ဒဏ်ပါ တွဲလျက် ပြစ်ဒဏ်ချမှတ်ခြင်းလည်း ရှိခဲ့ပါသည်။

(၁၉၇၄)ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံအသစ် ရေးဆွဲပြဋ္ဌာန်းခဲ့ရာတွင် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းသေးသိမ်သော ပြစ်ဒဏ်မျိုးမပေးရဟူသည့် တရားစီရင်ရေး အခြေခံမူအရ ကြိမ်ဒဏ်ပေးခြင်း အပြစ်ဒဏ်ကို ပယ်ဖျက်ခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ (၁၉၇၄)ခုနှစ် နောက်ပိုင်းတွင် ကြိမ်အပြစ်ဒဏ်ပေးခြင်းကို တရားရုံးများက ချမှတ်ခြင်းမရှိတော့သကဲ့သို့ အကျဉ်းထောင်များတွင်လည်း ဆောင်ရွက်ရခြင်း မရှိတော့ပါ။

သို့တစေ ကြိမ်ရိုက်စင်၊ ကြိမ်ရိုက်ခန်း၊ ဘယ်ကြိမ်၊ ညာကြိမ် စသည့် ကြိမ်ရိုက်ခန်းသုံးကြိမ်လုံးများ စသည်တို့ကတော့ အတိတ်ခေတ်၏အမွေအဖြစ် ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာ ကျန်ရှိလို့နေပါသေးသည်။

နှောင်းခေတ် အကျဉ်းဦးစီးဌာနဝင် အကျဉ်းထောင်အရာရှိများ ဝန်ထမ်းများ၊ ဌာန၏သမိုင်း၊ ဌာန၏လုပ်ငန်းတာဝန်များကို လေ့လာ

သုသေတနပြုရာ၌ ကိုးကားဖွယ်အသုံးအဆောင်၊ အမှတ်အသား မှတ်တမ်းများက အထင်အရှားရှိနေ ကျန်နေခဲ့ပါသေးသည်။

ကြိမ်ဒဏ် အပြစ်ပေးပုံကလေးကိုလည်း ကျွန်တော့်ဆရာကြီး (ဦး)ရန်အောင်မောင်မောင်က သူ၏ဝတ္ထုတစ်ပုဒ်တွင် သည်သို့မြင်သာထင်သာအောင် ရေးဖွဲ့ပြခဲ့ဖူးပါသည်။

♛ ♛ ♛ ♛ ♛

(၃)

''ကောင်းကောင်းထိုင်ထား''ဟု အော်လိုက်သည်နှင့် အုတ်ရိုးလေးဖက်လေးတန်အတွင်း လက်ပံပင်ဆက်ရက်မကျသည့်တိုင် ဟိုနား၊ သည်နားတွင် တွတ်ထိုးနေကြသည့် အသံဗလံများ မီးကိုရေနှင့်သတ်လိုက်သလို ရှဲခနဲအသံတိတ်သွားပြီ။ ထောင်ကြီးတစ်ထောင်လုံး အပ်ကျသံကြားရမလောက်။ ကောင်းကောင်းထိုင်ထား ဆိုသည့်အတိုင်း သတ်မှတ်ထားသည့်ပုံစံထိုင် ထိုင်ကြရသည်။ ပုံစံရပ်ရပ်ကြရသည်။ ဒါက ထောင်တွင် သတ်မှတ်ချက်၊ သို့တည်းမဟုတ် ထောင်ပုံစံ။

အချိန်အားဖြင့် နေ့ခင်း(၂း၃၀)နာရီ (၃း၀၀)နာရီခန့်။ ဒီအချိန်ထောင်ပိုင်ကြီး ထောင်ထဲသို့ ဘာကိစ္စဝင်သနည်း။

ဝါရင့်အကျဉ်းသားများ သိကြပါသည်။ ကြိမ်ဒဏ်ရှိသည်။

ကြိမ်ရိုက်တော့မည်။ အပြင်ရုံးထွက်ရာမှအပြန် ကြိမ်ဒဏ်သမားပါလာသည်။ ထောင်ပိုင်ကြီး၏နောက်တော်ပါးမှ ထောင်ပိုင်လေးတို့၊ ထောင်မှူးကြီးတို့ပါချင်လည်း ပါလာသည်။ သူတို့မပါလျှင်လည်း အကြောင်းမဟုတ်။ ထောင်ကျရုံးထောင်မှူးနှင့် ဆရာဝန်တို့ပါလျှင် ကိစ္စပြီးသည်။ သူတို့နှစ်ယောက်က အဓိက။

မိန်းဂျေးထောင်မှူး ဦးမောင်မောင်ကတော့ ပါလေရာငါးပိချက်ဆိုတာလို ထောင်ပိုင်ကြီးထောင်အတွင်းဘယ်အပိုင်းဝင်ဝင် သူပါရသည်။ ကြိမ်ဒဏ်ကို ကျယ်ဝန်းသော အချုပ်ဆောင်တွင်း ကွပ်လပ်ထဲတွင် ရိုက်လေ့ရှိသည်။

ကြိမ်ရိုက်သည့်ကားစင်မှာ တြိဂံပုံသဏ္ဌာန်ဖြစ်၏။ ကျွန်းသစ် ၄ပေ ၂လက်မကို ပေါင်ဖွဲ့ခွေထားသည်။ အပေါ်ဘက်မှပတ္တာဖြင့် ဒေါက်ကို ဆယ်သွယ်ထားသဖြင့် ခေါက်လို့ဖြန့်လို့ရသည်။ မလိုသည့်အခါ ခေါက်၍သိမ်းထား။ ကြိမ်ရိုက်မည်ဆိုတော့မှ ထုတ်၍ ဖြန့်ဆင်သည်။

ထောင်ပိုင်ကြီးမလာမီ ကြိမ်ရိုက်သည့် ကားစင်ကို အသင့်ပြင်ထားပြီးဖြစ်၏။ မလှမ်းမကမ်းတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံးခင်းထားသည်။ တစ်လုံးက ထောင်ပိုင်ကြီးအတွက်၊ နောက်တစ်လုံးက ထောင်ဆရာဝန်အတွက်။ စားပွဲပေါ်တွင် ကြိမ်ဒဏ်မှတ်ပုံတင်စာအုပ်ရှိနေသည်။

ထောင်ပိုင်ကြီး အချုပ်ဆောင်အတွင်း ဝင်လာပြီး ကုလားထိုင်ပေါ်ထိုင်လိုက်သည်နှင့် ထောင်ကျရုံးတာဝန်ခံ ထောင်မှူးက ကြိမ်ရိုက်ခံမည့်သူကို စားပွဲရှေ့သို့ ခေါ်လာသည်။ ပုံစံရပ်စေသည်။ အပေါ်ပိုင်းအင်္ကျီချွတ်ပြီးသား၊ အင်္ကျီချွတ်ထားရခြင်းမှာ ကိုယ်ပေါ်တွင်ရှိသည့် (Identification Marks) ခေါ် အမှတ်အသားများကို စစ်ဆေးရန်ဖြစ်သည်။ ထောင်ပိုင်ကြီးရှေ့ ပုံစံရပ်ပြီးသည်နှင့် ထောင်ကျရုံးဘာယာက

စမေးသည်။ ဘာယာမှာလည်း ထောင်ကျအကျဉ်းသားပင်ဖြစ်၏။

"နာမည်"

"တင်မောင်"

"အဖေနာမည်"

"ဦးညီပု"

"အမေနာမည်"

"ဒေါ်ကလေးမ"

"မိန်းမ"

"မလှမေ"

"အသက်"

"၃၂ နှစ်"

"ဘာလူမျိုးလဲ"

"မြန်မာ – ဗုဒ္ဓဘာသာ" (လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ တွဲပြောရသည်)

"ဘယ်မှာနေလဲ"

"အရှေ့ပြင် အောင်တော်မူ"

"ဘာမှုဖြစ်လဲ"

"မုဒိမ်းမှု"

"ဘယ်ရုံးက အပြစ်ပေးလဲ"

"၄ ရာဘက် အထူးရာဇဝတ်တရားရုံး"

"ကြိမ်ဒဏ် ဘယ်လောက်ကျလဲ"

"အစိတ်"

"အယူခံဦးမလား"

"မခံပါဘူး"

ကြိမ်ဒဏ်သမားများသည် အယူခံလေ့မရှိကြပေ။ အယူခံဝင်ခဲ့လျှင်လည်း အယူခံအမိန့်မကျမချင်း ထောင်ထဲတွင် အချောင်သက်သက် အချုပ်ခံနေရမည်ဖြစ်၏။ အယူခံလျှင်အပြင်တွင် အာမခံနှင့် ၅ ရက်တော့ နေခွင့်ရှိသည်။ အယူမခံသူများပါသည်။

သို့သော် ကြိမ်ဒဏ်နှင့် ထောင်ဒဏ်တွဲကျသူများကတော့ အမှုအခြေအနေပေးလျှင် အယူခံအမိန့်ကို ထောင်ဒဏ်ကျနေရင်း စောင့်လို့ရသည်။ အယူမခံကြောင်းပြောပြီးသည်နှင့် ထောင်ကျရုံးထောင်မှူးက မှတ်ပုံတင်စာအုပ်ထဲတွင်ရေးသားထားသော ကြိမ်ဒဏ်သမား၏ အမှတ်အသားသုံးခုကို တစ်ခုချင်းဖတ်ပြရသည်။ ထောင်မှူးဖတ်ပြသော အမှတ်အသားများကို ဘာယာကတစ်ခုချင်းလက်ဖြင့် ထောက်ပြသည်။ ထောင်ပိုင်ကြီးက မှန်မမှန်စစ်ဆေးသည်။

"လက်ယာဘက်ပါးတွင် အမာရွတ်ရှည်တစ်ခု"

"ရင်ညွန့်တွင် မှဲ့တစ်"

"ခါးလယ်တွင် မွေးမှတ်တစ်"

ခါးလယ်ဆိုတော့ နောက်ကျောဘက်ဖြစ်၍ ကြိမ်ဒဏ်သမားကို လှည့်ပြရသည်။ ပြီးလျှင် ရှေ့ပြန်လှည့်။ ထောင်ပိုင်ကြီးစစ်ပြီးတော့ ထောင်ဆရာဝန်က ကြိမ်ဒဏ်သမား၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးရသည်။

ရင်ဘတ်ကို နားကြပ်ဖြင့်ထောက်၍ စမ်းသည်။ လက်ကောက်ဝတ်ကိုင်၍ သွေးတိုးနှုန်းစမ်းသည်။ လျှာထုတ်ခိုင်းသည်။ အောက်မျက်ခမ်းကို ဖြဲကြည့်သည်။ ဘယ်လိုပဲပြောပြော ကြိမ်အရိုက်ခံရမည့်သူကတော့ ရင်ခုန်နေမှာအမှန်။ ဒူးများပင် တဆတ်ဆတ်တုန်နေတတ်သည်။

ဆရာဝန်စစ်ပြီးသည်နှင့် ကြိမ်ဒဏ် ၂၅ချက် အရိုက်ခံရန် ကျန်းမာရေးကောင်းမွန်ကြောင်း ကြိမ်ဒဏ်မှတ်ပုံတင်စာအုပ်တွင်

သက်သေခံလက်မှတ် ရေးထိုးရသည်။ ပြီးသည်နှင့်တင်မောင်ကို ကြိမ်ရိုက်သည့် ကားစင်ရှိရာသို့ ခေါ်သွားကြသည်။ ကားစင်ရှေ့ရောက်သည်နှင့်ကြိမ်တန်းစီးက –

"ဟော့ကောင် . . . လုံချည်ချွတ်"

တင်မောင် ပထမကြောင်နေသည်။ နောက်တော့ ကြိမ်ရိုက်သည့်အခါ ကိုယ်တုံးလုံးချွတ်ရိုက်ကြောင်းကြိုတင်သိထားသဖြင့် ခပ်ရွံ့ရွံ့နှင့်ပင် ခါးမှလုံချည်တို ချွတ်ချလိုက်ရသည်။ လုံချည်မှာ ခြေထောက်နှစ်ဖက်ပတ်လည် ကွင်းလုံးပုံလျက်။ တင်မောင်မှာ ကိုယ်လုံးတီး။

ကြိမ်ရိုက်စင်၏အလယ်၊ ကြိမ်ရိုက်ခံမည့်သူ၏ဗိုက်သားနေရာတွင် သစ်သားပြား ရှစ်တစ်လက်မတန်းကြီးတစ်ခုရှိသည်။ ယင်းသစ်သားပြားပေါ်တွင် ဝမ်းဗိုက်ကိုကပ်ထား၊ သစ်သားပြားတစ်ဖက်တစ်ချက်ကို ဖောက်ပြီး ကြိုးကနှစ်စကွင်းလျှောရှိသည်။ ကြိမ်ရိုက်ခံမည့်သူကို ခါးပိုင်းမလှုပ်နိုင်အောင် တုပ်နှောင်ထားခြင်းဖြစ်၏။ ခါးနေရာမှကြိုးမထားဘဲ လက်တစ်ဝါးသာသာကတ်ထူစကို ကြိုးနှင့်တွဲ၍ချုပ်ထားသည်။ ရှေ့ဘက်မှကြိုးစကိုဆွဲတင်း၍ ချည်နှောင်လိုက်လျှင် ခါးပိုင်းမလှုပ်နိုင်တော့ပြီ။

ခါးပြီးတော့ အောက်ပိုင်းခြေထောက် ကြည့်ရအောင်။ ခြေမျက်စိအထက် ခြေချင်းဝတ်နေရာတွင် ပတ္တာတပ်ထားသော သစ်သားတန်းတစ်ခုရှိသေးသည်။ ကြိမ်ရိုက်စင်အောက်ခံတွင် ခြေချင်းဝတ်တစ်ဝတ်စာ၊ အပြင်က ပတ္တာနှင့်အရှင်လုပ်ထားသော သစ်သားတွင် ခြေချင်းဝတ်တစ်ဝတ်စာ၊ သူတို့နှစ်ခုပေါင်းစပ်ပြီး ချိတ်ချိတ်လိုက်လျှင် ခြေထောက်မလှုပ်နိုင်တော့။

ခါးပိုင်းနှင့် အောက်ခြေထောက်ပိုင်းတော့ ငြိမ်သွားပြီ၊ အပေါ်က လက်နှစ်ဖက်လွတ်နေသေးသည်။ ဒါကလွယ်ပါသည်။ လက်တစ်ဖက်

စီကို ကြိုးတစ်စစီဖြင့်တုပ်နှောင်ပြီး အပေါ်ပိုင်း ကြိမ်ရိုက်စင်ထိပ်တွင်ဖောက်ထားသော အပေါက်အတွင်းသွင်း၍ ဆွဲထားလိုက်ရုံပေါ့။ ကိုတင်မောင် ဘာတတ်နိုင်တော့မည်နည်း။

အကြောနှင့် အသားစိုင်များ လှုးလွန့်လှုပ်ရှားရုံမှတစ်ပါး ဘယ်လိုမျှ မလှုပ်မရှားနိုင်တော့ပေ။ ချည်ပြီး၊ တုပ်ပြီး၊ နှောင်ပြီး ကြိမ်ရိုက်သည့်ကားစင်ပေါ်တွင် ဖားကလေးတစ်ကောင် ကင်ထားသည့်နှယ် ကားကားစွင့်စွင့်။ သို့သော် ဒီအတိုင်းပြောင်တလင်းခါပြီး ကြိမ်နှင့်ရိုက်လို့မဖြစ်သေး။

ဆေးဝါရည် စိမ်ထားသော (Gauze)ခေါ် ဆေးရုံသုံး ပိတ်စိမ်းပါးကလေးကို တင်ပါးပေါ်အုပ်၍စည်းပြီး ချည်နှောင်ပေးထားရသည်။ ဒါက ကွန်ပေါင်ဒါခေါ် ဆေးစပ်ဆရာ၏အလုပ်။ လခစားကွန်ပေါင်ဒါမရှိလျှင်လည်း အကြောင်းမဟုတ်။ ထောင်ထဲရောက်မှ သင်ကြားတတ်မြောက်သည့် အကျဉ်းသားကွန်ပေါင်ဒါတွေက တစ်ပုံတစ်ခေါင်းရှိသည်။ အပြင်တွင်နေစဉ်က အစအနကလေးရှိပြီး ထောင်ထဲရောက်မှ ဆေးထိုးနိုင်သည့်အကျဉ်းသား ကွန်ပေါင်ဒါများပင် ရှိ၏။

ကောင်းပြီ။ ဒါလောက်ဆိုလျှင် ကြိမ်ရိုက်ဖို့ အစစအဆင်သင့်ဖြစ်ပြီ။ သို့သော် ဒီအတိုင်းကြီး အရမ်းကာရော ရိုက်လိုက်လို့ မဖြစ်သေး။ အစစအရာရာ စနစ်တကျရှိဖို့လိုသည်။ ကြိမ်ရိုက်တန်းစီးက အောင်မြင်ခန့်ညားသော အသံကြီးဖြင့် ''မောင်တင်မောင် ဒီမုဒိမ်းမှု ကြိမ်ဒဏ်နှစ်ဆယ့်ငါးချက် စရိုက်''ဟု အော်လိုက်သည်။ သူ့လက်ထဲမှာလည်း ကြိမ်တစ်လုံး အသင့်ကိုင်ထားသည်။

ကြိမ်လုံးမှာလည်း ရိုးရိုးကြိမ်ဟုတ်။ ပိန်ကြိမ်ဖြစ်သည်။ ပိန်ကြိမ်မှာ မြန်မာပြည်တွင်ထွက်သည့် ကြိမ်နီကြက်ဥကြိမ်တို့ထက် အဆင့်မြင့်သည်။ အရောင်အသွေးကောင်း၍ ရေရှည်ခံသည်။ ကြိမ်လုံး

အရွယ်အစားကိုလည်း ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည်။ ကြိမ်လုံး၏အချင်းသည် လက်မဝက်ထက်မပိုရပေ။ ကြိမ်ရိုက်တန်းစီးက စရိုက်ဟု အော်လိုက်သည်နှင့် တင်မောင်၏တင်ပါးပေါ်သို့ ကြိမ်လုံးများ ဘျွမ်းရွမ်း ကျလာချေပြီ။

ရှေးကတော့ အများအားဖြင့် ''ဘယ်ကြိမ်'' ''ညာကြိမ်''ဟူ၍ နှစ်ယောက်ထားသည်။ ထုံးစံအတိုင်း ညာသန်များပြီး ဘယ်သန်ရှား သဖြင့် ညာကြိမ်သမားပေါသလောက် ဘယ်ကြိမ်သမား အတော်ရှာ ယူရသည်။ သူတို့ကိုလည်း စနစ်တကျ သင်ကြားထားပြီးဖြစ်၏။ ကြိမ်စင် ပေါ်တွင် ကောက်ရိုးများထည့်ထားသော အဝတ်ထုပ်ကိုတင်ပြီး တင်ပါး ပုံသဏ္ဌာန် ရေးဆွဲထားသည်။

စနစ်တကျ ဟန်ပါပါလွှဲပြီး ဘယ်တစ်ချက် ညာတစ်ချက် ရိုက်ရသည်။ ကြိမ်ရိုက်သမားကျွမ်းကျင်လျှင် ကြိမ်လွှဲပုံမှာ အလွန်ကြည့်၍ ကောင်းသည်။

ဘယ်ကြိမ် ညာကြိမ် နှစ်ယောက်လုံး ကျွမ်းကျင်ခဲ့ပါလျှင် ကြိမ်ရိုက်ချက်များမှာ တစ်ချက်နှင့်တစ်ချက် မထပ်ရပေ။ ကြိမ်ရိုက် သည့်အရာများ တစ်ချက်ချင်းစီဆင်းသွားပြီး နောက်ဆုံးရိုက်ချက် စေ့သွားသည်နှင့် ကြိမ်ရိုက်သည့် အရာကလေးများမှာ ရာဇမတ်ကွက် ကလေးပမာ ထင်ကျန်နေတတ်သည်။ ကြိမ်ရိုက်တန်းစီးက တစ်ချက်ချင်း ကျတိုင်း အရေအတွက်ကို အော်ပေးနေရသည်။

''တစ်–နှစ်–သုံး–လေး–ငါး–ခြောက်''

တစ်ချက်ချင်းရိုက်တိုင်း တရွမ်းရွမ်းမြည်တိုင်း ကြိမ်ရိုက်ခံရ သူက အော်ပေရော့။ နာလျှင်လည်းအော်၊ မနာလည်းအော်၊ တင်ပါးပေါ် ကြိမ်လုံးနှင့် တအားလွှဲရိုက်နေမှတော့ ဘယ်သူမနာဘဲ ရှိပါမည်နည်း။ ဦးခနဲ ဟန်ပါပါ ကြိမ်လွှဲလိုက်ပြီး တင်ပါးပေါ် ရွမ်းခနဲကျလိုက်တိုင်း

''အမယ်လေး''အော်သံများ ဟိန်းထွက်လာတတ်သည်။ ဒါကလည်း အကြောင်းရှိသည်။

ကြိမ်ရိုက်သူနှင့် အရိုက်ခံရသူတို့ ပိုက်ဆံအပေးအယူ လုပ်ထားတတ်သည်။ ဥပမာ ရှေးခေတ်က လက်တစ်လုံးလျှော့လျှင် ၁ဝ/- လက်နှစ်လုံးလျှော့လျှင် ၂ဝ/- စသည်အားဖြင့် လက်တစ်လုံးလျှော့ ဆိုသည်မှာ ကြိမ်ကိုဆုပ်ကိုင်ထားသည့်လက်မှ လက်သန်းကလေး တစ်ချောင်း လျှော့ထားခြင်းဖြစ်၏။

ကြိမ်ရိုက်ချက် ပျော့သွားသည်။ လက်နှစ်လုံးလျှော့ဆိုတော့ လက်သူကြွယ်မှ ဆုပ်အားကိုပါ လျှော့ထားမည်ဖြစ်၏။ လက်ခလယ်ပါ လျှော့ရသော လက်သုံးလုံးလျှော့ကတော့ ကြိမ်ရိုက်အလွန်ကျွမ်းကျင် သူများသာ တတ်နိုင်သည်။

ယင်းကဲ့သို့ အပေးအယူလုပ်ထားပြီဆိုလျှင် ကြိမ်ရိုက်တန်း စီးက သိသည်။ သူလည်း ကြိမ်ရိုက်သမားက တက်လာသည့်တန်းစီးပဲ၊ စောဖေတို့ နောကျေနေပြီပေါ့။

သူသိသွားပြီဆိုလျှင်လည်း ကြိမ်ရိုက်သမား မသက်သာပေ။ သူ့လက်ထဲရှိကြိမ်လုံးနှင့် ကြိမ်ရိုက်သမား၏ တင်ပါးပေါ်ရွှမ်းခနဲ ဆော် ပလော်တီးတတ်သည်။ အဲ . . . သို့ပေမဲ့ သူလဲဝေပုံကျ ရှယ်ယာရထား ပြီဆိုလျှင်တော့ တစ်မျိုးပေါ့လေ။ သည်လိုနှင့် တစ်ချက်ချင်းရိုက်လာ ခဲ့ရာက –

''နှစ်ဆယ် – နှစ်ဆယ့်တစ် – နှစ်ဆယ့်နှစ် – နှစ်ဆယ့်သုံး – နှစ်ဆယ့်လေး – နှစ်ဆယ့်ငါး''ပြည့်ပြီးသည်နှင့် ကြိမ်ရိုက်တန်းစီးက သူ့ ကြိမ်လုံးကို ဘယ်ကြိမ်ညာကြိမ် နှစ်လုံးကြားထိုးသွင်းလိုက်ပြီး . . .

''ဟိုး''ဟု အော်လိုက်သည်။

မတော်တဆ နှစ်ဆယ့်ငါးချက်ထက်ပိုပြီး မရိုက်မိစေရန်

ဟန့်တားရခြင်းဖြစ်၏။ နှစ်ဆယ့်ငါးချက်ပြည့်သွားပြီ၊ တင်မောင်တစ်ယောက်လည်း ခေါင်းငိုက်စိုက်ကျသွားပြီ။

ထိုသို့ ကြိမ်ရိုက်ရာတွင် ရှေးခေတ်က ထုံးမန်းတို့ ကွမ်းမန်းတို့ ခေတ်စားခဲ့ဖူးသည်။ ကွမ်းမန်းကိုစားထားလျှင်သော်လည်းကောင်း၊ ထုံးမန်းကိုတင်ပါးပေါ်တွင် သုတ်လိမ်းထားလျှင်သော်လည်းကောင်း အနာသက်သာသည်ဟု ပြောကြသည်။ သို့သော် တင်ပါးပေါ်တွင် အရှိုးအစင်းအစင်းကတော့ ထင်ကျန်နေတာပါပဲ။

တင်မောင်ကို ကြိမ်ရိုက်စင် အနှောင်အဖွဲ့များက ဖြုတ်ပြီးသည်နှင့် ဖျာတစ်ချပ်ပေါ်တွင် ဝမ်းလျားမှောက်စေရသည်။ တင်ပါးပေါ်ထင်ကျန်နေသော အရှိုးအစင်းများကို ဗယ်စလင်ဖြင့် ပွတ်လိမ်းပေးရသည်။ နာ၁ဝကို ရှူဆေးဆွတ်ထားသော ဂွမ်းစကလေးတော့ပေးရသည်။

ကြိမ်ရိုက်ပြင်းလျှင်ဖြစ်စေ၊ အကြောက်လွန်လျှင်ဖြစ်စေ၊ ကျင်ငယ်ရေများ၊ မစင်များ ထွက်ကျလာသည်အထိ ပြင်းထန်သည်ကို မြင်ခဲ့ရဖူးသည်။ တင်ပါးပေါ်တွင် သွေးစကလေးများလည်း စို့နေတတ်သည်။

အကယ်၍များ ဆရာဝန်စစ်ဆေး၍ ကြိမ်ရိုက်ခံရန် မသင့်ပါဘူးဆိုလျှင် ထိုတရားခံကို ဝရမ်းနှင့်တကွ တရားရုံးပြန်ပို့ရသည်။ ရုံးကထောင်ဒဏ်နှင့် လဲပေးမည်ဖြစ်၏။

ကြိမ်ဒဏ်ကို အချက် ၃ဝထက်ပို အပြစ်ပေးခွင့် မရှိပေ။ ၁၆နှစ်အောက် ကျောင်းသားအရွယ်ကလေးများကို အချင်းလက်မဝက်ထက် ငယ်သောကြိမ်ဖြင့် ကျောင်းသားရိုက်ရိုက်ရသည်။ အပြင်တရားရုံးမှ သမ္မာန်ပျာတာများ ထောင်တွင်းသို့လာ၍ ကြိမ်ရိုက်သင်ပြီး အောင်လက်မှတ်ရမှ တရားရုံးတွင် ကျောင်းသားရိုက် ရိုက်ခွင့်ရှိသည်။

မုဒိမ်းမှုနှင့် ကြိမ်ဒဏ်အစိတ်ကျသော တင်မောင်တစ်ယောက်

ကြိမ်ဒဏ် ၂၅ချက်ကျခံပြီးကြောင်း ထောင်ပိုင်ကြီး၏ လွတ်လက်မှတ်ရပြီးမှ ကိစ္စပြတ်သည်။ ထောင်ပိုင်ကြီးက တရားရုံးမှ အပြစ်ပေးဝရမ်းပေါ်တွင် ကြိမ်ဒဏ် ၂၅ချက် အပြစ်ပေးပြီးကြောင်း သက်သေခံလက်မှတ်ရေးထိုးပြီး တရားရုံးသို့ဝရမ်းကို ပြန်ပို့စေရသည်။

တင်မောင်တစ်ယောက် အပြင်သို့ ပြန်ရောက်သည့်တိုင် တင်ပါးပေါ်မှ အရိုးအစင်းများကို ဒဏ်မဖြစ်အောင် မန်ကျည်းရွက်ကြပ်ထုပ်ထိုးရဦးမှာ သေချာနေပေသည်။

(ရန်အောင်မောင်မောင်/ထောင်တစ်သက်အတွေ့အကြုံ)

♛ ♛ ♛ ♛ ♛

(၄)

ဤမျှဆိုလျှင် အကျဉ်းထောင်အတွင်း၌ ''မောင်းထောင်သိန်း'' ဘာကြောင့် သြဇာကြီးရသည်ကို ရိပ်စားမိပြီထင်သည်။ ကြိမ်ရိုက်ပြစ်ဒဏ်မပယ်ဖျက်မီက မျက်နှာချင်းဆိုင်၍ စေ့စေ့မျှပင် မကြည့်ရဲအောင် တန်နိုးထွားခဲ့သူ အနှီ''မောင်းထောင်သိန်း''၏ အရှိန်အဝါသည် ''ကြိမ်ဒဏ်စနစ်''ပယ်ဖျက်လိုက်၍ သေးသိမ်မှေးမှိန်သွားသည်ဟု ထင်ပါသလား။ ဝေးပါသေး။

လူနှင့်လူချင်း လူကိုလူချင်း၊ လူကလူချင်း စီမံခန့်ခွဲအုပ်ချုပ်

နေသော လူလွှမ်မသား သောင်းခြောက်ထောင်ကို ငြိမ်ဝပ်ပိပြားအောင် ဖိဖိစီးစီး ထိန်းသိမ်းကိုင်တွယ်နေရသော အကျဉ်းထောင်အုပ်ချုပ်ရေး ယန္တရားတွင် မောင်းထောင်သိန်းသည် ထောင်ကျလူသစ်တန်းစီးအဖြစ် အသွင်တစ်မျိုးဖြင့် ပို၍အစွမ်းပြလာပြန်ပါသည်။

"လူသစ်ပုံစံခန်း" . . . တဲ့။ အကျဉ်းထောင်သို့ ထောင်ကျ လူသစ်အဖြစ် ဝင်ရောက်လာသူ အကျဉ်းသားအသစ်စက်စက် ကလေး များ အလွှန်ကြောက်ရွံ့သလို တစ်လတန်သည်၊ နှစ်လတန်သည် မဖြစ် မနေ အကျဉ်းထောင်စည်းကမ်းများ သင်ယူနာကြားကြရသော ခန်းမကြီး။ အခန်းအကျယ်က ပေတစ်ရာ အရှည်၊ ပေသုံးဆယ်အကျယ်။

အများဆုံးလူ တစ်ရာ၊ တစ်ရာ့အစိတ်ထက်ပင် ပို၍မဝင်ဆံ့ နိုင်သည့် သည်အကျဉ်းထောင်အတွင်းရှိ အခန်းငယ်ကလေးက အကျဉ်းထောင်ပြင်ပ လူ့အသိုက်အဝန်းအတွင်းမှ ကပ်ပါလာသော အပိုး မကျိုး၊ အနေမတတ်၊ အထိုင်မတတ်၊ ထောင်ထောင်ထောင်ထောင် ဉာဉ်ဆိုး၊ စရိုက်ဆိုးနှင့် ပေတေတေ၊ ညစ်ကတ်ကတ် အကျင့်ဆိုးများကို ခဝါချလျှော်ဖွပ်ကာ အကျဉ်းထောင်အတွင်း နေထိုင်သည့်ကာလတစ် လျှောက် စည်းနှင့်ကမ်းနှင့် နေတတ်၊ စားတတ်၊ သွားတတ်၊ လာတတ်၊ အချင်းချင်းဆက်ဆံတတ်အောင် ပုံစံတကျသင်ပြ၍ အလွှန်မာကြော သော သံချောင်းကို မီးဖြင့်ဖုတ်၊ တူဖြင့်ထုကာ လိုရာပုံထုရသော ပန်းပဲဖိုကလေးပမာ အသုံးဝင်လှပါသည်ဟုဆိုက လွှန်အံ့မထင်ပါ။

ပုံစံအမျိုးမျိုး၊ ဓလေ့စရိုက်အဖုံဖုံ၊ ဘဝဝန်းကျင်အစားစား၊ လူတန်းစားအသွယ်သွယ်က ပေါင်းစည်းလာကြသော သည်အချုပ် သား၊ အကျဉ်းသား လူအုပ်ကြီးကိုတစ်သွေးတည်း၊ တစ်သံတည်း၊ တစ်မိန့်တည်းဖြင့် ကိုယ်လိုရာကိုပုံစံတကျစေခိုင်းနိုင်ရန် လေ့ကျင့်ပေး ရာ သွန်သင်ဆုံးမရာ၊ စည်းကမ်းပုံစံသွန်းထုရာ နေရာကလေးပေမို့

အများထင်တော်မူကြသည့်အတိုင်း နည်းနည်းတော့ အကိုင်ကြမ်းရပါသည်။

အိုးကောင်း၊ အိုးလှကလေးတွေရအောင် အိုးထိန်းသည်က လက်ခတ်သံတည့်ညံ့နှင့် ထုရရိုက်ရတယ် ဆိုပေသကိုး။ စစ်သင်တန်းကျကျနန တက်ရောက်သင်ကြားဖူးသူ၊ ဝန်ထမ်းတက္ကသိုလ်များတွင် စစ်ရေးပြသင်တန်းများ အထိုက်အလျောက် သင်ကြားနာခံဖူးသည့် အလေ့အကျင့်ရှိခဲ့သူမှန်က မျှဝေခံစား နားလည်နိုင်ကြပါလိမ့်မည်။ စည်းကမ်းကို ပုံစံချဖို့နည်းနည်းတော့ အကိုင်ကြမ်းရပါ၏။ လူလွန်မသား၊ မတစ်ထောင်ဖွားတွေကို ပုံစံတကျဖြစ်ဖို့ဆိုပါက တော်တော်လေး ပတ်ကြမ်းတိုက်ကြရပါ၏။

''အမည်''

''မောင်ပု . . . ပါခင်ဗျ''

''မောင်ပုပါခင်ဗျမဟုတ်ဘူး၊ မောင်ပုတစ်လုံးတည်းပဲဆို''

''အမည်''

''မောင်ပု . . . ပါ''

''တယ် . . . ဒီကောင်၊ မောင်ပုကွ၊ မောင်ပု တစ်လုံးတည်း''

''အမည်''

''မောင်ပု''

''အဖအမည်''

''ကိုဖြူလုံး . . . ခင်ဗျ''

''မင်းတော့ နာတော့မှာပဲ၊ ကိုယ့်အဖေကို ''ဦး''တပ်ခေါ်ကွ၊ ဦးဖြူလုံးလို့ပြော''

''အဖအမည်''

''ဦးဖြူလုံး''

"အမေအမည်"

"ဒေါ်သဲ"

"အသက်"

"မမှတ်မိ"

"တယ် . . . နာချင်နေပြီ။ မင်းတော့ လက်မပါချင်ဘူးနော်။ ကိုယ့်အသက်ကို မှတ်မိရမှာပေါ့ကွ။ ရဲအချုပ်ကတည်းက သင်ပြီးသားပဲ။ ဘာလဲ . . . အသားမနာလို့ အားမပါတာလား"

"ဟုတ် . . . အဲလေ မဟုတ်ပါဘူး။ မှတ်ပုံတင်နံပါတ်နဲ့ ရောသွားလို့ ခင်ဗျ"

"အသက်"

"နှစ်ဆယ်"

"မှတ်ပုံတင်အမှတ်"

" . . . "

"ဘာမှုဖြစ်လဲ"

" . . . "

"ထောင်ဘယ်လောက်ကျသလဲ"

" . . . "

"အပြင်မှာ ဘာလုပ်စားလဲ"

"မြောက်သူ"

"ကိုင်း . . . ကိုင်း ကျေးဇူးရှင်၊ လာခဲ့တော့။ မင်းကို တော့ စပ်စပ်ကလေးတွယ်မှ ဖြစ်တော့မယ်။ မင်းကတော့ ကြောင်တာ လိုလို၊ ပြောင်တာလိုလို လာဂယောင်ပေးနေတယ် . . . လာခဲ့ . . . လာခဲ့"

"မဟုတ်ဘူးခင်ဗျ။ အပြင်မှာ ကျွန်တော်လုပ်ကိုင်စားတာ

မြှောက်သူပါခင်ဗျ''

''ဘာကွ . . . ဘာမြှောက်သူလဲ။ တောင်သူဆို တောင်သူ ပေါ့ကွ။ မင်းဟာ မြှောက်သူလို့ပဲ''

''ဒီလိုပါခင်ဗျ။ ကျွန်တော်တို့အရပ်မှာ ကိုယ့်လယ်အပိုင် စားနိုင်မှ တောင်သူလို့ခေါ်တာ ခင်ဗျ။ ကိုယ်အပိုင်မဟုတ်ဘဲ သီးစား သဘော အငှားလုပ်စားရတဲ့သူကို မြှောက်သူလို့ ခေါ်ပါတယ်ခင်ဗျ။ ကျွန်တော် မနောက်ရဲပါဘူး ခင်ဗျ''

''ကဲပါ . . . ဘုရားသားရယ် တော်ပါတော့။ မင်းနဲ့မှ အဘိဓာန် ပြန်ပြင်ရေးရတော့မလို ဖြစ်နေပြီ''

တစ်နေ့တစ်နေ့ အသစ်ဝင်လာသော ထောင်ကျလူသစ်များကို ထောင်ကျရုံးမှ မှတ်ပုံတင်နိုင်ဖို့ ထောင်မှူးကြီး၊ ထောင်ပိုင်ကြီးများသို့ ပုံစံပြနိုင်ဖို့အတွက် ပုံစံကျအောင် သင်ရ၊ ပြရ၊ ပြုပြင်လေ့ကျင့်ရေး သည်မှာ မလွယ်လှပါ။ မြန်မာပြည်အထက်ပိုင်းက တစ်ခုတည်းသော ဗဟိုအကျဉ်းထောင်ကြီးမို့လည်း ထောင်ကျလူသစ်များက နေ့စဉ်ဝင်လာ မစဲ တဖွဲဖွဲ၊ တသဲသဲ။

မှတ်ပုံတင်ဖို့၊ သင်ပြီးလျှင် ပုံစံဖြင့်ရပ် ခြင်း။ ပုံစံဖြင့်ထိုင်ခြင်း။ အကျဉ်းထောင်အတွင်း စည်းကမ်းနှင့် ထောင်တွင်းပြစ်မှုများကို သင်ရ ကြားရပြန်ပါသည်။

ရက်သတ္တတစ်ပတ်နှင့်မပြီး၊ နှစ်ပတ်နှင့်မရေလည်။ (၁)လခန့် ရှိမှသာ အကျဉ်းထောင်အတွင်း ပုံစံကျသွားလာ နေထိုင်ဆက်ဆံ နိုင်အောင် အသားကျလာသည့် အကျဉ်းသားဖြစ်ရပေတော့သည်။

တစ်နည်းအားဖြင့် ထောင်လားမြောက်ပြီး ထောင်ဝင်း နေထိုင်နည်း၊ မူကြိုစာမေးပွဲအောင်ပြီဟု ဆိုကြပါစို့။

အနှီသူကောင့်သား ထောင်ကျလူသစ်များအား ''ထောင်

ကျပုံစံ''သင်ကြားရာ၌ ပုံစံခန်းဘုတ်ကိုင်၊ စည်းကမ်းပြ၊ ပုံစံပြ၊ စည်းကမ်းထိန်း၊ စည်းကမ်းထိန်းအကူဟုဆိုအပ်သော ''အကျဉ်းသားအရာရှိ'' (Convict Officer)များက ကျရာအခန်းမှ ဝိုင်းဝန်းကြရပါ၏။

သူတို့ ဦးစီး၍ အစစအရာရာ စနစ်ကျအောင် သင်ကြားပြသပေးခြင်း... ဆောင်ရွက်ကြရပါ၏။ သို့ဆိုလျှင် ဇာတ်လိုက်ကြီး ''ပုံစံတန်းစီး (ဝါ) လူသစ်တန်းစီး''ဖြစ်သူ မိမိတို့''မောင်းထောင်သိန်း''က အဘယ်အခန်းကဏ္ဍမှ အစွမ်းပြပါလေသလဲ။ ,

အိပ်ဆောင်၏ ဦးပိုင်း၊ ဘုရားစင်အောက်တည့်တည့်တွင် ရေနွေးကြမ်းဘူး တစ်ဘူးနှင့်တင်ပျဉ်ခွေထိုင်နေသူ ''သျှောင်ကြီးဖွေမောင်းထောင်သိန်း''ကို အဘယ်မည်သောအကြောင်းကြောင့် ကြောက်ရွံ့ခန့်ညားကြရပါသနည်း။

''အဘသိန်း . . . ဒီဓားပြအဖွဲ့ လူသစ်တွေက နည်းနည်းတောင့်မကျိုးချင်ဘူး၊ အုပ်တောင့်တော့ နည်းနည်းမာချင်တယ်။ အမြည်းကလေး ကျွေးလိုက်ရမလား''

''မလုပ်ပါနဲ့ . . . သားတို့ရာ၊ အဆောင်ထောင်မှူးက လဲ အကြမ်းပတမ်းမကိုင်ဖို့ မှာထားတယ်။ ထောင်ပိုင်ကြီးကလည်း တနလာနေ့ စစ်ဆေးရေးဝင်တိုင်း မရိုက်ဖို့၊ မနှက်ဖို့ဆုံးမတယ်။ မလုပ်ကြပါနဲ့။ သူတို့မှာ အားတွေပိုနေလို့နေမှာပေါ့။ အုန်းထမင်းလေးသာ ကျွေးလိုက်ကြပါ''

''အဘ . . . ဒီကနေ့လူသစ်အဖွဲ့က ထုံပျင်းပျင်းနဲ့ ပုံစံပြလူငွေလည်း အာပေါက်နေပြီ။ စည်းကမ်းပြ ကံချွန်လည်း လျှာထွက်နေပြီ။ ပုံစံကျဖို့မပြောနဲ့ ပုံစံတောင်မဝင်ချင်သေးဘူး''

''ဟေ . . . ဒီလောက်တောင် ထူရသလားကွ။ ဒီတနင်္ဂနွေပြီးမှနော်။ ထောင်မှူးကြီးစစ်ရင် အကုန်အတီးခံရလိမ့်မယ်။ အေး

ကွာ . . . ဒါဆိုလဲ တစ်ဖွဲ့လုံး တောမြိုင်စွန်းက လွမ်းအောင်ဖန် ဓာတ် လမ်းသာ ရိုက်လိုက်ပေတော့''

''အဘ . . . ဒီနှစ်ကောင် ပုံစံပြရင်း ထချကြလို့''

''ထောင်ထဲရောက်တာတောင် မာန်မကျကြသေးပါကလား ကွယ်ရို့။ ခွန်အားတွေ ပိုလွန်းနေထင်ပေ့ါ။ ဘီအက်အေအေပောင်းကြီး ထုတ်ပေးလိုက်ကွာ၊ ''မြန်ပြည်တစ်ခွင်''လေ့လာရေး ထွက်ခိုင်းလိုက်။ လေ့လာရေးက ပြန်လာတော့မှပဲ ဆက်သင်ကြပေ့ါ''

တချို့က ထင်ကြပါသည်။ ထောင်ဆိုသောအရပ်မှာ လူဆိုး လူမိုက်တို့ ကျက်စားရာအရပ်မို့ ကြမ်းကြမ်းတမ်းတမ်း၊ မိုက်မိုက်ရိုင်းရိုင်း ထုလိုက်ရိုက်လိုက် ပွဲကြမ်းလိမ့်မည်ဟု ထင်ကြပါသည်။ အထင်က အထင်ပါ။

ထောင်ဝါနုလွန်းသူ၊ အုပ်ချုပ်မှုအတွေ့အကြုံ နည်းပါးလွန်းသူ လူငယ်လူသစ်များ လက်ရုံးအားကိုး၍ ကြောက်ရွံ့အောင် ဖန်တီးတတ် ကြပါသည်။ လူပောင်းကြီး၊ လူနပ်ကြီးများကတော့ လက်နှင့်ပင်မတို့ မထိတတ်ကြပါ။ မယုံမရှိပါနှင့်ခင်ဗျာ။ ''မောင်းထောင်သိန်း'' ကိုင် တွယ် ထိန်းသိမ်းသွားပုံကလေးကိုသာ ကြည့်လိုက်ပါ။ ''အုန်းထမင်း ကလေး ကျွေးလိုက်ပါ''၊ ''တောမြိုင်စွန်းက လွမ်းအောင်ဖန်''၊ ''မြန် ပြည်တစ်ခွင် လေ့လာရေးထွက်ခိုင်းလိုက်''ဟူသော စကားအသုံးအနှုန်း များကို သတိထားလိုက်မိပါသလား။

ထိုစကားစုကလေးများသည် အကျဉ်းထောင်အတွင်းတွင် (သူတို့ခေတ်က)တုတ်ဖြင့် ရိုက်ခြင်း၊ လက်သီးဖြင့် ထိုးခြင်းထက်ပို နာလွန်းလှသဖြင့် ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ရသော ''မောင်း ထောင်သိန်း''၏ လက်ဖြစ်ရိုက်ချက် ကလေးများသာ။

ရှင်းပါဦးမည်။ အုန်းထမင်း ဘယ်လိုကျွေးသနည်း။ အဆိုပါ

ခန်းမကြီးအား အပြစ်ပေးခံကြရမည့် အကျဉ်းသားများ တစ်ဦးနှင့် တစ်ဦး သုံးပေခန့်ခွာ၍ တန်းစီထိုင်ကာ၊ ကြမ်းတိုက်သည့်အုန်းဆံကို လက်နှစ်ဖက်ဖြင့် တင်းတင်းကိုင်လျက် ဆောင့်ကြောင့်ထိုင်ပြီး "ပုံစံပြ အကျဉ်းသားက "တက်"ဟု အမိန့်ပေးလျှင် ရှေ့ကိုတစ်လှမ်းစာခုန်၍ တက်ရင်း ကြမ်းကိုတိုက်သွားရသည်။

အားလုံးညီမှသာ တစ်လှမ်းတက်၍ ရမည်။ အတွဲမညီ အတန်း မညီလျှင် "ဆင်း"ဆိုသော "အမိန့်"က ကပ်ပါလာပြီး ခုန်၍ နောက်ကို တညီတည်း ဆုတ်ကြရသည်။

လက်ကလည်း အုန်းခွံဖြင့် ကြမ်းကို တိုက်လိုက်ရသေးသည်။ အတွဲ၊ အတန်းတညီတည်း တစ်ပြိုင်တည်း မဖြစ်သရွေ့ "တက်" "ဆင်း" ဟူသော အမိန့်သံများအောက်၌ ချွေးတဒီးဒီးကျကာ ပါးစပ် မစေ့နိုင်လောက်အောင် မောဟိုက်ပင်ပန်းလှသည်။

ဒူးကညောင်း၊ လက်မောင်းတွေအောင့်။ ရိုးတွင်းခြင်ဆီတွေ ခန်းသလောက်ဖြစ်ကာ ခန္ဓာကိုယ်ကိုပင် အခြေခိုင်အောင် ရပ်၍မရချင်။ ချွေးသံတွေတစ်ရွှဲရွှဲဖြင့် ခေါင်းတွေချာလည်လည်အောင် မူးလှသည်။

သည်အုန်းထမင်းတစ်နပ်မျှ စားလိုက်ရသည်နှင့် နောင်များ စည်းကမ်း ပျက်ဖို့အရေး တွေး၍မျှပင် မကြံစည်ဝံ့။ ဝေရာမဏိပါ ခင်ဗျာ။ အလားတူပင် "တောမြိုင်စွန်းက လွမ်းအောင်ဖန်" ဟူသည့် အကျဉ်းထောင်တွင် ကာရံထားသော ပြက်လေးလက်မ ဒုနှစ်လက်မ သစ်သားပျဉ်တန်းများကို ပြောင်လက်သန့်စင်အောင် တိုက်ချွတ်သန့် ရှင်းရခြင်းအလုပ်ပါ။

လက်တစ်ဖက်က မျဉ်းတန်းကိုကိုင်၊ လက်တစ်ဖက်ကတိုက်၊ ခြေထောက်နှစ်ဖက်၊ ဒူးနှစ်ဖက်က မျဉ်းတန်းကိုညှပ်ထား။ ထိုပုံသဏ္ဌာန် ကိုစိတ်ဖြင့်သာစမ်း၍ လုပ်ကြည့်ကြပါတော့။ အလွန်ပင် အဆင်မပြေ

ကသိကအောက်နိုင်လှသော ကိုယ်နေဟန်ထားပါ။ တစ်နံ့နက်ပိုင်းခန့်သာ "တောင်မြို့ငစွန်းက လွမ်းအောင်ဖန်" ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင် ဖူးလျှင်ဖြင့် သင်ပေးသမျှစည်းကမ်းကို အလွယ်တကူ ကြည်ကြည်ဖြူဖြူ လိုက်နာဖို့ ငြင်းဆန်မိလိမ့်မည် မထင်ပါ။

အလားတူပင် ဆိုင်ကယ်စီး၍ မြန်မာပြည်တစ်ခွင်ခရီးစဉ်ကို တစ်နာရီခန့်မရပ်မနား၊ လှုပ်ရှားလိုက်ရပါလျှင်၊ "ရွှေဘယိမ်း"ဟုခေါ် သည့် အကျဉ်းသား/အချုပ်သား နှစ်ထောင်ကျော်က စွန့်ပစ်သောမိလ္လာ အညစ်အကြေးများကို တိုင်ကီထက်ပိုင်းပြတ်ဖြင့် ထမ်းသယ် ကြရသော "မိလ္လာဘုတ်"တွင် လုပ်အားပေးလိုက်ရပါလျှင် . . . ၊ လျှင် . . . ၊ လျှင် . . . ။

သည်မျှဆိုလျှင် "ဒူး၊ တံတောင်၊ လက်ဝါး၊ လက်ဖျံ"မပါ "ကြိမ်တစ်ချောင်း၊ တုတ်တစ်တို" မကိုင်ဘဲ မောင်းထောင်သိမ်း အာဏာတည်ရပုံကို လိပ်ပတ်လည်လောက်ပြီ ထင်ပါသည်။

♛ ♛ ♛ ♛ ♛

# (၅)

အနို ''မောင်းထောင်သိန်း''သည် တစ်ခေတ်တစ်ချိန်က မန္တလေး ဗဟိုအကျဉ်းထောင်အတွင်း၌ ဩဇာကြီး၊ နာမည်ကြီးလှပါ၏။ အကျဉ်းသား၊ အချုပ်သားတို့က ရိုသေခန့်ညားကြရပါ၏။ စိတ်ပါပါ မပါပါ ဟန်ဆောင်ကြောက်ကလေးတော့ ကြောက်ကြပါ၏။ ထောင်ပိုင်၊ ထောင်မှူး၊ ထောင်အာဏာပိုင်များကလည်း တည်ငြိမ်သော အုပ်ချုပ်ရေးယန္တရားကို ထူထောင်ဖို့ ''မောင်းထောင်သိန်း''တို့ကို လက်သပ်မွေးရပါ၏။ နေရာကလေးပေးကာ ကြိုးဆွဲစေခိုင်းရပါ၏။

သို့ရာတွင် လူတို့၏ ရွံ့ကြောက်ကြီး၊ ကြောက်ရွံ့ရွံ့မုန်းမှု အစိုင်အခဲသည် ထုံးအိုးတွင် ထုံးချီးများအနည်ထိုင်ကာ အဝကျဉ်းကျဉ်းလာဘိသကဲ့သို့ ထုထည်ကြီးကြီးလာကာ ''မောင်းထောင်သိန်း''၏ ဘဝအားလည်း တစ်စတစ်စပိတ်ဆို့လာခဲ့ပါ၏။

သိသာထင်လင်းစွာ ဖြစ်တည်လာခြင်းတော့မဟုတ်။ ပေါ်ပေါ်ထင်ထင်၊ ပြောင်ပြောင်တင်းတင်း လည်းမဟုတ်။ ကျိတ်၍သုတ်လိုက်ရသော မျက်ရည်တစ်စက်၊ ခိုး၍ရှိုက်လိုက်ရသော သက်ပြင်းတစ်ရှိုက်၊ အသံမထွက်ဖြစ်လိုက်ရဘဲ မျိုချလိုက်ရသည့် တက်ခေါက်သံများသည် တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ ကာလကြာလာသည်နှင့်အမျှ . . . ။

(၁၉၇၉) ခုနှစ် နွေဦးပေါက်စနေ့တစ်နေ့။

ထိုနေ့တွင် မန္တလေး ဗဟိုအကျဉ်းထောင်မှ မူးယစ်ဆေးဝါး ပြစ်မှုဖြင့် ထောင်ကျလာသူများ ခိုး၊ ဆိုး၊ လုယက်၊ ခါးပိုက်နှိုက်မှုဖြင့် ထောင်ကျလာသူများ၊ အကျဉ်းထောင်အတွင်းအနေကြာ၍ အကျဉ်းထောင် အုပ်ချုပ်ရေးယန္တရားတွင် ဝင်ရောက်စွက်ဖက်နိုင်လောက်အောင် နာမည်ရှိသည့် အကျဉ်းသားလူဟောင်းလူစွာကြီးများကို ဘယ်လင်း ကျောက်ထုတ်စခန်းသို့ အထူးကိစ္စတစ်ရပ်အနေဖြင့် ပြောင်းရွှေ့ပေး လိုက်ပါ၏။

ယခင် ကျောက်မိုင်းကော်ပိုရေးရှင်းအား အကျဉ်းဦးစီးဌာန လက်အောက်သို့ လွှဲပြောင်းလိုက်ကာ ကျောက်ထုတ်အလုပ်စခန်း ဖွင့်လှစ်၍ ကျောက်မိုင်းလုပ်ငန်းကို အကျဉ်းသားများ လုပ်အားဖြင့် ထုတ်လုပ်စေခဲ့ပါ၏။ ပြစ်မှုကြေး ချေးဖြင့်ဆပ်မည်ဟူသော ဆောင်ပုဒ် ဖြင့် အကျဉ်းထောင်အတွင်း အလဟဿလေလွင့်ပြုန်းတီးနေသော အကျဉ်းသားများ၏လုပ်အားကို ပြည်သူ့အကျိုးပြု ကုန်ထုတ်လုပ်ငန်း များတွင် အကျိုးရှိစွာ ပါဝင်ဆောင်ရွက်စေခဲ့ပြီး၊ အကျဉ်းသားများအား လည်း လုပ်အားဆုကြေးများအပါအဝင် လျှော့ရက်များကိုပါ ခံစားခွင့် ပြုခဲ့ပါ၏။

ထိုအလုပ်စခန်းတွင် မောင်ချို့ရှိနေခဲ့ပါသည်။ တစ်ဖက်က စာပေး/စာယူ တက္ကသိုလ်ဆက်တက်ရင်း တပ်သားအဖြစ် တာဝန် ထမ်းဆောင်နေခြင်းပါ။ သို့ဖြင့် မောင်ချို့နှင့် မောင်းထောင်သိန်းတို့ တွေ့ကြုံကာ သံယောဇဉ်ဖွဲ့ခဲ့ကြခြင်း ဖြစ်ပါ၏။

မောင်ချို့၏တာဝန်ကား အကျဉ်းသား(၅၀)ပါ အလုပ်ဆိုင်း (၁)ဆိုင်းကို အုပ်ချုပ်လျက် ကျောက်မိုင်းမှယမ်းဖောက်ခွဲ၍ ရရှိလာသော ကျောက်ကြီးများကို အရွယ်ညီကျောက်သေးကလေးများ ခွဲပေးရခြင်းပါ။

---
စိတ်ကူးသစ်စာပေ

အကျဉ်းသား (၁၀)ဦးလျှင် လုပ်ငန်းအဖွဲ့(၁)ဖွဲ့နှုန်းဖွဲ့ကာ အလုပ်အဖွဲ့ (၅)ဖွဲ့ကို ဦးစီးဆောင်ရွက်ရပါသည်။

အကျဉ်းသား(၅)ဦးလျှင် ကျောက်(၁)ကျင်း (၁၀၀ ကုဗပေ) နှုန်းနေ့စဉ် ထုခွဲအပ်နှံရသဖြင့် သာယာလှသည့် လုပ်ငန်းတော့ မဟုတ်လှပါ။

အဆိုးဆုံးကား နွေရာသီကာလဝယ် ပူပြင်းလှသော နေရောင်အောက်၌ သစ်ပင်ချုံပင်မရှိသည့် ကျောက်မိုင်းအတွင်း လုပ်ကိုင်ရသဖြင့် အပူဒဏ်ကို လူးလိမ့်ခံစားရခြင်းပင်။ သည့်အထဲ ခြေထောက်၌ သံခြေချင်း ခတ်ထားပြန်သဖြင့် လှုပ်ရှားရသည်မှာ မလွယ်ကူ။ ပြစ်မှုကြေးကို ပေးဆပ်နေရခြင်းမို့သာ။ တကယ်က လောကငရဲကလေး တစ်ခုသာပါတကား။

''ဆရာ . . . လူသစ်တွေပါလာတယ်နော် ဆရာ။ ဟိုနေ့က မန္တလေးထောင်က ပို့လိုက်တဲ့ လူသစ်တွေပဲ။ အားလုံး(၁၅)ယောက်၊ ထောင်မှူးဦးမောင်မောင်တင်ကိုယ်တိုင် အလုပ်ခွဲထည့်ပေးလိုက်တာ''

အလုပ်ဦးစီး ကိုတင်ငွေက မောင်ချိုကို သတင်းပို့သည်။ သူနှင့်တစ်ပါတည်း အကျဉ်းသားလူသစ် (၁၅)ဦး ပါလာသည်။

''ကိုတင်ငွေရ၊ ဆရာစစ်ပြီး ထည့်ပေးလိုက်တာဆိုရင်လဲ အလုပ်ဆိုင်းတွေထဲမှာ လူဟောင်းလူသစ် မျှသွင်းလိုက်ပါ။ လူဟောင်းတွေချည်းလဲ မများစေနဲ့။ လူသစ်တွေချည်းလဲ ပုံမနေစေနဲ့။ အချိန်တန်လို့ တစ်နေ့စာကိုယ်တာ(Quota) ကျောက်ကျင်းမအပ်နိုင်ပြန်ရင် တပ်ခွဲမှူးက လာဆူနေဦးမယ်။ ကျန်းမာရေး ကောင်းမကောင်းစစ်ပြီး ကြည့်ခွဲလိုက်ဗျာ''

''ဩ . . . ဟိုအဘကြီးက အသက်ကြီးလှပါပကော၊ လုပ်နိုင်ပါဦးမလား။ ဟို အဘလာပါဦး။ နာမည် ဘယ်လိုခေါ်လဲ''

''ဦးဘသိန်းပါ''

''ဘာမှုလဲ''

''ခေါးပြမှု''

''ထောင်ဘယ်လောက်ကျလဲ''

''အနှစ်နှစ်ဆယ်''

''ဘယ်လောက်ကျန်သေးသလဲ''

''နှစ်နှစ်ကျော်ကျော်ပါ''

သိလိုသည်များကို မေးမြန်းနေရင်းက မောင်ချိုအကဲခတ်နေမိသည်။ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း သျှောင်တစောင်းနှင့် ကျန်းမာကြံ့ခိုင်ပုံရသော်လည်း အရွယ်ရနေပါပြီ။ နေရောင်အောက်ဝယ် ကျောက်ထု၊ ကျောက်သယ်အလုပ်ကို နိစ္စဓူဝလုပ်နိုင်လောက်အောင် ကြံ့ခိုင်ပါမည်လား။

''အဘ အသက်ဘယ်လောက်ရှိပလဲ''

''ခြောက်ဆယ်မပြည့်သေးပါဘူးဆရာလေး''

''အလုပ်ကတော့ အဘတွေ့တဲ့အတိုင်းပဲ၊ လုပ်နိုင်ပါ့မလား အဘရယ်''

''လုပ်ကြည့်ရမှာပေါ့ခင်ဗျာ၊ နိုင်သလောက်တော့ ကြိုးစားလုပ်ပါ့မယ်''

တကယ်တမ်းလုပ်ခိုင်းကြည့်တော့ မလုပ်နိုင်ရှာပါ။ ခါးချည်ကောင်မာန်ကြီး၊ တောင်ကြီးဖြိုမည့်ကြဲသော်လည်း ခါးမသန်နိုင်ရှာတော့ပါ။ နံနက်ပိုင်းတစ်ပိုင်း တကယ်လုပ်လိုက်ရသည်နှင့် ပင်ပန်းလှဟိုက်လှရှာပါပြီ။

''အဘ . . . ထောင်ထဲမှာတုန်းက ဘာလုပ်ခဲ့ရသလဲ''

''ဒီလိုပါပဲ ဆရာလေးရယ်''

"အဘရယ် . . . ဒီလောက် အသက်အရွယ်ရနေပြီပဲဥစ္စာ။ ဘာလို့ထောင်ထဲမှာ အေးအေးဆေးဆေးမနေဘဲ အလုပ်စခန်းထွက်လာခဲ့ရတာလဲ။ ဒုက္ခများလိုက်တာ"

"ဒီလိုပါပဲ ဆရာလေးရယ်"

သူပြောချင်ဟန်မတူသဖြင့် မောင်ချိုကလည်း နှိုက်နှိုက်ချွတ်ချွတ် မမေးဖြစ်ခဲ့ပါ။ သို့ရာတွင် သူ့အရွယ်၊ သူ့အသက်နှင့် ကိုက်ညီအောင် အလုပ်ပြောင်းပေးခဲ့ရပါ၏။ အကျဉ်းသားများအားလုံး သောက်ဖို့ ရေနွေးကျို၊ ရေခပ်၊ သောက်ရေဝေသော အလုပ်ပါတည်း။

ထိုအလုပ်ကို "အဘသိန်း"လိုလိုလားလား၊ အားတက်သရော လုပ်ပါ၏။ တက်တက်ကြွကြွလုပ်ပါ၏။ သူ့တာဝန်ကို မလစ်ဟင်းစေခဲ့ရပါ။ နှိုးဆော် တိုက်တွန်းမှုလည်း မပြုရပါ။ တာဝန်ကျေပွန်လွန်းသဖြင့် ကျန်အကျဉ်း သားများအားလုံးကပင် အားနာကြရပါ၏။ နားနားနေနေ နေဖို့တားမြစ် နေကြရပါသည်။

ထိုသို့ဖြင့် မောင်ချိုသည် "အဘသိန်း"ဒ.ပေါ်ငယ် တစ်စ တစ်စ သံယောဇဉ်တွယ်ခဲ့ရပါ၏။ မောင်ချိုသည် အလုပ်စခန်းတွင် မနေဘဲ၊ စခန်းအနီးရှိ မိဘအိမ်မှအလုပ်တက်သဖြင့် နေ့စဉ်ထမင်းချိုင့်ဆွဲ၍ အလုပ်ခွင်တွင် စားရသည်။

အဖေ၊ အမေတို့အား "အဘသိန်း"အကြောင်း စကားစပ်၍ ပြောမိခဲ့ရာ အမေက လိုလိုလားလားပင် "အဘသိန်း"အတွက် ထမင်း၊ ဟင်းများကို ပိုပိုသာသာ ထည့်ပေးပြန်သဖြင့် "အဘသိန်း"ကို ထောင် ထမင်း၊ ထောင်ဟင်းဖြင့် မစားစေတော့ဘဲ မောင်ချိုနှင့်အတူသာ စားစေခဲ့ပါ၏။ အဘသိန်းခမျာလည်း ကျေးဇူးတင်လွန်းလှ၍ မျက်ရည်ပင် ကျရှာသည်။

မောင်ချိုကိုလည်း "ဆရာလေး"ဟူသော အခေါ်အဝေါ်မှ

''လူလေး''ဟု ပြောင်းလဲခေါ်ဝေါ်ကာ သားနှယ်ချစ်ခင်ရှာပါ၏။ နေ့ရက်တို့တရွေ့ရွေ့ ကုန်ဆုံးလာသည်နှင့်အမျှ မောင်ချိုနှင့် အဘသိန်းတို့၏ သံယောဇဉ်မှာ ပိုမိုတင်းကျပ် ခိုင်မြဲလာခဲ့ရပါသည်။

♛ ♛ ♛ ♛ ♛

(၇)

တစ်ညနေခင်း၌ . . .

လုပ်ငန်းခွင်မှ အကျဉ်းသားများအားလုံး အလုပ်သိမ်းကာ ပြန်ရောက်ခဲ့ကြပြီ။ တချို့သော အိပ်ဆောင်များ ထမင်းစားနေကြဆဲ။ တချို့သော အိပ်ဆောင်များ ထမင်းစားပြီး အဆောင်ပိတ်ရန် လူစစ်ဆေး၊ တန်းစီနေကြဆဲ။ အိပ်ဆောင်ပြင်ပရှိ အကျဉ်းသားများကိုလည်း ဆိုင်ရာဆိုင်ရာ အိပ်ဆောင်များသို့ ပြန်ဝင်နိုင်ရေး နှိုးဆော်သူက နှိုးဆော်ဆဲ။ လှုပ်လှုပ်ရှားရှား၊ လှုပ်လှုပ်ရွရွ။

အကျဉ်းထောင်လုပ်ငန်းတွင် အရေးကြီးဆုံးအချိန် (၃)ချိန် ရှိပါ၏။ နံနက်အိပ်ရာထနိုးစ အိပ်ဆောင်ဖွင့်တန်းစီလူစစ်ရန် ပြင်ဆင်ရသည့်အချိန်၊ နေ့လယ်တန်းမပိတ်မီ လူပေါင်းပြန်စစ်ရန် ပြင်ဆင်သည့်အချိန်နှင့် ညနေထောင်ပိတ်နိုင်ရေး တန်းစီလူစစ်ရန် ပြင်ဆင်ရသည့် အချိန်များပါ။

လူပေါင်းရာထောင်ချီ၍ ကိုယ်စီကိုယ်စီ၊ ကိုယ့်ကိစ္စဝိစ္စ အသီးသီးကို အာရုံဖြတ်ကာ အချိန်မီအောင် ဆောင်ရွက်ကြရသည်မို့ ပုရွက်ဆိတ်အုံတုတ်နှင့် ထိုးထားသလို၊ တော်တော်ကို မျက်စိနောက် အမြင်ရှုပ်လှပါသည်။ ကိုယ့်ကိစ္စကိုယ် အရေးကြီးနေကြသည်မို့ ဘယ်သူ့ကြည့်ကြည့် သုတ်သီးသုတ်ပျာ။

ထိုကာလမျိုးတွင်မှရွေးကာ အချင်းချင်းမကျေလည် မကျေနပ်ရန်ငြိုးဖြေလိုသူ၊ သကောင့်သားများက အချင်းချင်းရိုက်မှု၊ ထိုးမှုသတ်မှုများ ကျူးလွန်လေ့ရှိတတ်ကြသဖြင့် အကျဉ်းထောင်ဝန်ထမ်းများ အထူးသတိထားကာ နားစွင့်မျက်စိဖွင့် ထားကြရပါသည်။ ဒါတောင် မကြာခဏပြဿနာတတ်လေ့ရှိတတ်ပါ၏။

ယခုလည်း အလုပ်သိမ်းသည်က နောက်ကျသဖြင့် နေ့အလင်းကွယ်သွားသည့်တိုင် အိပ်ဆောင်မပိတ်နိုင်သေးသဖြင့် ထောင်မှူးကြီးကိုယ်တိုင် ထောင်ဘူးတံခါးကြီးတွင်ထိုင်ကာ ကွပ်ကဲနေရပါ၏။ မောင်ချိုတို့ချာတိတ်တွေကတော့ ဘာပြောကောင်းပါမည်နည်း။ ပါးစပ်မအား၊ လူမနားပေါ့။

''ရိုက်ကြပြီ၊ ရိုက်ကုန်ကြပြီ''

''မိလ္လာချောင်ဘက်မှာ ရိုက်ကုန်ကြပြီ''

''ချဟ . . . ချဟ''

''မဆိုင်ရင်မကပ်နဲ့ပေါ့''

''ဖုန်း . . . ဖုန်း . . . ဖုန်း''

''ခွပ် . . . ခွပ်''

''ဝုန်း''

အသံမျိုးစုံ ဆူညံနေပုံမှာ မြန်မာ့ဆိုင်းဝိုင်းကြီးကို အရှေ့တစ်သိုက် ကိုယ်ထင်ရာကိုယ် ဝင်ကြိတ်နေကြသည့်နှယ်။ ပြဿနာနှင့်

ဆိုင်သူတွေကလည်း ဆိုင်သူတွေမို့ပြေးကြ၊ လွှားကြ၊ ရှောင်တိမ်းကြ။ ပြဿနာနှင့် မဆိုင်သူတွေကလည်း မဆိုင်ဘဲလျက် အမှုပတ်ကာ ကြားကထွား အလကား ခါးနာရမည့်ကိန်းဆိုက်မည်မို့ ပြေးကြ၊ လွှားကြ၊ ရှောင်တိမ်းကြ။ ရုတ်ရုတ်သဲသဲနိုင်လွန်းလှသဖြင့် အခြေအနေကို အတော်ထိန်းသိမ်းလိုက်ရပါ၏။

"မောင်းထောင်သိန်း အရိုက်ခံရတာတဲ့"

"မိလ္လာဘုတ်ကိုင် နဝရတ်နဲ့၊ သူ့အဖွဲ့ စိုင်းရေပြာတို့၊ ချစ်မောင်တို့အဖွဲ့က ဝိုင်းရိုက်ကြတာတဲ့"

"ထွက်ပြေးဖို့ ကြံစည်လို့လား မသိဘူး"

"ဟုတ်မယ်မထင်ပါဘူးကွာ။ အဘိုးကြီးနဲ့ ရန်ငြိုးရှိလို့ ခွင်ထဲမှာသွင်းပြီး နှိပ်ကွပ်တာ ဖြစ်ပါလိမ့်မယ်။ နဝရတ်နဲ့ မောင်းထောင်သိန်းက မန္တလေးထောင်ထဲမှာကတည်းက ကျောင်းတော်ကရန်စ ဇာတ်လမ်းတွေရှိတာ အားလုံးအသိပဲ"

"အဘိုးကြီးတော့ သေရှာပြီထင်ပါ့ကွာ။ ဝိုင်းဆော်လိုက်ကြတာ ရက်ရက်စက်စက်ပါပဲ။ ကြည့်ရက်စရာမရှိပါဘူး။ သွေးတွေကို အိုင်ထွန်းလို့။ လူလဲ အဝတ်စုတ်လွှင့်ပစ်ထားတဲ့ အတိုင်းပဲ"

မောင်ချိုရင်ထဲ မီးတောက်ရပါလေပြီ။ ဖွဲ့ခဲ့မိသော သံယောဇဉ်နှောင်ကြိုးကြောင့် အခင်းဖြစ်ပွားရာကို အပြေးအလွှားသွားမိခဲ့ပါ၏။ မြင်လိုက်ရသောမြင်ကွင်းမှာ တကယ့်ကို မကြည့်ရက်၊ မကြည့်ရဲစရာပါ။ အသက်ပင်ရှိတော့ဟန်မတူသော "အဘသိန်း"၏ခန္ဓာကိုယ်ကို သွေးအိုင်ထဲဝယ်အပုံလိုက်ကလေး တွေ့မြင်လိုက်ရပါ၏။ ရင်ထဲတွင်ဆို့ကာ ဝေ့ခနဲဖုံးလွှမ်းလာသော မျက်ရည်စများကြောင့် ခေတ္တမျှအမြင်အာရုံပင် ဝေသီနေပါလေပြီ။ မမြင်လည်း မမြင်ချင်၊ မမြင်ရက်တော့ပါပြီ။

"ဆရာဝန်သွားခေါ်ပါဟေ့။ သွားမကိုင်ကြ၊ မရွှေ့ကြနဲ့ဦး။

ဆရာဝန်စစ်ပြီးရင် အခြေအနေအရ ကျောက်ဆည်ဆေးရုံပို့ရမယ်။ ညကင်းအဖွဲ့ထဲက (၂)ယောက် အဆင်သင့်ပြင်ခိုင်းထားပါ။ နဝရတ်တို့အဖွဲ့တော့ ဒေါက်ခြေချင်းခတ်ပြီး ပြစ်ဒဏ်တိုက်ထဲ ထည့်ထားလိုက်ကြ။ ဒီကကိစ္စတွေပြီးမှသာ ဆက်စစ်တော့မယ်''

ထောင်မှူးကြီးကိုယ်တိုင် စီမံခန့်ခွဲနေသောအသံကို မောင်ချိုကြားနေရပါ၏။ အကျဉ်းသားတစ်ဦးအဖြစ်ထက်၊ သားချင်းဆွေမျိုးပမာခင်တွယ်မိနေပြီဖြစ်သော ''အဘသိန်း''အား ဆေးရုံသို့ပို့ရန် စောင့်ကြပ်ကြည့်ရှုရန် လိုအပ်သလိုပြုစုပေးရန် မောင်ချိုမိမိဆန္ဒအလျောက် ထောင်မှူးကြီးထံ တင်ပြခဲ့ပါ၏။

ထောင်မှူးကြီးခွင့်ပြုချက်အရ ကျောက်ဆည်ဆေးရုံသို့ သူငယ်ချင်း တပ်သားဝင်းချိုနှင့်အတူ အဘသိန်းအား အရေးပေါ်ကုသမှုခံယူရန် လိုက်ပါဆောင်ရွက်နိုင်ခဲ့ပါ၏။

အသက် အန္တရာယ်မထိခိုက်စေရန် အထပ်ထပ်အခါခါ ဆုတောင်းနေခဲ့မိပါသော်လည်း ရင်ထဲကမချိ။ တကယ်တမ်း အခြေအနေမှန်ကို ကြိုတင်ရိပ်စားမိနေသည်မို့ ရောက်လာတော့မည့် ထိုကာလကို စိတ်မောရင်မော စောင့်နေရသည်မှာ ဝဋ်ဒုက္ခကြီးမားလှပါဘိသည်။

''အဘ . . . အဘသိန်း . . . သတိရလာပြီလား''

ညဉ့်သန်းခေါင်ကျော် တစ်နာရီနီးပါးခန့်တွင် ''မောင်းထောင်သိန်း''သတိရလာပါ၏။ အားအင်ချည့်နဲ့၊ မှုံရီဝေသီနေသောမျက်ဝန်းအစုံက ဟိုသည်ကြည့်ကာ အားကိုးရာကို ရှာနေသည်ထင့်။

''အဘ . . . အဘသိန်း . . . ကျွန်တော်လေ၊ မောင်ချိုလေ''

''လူလေး လိုက်လာသလား''

ခွန်အားကို အတန်တန်စုစည်း၍ ပြောလိုက်ဟန်တူသော်လည်း လေသံကကြားရုံမျှသာ တိုးညင်းလွန်းလှသည်။ မောင်ချို၏ လက်ကိုလည်း

ခင်တွယ်လွန်းအားကြီးစွာ တင်းတင်းဆုပ်လျက်။

''အဘသိန်း . . . သတိထားနော်။ ကျောက်ဆည်ဆေးရုံကို ပို့ထားတာ။ အခုဆေးဝါးအပြည့်အစုံနဲ့ ဆရာဝန်ကြီးတွေ ကုသပေး နေတာပဲ။ မကြာခင် နေကောင်းသွားမှာပါ။ ကျွန်တော်လည်းရှိနေမှာပဲ''

မောင်ချိုက နဂိုကပင် စကားနည်းသည်။ လိုသည်ထက်ပို၍ ပြောတတ်သူလည်း မဟုတ်။ ရင်ထဲမှာ သောကတို့ ဆို့ပိတ်နေသဖြင့် လည်း သည့်ထက်ပိုပြောနိုင်အံ့မထင်။

''လူလေး . . . ''

အဘသိန်း၏ မျက်ဝန်းဝယ် သူ့အားအနီးသို့ ကပ်လာရန် အရိပ်အယောင်ပြနေသည့်သဖွယ် မောင်ချိုခံစားလိုက်ရသည်။ တစ်ကိုယ် လုံးလှုပ်၍မရ။ ဦးခေါင်းပင်လျှင် လွယ်လွယ်စောင်း၍ ငဲ့၍မရ။ လှုပ် နိုင်သည်မှာ မျက်ဝန်းကလေးတစ်စုံသာ ရှိသည်။ သည်မျက်ဝန်းဖြင့် သူ့အား ခေါ်နေသည့်နှယ်။ မောင်ချို အဘသိန်း၏မျက်နှာအနီးသို့ တိုး၍ ကပ်ကာမေးမိသည်။

''အဘ . . . ဘာပြောချင်လို့လဲ''

''လူလေး . . . အဘ ဘဝအမှန်ကို သိသလား''

''ဗျာ''

''အဘက တစ်ဘဝလုံး ဆိုးခဲ့ပေခဲ့မိုက်ခဲ့တာ။ တဓောက်ကန်း။ တစ်ကောင်ကြွက် အဘဘဝမှာ မိတ်ဆွေထက် ရန်သူကပိုများခဲ့တယ်။ လူကလေးသိသလား။ တစ်နေ့မဟုတ်တစ်နေ့ အဘဟာ ဒီလိုဇာတ်သိမ်း ရမယ်ဆိုတာ ကြိုသိနေခဲ့တယ်''

''အဘရယ် နောက်မှပြောပါဗျာ။ မောနေပါ့မယ်။ ကျန်းမာ လာမှ ဒါတွေပြောကြတာပေါ့''

''ရတယ် လူလေး၊ ဒီရန်တွေကို ကြိုသိနေလို့ အဘထောင်ထဲ

ကနေစခန်းကို ထွက်လာခဲ့တာ။ ထောင်ပိုင်ကြီးတွေ၊ ထောင်မှူးကြီးတွေ အတန်တန်တားနေတဲ့ကြားက ကိုယ်တိုင်ဆန္ဒပြုပြီး ထွက်လာခဲ့တာ ဘာကြောင့်လို့ လူလေးထင်သလဲ''

မောင်ချို မပြောမိပါ။ အသာငြိမ်၍ နားထောင်နေမိသည်။

''ထွက်ပြေးဖို့။ တစ်နည်းနည်းနဲ့ ဒီစခန်းက ထွက်ပြေးပြီး၊ တောထဲ တောင်ထဲ လူသူဝေးရာမှာ ဘဝရဲ့ နောက်ဆုံးအချိန်တွေကို စိတ်အေးနားအေးနေပြီး ဇာတ်မြှုပ်လိုက်ချင်လို့ပါ။ ဒါအဘရဲ့ အကြီးမားဆုံး ဆန္ဒပဲ။

''ဒါပေမဲ့ အဘထွက်မပြေးခဲ့ဘူး။ ထွက်ပြေးနိုင်တဲ့ အခြေအနေတွေ ခဏခဏကြုံခဲ့ပေမဲ့လည်း အဘထွက်မပြေးခဲ့ဘူး။ အဘတစ်နေ့နေ့မှာ ထွက်ပြေးမယ်ဆိုတာသိလို့ နဝရတ်တို့အဖွဲ့က လက်ဦးအောင်တစ်ခုခု လုပ်တော့မယ်ဆိုတာ စိတ်ထဲကကြိုသိနေတယ်။ ဒါပေမဲ့ အဘထွက်မပြေးခဲ့ဘူး။ ထွက်မပြေးနိုင်ခဲ့ဘူး။ ဘာကြောင့်လို ထင်သလဲ လူလေး''

အဘသိန်း၏ မျက်လုံးတို့ ဝေသီလာရှာပါပြီ။ မနည်းအားယူ၍ စကားကိုဆုံးအောင် ပြောနိုင်ရန် ကြိုးစားနေသော်လည်း လေသံမပီ။ လေဆက်မမှန်တော့။ ဘဝ၏နေဝင်ချိန်က အမှောင်ထုဖြင့် လွှမ်းမိုးရန် တရွေ့ရွေ့လာနေပေပြီ။ မောင်ချို မတုန်မလှုပ်။

''တစ်နေ့နေ့တော့ ဒီလိုပဲသေရမယ်ဆိုတာ သိသိကြီးနဲ့ ထွက်မပြေးဘဲနေခဲ့တာဟာ လူကလေးရဲ့သံယောဇဉ်ကြောင့်။ လူလေးကို အဘရဲ့ သားကလေးလို ချစ်လွန်းလို့၊ အဲဒါလူကလေးသိသလား။ အဘမှာခဲ့မယ်နော်။ ဘဝမှာဘာပဲဖြစ်နေနေ ကောင်းအောင်လုပ်၊ မမိုက်နဲ့ . . ''

အဘအိုသည် အသံမပီမသဖြင့် အချို့စကားတို့ကို ဆက်၍ ပြောနေသေးသော်လည်း ထိုစကားသံတို့ မောင်ချို၏ နားထဲမရောက်တော့ပါ။ မောင်ချို၏ ရင်တစ်ပြင်လုံးသည် အဘအိုအား တွယ်တာ

ခင်မင်စိတ်တို့ဖြင့်ပြည့်သိပ်ကာ မိမိကိုယ်ကို သတိမပြုလိုက်မိခင်မှာပင် တသိမ့်သိမ့်ရှိုက်၍ ငိုနေမိပါပြီ။

"ဖြစ်မှဖြစ်ရလေ အဘရယ် . . . "

ထိုသို့ဖြင့် . . . ထိုညမှာပဲ "မောင်းထောင်သိန်း" ခေါ် "အဘသိန်း" ကွယ်လွန်ခဲ့ရှာပါသည်။

♛ ♛ ♛ ♛ ♛

(၈)

မေတ္တာဆိုသော တရားသည် စကားကလေးနှစ်လုံးတည်းနှင့်ရှင်းမပြနိုင်အောက်အောင် ကျယ်ဝန်းနက်ရှိုင်းလွန်းလှပါသည်။ သို့တစေ မေတ္တာဆိုသည့်တရားသည် အကျိုးလိုလားမှုနှင့်ယှဉ်လျက် အစဉ်ဖြစ်ထွန်းလေ့ရှိတတ်ပါ၏။ မေတ္တာဟူသည့် နွယ်တစ်မျှင်သည် သံယောဇဉ်တွယ်ရာ၌ အစဉ်ကိုင်းညွတ် ရပ်တည်တတ်သည် မဟုတ်ပါလား။ မေတ္တာစေရာခရီးတိုင်း၌ ဆွတ်ပျံ့ဖွယ် အလွမ်းဓာတ်ကလေးတော့ သီသီဝေ့နေစမြဲသာ။

**"အဘသိန်း" သို့ သတိတရ**

**ဓေယျမင်းသျှင်**



# သစ်သီးရူးချိန်

(၁)

မိမိပြုမိမှားသမျှ အကုသိုလ်တရားတို့သည် ဝန်တင်နွားဏ် နောက်သို့လိုက်ပါရသော လှည်းဘီးသဖွယ် မိမိနှင့်အတူ ထက်ကြပ်မကွာလိုက်ပါတတ်၏ဟု သိမှတ်ခဲ့ဖူးပါသည်။ ယုံလည်းယုံကြည်ပါ၏။ ကိုယ့်အတွေ့၊ ကိုယ့်အကြုံ၊ ကိုယ့်ဘဝလမ်းတစ်လျှောက်၌ တွေ့ကြုံဆုံမြင်ခဲ့ရသော ဖြစ်စဉ်ဖြစ်ရပ်တို့ကလည်း များပြားခဲ့ပြီဖြစ်လေရာ ကံနှင့်ကံ၏အကျိုးတရားကို ပြတ်သားကြံ့ခိုင်စွာ လက်ခံယုံကြည်နိုင်ခဲ့ပါ၏။

သို့တစေ . . .

တူသော အကျိုးကို ဘဝမခြားဘဲ မျက်မှောက်ကာလတွင်ပင် သူပြုခဲ့သည့်ပုံဟန်အတိုင်း တစ်သဝေမလွဲ ပြန်လည်ရင်ဆိုင် ပေးဆပ်ခဲ့ရသောဖြစ်ရပ်ကိုမူ တိုက်ပဲတိုက်ဆိုက်လွန်းလှချည့်ဟု ညြချလိုက်ချင်ပါ၏။ အကြောင်းသိသူတိုင်းက စုတ်တသပ်သပ်ဖြင့် သံဝေဂရခဲ့ကြရပါ၏။

မေ့မကို ဘဝဖြင့်ရင်း၍ သက်သေပြခဲ့သူကား မောင်ချို။ မန္တလေး ဗဟိုအကျဉ်းထောင်၊ ကြိုးတိုက်ခန်းအတွင်းမှ သေဒဏ်ကျအကျဉ်းသား ''မောင်ချို''။

ဘယ်လက်မောင်းတွင် ''နေမထူး''၊ ညာလက်မောင်းတွင် ''သေမထူး''၊ နဖူးအလည်တည့်တည့်တွင် ''ဖြစ်ချင်တာဖြစ်၊ စိတ်မညစ်'' ဟု ဆေးမင်ကြောင်မည်းမည်းကြီး ထင်းခနဲနေအောင် ပြူးပြူးပြဲပြဲ ထိုးထားသည့် မောင်ချို။

ဘယ်သူနှင့်တွေ့တွေ့ တွေ့သမျှလူကို စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်ဆင်းရဲအောင်လုပ်လိုက်ရမှ ဘဝင်ကျသူ မောင်ချို။

လက်ရှိဘဝတွင် ယနေ့လား၊ နက်ဖြန်လား၊ ဘယ်နေ့သေရ မလဲမသိ။ မကြာမတင်သေဖို့ကတော့ သေချာနေသည့်အချိန်မှာပင် မာန်၊ မာန၊ ဒေါသတို့ ကျိုးပဲ့ခွေပျောင်းကာ လားရာအနာဂတ်ဘဝ ဂတိသစ်အတွက် ကောင်းမှုတရားတို့ကို ကျင့်သုံးဆောက်တည်စေရေး အထပ်ထပ်အခါခါ ဖျောင်းဖျနားချပါသော်ငြား အနာဂတ်ကိုမယုံ၊ ပစ္စုပ္ပန် ယနေ့ကိုပဲနေပျော်သလိုနေမည်ဟု ကြုံးပလျက် ပြဿနာရှာပဲ့ရှာတတ် လွန်းသော မောင်ချို။

ထိုမောင်ချိုအား ဘဝ၏အကွေ့တစ်ခုဝယ် အနီးကပ်အုပ်ချုပ် ခဲ့ရဖူးပါ၏။ နေ့တစ်နေ့၏ သုံးပုံနှစ်ပုံနီးပါးမျှ အချိန်ပေးကာ ပိုးမွေးသလို မွေး၍ စောင့်ကြပ်ထိန်းသိမ်းခဲ့ရဖူးပါ၏။

ထို့ကြောင့်လည်း မောင်ချိုအသက်ပေး၍ ပြခဲ့သောတရားကို မျက်မှောက်ထင်ရှား ကြေကွဲစွာမြင်တွေ့ခဲ့ သံဝေဂပွားခဲ့ရပါသည်။

ကမ္မနှင့် ကမ္မဖလ။ ကံနှင့်ကံ၏အကျိုး။ ပြုသောကံနှင့်တူညီစွာ တုံ့ပြန်လေသောကံ၏အကျိုး။

♛ ♛ ♛ ♛ ♛

## (၂)

အလျှဉ်းသင့်၍ ''သေဒဏ်ကျအကျဉ်းသား'' တစ်ဦးအား ''ပိုးမွေး''သလိုမွေးကာ ထိန်းသိမ်းစောင့်ရှောက်ရသော အကျဉ်းထောင်စည်းမျဉ်းစည်းကမ်းနှင့် သေဒဏ်ကျအကျဉ်းသားအား အကျဉ်းထောင်ဘူးတံခါးကြီး၌ လက်ခံလိုက်ချိန်မှစတင်ကာ သေဒဏ်စီရင်ပြီး၍ ယင်း၏သက်မဲ့ခန္ဓာကိုယ်ကို အကျဉ်းထောင်ဘူးတံခါးကြီးမှ သယ်ထုတ်သွားချိန်အထိ ကာလအတွင်း ကြိုးတိုက်တာဝန်ကျအရာရှိ ထောင်ဝန်ထမ်းများနှင့်သေဒဏ်အကျဉ်းသားများ၏ တစ်ဦးနှင့်တစ်ဦး တွယ်တာနိုင်မြဲလှသော သံယောဇဉ်တရားတို့ကို ပြောပြချင်မိပါသည်။ သို့မှသာ မောင်ချို၏ ဆန်းကြယ်လှသော ကံတရားကို စာနာနားလည် နိုင်လိမ့်မည်ထင်ပါသည်။

လောကတွင် မည်သည့်လူသားမျှ မိမိအပေါ် သေဒဏ်အပြစ်စီရင်ခြင်းခံရလိမ့်မည်ဟု တွေးထင်ခဲ့ဖူးကြမည်မဟုတ်။ စီရင်ခံရမည်ကိုလည်း လိုလားကြမည်မဟုတ်။ ကြောက်ရွံ့ကြပါလိမ့်မည်။ စွမ်းနိုင်သမျှ အသည်းအသန် တွန်းထိုးရုန်းကန် ခုခံကြပါလိမ့်မည်။ လုံးလုံးမတတ်သာတော့မှသာ ထိုအပြစ်ဒဏ်ချမှတ်ခြင်းကို နာခံကြရပါလိမ့်မည်။

အမှန်တကယ် သေမသွားသေးသည့်တိုင် တစ်နေ့မဟုတ်တစ်နေ့တော့ ထိုကြိုးမိန့်အပြစ်ဒဏ်ကို ရင်ဆိုင်ရမည်မှာ သေချာသဖြင့် တရားခံတိုင်း သေဒဏ်အမိန့်ချမှတ်မည်ကို မိုးပြိုမတတ် ကြောက်ရွံ့

တတ်ကြပါသည်။ ထို့အတူပင် ထိုသေဒဏ်ကျခံရမည့် သေဒဏ်ကျ အကျဉ်းသားထက်ပို၍ ''သေဒဏ်ကျအကျဉ်းသား'' လက်ခံထိန်းသိမ်း ရခြင်းကို လိုလိုလားလားမရှိ။ နှစ်နှစ်မြို့မြို့မရှိသူများ ရှိနေပါသေးသည်။ တခြားသူများ ဟုတ်ပါရိုးလား။ အကျဉ်းထောင်ဝန်ထမ်းများပင် ဖြစ် တော့မည်ပေါ့။

ကြည့်ပါ။ အကျဉ်းထောင်ဘူးတံခါးသို့ ''သေဒဏ်ကျအကျဉ်း သား'' လူသစ်တစ်ဦး ပို့အပ်လာသည့် သတင်းရသည်နှင့်တစ်ပြိုင်နက် ပုံမှန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းများအတိုင်း ငြိမ်သက်အေးဆေးစွာ လည် ပတ်လှုပ်ရှားနေသော ပုံစံကျထောင်လုပ်ငန်းများသည် ဖြုန်းစားကြီးပင် အပူတပြင်း အရေးကြီးအဆင့် ဖြစ်သွားရပါတော့၏။

အလျင်အမြန်၊ ချက်ချင်း၊ အပူတပြင်း၊ ဦးစားပေး၊ အရေးကြီး၊ အဓိကစသော ရှိရှိသမျှ ရေးကြီးသုတ်ပျာလုပ်ရမည့် ဝေါဟာရစကားလုံး ဟူသမျှ ''ဖောခြင်းသောခြင်း''သုံးကာ မြန်နိုင်သမျှမြန်၊ သွက်နိုင်သမျှ သွက်၍ ထောင်ရှိလူကုန်တက်သုတ်ရိုက် အလုပ်များ ဗျာများကြရပါ တော့၏။

''သေဒဏ်ကျအကျဉ်းသား''၏ အပြစ်ပေးဝရမ်း''ကို တံခါး ကြီးထောင်မှူးက စစ်ဆေးပြီးသည်နှင့် ထောင်ပိုင်ကြီးထံတင်ပြ။ ထောင်ပိုင်ကြီးက သေသေချာချာစစ်ဆေး။ လိုအပ်ပါက အကျဉ်းသား ပို့အပ်သည့် ရဲအရာရှိကိုပါခေါ်၍ မေးမြန်းစစ်ဆေး။ ထောင်ပို့ဝရမ်းပုံစံ မှန်သလား။

သက်ဆိုင်သူတရားသူကြီး လက်မှတ်ပြည့်စုံရဲ့လား။ တရား သူကြီးလက်မှတ်သည် တစ်နှစ်တစ်ကြိမ် ကြိုတင်ပေးပို့ထားသော သူ၏ လက်မှတ်နမူနာအတိုင်း မှန်ကန်ရဲ့လား။

အပြစ်ပေးတရားရုံး၊ အပြစ်ပေးတရားသူကြီးသည် ''သေဒဏ်

ပြစ်ဒဏ်''ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာရှိရဲ့လား။ ဝရမ်းပါ ဖော်ပြချက်များ ပြည့်စုံမှန်ကန်ရဲ့လား။ ပြင်ဆင်ချက်တွေရှိသလား။ ရှိခဲ့ရင် တရားသူကြီးရဲ့ လက်မှတ်အရှည် ရေးထိုးပြင်ဆင်ထားရဲ့လား။

သေဒဏ်ကျအကျဉ်းသား၏ ပုံသဏ္ဌာန်ကိုဖော်ပြသည့် ရဲစက္ကူ ပါရဲ့လား။ ရဲစက္ကူပါပုံသဏ္ဌာန် အမှတ်အသားများနှင့် အကျဉ်းသား ကို တိုက်ဆိုင်စစ်ဆေးသည့်အခါ ကွဲလွဲမှုရှိသလား . . . လား . . . ။ လား . . . ။

လားပေါင်းများစွာ ''လားတွေထပ်'' သီချင်းပြီးဆုံးပြီ။ ဝရမ်း ပါအချက်များကို ဘဝင်ကျကျလက်ခံလိုက်ပြီဆိုသည်နှင့် ထောင်ပိုင်ကြီး မှတ်ချက်ရေး၍ ထောင်မှူးကြီးကို ဝရမ်းအပ်လိုက်တော့၏။ ကျန်တာ အားလုံး ထောင်မှူးကြီးတာဝန်၊ ထောင်မှူးကြီးဆက်လုပ်။

ဟုတ်သည်လေ။ သေဒဏ်ကျ အကျဉ်းသားဆိုတာ ထောင်မှူး ကြီးကိုယ်တိုင် စစ်ဆေး၊ လက်ခံ၊ ကြီးကြပ်၊ အုပ်ချုပ်၊ ပြုစုစောင့် ရှောက်၊ ထိန်းသိမ်းရသည့် ''ထောင်မှူးကြီးကိုယ်တိုင်ဆောင်ရွက်ရန်'' သတ်မှတ်ထားသော အကျဉ်းသားမဟုတ်ပါလား။ အခြားသူကို မျက်နှာ လွှဲ၍မရ။ လက်ဆင့်ကမ်း၍မရ။ လက်ပြောင်းလက်လွှဲ လုပ်ခွင့်မရှိ။ ကိုယ်တိုင်ဆောင်ရွက်စေ။

ထောင်မှူးကြီးက သေဒဏ်ကျအကျဉ်းသားနှင့် ထောင်ပို့ ဝရမ်းကို ထပ်မံစစ်ဆေးရပြန်သည်။ သာမန်စစ်ဆေးရုံမျှမက သေဒဏ် အကျဉ်းသားနှင့် ပတ်သက်သမျှ အချက်အလက်များကို ၎င်း၏ မှတ် ဉာဏ်အတွင်းသို့ ကွန်ပျူတာ အချက်အလက်များသွင်းသလို တရစပ် သွင်း၊ တရစပ်မှတ်နေရ၏။

(မမှတ်၍လည်းမဖြစ်ပါ။ ထောင်မှူးကြီး တစ်ဦးအနေဖြင့် မိမိတာဝန်ယူရသော အကျဉ်းထောင်ရှိ သေဒဏ်ကျ အကျဉ်းသားအား

လုံး၏ အချက်အလက်များ၊ အမူအကျင့်များကို မျက်စိမှိတ်၍ စဉ်းစား လိုက်ရုံဖြင့် ''ဒိုင်းခနဲ'' ပေါ်လာအောင် ကြိုးစားထားရပါ၏။ ကိစ္စရှိလာမှ စာအုပ်လှန်၊ ဖိုင်လှန်ကြည့်နေဖို့ အချိန်မရှိပါ။ အချိန်မပေးနိုင်ပါ။)

တစ်ပြိုင်တည်းမှာပင် ထောင်မှူးကြီးပါးစပ်ကလည်း အမိန့်များ ပေါက်ပေါက်ဖောက်နေသလို အဆက်မပြတ်ထွက်လာနေ၏။ ''တာဝန်မှူးခေါ်စမ်း။ တာဝန်ကြပ်ကို ကြိုးတိုက်လွှတ်လိုက်။ ကြိုးတိုက်ထောင်မှူးနဲ့ ဝန်ထမ်းတွေကို တိုက်ခန်းသန့်ရှင်းရေး စစ်ဆေးရေးလုပ်ခိုင်း။ မိလ္လာခွံကအစ လိုအပ်တဲ့ပစ္စည်းတွေထုတ်။ ကြိုးတိုက်ရှာဖွေရေးမှတ်တမ်း တစ်ခါတည်းသွင်း။ ပြီးရင် ထောင်ဆေးရုံက ဆရာဝန်ဆီသတင်းပို့။ ကြိုးသမားကို ထောင်ဝင်လက်ခံ ကျန်းမာရေးစစ်ဆေးဖို့၊ အရပ်တိုင်းဖို့၊ ကိုယ်အလေးအချိန်တိုင်းဖို့၊ တံခါးမကြီးကိုလာခဲ့ဖို့ သွားသတင်းပို့စမ်း။ ဂိတ်စာရေးခေါ်စမ်းဟေ့။ ကြိုးတိုက် နေ့ဝန်ထမ်း/ညဝန်ထမ်းစာရင်းယူခဲ့လို့ပြော။ နေ့(၂)ယောက်၊ ည(၂)ယောက် ပေါင်း(၄)ယောက် ထပ်တိုးရမယ်။ သင်တန်းဆင်းပြီးသား အရက်မသောက်၊ ဘာသာရေးလေးစားတဲ့ တပ်သားတွေပဲရချင်တယ်လို့ပြော။ အခုချိန်ကစပြီး ကြိုးတိုက်မှာဆင်းရမှာနော်။

လူပါတစ်ခါတည်း ခေါ်လာပြ။ စားဖိုကြီးထောင်မှူးဆီ တစ်ယောက်ပြေးစမ်းဟေ့။ ကြိုးသမားအသစ်ရောက်တယ်။ အခု ညနေစာကျွေးရမယ်။ အဆင်သင့်လုပ်ထားပါ။ ကျွေးမယ့်ထမင်း၊ ဟင်းလျာစာရင်းနဲ့ စစ်ဆေးချက်မှတ်တမ်း လာတင်ပါလို့ပြော။ ငါမသိဘဲ၊ ငါမစစ်ဆေးဘဲ ထမင်း/ဟင်းမပို့နဲ့လို့လည်း သတိပေးခဲ့။ တံခါးဒထောင်မှူး အကျဉ်းသားကိုလူ၊ ပစ္စည်းစစ်ဆေးလေ။ အရပ်ဝတ်တွေ စာရင်းနဲ့တကွ တစ်ခါတည်းသိမ်း။ ထောင်ကျရုံးကိုပို့။ ထောင်ကျအဝတ်အစား တစ်ခါတည်းထုတ်ပေး။ ထောင်ကျရုံးထောင်မှူးခေါ်စမ်းဟေ့။ ဒီမှာ သေဒဏ်

အကျဉ်းသား ဝရမ်းလက်ခံခိုင်းစမ်း။ ဝရမ်းမိတ္တူ ပြန်လွှဲပေးလိုက်။ ဟော့ . . . ဟော့ ဟိုရဲအုပ် ခေါ်ပါဦး။ စီရင်ချက်မိတ္တူ ပါခဲ့ရဲ့လား။ ယူခဲ့ . . . ယူခဲ့။ စုံရဲ့လား။ ညကင်းမှူး ဘယ်သူလဲ၊ ညကင်းတာဝန်ကျ ဝန်ထမ်း စာရင်းလာတင်ခိုင်း။ . . . ။ . . . ''

တကယ်ပါ။ ဘေးက ကြည့်ရင်းတောင် ခေါင်းမူးလာသည်။ မျက်လုံးက ဝရမ်းကိုစစ်၊ လက်ကဝရမ်းပေါ်တွင် အမှတ်အသားများ ရေး၊ ပါးစပ်က တရစပ်အမိန့်ပေးနေသော ထောင်မှူးကြီးကိုကြည့်၍ ခေါင်းဆယ်လုံးရှိသော ဒသဂီရိဆိုတာကို အလိုလိုယုံကြည်လာချင်မိတော့၏။

ထောင်မှူးကြီး၏ပါးစပ်က အဆက်မပြတ် ထွက်လာနေသော အမိန့်များသည် နွားကျောင်းသားကိုင်သည့် ကြိမ်တံဖျားပမာ လက်အောက်အရာရှိများ၊ ဝန်ထမ်းများအား အသော့နှင်၍ မောင်းပါလေပြီ။ ''နဂါးခေါင်းကတော့ ဘယ်ညာနှစ်ချက်လောက်လေးပဲ ယမ်းလိုက်တာ။ အမြီးကတော့ ယမ်းလို့ကိုမဆုံးတော့ဘူး''ဟု ဆိုစမှတ်ပြုရအောင်ပင် ဝန်ထမ်းများမှာ ''ကြိုးသမား''တစ်ယောက် လက်ခံဖို့အရေး ပြေးကြ၊ လွှားကြ၊ ဗျာများကြရပါ၏။

ထိုသို့ အလုပ်များ အလုပ်ရှုပ်ကြသည့်တိုင် မောင်မင်းကြီးသားရှေ့တွင် ငြူစူဟန်မပြရ။ ပြုံးရွှင်ချိုသာစွာ ဆက်ဆံကြရသည်။ ဟုတ်သည်လေ။ ''လူမိုက်မကြောက်နဲ့။ စိတ်ညစ်နေတဲ့ကောင်ကြောက်။

လူမိုက်က သူလုပ်ချင်တာ၊ သူကျွမ်းကျင်တာရွေးမိုက်၊ ရွေးလုပ်တာ။ သူဘာလုပ်တော့မယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့ရတယ်။ စိတ်ညစ်နေတဲ့ကောင်က သူလုပ်ချင်တာ ထလုပ်တတ်တာ။ သူဘာလုပ်မယ်ဆိုတာ မှန်းလို့မရဘူး။

အဲဒီထက် ပိုကြောက်ရတာက သေဒဏ်အကျဉ်းသား။ ဘဝမှာ

အသက်ရှင်ရပ်တည်ဖို့ အခွင့်အရေးကို သူများလက်ထဲအပ်ထားရတဲ့ သေမထူး၊ နေမထူးဘဝမှာ လုပ်ချင်ရင်ထလုပ်လိုက်မှာပဲ။ ထပ်အပြစ်ပေးလဲ သေဒဏ်ထက်ကြီးတဲ့အပြစ်ဒဏ်ဆိုတာ မရှိနိုင်တော့ လမ်းဆုံးနေပြီ။

အကောင်းဆုံးနည်းက ''သေဒဏ်အကျဉ်းသားကို စိတ်ညစ်အောင်မလုပ်နဲ့။ စိတ်ချမ်းသာအောင်ထား''ဟု ဆရာသမား ထောင်ပိုင်ကြီးတစ်ဦးက ဆုံးမခဲ့ဖူးသည်။

တကယ်လည်း သွေးထွက်အောင် မှန်သည့်စကား။ ပြင်ပတွင် ဘာပြစ်မှုတွေဖြစ်ခဲ့၊ ဖြစ်ခဲ့၊ ဘယ်လောက် ဆိုးခဲ့၊ ဆိုးခဲ့။ ကြိုးသမားဘဝတွင် သူ့ကို စာနာသနားစွာ ကြင်ကြင်နာနာ၊ ယုယုယယ ပြုစုကြရသည်သာ။

ကြည့်ပါဦး။ ကာဝန်ကျ ထောင်ဆရာဝန်ကြီးကိုယ်တိုင် ထောင်မှူးတံခါးကြီးသို့ ကိုယ်တိုင်လာရောက်၍ အကျဉ်းသားအား အကျဉ်းထောင်မှ လက်ခံချိန်တွင် ဒဏ်ရာအနာတရ ရှိ/မရှိ။ ကျန်းမာရေးအခြေအနေ ကောင်း/ မကောင်း။ အရေးတကြီးကုသရမည့် နှလုံး၊ သွေးတိုးစသည့် ရောဂါကြီးများခံစားရခြင်း ရှိ/မရှိ စစ်ဆေးရပါသည်။

အရပ်အတိုင်းအတာ၊ ကိုယ်အလေးချိန်တို့ကို တိုင်းတာချိန်တွယ် မှတ်တမ်းတင်ရပါသည်။ အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်းကား ယနေ့မှစကာ ယင်းအကျဉ်းသား၏ နောက်ဆုံးနေ့အထိ နိစ္စဓူဝ နံနက်၊ ညနေတစ်နေ့(၂)ကြိမ် တိုင်းတာရပါ၏။ ပျက်ကွက်၍မရ။

ကိုယ်အလေးချိန် အတိုး/အလျော့ကို ချင့်ချိန်ကာ ကျန်းမာရေးကို ထိန်းသိမ်းပြုစု စောင့်ရှောက်ကြရပါ၏။ ဘာကြောင့်ပါလဲ . . . ။ ''သေဒဏ်အကျဉ်းသား'' ဆိုသည်မှာ ''သေဒဏ်စီရင်ခြင်း'' ကြောင့်သေဆုံးသည်ကလွဲ၍ အခြားနည်းဖြင့် မသေဆုံးစေရ။

---

စိတ်ကူးသစ်စာပေ

ကျန်းမာရေးကြောင့်၊ ရောဂါကြောင့် မငသေစေရ။ ကြိုးဒဏ် စီရင်ချိန်တွင်လည်း ''သေဒဏ်အကျဉ်းသား''၏ ကျန်းမာရေးသည် သာမန်လူတစ်ဦး၏ ပကတိကျန်းမာသော အခြေအနေတွင် ရှိရပါ၏။

သာမန်လူတစ်ဦးကဲ့သို့ ပကတိအခြေအနေအတိုင်း ကျန်းမာ ရေးမကောင်းလျှင် ကြိုးဒဏ်မပေးရ။ ကိုင်း . . . ဘယ့်နှယ်ရှိစ။ သေဒဏ် အကျဉ်းသားတစ်ဦးအတွက် အကျဉ်းထောင်က တာဝန်ခံပေးထားရ သော ကျန်းမာရေးစောင့်ရှောက်မှုအာမခံသည် အဘယ်မျှခိုင်မာလိုက် ပါသနည်း။

ကြိုးဒဏ်စီရင်ခံရမည့်အချိန်တွင် အကျဉ်းသား၏ ကျန်းမာရေး အခြေအနေသည် သာမန်မဟုတ်။ သွေးတိုးနေသည်၊ ရောဂါတစ်ခုခု ခံစားနေရသည်၊ ဖျားနေသည်ဆိုခဲ့ပါက ဆရာဝန်ကြီး၏ဆေးလက်မှတ် ဖြင့် ကြိုးဒဏ်စီရင်ခြင်းကိုပင် ရပ်ဆိုင်းထား။ နေကောင်းအောင်အထိ စောင့်၊ နေကောင်းအောင်ပြုစု၊ နေကောင်းပြီဆိုမှသာ . . . ။ တာဝန်ကြီး လှပါပေသည်။

ဆရာဝန်က ဆေးစစ်ပြီးပြီလား။ သေဒဏ်အကျဉ်းသားအား ထောင်မှူးကြီး ရုံးခန်းအတွင်းသို့ခေါ်လျက် သက်သောင့်သက်သာ ထိုင်ပါ စေ။ ကော်ဖီလေး၊ လက်ဖက်ရည်လေးတိုက်၊ ကော်ဖီလက်ဖက်ရည်လေး မဝံ့မရဲသောက်စားနေသည့် အကျဉ်းသားအား အာလာပ၊ သလ္လာပ ဟိုအကြောင်း၊ သည်အကြောင်း စကားစပ်အောင်ပြော။

သူ့ရုပ်သွင်၊ သူ့စရိုက်၊ သူ့အလေ့အထကို အကဲခတ်ခန့်မှန်း။ ပြီးမှ တစ်စတစ်စ ရင်းနှီးခင်မင်အောင်၊ လေးစားချစ်ခင် အားကိုးလာ အောင် စည်းရုံးဆွဲဆောင် ဖျောင်းဖျနှစ်သိမ့်ရပါ၏။ နားဆင်ကြည့်ပါဘိ။

''ကိုဘယ်သူနော်။ ဘယ်ဇာတိလဲ။ အော် . . . အော်။ အဲဒါ ကျုပ်အဖေရဲ့ ဇာတိဗျ။ (ဟုတ်သည်၊ မဟုတ်သည် အပထား၊ သည်သို့

ပဲပြောရသည်သာ။) ကြုံမှကြုံရတတ်ပလေဗျာ။ အေး . . . အမေတွေ အဖေတွေ ပြောပါဦး။ လူကြီးတွေချင်းစပ်ကြည့်ရင် ဆွေမျိုးများတော် နေကြဦးမလား။ အေး . . . အေး၊ စားဗျာ။ ဩော် . . . ဒီကနေ့ကစပြီး ကျွန်တော့်ကို ထောင်မှူးကြီးလို သဘောမထားနဲ့ဗျာ။ ကိုယ့်ဆွေမျိုး သားချင်းလိုသာ သဘောထားပေတော့။ ပြောထားရဦးမယ်နော်။ ခင်ဗျား ဘာဖြစ်ခဲ့တယ်၊ ဘာပြစ်ဒဏ်ကျလာတယ်ဆိုတာ သိပ်မစဉ်းစားနဲ့ဗျာ။

"သေဒဏ်ဆိုတာ စာရွက်ပေါ်က ရေးထားတဲ့အပြစ်ဒဏ်ပါဗျာ။ ခင်ဗျားအယူခံတင်ရဦးမယ်။ အယူခံမှာ သေသေချာချာ၊ ကျကျနန တင်လိုက်ရင် အပြစ်ဒဏ်ပြောင်းချင် ပြောင်းမယ်ဗျာ။ အယူခံရှုံးခဲ့ဦး တော့။ နိုင်ငံတော်အကြီးအကဲဆီ အသနားခံစာ တင်လို့ရသေးတယ်ဗျာ။ နောက်ဆုံးဗျာ လက်ရှိအစိုးရရဲ့ကာလမှာ ဘယ်အကျဉ်းသားတစ်ယောက် ကိုမျှ သေဒဏ်စီရင်ခဲ့တာ မရှိခဲ့ဘူးဗျ။ နောင်လည်း ရှိမှာမဟုတ်ဘူး။

လွတ်ငြိမ်းချမ်းသာဆိုတာကလည်း ဆယ်နှစ်တစ်ကြိမ်နှုန်း လောက်ပေးနေတာ။ အဲဒီတော့ "သေဒဏ်"ဆိုတာကြီးကြောင့်တော့ သောက မရောက်နဲ့။ စိတ်ချမ်းသာအောင်နေ၊ အပြင်ဘဝမှာ လူ့တာဝန်၊ လူ့ဝတ္တရားတွေနဲ့ ထွေးလုံးရစ်ပတ်မို့ မေ့မေ့လျော့လျော့၊ သေသေချာချာ မလုပ်နိုင်ခဲ့တဲ့ တရားဘာဝနာအလုပ်တွေ တစ်ဝကြီးလုပ်စမ်းဗျာ။

ဘဝကို ရတနာသုံးပါး အာရုံထဲမှာပဲ နစ်ထားလိုက်။ ထုံထား လိုက်။ လိုတာရှိရင်လည်း အချိန်မရွေးကျွန်တော့်ရဲ့ ရဲဘော်တွေက တစ်ဆင့်ပြောဗျာ။ ကြီးတိုက်ထောင်မှူးကို သတင်းပို့လိုက်လည်းရ တာပဲ။ ကျွန်တော်ကတော့ မကြာမကြာလာခဲ့မှာပါ။ အိမ်ကို စာရေး ချင်ရင်လည်းပြောနော်။ အိမ်သားတွေလာရင်လည်း ကျွန်တော်နဲ့တွေ့ လိုက်ဦးမယ်။ ဆွေမျိုးတွေ ဖြစ်ချင်ဖြစ်နေကြမှာ . . . "

စသည်၊ စသည် သူ့ပြစ်မှု၊ သူ့ကိစ္စ၊ သူကျူးလွန်ခဲ့သည်

ရာဇဝတ်ကြောင်းကို မတို့မထိဘဲ ကိုယ်နှင့်ကိုယ့်ထောင်ကိုပင် သူ့မိသားစု ဆွေမျိုးသဖွယ် သံယောဇဉ်တွယ်လာအောင် ကြိုးစားစည်းရုံးတတ် ရပါသည်။

သေဒဏ်ကျအကျဉ်းသားဆိုသည်မှာ ရေနစ်နေသူသဖွယ် ကောက်ရိုးတစ်မျှင်ပင်ဖြစ်ပါစေ၊ အားကိုးတကြီး နွယ်ငင်ရစ်ပတ်တတ်သူများမို့ အကျဉ်းထောင်ဝင်ဝင်ချင်းပစ်လိုက်သော သံယောဇဉ်မြားတစ်ချက် ထိထိရောက်ရောက် စူးဝင်သွားပြီဆိုပါက သူ၏နောက်ဆုံးနေ့များအထိ ပြဿနာနည်းပါးစွာ အဆင်ပြေပြေထိန်းသိမ်း၍ ရနိုင်တတ်ပါ၏။

ကျောင်းသင်ဘာသာရပ်တွင် သင်ရိုးညွှန်းတမ်း၌ပင် ပါဝင်ခြင်း မရှိခဲ့သော လူနှင့်လူချင်း၊ လူကလူချင်း ၊ လူကိုလူချင်း ထိန်းချုပ်ရသည့် ပညာများပါတကား။ တော်၏။ တော်၏။ ထောင်မှူးကြီး တော်ပါပေ၏။

များသောအားဖြင့် ထောင်မှူးကြီးရုံးခန်းက ထွက်လာခဲ့သော ''သေဒဏ်ကျ အကျဉ်းသားများ''မှာ အကျဉ်းထောင်ရောက်ခါစနှင့် မတူတော့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ကိုးစားမှု အရိပ်အယောင်က လေးများ တွေ့လာရပါ၏။ အကျဉ်းထောင်ဝန်ထမ်းများကို ကြည့်သည့် အကြည့်ပင်လျှင် ချိုသာပျော့ပျောင်းလာပါ၏။ မြေကြီးကို လျှောက်၍ နင်းလာသည့် သူတို့ခြေလှမ်းကပင် ယုံယုံရဲရဲအားကလေး ပါလာပါ၏။ ဟုတ်ကဲ့ ကိုယ်တွေ့ပါခင်ဗျာ။

''သေဒဏ်အကျဉ်းသား''အား ကြိုးတိုက်ထောင်မှူးလက်သို့ အပ်ကာ သူ့ကိုထိန်းသိမ်းထားရှိမည့် ကြိုးတိုက်ခန်းအတွင်း ပို့အပ်ထားခဲ့ပြီ ဆိုရုံမျှနှင့် ထောင်မှူးကြီး အနားမရသေးပါ။ အရေးကြီးအလုပ် ကျန်နေပါသေးသည်။

''ထောင်ကျရုံး ထောင်မှူးခေါ်ပါဦးဟေ့။ သေဒဏ်အကျဉ်းသား အယူခံရေးဖို့ မှတ်ပုံတင်စာအုပ်နဲ့ စာရွက်စာတမ်းတွေ တစ်ပါတည်းယူ

ခဲ့ပြီး အခုချက်အချင်း လာဖို့ခေါ်ခဲ့။ မရှိရင် လိုက်ရှာကြကွာ'' စကား အဖြစ်သာ ပြောရခြင်းပါ။ ထောင်ကျရုံး ထောင်မှူးကလည်း အကင်းပါး ရပါသည်။ ထောင်မှူးကြီး မခေါ်မီကပင် လိုအပ်သည်များ ပြင်ဆင်ကာ စာရွက်စာတမ်းအပြည့်အစုံဖြင့် စောင့်ဆိုင်းနေရပါ၏။ ဟုတ်သည်လေ။

သေဒဏ်အကျဉ်းသား၏ အယူခံလွှာတင်ရန် ကာလကန့် သတ်ချက်သည် အခြားအကျဉ်းသားများကဲ့သို့ ရက်ပေါင်းကိုးဆယ်၊ သုံးလမဟုတ်။

သေဒဏ်အကျဉ်းသားအား အကျဉ်းထောင်မှ လက်ခံပြီးချိန်မှ ယင်း၏အယူခံလွှာကို စာတိုက်တွင် မှတ်ပုံတင်ပေးပို့ပြီးချိန် (သို့မဟုတ်) ပြည်နယ်၊ တိုင်း၊ တရားသူကြီးရုံးသို့ တိုက်ရိုက်ပေးပို့ပါက စာကို လက်မှတ်ရေးထိုး လက်ခံပြီးချိန်အထိ ကာလအတွင်း ခုနစ်ရက်တိတိ၊ နာရီပေါင်း တစ်ရာခြောက်ဆယ့်ရှစ်နာရီသာလျှင် အချိန်ရပါ၏။

ယင်းကန့်သတ်ကာလအတွင်း အယူခံကိုအချိန်မီ မတင်နိုင် ခဲ့ပါက သေဒဏ်အကျဉ်းသား၏ ဥပဒေဆိုင်ရာ အခွင့်အရေးကို ဆုံးရှုံး စေသဖြင့် တာဝန်ရှိသူအားလုံး အပြစ်ကြီးလေးစွာ အရေးယူခံရနိုင် ပါသည်။ ထို့ထက်ပို၍မူ သေဒဏ်အကျဉ်းသား၏ သူ့အပေါ်ချမှတ်သော သေဒဏ်အပြစ်ဒဏ်အား စောဒကတက်ခွင့်၊ ငြင်းပယ်ခွင့်၊ ကန့်ကွက်ခွင့်၊ ထုချေရှင်းလင်းခွင့်တို့ ဆုံးရှုံးသွားမည်ကို လူသားချင်းစာနာစွာပို၍ အရေးထားရပါ၏။

ထောင်မှူးကြီးနှင့် ထောင်ကျရုံးထောင်မှူးနှစ်ဦးစလုံးသည် အဆိုပါခုနစ်ရက်အတွင်း ကိုယ်ကိုယ်တိုင်သေဒဏ်ချမှတ်ခံထားရသည့် သဖွယ် အကျဉ်းသား၏ကိုယ်စား အယူခံတင်နိုင်ရေးကို စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်ဖြစ်လောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရပါသည်။

ကာယကံရှင်အကျဉ်းသားထက်ပို၍ ကိုယ်စိတ်နှစ်ပါး အဆင်း

ရဲခံကာ ဆောင်ရွက်ကြရပါ၏။ အယူခံနိုင်ခဲ့၍ အခြားပြစ်ဒဏ်သို့ ပြောင်းလဲသည့်အမိန့်ရရှိခဲ့လျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပုံမှာ အကျဉ်းသားကိုယ်တိုင်ထက် လျော့မည်မထင်။

သေဒဏ်အကျဉ်းသား အယူခံလွှာများများနိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်သော အရာရှိ၏ပီတိမှာ ကိုယ်ချင်းသာစာကြည့်ကြပါတော့။

ဒါနတကာတို့ထက် ပိုကဲသာလွန်လေဘိသည်။ လက်အောက်တပည့်များနှင့် အထက်အကြီးအကဲတို့က အထင်ကြီးလေးစားစွာ ဝင်ကြည့်လိုက်သော အကြည့်တစ်ချက်မျှဖြင့် ဆယ်သက်စာလုံလောက်ပါပေသည်ဟုဆိုက လွန်အံ့မထင်ပါ။

ဤအထိရေးခဲ့သမျှမှာ သေဒဏ်အကျဉ်းသားအား လက်ခံရပုံ၊ ဆက်ဆံရပုံ၊ ထိန်းသိမ်းရပုံ၏ ပဏာမသာဖြစ်ပါသည်။ အမြွက်မျှသာဖြစ်ပါသည်။ အစအဆုံးချေးခါးအူမ ရေးရမည်ဆိုပါက ကျမ်းတစ်စောင်ပေတစ်ဖွဲ့ဖြစ်ပေရော့မည်။

သူ၏နောက်ဆုံးနေ့အထိ အဘယ်မျှ ဂရုစိုက်ရပါသနည်းဆိုလျှင် ကိုယ့်ကိုယ်ကိုယ်ပင် တစ်နေ့လျှင် ဝမ်းဘယ်နှစ်ခါသွားသည်။ ဆီးဘယ်နှစ်ကြိမ်သွားသည်။ ဝမ်းကမာသလား၊ ပျော့သလား၊ အနံ့နံသလား။ ဆီးများသလား၊ နည်းသလား။ ဘယ်နှစ်ကြိမ်အိပ်သလဲ။ နာစေးချောင်းဆိုးသလား စသည် . . . စသည် သတိပြုစောင့်ကြည့်မိဖူးမည်မဟုတ်။ မိမိရင်ကမွေးသော သား၊ သမီးများကိုလည်း ထိုမျှအသေးစိတ် စိတ်ရှည်၊ လက်ရှည် စောင့်ကြည့်ထိန်းသိမ်းဖူးမည်မဟုတ်။

သို့စေကာမူ သေဒဏ်ကြိုးသမားကိုမူ တစ်ဦးချင်းစီအား မှတ်တမ်းစာအုပ်ကိုယ်စီဖြင့် နေ့ရက်၊ အချိန်၊ နာရီ၊ မိနစ်အတိအကျထူးခြားသော ခြေအလှုပ်၊ လက်အလှုပ်ကိုပင် စောင့်ကြည့်မှတ်တမ်းတင်ကာ စောင့်ရှောက်ကြရပါ၏။ ဒါကမှ ပိုးလိုမွေး၊ ရွှေလိုဥထား

သည်မမည်လျှင် အဘယ်ကိုဆိုကြပါမည်နည်း။

အချုပ်ဆိုရလျှင် . . . ။

''သေဒဏ်ကျကြိုးသမား''ဟူသည် သေဒဏ်စီရင်ခြင်းခံရ၊ သေဆုံးရသည်မှအပ သူ့ဘာသာသေချင်၍တောင် သေခွင့်မရ။ ဥပဒေ၏ ခွင့်ပြုချက်မှလွဲ၍ မည်သည့်ပယောဂကြောင့်မျှ သေခွင့်မရအော ''ပိုးလိုမွေး''၍ ထိန်းသိမ်းစောင့်ရှောက်ထားကြရသော တကယ့်အရေးကြီး ပုဂ္ဂိုလ်များသာပါတကား။

အကျဉ်းထောင်ရာဇဝင်တွင်လည်း ''သေဒဏ်စီရင်ခြင်း'' ကြောင့်မှတစ်ပါး အခြားနည်းဖြင့် ဖိတ်စဉ်သေဆုံးခဲ့သော ''သေဒဏ်က ကြိုးသမား''မရှိခဲ့ဘူးသေးပါတကား။

ထိုမျှတိကျတင်းကျပ်စွာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထာ ပါလျက် တကယ်ဝင်နှလုံးသည့်ကြမ္မာငင်လာတော့ တားဆီးခြင်းငှာ မစွမ် သာခဲ့။

''မောင်ချို'' နှင့် ''မောင်ချို၏ကံကြမ္မာ''က ဆန်းကြယ်စွာပင် ထိုအစဉ်အလာကို ပြက်ရယ်ပြု ချိုးဖေါက်ခဲ့ပါ၏။ လောက၏ မဖောက် မပြန် မှန်ကန်လှသော ပရမတ်သစ္စာဓမ္မအတွက် လောက၏ပညတ်ချက် များကို ရဲရဲကြီးဖီဆန်ပြခဲ့ပါ၏။

ဩော် . . . မောင်ချို . . . မောင်ချို . . . မောင်ချို။

♛ ♛ ♛ ♛ ♛

(၃)

မောင်ချို။

မောင်ချိုကို ရွှေဘိုမြောက်လက် အညာဒေသမြို့ကြီးတစ်မြို့အနီး ကျေးရွာတစ်ရွာတွင် မွေးဖွားခဲ့ပါသည်။ နောင်ကာလ ပြစ်မှုမှတ်တမ်းများ၌ ဂန္ထဝင်တွင်မည့် မောင်ချိုကိုမွေးဖွားရာ ဇာတိချက်မြှုပ်ကား နှယ်နှယ်မဟုတ်ပါ။

နိုင်ငံကျော် စာရေးဆရာကြီး သိပ္ပံမောင်ဝ(အရေးပိုင်ဦးစိန်တင်) အား လုယက်သတ်ဖြတ်ခဲ့သော ဓားပြများ၏ ဇာတိရွာပင်တည်း။ တောက်မည့်မီးခဲ တရဲရဲဆိုပေသကိုး။ မောင်ချိုကိုမွေးဖွားစဉ်က သူ့အဖေ ဦးချစ်မရှိခဲ့။

လယ်မြေအတွက် ရေသွင်းရန်ရေလုရင်း ဓားခုတ်မှုကျူးလွန်ခဲ့သဖြင့် ထောင်ဒဏ်ကျခံ နေခဲ့ရသည်။ မိခင်တစ်ဦးတည်း မောင်ချိုကို ဆွေအလယ်မျိုးအကြား၌ စိတ်နှလုံးညှိုးငယ်စွာ မွေးဖွားပြုစုလာခဲ့ရသည်။

မောင်ချိုသိတတ်စပြုမှသာ သူ့အဖေဦးချစ်ကို တွေ့ရတော့သည်။ သားသမီးအားလုံးတွင် သားဆို၍ မောင်ချိုတစ်ဦးတည်းသာ ပါလာလေရာ ဖခင်က သဲသဲလှုပ်မျှချစ်သကဲ့သို့ မောင်ချိုဆိုသော မောင်ချိုကလည်း လက်သာသောသူ့အဖေကို တောက်တဲ့နှယ် တွယ်ကပ်ကာ နိုကိုးကြီးပြင်းလာခဲ့ရသည်။

သို့ဖြင့် မောင်ချိုသည် သူ့အဖေဦးချစ် ကိုယ်ပွားတစ်ခုနှယ် တစ်စတစ်စ သူ့အဖေခြေရာကို နင်းနိုင်လာခဲ့သည်။ စိတ်ကြမ်းကိုယ်ကြမ်း၊ စိတ်မြန်လက်မြန်၊ လက်ရုံးအားကိုးစရိုက်က မောင်ချို့အမှတ်လက္ခဏာ ဖြစ်လာခဲ့သည်။

ရွာနီးချုပ်စပ်တွင် မောင်ချို့ကို ''ရွှံကြောက်ကြီး''ဖြစ်ကာ သတင်းကြီးလာခဲ့သည်။ သည်အထဲ မောင်ချိုက အဖေထက်သားတစ်လကြီးပြင်းသည့်အနေဖြင့် သူ့အဖေဦးချစ်ပင် စိတ်မကူးဝံ့ခဲ့သော ဓားပြအလုပ်ကို စုံရေမက်ရေ ဝံ့ဝံ့စားစားလုပ်ပြလာသောအခါ ဆွေမျိုးအသိုင်းအဝိုင်းကပင် လက်မခံနိုင်ဘဲ ''ကြည်''ခဲ့ကြ၏။

သို့ရာတွင် မောင်ချို မဖြုပါ။ မဖြုရေးချ အိုမဖြုပါ။ မောင်ချိုသည် ကမ္ဘာတွင် သူ့အဖေဦးချစ်ကလွဲ၍ သူ့အရေးထားအပ်သူ မရှိသေးဟု မှတ်ယူထားသူ။ မောင်ချိုကို သူ့အဖေဦးချစ်က ဆုံးမပုံကလေးကိုလည်း နားဆင်ကြည့်ကြပါဦး။ နားဝင်ချိုစရာ သင်းလွန်းလှသည်။

''သူခိုး၊ ခါးပိုက်နှိုက်ဆိုတာ ပိုင်ရှင်မသိအောင် ခိုးကြောင်၊ ခိုးဝှက်၊ ခိုးယူနှိုက်ယူရတဲ့အလုပ်ကွ။ သူရဲဘောကြောင်တဲ့ကောင်တွေ လုပ်တာ။

ဓားပြဆိုတာ မျက်နှာချင်းဆိုင် သတ္တိချင်းပြိုင်ပြီး ကိုယ်လိုချင်တာကို ရအောင်ယူတာ။ သတ္တိမရှိဘဲ လုပ်ဝံ့တဲ့အလုပ် မဟုတ်ဘူး။ ယောကျ်ားသွေးမှလုပ်ရဲတာ၊ လုပ်နိုင်တာ၊ မတော်မတရားစီးပွားရှာပြီး ကြီးပွားနေတဲ့ ကောင်တွေရဲ့အပေါ်က ကတုံးပေါ်ထိပ်ကွက်ရတာ သိပ်ကောင်းတဲ့အလုပ်ကွ''

ဆိုကြပါစို့။ မောင်ချိုသည် ရဲမှတ်တမ်းဝင် ရဲကအစဉ်အမြဲစောင့်ကြည့်နေရသော ဓားပြအကြီးစား ဖြစ်လာခဲ့ရသည်။ ထောင်အကြိမ်ကြိမ်လည်း ကျခဲ့ဖူးပြီ။ ရဲဘက်စခန်းဟုဆိုသော အကျဉ်းထောင်

အလုပ်စခန်းများသို့လည်း သွားချည်ပြန်လှည့် ရောက်ခဲ့ဖူးပြီ။

တဖြည်းဖြည်း တစ်စတစ်စ ဒုစရိုက်မှုများကို ထုသားပေသား ကျလာခဲ့ပြီ။ ဒုစရိုက်သက်တမ်း ကြာလာသည်နှင့်အမျှ မောင်ချိုရင်ထဲတွင် ဆူးကြီးတစ်ချောင်းက နှုတ်မရအောင် စူးစူးနစ်နစ် စိုက်ဝင်လာခဲ့သည်။ ယင်းကား သူ၏ဒုစရိုက်လမ်းတွင် တားဆီးပိတ်ဆို့ကာ သူ့အား အကြိမ်ကြိမ် ဥပဒေရှေ့မှောက်သို့ ပို့အပ်ခဲ့သော၊ ဥပဒေနှင့်အညီ အပြစ်ဒဏ်ပေးနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသော ''ရဲတပ်ဖွဲ့ဝင်''များအား တူးတူးခါးခါး မုန်းတီးနာကြည်းလာသည့်စိတ်။ သူ့အပြစ် သူ့လုပ်ရပ်၊ သူ့ဒုစရိုက်မှုများကို သူထည့်မတွက်၊ ထည့်မစဉ်းစား။ သူထောင်ကျရတာ ''ရဲတပ်ဖွဲ့ဝင်''တွေကြောင့်ဟု တလွဲတမှား အစွဲကြီးလာခြင်းတည်း။

ထိုအယူမှား၊ အမြင်မှား၊ မုန်းတီးမှုများကပင် သူ့ဘဝအား လူ့အခြေခံမျဉ်းအောက်သို့ ဦးစိုက်ကျွမ်းပြန် ''ဝုန်းခနဲ''ထိုးကျသွားစေခဲ့ခြင်းပင်။

အညာနွေ၏ ရက်ရက်စက်စက်ပူပြင်းလှသော နေရောင်အောက်ဝယ် လူစိတ်ပျောက်သွားခဲ့သော မောင်ချို၏ ရက်စက်ကြမ်းကြုတ်လှသည့် အဓမ္မမှုများသည် မကြည့်ဝံ့၊ မကြည့်ရဲ နားပင်မကြားရဲအောင် ဖြစ်ပွားပေါ်ပေါက်ခဲ့သော ''သေဒဏ်ကျကြိုးသမား''ဘဝသို့ ရောက်စေခဲ့တော့၏။

ထိုနေ့ . . . . . . ။

♛ ♛ ♛ ♛ ♛

(၄)

နေကပူလွန်းလှ၏။ နေအပူထက် လူသားတို့၏ ဒေါသအပူ၊ မောဟအပူက ပိုမို၍ အလျှံညီးညီး တောက်လောင်လွန်းလှ၏။ ရေးကြီးခွင်ကျယ်မဟုတ်လှသော ကိစ္စအသေးအမွှားကလေးကို အကြောင်းပြုလျက် မောင်ချိုတို့ရွာနှင့် ရွာနီးချင်းတို့ ပြင်းပြင်းထန်ထန်ခိုက်ရန်ပဋိပက္ခဖြစ်ခဲ့ကြ၏။

သွေးချောင်းစီးမျှ ဖြစ်ပွားခဲ့သော ရန်ပွဲတွင် သေသူသေ၊ ကျိုးသူကျိုး၊ မရှုမလှ၊ မချိမဆံ့။ အော်ဂလီဆန် လောက်အောင်ကြမ်းတမ်းရက်စက်လှပါ၏။ ရွာမိရွာဖအချို့နှင့် ရဲတပ်ဖွဲ့ဝင်(၄)ဦးခန့်က ဖွတ်အတင်းဝင်ရောက် ထိန်းသိမ်းတားဆီး၍ ငြိမ်းတော့မည့်ဆဲဆဲ အကုသိုလ်မီးလျှံသည် မောင်ချိုနှင့် သူ့အပေါင်းပါတစ်စု မူးယစ်သောက်စား၍ တရားမဲ့စွာ ယမ်းကားမှုကြောင့် ဝုန်းခနဲထ၍ တောက်ပြန်လေပြီ။

"မောင်ချိုကွ။ မဟုတ်ရင် အဖေတောင်ခံတဲ့ကောင် မဟုတ်ဘူး။ ငရဲကလာတဲ့လူ ပြာပူကြောက်မယ် ထင်သလားဟေ့။ ဟေ့ကောင်တွေ အကုန်သတ်။ ဝင်ရှုပ်တဲ့ ကောင်တွေပါသတ်။ လူသားအစိမ်းစားမယ့် မောင်ချိုတဲ့ကွနော် . . . "

အဘယ်မျှတရားလွန် မူးယစ်နေသည်မသိ။ မြနေအောင်သွေးထားသော ဓားကြီးတောင်မားတဝင့်ဝင့်ဖြင့် မြင်မြင်သမျှကို လိုက်လံ

ပိုင်းခုတ်နေတော့ရာ တား၍မနိုင်၊ ဆီး၍မရ၊ ကိုယ်လွတ်ရုန်းကာသာ ပြေးကြရတော့၏။

"ဩော် . . . တွေ့ကြပြီပေါ့။ ကျေးဇူးရှင်ကြီးတွေ။ မောင်ချို ကို အချုပ်ထဲ ထောင်ထဲပို့၊ မိဝေး ဖဝေး ဆွေမျိုးဝေးပြီး ဒုက္ခမျိုးစုံ ရောက်အောင် လုပ်တဲ့လူတွေ။ ဒီကနေ့မှ ဒီအကြွေးကိုမဆပ်ရရင် မောင်ချိုလူ့ပြည်မှာ မနေတော့ဘူးဟေ့"

ပြေးသူတွေ ပြေးကြပါစေ။ နိုင်ငံ့ဝန်ထမ်းများမို့ ရဲတပ်ဖွဲ့ဝင် များမှာ မပြေးနိုင်မပြေးသာ။ မောင်ချိုကိုရင်ဆိုင်ကာ ထိန်းသိမ်းဖို့ ကြိုးစားကြရ၏။ ဥပဒေကို ထိန်းသိမ်းကြသူများမို့လည်း ဥပဒေမဲ့မလုပ် နိုင်ကြ။ လက်ထဲတွင် သေနတ်ကိုင်ထားသော်လည်း အသုံးမပြုရက်။ တစ်မြေတစ်ရေတည်း အမြင်မစိမ်းသူများမို့ မောင်ချိုတကယ်လုပ်လိမ့် မည်ဟုလည်း မထင်။

လူစိတ်ပျောက်ကာ ဘီလူးသရဲစီးနေသည့်သဖွယ် ပြူးကျယ် နီရဲနေသော မောင်ချိုမျက်လုံးများနှင့် ခွေးရူးတစ်ကောင်ကဲ့သို့ စက်ဆုပ် ကြောက်မက်ဖွယ်မျက်နှာကြီးက တကယ်ရက်ရက်စက်စက် လုပ်တော့ မည်ဟု သတိပြုမိလိုက်ချိန်တွင် ရဲတပ်ဖွဲ့ဝင်များမှာ မောင်ချိုနှင့်သူ့ အပေါင်းအပါများ၏ ဓားချက်ဖြင့် မြေပြင်ပေါ်ဝယ် ပုံလျက်လဲနေကြ လေပြီ။

"မောင်ချိုဆိုတဲ့ကောင် မလုပ်ရဲတာမရှိဘူးကွ။ မလုပ်ရသေး တာပဲရှိတယ်။ ဒီမှာကြည့်ထား။ လူသားအရှင်လတ်လတ် စားပြမယ် ဟေ့"

မောင်ချိုတွင် သိစိတ်တို့ အလျှင်းမရှိခဲ့တော့ပါ။ ဒုစရိုက်သွေး တို့ပွက်ပွက်ဆူကာ အကုသိုလ်မီးလျှံသည်သာ တဟုန်းဟုန်းလောင်မြိုက် နေလေဟန်တကား။ မောင်ချိုအား ဘီလူးတစ်ကောင်အလား အားလုံး

က ကြောက်ရွံ့ထိတ်လန့်လျက် ထွက်ပြေးကြရပါတော့၏။

နောက်ဆုံးတွင် မောင်ချို၏ အကုသိုလ်မီးကို မကြည့်ရက်တော့သဖြင့် ဖခင်ဖြစ်သူဦးချစ်ကိုယ်တိုင် ဝါးရင်းတုတ်ဖြင့် ဝင်ရိုက်ကာ ဖမ်းဆီးခဲ့ရ၏။ ဖခင်ကိုယ်တိုင် ဖမ်းဆီး အပ်နှံကစား ထိန်းသိမ်းရဲသူပင် မရှိတော့သဖြင့် နေ့ချင်းမြို့ပေါ် ရဲတပ်ဖွဲ့စခန်းသို့ အပ်နှံခဲ့ရပါ၏။

ထိုပြစ်မှုကြောင့် မောင်ချိုအပေါ် ''သေဒဏ်''ချမှတ်ခဲ့ကာ ဆက်စပ်ပတ်သက်ရာ အပေါင်းအပါများအားလည်း ''သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်''များ ချမှတ်ခဲ့ပါ၏။

♛ ♛ ♛ ♛ ♛

(၅)

''ကြိုးတိုက်ထောင်မှူး''အဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေချိန်ကာလတွင် မောင်ချိုကို ''သေဒဏ်အကျဉ်းသား''တစ်ဦးအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခွင့် ရရှိခဲ့ပါ၏။ အကျဉ်းထောင်လုပ်ငန်းများ အနက်၊ တာဝန်အကြီးဆုံး၊ အတိမ်းအစောင်း၊ အထိအပါးနည်းနည်းမျှ မခံသော လုံခြုံရေးနှင့်စည်းကမ်း အတင်းကျပ်ဆုံးတာဝန်မှာ ''ကြိုးတိုက်'' ခေါ်''သေဒဏ်ကျအကျဉ်းသားများ''အား ထိန်းသိမ်းရသည့် တိုက်ခန်းကို ကြီးကြပ်ရသည့် အလုပ်သာဖြစ်ပေတော့သည်။

အကျဉ်းထောင် ဝန်ထမ်းအလုပ်ဆိုသည်ကား ဝါသနာပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ စေတနာနှင့် အနစ်နာကတော့ မလွဲမသွေ ယှဉ်၍ လုပ်ကိုင်နေကြရပါ၏။ ခန္တီ၊ မေတ္တာ၊ ကရုဏာအများဆုံး ပွားများ နေကြရသော အလုပ်ပင်တည်း။

မောင်ချို၏ ကြိုးတိုက်ရောက်စ အစောပိုင်းကာလများမှာ ကြမ်းလွန်း၊ ရမ်းလွန်းလှ၏။ ကြိုးသမားမို့ မျက်နှာညှိုးမည်၊ သိမ်ငယ် နေမည် မထင်ပါလေနှင့်။ ခေါင်းတမော့မော့၊ ရင်တကော့ကော့ "လူသား အစိမ်းလိုက်စားတဲ့ လူသတ်သမား"ဟူသော "မိုက်ဂုဏ်"ကို ပြစား လွန်းလှသည်။

ဘယ်၊ ညာလက်မောင်းများမှ "သေမထူး၊ နေမထူး"ဟူသော ဆေးမင်ကြောင်စာတမ်းများကို လူမြင်လူသိစေဖို့၊ ခန္ဓာကိုယ်တွင် အင်္ကျီမကပ်ဘဲ နေလိုနေ။ "ကြိုးသမား"မို့ ကရုဏာစိတ်ဖြင့် သက်ညှာ စွာဆက်ဆံနေသော ဝန်ထမ်းငယ်များအပေါ်တွင်လည်း အကြောင်းကြီး ငယ်အမျိုးမျိုးပြကာ ဆိုးချင်သလိုဆိုး။ အခြားဘဝတူ သေဒဏ်ကျ အကျဉ်းသားများနှင့်လည်း မသင့်မြတ်။ မောင်ချိုအပေါ် စေတနာထား မည့်သူ၊ မေတ္တာထားနိုင်သူ နည်းလွန်းလှ၏။

သို့တစေ . . . မောင်ချိုရင်ထဲက နောင်တနှင့် သောက အပူငွေ့ကို မိမိရိပ်မိထားပါသည်။ မောင်ချိုမျက်ဝန်းထဲက သံဝေဂနွယ် သောကဗျာပါဒအရိပ်အငွေ့ကို သတိထားလျှင် ဖတ်ရှု၍ရနိုင်ပါသည်။ မှုံမှုံရှုံရှုံနှင့် အသိမဲ့သတိမဲ့ချိန်တွင် အာဃာတတရားကြောင့် မစဉ်း စားဝံ့အောင် ဆိုးသွမ်းလွန်းလှသည့် သူ့ကျူးလွန်မှုကို သူကိုယ်တိုင်ပင် မယုံချင်၊ မယုံနိုင်။

သူ့ကိုယ်သူ၊ သူ့ပြစ်မှုသူကြောက်နေသည်။ သည်အကြောက် ပြေဖို့ သူ့စိတ်သူ့မာန်ကို သူတင်းကာ ဖွတ်အဓမ္မ မိုက်ပြနေရသည်။

ရဲပြနေရသည်။ ရင်ထဲမှာကနောင်တဖြင့် တမြည့်မြည့်လောင်ကျွမ်းနေသော သောက၊ ကြောက်စိတ်။ အပေါ်ယံဟန်ပြက မိုက်စိတ်။

ဤသည်ကို ဆရာသမားများ၏ လက်ထပ်သင်ပြမှုဖြင့် ဘဝအတွေ့အကြုံများအရ ကြိုးတိုက်ထောင်မှူးဖြစ်သူ မိမိတို့က သိစွမ်းနိုင်ရပါ၏။ သိအောင်နားလည်အောင် ကြိုးစားရပါ၏။

မောင်ချိုတစ်ဦးတည်း ရှိနေချိန်များတွင် တွေတွေဝေဝေ၊ ငေးမှိုင်၍နေသည်များကို တစေ့တစောင်း စောင့်ကြည့်ကာ ရိပ်မိသိရှိနေရပါ၏။ သူလည်းလူပဲလေ။ လူစိတ်ဆိုတာ ပျောက်ခဏပေါ့။ ထာဝရအနေဖြင့် ကောင်းစိတ်ကလေးတော့ ရှိနေဦးမည်ပေါ့။

''ဆရာ . . . ကျွန်တော်သိချင်တာလေးရှိလို့ပါ ဆရာ။ ဆရာရှင်းပြနိုင်ရင် ပြောပြခဲ့ပေးပါ''

တစ်ည၊ ပုံမှန်အတိုင်း ကြိုးတိုက်လုံခြုံရေးကို ဝင်ရောက်စစ်ဆေးချိန်၌ မောင်ချိုက တွေးတွေးဆဆ မေးလာခဲ့ပါသည်။

''ဒီဘဝမှာသေပြီးရင် နောက်ဘဝဆိုတာ ရှိသေးသလားဆရာ''

''ဒီဘဝမှာ လုပ်ခဲ့တဲ့မကောင်းမှုတွေ ကျေပျက်ပြီး နောက်ဘဝအထိပါမလာနိုင်အောင် ဘာလုပ်ရမလဲဆရာ''

မောင်ချိုမေးခဲ့သမျှ မေးခွန်းများစွာအနက် အချို့ကို မမှတ်မိတော့ပါ။ သို့သော် ရင်ထဲအထိ၊ ထိထိခိုက်ခိုက်စူးဝင်ခဲ့သော သူ့မေးခွန်းနှစ်ခုကိုဖြင့် ယနေ့တိုင်နားထဲက မထွက်သေးပါ။ မောင်ချိုနားလည်နိုင်စွမ်းသည်၊ လက်ခံနိုင်စွမ်းသည်တော့ မိမိမမှန်းဆတတ်ပါ။

သို့တစေ မိမိသိသမျှ ဖတ်ဖူးမှတ်ဖူးသမျှ၊ နာခံမှတ်သားခဲ့ဖူးသမျှထဲက သင့်နိုးရာရာ အကြောင်းအရာများဖြင့် သူ့မေးခွန်းကို ဖြေနိုင်ဖို့ ကြိုးစားကြည့်ခဲ့ဖူးပါသည်။

ထိုညကမောင်ချိုနှင့် မိမိညလုံးပေါက် စကားလက်ဆုံကျခဲ့ပါ၏။

---

စိက်ကူးသစ်စာပေ

နှလုံးသားချင်းနီးကပ်စွာ နီးနှောခဲ့ပါ၏။ သို့တစေ မောင်ချို၏ မေးခွန်းတစ်ခုကိုဖြင့် မိမိမဖြေနိုင်ခဲ့ပါ။ ယနေ့တိုင်လည်း မဖြေနိုင်သေးပါ။

"ဒီဘဝမှာပြုခဲ့တဲ့ မကောင်းမှုကို ဒီဘဝ ဒီကိုယ်နဲ့ပဲ ဝဋ်ကြွေးပြန်ဆပ်ရမှာလား၊ နောက်နောင်ဘဝတွေကျမှပဲ ပြန်ဆပ်ရမှာလား. ."

ထိုမေးခွန်းသည် မောင်ချိုတစ်ယောက် သူ့ကံကြမ္မာကိုသူကြိုတင်မှန်းဆ၍ မေးခဲ့ခြင်းဟုတ်မဟုတ်မှာမူ မောင်ချိုသာလျှင် သိပေလိမ့်မည်။ ကာယကံရှင်နှင့် လောကဓမ္မတာရားတို့မှတစ်ပါး အခြားမည်သူ သိနိုင်ပါအံ့နည်း။ သို့လျှင် . . .

♛ ♛ ♛ ♛ ♛

(၅)

"အမလေးဗျ . . . ကယ်ကြပါဦး။ နာလိုက်တာဗျ။ နာတယ် . . . အမေရဲ့ . . . ကယ်ကြပါဦးဗျာ"

တိတ်ဆိတ်ငြိမ်သက်လွန်းသော မန္တလေး ဗဟိုအကျဉ်းထောင်ကြီး၏ညဉ့်လယ်ယံတွင် စူးစူးရှရှ၊ နာနာကျင်ကျင် ညည်းညူလိုက်သော အော်သံကြီးက ထိတ်လန့်စဖွယ်၊ ချောက်ချားစရာ ကောင်းလှပါဘိ။ ဘာလဲ . . . ။ ဘာလဲ။ ဘယ်သူဘာဖြစ်တာလဲ။ မေးကြ၊ မြန်းကြ၊ စုံစမ်းကြ။

မောင်ချိုလေ . . . ကြိုးသမားမောင်ချို၊ ဗိုက်အောင့်လို့တဲ့၊

လူးလိမ့်နေတာပဲ၊ ကြည့်ရက်စရာမရှိဘူး။

မိမိအပါအဝင် တာဝန်ရှိသူအားလုံးမနေနိုင်၊ မနေသာပါ။ ထောင်မှူးကြီးလည်း မနေရ။ ထောင်ပိုင်လေး၊ ထောင်ပိုင်ကြီးတို့လည်း မနေသာ။ ကြိုးတိုက်သို့ အပြေးအလွှားရောက်လာကြပါ၏။

''အဘ . . . ကယ်ပါဦးဗျာ။ အမလေး . . . နာလှချည်ရဲ့။ အား . . . အား . . . အား . . . ဆရာရေ . . . တပည့်ကို ကယ်ပါဦး''

ထောင်ပိုင်ကြီးကိုတစ်လှည့်၊ မိမိကိုတစ်လှည့် သနားစဖွယ် အားကိုးတကြီး အကူအညီတောင်းခံနေသော မောင်ချိုကို မြင်တွေ့ရသည်မှာ စိတ်မချမ်းသာစရာ။ တစ်ကိုယ်လုံးချွေးများ ရွှဲနစ်နေသော မောင်ချို့ခမျာ တွန့်လိမ်ကောက်ကွေးလျက် ငြိမ်သက်စွာနေနိုင်ခြင်းမရှိ။ မချိမဆံ့လူးလိမ့် ဟစ်အော်နေရှာသည်။

အကျဉ်းထောင်ဆရာဝန်ကြီး ရောက်လာပြီး အမျိုးမျိုးစမ်းသပ်ကာ ဆေးဝါးများကုသတိုက်ကျွေးသော်လည်း သက်သာမှုမရ။ ခက်ပြီ။ မောင်ချိုတွင် အူအတက်ပေါက်ခြင်းလား၊ အစာအိမ်ပေါက်ခြင်းလား တိတိကျကျ မသိနိုင်သော်လည်း အရေးပေါ်ခွဲစိတ်ကုသရန်လိုအပ်သည်။ ချက်ချင်းဆောင်ရွက်ရမည်ဟု ဆရာဝန်ကြီးက တင်ပြလာသည်။

ထောင်ပိုင်ကြီး၊ ထောင်မှူးကြီးများ ခေါင်းချင်းရိုက်ကာ တိုင်ပင်ရ၊ ဆွေးနွေးရ၊ ခေါင်းစားကြရပြီ။ အကျဉ်းထောင်ရာဇဝင်တွင် ''သေဒဏ်ကျ အကျဉ်းသားကြိုးသမား''တစ်ဦးအား ရေချိုးချိန်နှင့် ကျန်းမာရေးအရ လမ်းလျှောက်ချိန်တွင် ၎င်း၏တိုက်ခန်းနှင့်တွဲလျက် အုတ်တံတိုင်းကာ အကန့်ငယ်အတွင်း ထွက်ခွင့်ပြုသည်မှအပ တိုက်ခန်းအပြင်သို့ ထုတ်ခွင့်မရှိ။ မိသားစု ထောင်ဝင်စာတွေ့လျှင်ပင် မိသားစုအား တိုက်ခန်းသို့ ခေါ်ယူတွေ့ဆုံပေးရသည်။

ဆေးဝါးကုသလျှင်လည်း ဆရာဝန်များ၊ (လိုအပ်ပါက)အထူးကု

ဆရာဝန်ကြီးများကိုယ်တိုင် တိုက်ခန်းသို့ လာရောက်ကုသရသည်။ ဆေးဝါး၊ ကိရိယာအစုံအလင်၊ ဆေးဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်း အပြည့်အစုံ ကြိုးတိုက်အတွင်း ထားရှိပေးရသည်။ ကြိုးသမားအား ကြိုးတိုက်ခန်းပြင်ပသို့ မထုတ်ခဲ့စဖူး။

ယခုအခြေအနေက မူတစ်မျိုး၊ အရေးပေါ်လေ။ ချက်ချင်း ဆောင်ရွက်ရမှာလေ။ ကဲ ညွှန်မှူးရုံးကတစ်ဆင့် အဆင့်ဆင့်အစီအရင် ခံတင်ပြကြစို့။ ညွှန်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးရုံး၊ ညကြီးသန်းခေါင် မှာပင် ရုံးလုပ်ငန်းများ အသက်ဝင်ကာ ချက်ချင်းဆောင်ရွက်ကြရ၏။ မကြာလှပါ။ တစ်နာရီခန့်အတွင်း အမိန့်ရရှိခဲ့ပါပြီ။

မန္တလေးဆေးရုံကြီးသို့ လိုအပ်သော လုံခြုံရေးအစောင့် အရှောက် အပြည့်အစုံဖြင့် တင်ပို့ကုသပါစေ။ လိုအပ်သော ခွဲစိတ်ကုသ မှုခံယူပါစေ။ ကျန်းမာရေးကောင်းမွန်သည်နှင့် ချက်ချင်းအကျဉ်းထောင် သို့ ပြန်လည်ခေါ်ယူကာ လိုအပ်သောပြုစုကုသမှုများ ပြုလုပ်ပါစေ. . . တဲ့။ အကြီးအကဲများအား ကြည်ညိုလေးစားရပါ၏။ လိုအပ်သည့်အမိန့် ကို လိုအပ်ချိန်တွင် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ညွှန်ကြားမှုပြုနိုင် အောင် တာဝန်အပေါ် အလေးအနက်ထားမှုကို သိမှတ်ချီးကျူးရပါ၏။

ကဲ . . . ကဲ လုပ်ကြ၊ လုပ်ကြ၊ မြန်မြန်ဆန်ဆန်။ မောင်ချို အား ထိုညတွင်းချင်းပင် မန္တလေးပြည်သူ့ဆေးရုံကြီးသို့တင်ပို့၍ အရေး ပေါ်ခွဲစိတ်ကုသကာ ဘေးမသီရန်မခအောင် ကုသနိုင်ခဲ့ပါ၏။ ကယ်တင် နိုင်ခဲ့ပါ၏။ သို့တစေ ကံကြမ္မာက မောင်ချိုထံမှ အလျော်အစားတောင်းခဲ့ ချေပြီ။ ဘဝမခြားစေဘဲ သူပြုသောကံ၊ သူ့ထံပြန်ကာ ထပ်တူထပ်မျှ ပေးဆပ်ခဲ့ရချေပြီ။ မောင်ချို၏ဗိုက်ကိုခွဲ၍ (အနာဖြစ်ကာရှိနေသော) အစိတ်အပိုင်းအချို့ကို ဖြတ်တောက်ဖယ်ရှားခဲ့ရပါ၏။

♛ ♛ ♛ ♛ ♛

## (၆)

ဆေးရုံပေါ်နှင့် ဆေးရုံဆင်းစ မောင်ချို၏ရုပ်သွင်မှာ အင်အားကင်းမဲ့သော်လည်း ကြည်ကြည်လင်လင်ရှိလှသည်။ လာမဲ့ဘေးပြေး၍ တွေ့တော့မည်ဟု ပိုင်းဖြတ်ထားပြီထင့်။ တွေဝေမှုမရှိတော့။ မာန်တင်း၍ ဟန်ဆောင်ကာမိုက်ဂုဏ်ပြခြင်း အလျှင်းမရှိတော့။ သိမ်မွေ့နူးညံ့လာသည်။

''ဆရာ . . . ကျွန်တော်သိပြီဆရာ။ ကျွန်တော့်အပြစ်ကို ဟိုဘဝအထိ သယ်မသွားတော့ဘူး။ ဘယ်လိုသိသလဲလို့ မေးရင်တော့ ကျွန်တော်မဖြေတတ်ဘူး။ ဒါပေမဲ့ စိတ်ထဲမှာအလိုလိုသိနေတယ် . . .။ ဒါလည်း တစ်နည်းကောင်းတာပါပဲ ဆရာ . . .၊ နောင်ဘဝမှာ အကြွေးမရှိဘဲ လွတ်လွတ်လပ်လပ်နေရတာပေါ့''

မောင်ချိုတစ်ယောက် သိသာစွာပြောင်းလဲသွားပါပြီ။ မကြာမတင် ဤလောကမှ ပျောက်ကွယ်သွားတော့မည့်အလား တွေ့သမျှအရာရှိ၊ ဝန်ထမ်းများအား နူတ်ဆက်လျှက်၊ အချို့အား ဦးချကန်တော့ကာ သူပြုမိ၊ မှားမိသမျှ တောင်းပန်တိုးလျှိုးလျှက် မည်သူ့မျှစိတ်မချမ်းသာပါ။

''ဟကောင် . . . မောင်ချိုရဲ့ မင်းဟာက မဟုတ်သေးပါဘူး။ ခွဲစိတ်ကုသပြီးလို့ နေပဲကောင်းနေပြီ။ အစာစားလိုက်ရရင် အင်အား

ပြည့်ပြီး လန်းဆန်းလာမှာ။ ဘာတွေလျှောက်လုပ်နေတာလဲ။ ဆရာဆိုတာ တောင်းပန်စရာမလိုအောင် ခွင့်လွှတ်စိတ်ထားတတ်ကြတာပါ။ အားရှိအောင် အိပ်စမ်းကွာ၊ နားနားနေနေ နေစမ်း''

''ကျေးဇူးပါပဲ ဆရာ။ ဒါပေမဲ့ ကျွန်တော့်အကြောင်း ကျွန်တော် သိနေပါတယ်။ သိပ်မကြာတော့ပါဘူး ဆရာ''

♛ ♛ ♛ ♛ ♛

(၇)

ဆေးရုံဆင်းပြီးနောက်၊ ခြောက်ရက်ခန့်အကြာတွင် ယခင်နည်းအတိုင်း၊ မချိမဆံ့ဝေဒနာ ခံစားရပြန်သဖြင့် ဒုတိယအကြိမ် ခွဲစိတ်ရပြန်သည်။ သွေးအဆိပ်သင့်သည့် အူအချို့ ဖြတ်ထုတ်ရပြန်သည်။ ဆေးရုံက ဆင်းခွင့်မရ။ စောင့်ကြည့်ကုသနေရပါ၏။ တတိယအကြိမ် ခွဲစိတ်မှုအကြီးတွင်တော့ မောင်ချိုဆုံးပါးခဲ့ရှာပါသည်။ သေဒဏ်ကျကြိုးသမား၊ ကြိုးပေးခံရပြီးမသေဘဲ ရောဂါကြောင့် ဗိုက်အကြိမ်ကြိမ်ခွဲ၊ အူတွေအထပ်ထပ် အဖြတ်ခံရကာ နိဂုံးချုပ်ခဲ့ရပါ၏။

♛ ♛ ♛ ♛ ♛

(၈)

မိမိပြုမိ မှားသမျှ ကုသိုလ်တရားတို့သည် ဝန်တင်နွား၏ နောက်သို့လိုက်ပါရသော လှည်းဘီးသဖွယ် မိမိနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါတတ်၏ . . . တဲ့။

ဟုတ်ကဲ့။ မျက်စိရှေ့တွင်ပင် အရှင်လတ်လတ်ကြီး မြင်ခဲ့ရဖူးသည့်အတွက် ပို၍ပို၍ခိုင်ကျည်စွာ စွဲမြဲမှတ်ယူရုံမှတစ်ပါး အခြားမရှိပါပြီ။ . . . ။

♛ ♛ ♛ ♛ ♛

ဧေယျမင်းဘျှင်



# လားရာ

ဘဝ၏ ငယ်နုစဉ် အစိတ်အပိုင်းအတော်များများကို နိုင်ငံဝန်ထမ်းဘဝဖြင့် ဖြတ်သန်းခဲ့ရဖူးပါ၏။ နှစ်ပေါင်းနှစ်ဆယ်ကျော်၊ အစိတ်နီးပါး နိစ္စဓူဝကြုံဆုံတွေ့မြင် ရင်ဆိုင်ခဲ့ရသည့် ဘဝအတွေ့အကြုံ၊ အဆုံအမြင်များသည် အကြောင်းတိုက်ဆိုင်တိုင်း ပစ္စုပ္ပန်ကာလ ဘဝနယ်ပယ်အတွင်းသို့ မကြာခဏလွှမ်းမိုး ဝင်ရောက်လာလေ့ရှိတတ်ပါ၏။

အထူးသဖြင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးအထူးထူးကို မြတ်မြတ်နိုးနိုး သိမှတ်ယုံကြည်ကာ အလေးအနက်ထား၍ ဆောက်တည်ကျင့်သုံးစပြုနေပြီဖြစ်သော ဘဝအကူးအပြောင်းကာလတွင် ငယ်နုစဉ်က ကြုံဆုံတွေ့မြင်ခဲ့ရသော ဖြစ်ရပ်ဖြစ်စဉ်များသည် အမှတ်ထင်ထင်ပင် မိမိအားဆုံးမ သွန်သင်ပဲ့ပြင်ခဲ့သော ရတနာသုံးပါးဆီသို့ ဦးတည်

တွန်းပို့ခဲ့သော အကြောင်းတရားများပါတကားဟု တုံးတုံးချဘဝကျင်လာမိပါသည်။

သို့ပါ၍ လူတိုင်းသိခွင့်၊ ကြားခွင့်၊ ကြုံဆုံခွင့်နည်းပါးကာ သိချင်၊ ကြားချင်၊ စူးစမ်းချင်တတ်ကြသော ထိုနိုင်ငံဝန်ထမ်းဘဝ၏ ထူးခြားဖြစ်စဉ်များ၊ အတွေ့အကြုံအဆုံအမြင်များကို စပ်မိစပ်ရာ စကားဝိုင်းအချို့၌ လက်ဆုံချဖောက်သည် ချခဲ့ဖူးပါသည်။ လက်တို့ကာ အသိပေးခဲ့သည်များလည်း ရှိပါသည်။ ငယ်ရွယ်ပျိုမျစ်သူများသို့လည်း ကိုယ်တွေ့ပုံပြင်များအဖြစ် တိုးတိုးဖြန့်ဝေခဲ့သည်များလည်း ရှိပါသည်။

ယခုမူ အကျိုးတစ်စုံတစ်ရာ ရှိစေနိုင်တန်ရာသော ထိုထိုဘဝ အတွေ့အကြုံ ဘဝအမောကလေးတစ်ခုကို စာဖတ်သူသို့ ဖြန့်ဝေလိုပါသည်။ တိုးတိုးသာကြည့် ပြောပြချင်နေမိပါသည်။

♛ ♛ ♛ ♛ ♛

(၂)

သူ့အမည်မှာ "အောင်ဖေမြင့်"။

အများသိကြသည်က "ဘုရားကလေး" ကုန်းဘောင်ဆက် အနွယ်တော် မဟာဆီ၊ မဟာသွေးမို့ "ဘုရားကလေး"ဟု ဘွဲ့ထူးခံသည်ထင်လျှင် တက်တက်စင်မှားကြပေတော့မည်။ တကယ်တမ်းက မြန်မာပြည်အထက်အောက် အညာအကြေစုံဆန်သွားလာကာ နိုင်ငံ

ခြားဈေးကွက်ဝင် ရှေးဟောင်းဘုရား ရုပ်ပွားတော်အဆူဆူကို အရွယ်အစား အကြီးအသေး အစုံအလင် ဈေးနှုန်းတန်ဖိုးအမျိုးမျိုး၊ လက်အောက်တပည့်တပန်း သောင်းခြောက်ထောင်ဖြင့် နည်းအသွယ်သွယ်သုံးကာ ခိုးထုတ်ရောင်းဝယ်ရာမှ မသူတော်လောကတွင် ''မိုက်ဂုဏ်ခံ'' ထားသည့် အမည်သာ။

အဆိုပါ ''ဘုရားကလေး''ဘွဲ့ခံ ''အောင်ဖေမြင့်''ကို ၁၉၇၉ ခုနှစ်၊ ပြေလက ဘယ်လင်းကျောက်ထုတ်အလုပ်စခန်း၌ အကျဉ်းသားဘဝဖြင့် တွေ့ကြုံဆက်ဆံခဲ့ရပါသည်။ သူက ''လူဆိုးစာရင်းဝင်အကျဉ်းသား''၊ မိမိက အကျဉ်းဦးစီးဌာန တပ်ဖွဲ့ဝင်တပ်သားတစ်ဦးအဖြစ် နီးနီးကပ်ကပ်ဆက်ဆံခဲ့ရပါ၏။ သို့ရာတွင် ''အောင်ဖေမြင့်''ကို မိမိတာဝန်ကျရာ ထောင်ကျအိပ်ဆောင်သို့ လက်ခံချိန်မှ ၎င်းအား ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရချိန်အထိ စကားတစ်ခွန်းမျှ ခွန်းတုံ့ခွန်းလှယ် မပြောခဲ့ရဖူးပါ။

ပြောခွင့်မရခဲ့သကဲ့သို့ အောင်ဖေမြင့် ကိုယ်တိုင်သည်ပင်လည်း မိမိကို ဂရုတစိုက် စကားမပြန်နိုင်အားရှာပါ။ သူ့ဘဝ၊ သူ့ဝဋ်ကြွေးကို အချိန်နှင့်အမျှ ကုစားပေးဆပ်ရင်း တစ်ခွန်းတည်းသော စကားကိုသာ နေ့မှည၊ ညမှနေ့အသံဝင်သည်အထိ တစာစာ အော်ဟစ်မြည်ကြွေး နေရှာပါသည်။

ထောင်ပိုင်၊ ထောင်မှူး၊ ရဲဘော်၊ မည်သူမှန်းသူမသိပါ။ တန်းစီး၊ ဘုတ်ကိုင်၊ စည်းကမ်းထိန်း၊ ဘာယာစသည့် အကျဉ်းသား၊ ဝန်ထမ်းများကိုလည်း သူမမြင်တော့ပါ။ ဂရုလည်း မစိုက်အားတော့ပါ။ စားချိန်၊ အိပ်ချိန်မှအပ တစ်ခါတစ်ရံ စားချိန်၊ အိပ်ချိန်ပင် မရှိတော့လောက်အောင် သူအော်ဟစ်နေသည့် တစ်ခွန်းတည်းသော စကားကိုပင် အားယူ၍ ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါ အော်ဟစ်နေရှာပါသည်။

တားဖြ၍မရ၊ ဆီး၍မနိုင်၊ ခြောက်၍မထူး၊ လှန်၍မဖြို သူ့အာရုံ သူ့အသိသည် သူအော်ဟစ်နေသော စကားစု၌သာ ဇောစိတ်ကျလျက် တည်နေပါတော့သည်။ ထပ်ကာ . . . ထပ်ကာ . . . ။ နေ့ပြီးည၊ ညပြီးနေ့၊ ရက်မှလတိုင် သူအော်ဟစ်နေခဲ့သော စကား တစ်ခွန်းကို နားကြားကြည့်ကြပါဘိ။

**"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်"**

**"မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်"**

**"ကောင်းတာလုပ်ကြ၊ မကောင်းတာမလုပ်ကြနဲ့"**

ဟုတ်ကဲ့ . . . အမြင်မတော် ဆင်တော်နဲ့ ခလောက်ဟု ဆိုရမည်လား။ ဆံပင်နွယ်ခွေများ ဗရပွေညစ်ထွေးရှုပ်ပွကာ မျက်လုံး ပြူးပြူးနီနီကြီးနှင့် အသားအရေမည်းနက်ကြုံလှီနေသော လူတစ်ဦး။ အသက်ခန္ဓာ ယှဲ့ယှဲ့သာရှိတော့ပြီး ထိုခန္ဓာကို ထမ်းထားရသည့် ကြုံလှီသေးငယ်သော ခြေထောက်နှစ်ဖက်တွင် သံခြေချင်းကြီးက တိုးလိုး တွဲလောင်း။ ခန္ဓာကိုယ်နှင့် မလိုက်ဖက်လောက်အောင် ပွယောင်းနေ ကာ မူလပင်ကိုအဖြူရောင်မရှိတော့သလောက် ညစ်ပေနေသည့်အဝတ် အစားများ။

ဒုစရိုက်လောကတွင် ဘုရင်မဟုတ်။ ''ဘုရားကလေး''ဟုပင် မတန်မရာ၊ ဝံ့ဝံ့စားစားဘွဲ့ခံထားသူ ဘုရားခိုးဂိုဏ်းခေါင်းဆောင်၊ ''လူမိုက်ရာဇာကြီး''ဆိုခဲ့သည့် အဆိုပါလူတစ်ဦး၏ပါးစပ်က ထိုမျှ အဖိုးတန်လှ၊ မှန်မြတ်လှသော၊ လိုက်နာကျင့်သုံးဖွယ်၊ ကြည်ညို ပူဇော်ဖွယ်၊ ချီးမြှင့်ဖွယ်ကောင်းလှသော ''စကားစု''ကို အသံနက်ကြီး ဖြင့် ထပ်ကာထပ်ကာ အော်ဟစ်နေသည်ဆိုပါက မြင်ရသူ၊ ကြားရသူ အပေါင်းက မည်သို့နားလည်စာနာ လက်ခံရပါမည်နည်း။

မည်သို့ရှိစေ၊ ထိုစဉ်ကာလ ဘယ်လင်းကျောက်ထုတ်စခန်း

တွင် တာဝန်ထမ်းရွက်ခဲ့ကြဖူးသော အရာရှိ၊ ဝန်ထမ်းတိုင်း၊ ပြစ်ဒဏ်ကျခံခဲ့ရဖူးသော အကျဉ်းသား(ရဲဘက်ကြီး)တိုင်း''အောင်ဖေမြင့်''၏ ဤအော်သံကြီးကို နေ့နေ့ညညမရပ်မနား၊ နားသောတဆင်ခဲ့ကြရသည်ကတော့ အမှန်ဖြစ်ခဲ့ဖူးပါသည်။

ထိုစဉ်ကာလက စခန်းတွင် ရှိခဲ့ဖူးသူများ မှတ်မိကြပါဦးမည်။ မေ့လည်းမေ့ပျောက်စကောင်းသည့် ဖြစ်ရပ်များမဟုတ်၍လည်း မလွဲမသွေ မှတ်မိကြပါဦးမည်။ ''ဘုရားကလေး'' (ခေါ်) ''အောင်ဖေမြင့်'' ''လူသားစားသည့်ဦးလာဘ''နှင့် ''လက်ဝှေ့ကျော် မြွေပွေးသိန်းမောင်'' ဆိုသည့် အမည်ပညတ်တို့ကို ကြားမိရုံမျှနှင့် အတိတ်ဖြစ်စဉ်၊ ဖြစ်ရပ်တို့သည် မနေ့တစ်နေ့ကလိုပင် မျက်စိထဲရစ်ဝဲ လာကြပါလိမ့်ဦးမည်။ ထိုခေတ်ထိုအခါက ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့သည် လူသားစားသော ဦးလာဘကိုယ်တော်ကြီးအား လူသတ်မှုဖြင့် ပြစ်ဒဏ်ချ၍ အလုပ်စခန်း ထုတ်လာသည့်တိုင် လူတိုင်း၊ အကျဉ်းသားတိုင်းက အော်ဂလီဆန် ကြောက်ရွံ့ရွံ့မုန်းကြ၍ ပြစ်ဒဏ်တိုက်ခန်းအတွင်းတွင်ပင် ထားရှိကာ မန္တလေး ဗဟိုအကျဉ်းထောင်မှတစ်ဆင့် စိတ်ကျန်းမာရေးဆေးရုံသို့ ပြန်လည်အပ်နှံပို့ပေးရသည့် ဖြစ်စဉ်နှင့် မအိပ်နိုင်၊ မစားနိုင် သူ့ဘဝ ဒဿနတရားဖတ်စာကိုသာ တစာစာအော်ကာ ဘဝဝဋ်ကြွေးခံနေရသည့် ''ဘုရားကလေး''အား မန္တလေးဗဟိုအကျဉ်းထောင်မှတစ်ဆင့် စိတ်ကျန်းမာရေးဆေးရုံသို့ လွှဲပြောင်းပေးအပ်ရသည့်အဖြစ်တို့မှာ အလုပ်စခန်းတွင် အချိန်ကြာကြာကြီး ဂယက်ရိုက်လှုပ်ခတ်ခဲ့သေးသည် မဟုတ်ပါလား။

♛ ♛ ♛ ♛ ♛

(၃)

သူ့အမည်က အောင်ဖေမြင့်။

ဘုရားကလေးလောင်းလျာအနီ အောင်ဖေမြင့်ကို မန္တလေးမြို့၏ ကျောက်မျက်ရတနာလောက လူကုံထံအသိုင်းအဝိုင်းထဲမှ ပေါက်ဖွားလာခဲ့ခြင်းပါ။ မန္တလေးမြို့နှင့် မိုးကုတ်မြို့ လူကုံထံ အသိုင်းအဝိုင်းတွင် လက်ချိုးရေတွက်ကြည့်ပါက ဆယ်ဂဏန်းပင်မရှိသည့် ဧဆွေကြီးမျိုးကြီး ရေခံမြေခံ၌ သူ့ဘဝအကျိုးပေးက ဖြစ်တည်ခွင့်ရစေခဲ့ပါ၏။ ရုပ်ရည်ဥပဓိကလည်း ဖြူဖြူသန့်သန့်၊ ခန့်ခန့်ထည်ထည်၊ လူရည်သန့် စာရင်းဝင်ပါ။ မန္တလေးတက္ကသိုလ် ကျောင်းသားဘဝတွင်လည်း စာပေ၊ အားကစားနှင့် အနုပညာထူးချွန်၍ ငွေကိုထင်သလို သုံးဖြုန်းနိုင်၊ ကိုယ်ပိုင်ကားဖြင့် ကျောင်းတက်နိုင်သော အောင်ဖေမြင့်သည် ကြယ်စင်တစ်ပွင့်နှယ် လင်းလက်ခဲ့ဖူးပါသည်။ တက္ကသိုလ်ဂုဏ်ဆောင်တစ်ဦးအဖြစ်လည်း လျှမ်းလျှမ်းတောက်ခဲ့ပါသည်။

ရှင်ဘုရင်ပုဆိုးပိုးချည်။ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဟုပင် ဆိုရမည်လား။ တက္ကသိုလ်ကျောင်းအပြီးတွင် အောင်ဖေမြင့်ကို ဂုဏ်ရည်တူ အမျိုးကောင်းသမီးတစ်ယောက်နှင့် နေရာချထားပေးခဲ့ရာ မန္တလေးမြို့တစ်ခွင် မြိမ့်မြိမ့်သဲ၊ ပွဲတော်ကြီးတမျှ စည်ကားလှဘိသတဲ့။

ထုံးစံအတိုင်း အောင်ဖေမြင့်ဘဝက ညက်ညက်ညောညော။

သားကလေးတစ်ဦး၊ သမီးကလေးတစ်ဦးပင် ပွားစီးခဲ့သည်။ မပူမပန် မကြောင့်မကြ။ သူတို့၏ ရွှေဘုံစံဘဝကလေးကို မြင်သူတိုင်း နှစ်လို အားကျရစမြဲ။

သည်မှာပင် လောဘမုန်တိုင်းက အောင်ဖေမြင့်ဘဝကို လေပြည်ကလေးနှယ် အစပျိုးကာ တဖြည်းဖြည်းဝင်လာခဲ့သည်။ သူ့ကိုယ် သူပင် သတိမထားလိုက်မိ။ သူ့နယ်ပယ် သူ့အသိုင်းအဝိုင်းက ''ဘုရား ကလေး''ဟု ဘွဲ့ထူးကြီးချည်ချိန်တွင် သူ့ကိုယ်သူတစ်ကြိမ် ထိတ်လန့် တကြား ပြန်မြင်မိခဲ့ဖူးသည်။ သို့တစေ ခရီးကကျွံခဲ့ပြီ။ နှုတ်မရ ပြင်မရ။ အသီခေါက်ခက် အဝင်နက်၍ မျက်စိမှိတ်ကာသာ ရှေ့ဆက်ခဲ့သည်။ အပယ်ရထား၏လားရာကို သူမသိ။

♛ ♛ ♛ ♛ ♛

(၄)

ဝါသနာဆိုသည်က အခက်သား။ ဘဝဘဝက အထုံပါရမီ ကြောင့် ကိုယ်တိုင်မပြဌာန်းနိုင်မိမှာပင် အရိပ်တစ်ခုနှယ် ကိုယ့်ကို တွယ်နှောင်မိလေသော အမူအကျင့်၊ ဓလေ့စရိုက်ဟု ဆိုရလေမည်သာ။ ကောင်းသည်လည်းရှိ၊ ဆိုးသည်လည်းပါ။ အောင်ဖေမြင့်၏ ဝါသနာက ရှေးဟောင်း ပစ္စည်းကလေးတွေ၊ ခေတ်ဟောင်းက အမွေခံဟုဆိုရာ

သည့် အရာဝတ္ထုကလေးတွေကို ထူးထူးလည်လည်၊ နှစ်နှစ်ခြိုက်ခြိုက် မြတ်နိုးသည်။

ငယ်စဉ် ကလေးဘဝကပင် မြေဆေးတံဟောင်းကလေးများ၊ မြေအိုးမြေခွက်၊ စဉ့်အိုးစဉ့်ထည် ကလေးများကို တယုတယ ပိုက်ပိုက်ပွေ့ပွေ့ ကစားနေတတ်သည်။ ဝက်လက်နယ် ဟန်လင်းမြို့ဟောင်းနှင့် ကျောက်ဆည်၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝနယ်တစ်ရိုးက ရှေးဟောင်းမြေထည် လက်ရာများကို အထက်တန်းကျောင်းသား ဘဝမှာပင် တခုတ်တရ စုမိဆောင်းမိရှိလာခဲ့သည်။

ရတနာစိန်ကျောက်ကို ဖယ်တောက်တမ်း ကစားနိုင်သောသူ့ဝန်းကျင်၌ ရှေးဟောင်း ငွေဒင်္ဂါးတွေ၊ မြေထည်၊ စဉ့်ထည်၊ ကြေးအိုးကြေးခွက်တွေဖြင့် အလုပ်ရှုပ်ကာ အာရုံကျနေတတ်သောသူ့မှာ အခြားကမ္ဘာက ဂြိုဟ်သားတစ်ဦးနှယ်။ အသက်အရွယ်ရသည့်တိုင် ကလေးစိတ်မစင်သေး၍ အရုပ်ကလေးများဖြင့် ကစားနေသူဟုပင် ပြက်ရယ်ပြုကြ၊ ရယ်ပွဲဖွဲ့ကြသည်။ ရှိပါစေလေ။ လူတစ်ကိုယ် မူတစ်မျိုး မဟုတ်ပါလား။

မန္တလေး တက္ကသိုလ်တက်ခွင့်ရတော့ ဆရာကြီး ဒေါက်တာသန်းထွန်း(သမိုင်းပါမောက္ခ)တို့၊ ဆရာကြီး ဦးဆန်းထွန်း (မြန်မာစာကထိက)တို့၊ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)တို့ အတန်းတွေလိုက်တက်ရင်း ရှေးဟောင်းသုတေသနပညာနှင့် ရှေးဟောင်းပစ္စည်းများ အစုအဆောင်းကိစ္စတွေမှာ ပိုမိုဝါသနာရင့်သန်ကြီးထွားလာခဲ့သည်။

သည်သို့ဖြင့် ရှေးဟောင်းဒင်္ဂါး အရောင်းအဝယ်နှင့် ရှေးဟောင်းပစ္စည်းများ အရောင်းအဝယ်လောကသို့ မရည်ရွယ်ဘဲ အမှတ်မထင်ဝင်လာမိခဲ့သည်။ အစရှိ အနောင်နောင်၊ တစ်စတစ်စဖြင့် ပြည်တွင်းသာမက ပြည်ပသို့တိုင် မြန်မာရှေးဟောင်း ပစ္စည်းများနှင့် ပတ်သက်၍

အောင်ဖေမြင့်၏ အမည်သတင်းမွှေးလှသည်။

အဦးအစက ပြည်တွင်းဝယ် ပြည်ပသို့ရောင်း၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းကလေးတစ်ခုအဖြစ် အသက်ဝင်လာခဲ့သော်ငြား ပြည်ပငွေရှင်ကြီးများ၏ ငွေလမ္ဘာယ်ပြကွက်တွင် အောင်ဖေမြင့်၏လုပ်ငန်းသည် ဂိုဏ်းတစ်ခုသဖွယ် အလျင်အမြန် ကြီးထွားလာခဲ့ပြီ။

ငွေရင်း ငွေနီး ကြီးမားစွာမြှုပ်နှံလည်ပတ်နိုင်ခြင်း၊ လုပ်ငန်းကို စေ့စေ့ငုငု ကျွမ်းဝင်နှံ့စပ်ခြင်း၊ မျက်နှာကြီးငယ် စိမ်းကျက်မရွေး ဆက်ဆံရာတွင် ရဲဝံ့ပြတ်သားခြင်း၊ လက်ရဲဇက်ရဲနိုင်ခြင်း၊ အပေးအကမ်း ရက်ရောလွန်းခြင်း၊ အနေအထိုင် သိပ်သည်းသော်လည်း ဒုစရိုက်နယ်တွင် လက်တံရှည်လွန်းခြင်း၊ အနှိပ်အကွပ် ရဲတင်းလွန်းခြင်းစသည့် ဂုဏ်ပုဒ်များစွာက သူ့အရင်မင်းမူခဲ့ကြသော လုပ်ငန်းနယ်ပယ်တူ ဒုစရိုက်ဝိဇ္ဇာများကို သူ့လက်အောက်သို့ ခိုဝင်ခိုလှုံလာစေကာ ''ဘုရားကလေး''ဆိုသော မတန်မရာ အမည်သညာကို ရရှိလာစေခဲ့သည်။

(အလားတူပင် အထက်မြန်မာပြည်တစ်ခွင် ''ဘုရားကြီး''ဟု ဖိန့်ဖိန့်တုန်ခဲ့ရသော ''မြအောင်'' အကြောင်းကို ''အပယ်ရထား'' ခေါင်းစဉ်ဖြင့် တင်ပြပါဦးမည်။)

သူနောက်ဆုံး အသက်မွေးဝမ်းကျောင်းပြုရာ ပင်မဒုစရိုက် လုပ်ငန်းကား မြန်မာပြည်ထက်၊ အောက် အစုန်အဆန်မှ ရှေးဟောင်း ရုပ်ပွားတော်မြတ်များအား ခိုးယူကာ ပြည်ပသို့တရားမဝင် တင်ပို့ရောင်း ဝယ်ခြင်း ဖြစ်လာ၏။ လွယ်လွယ် ''ဘုရားခိုးဂိုဏ်း''ဟုသာ ဆိုကြပါစို့။

အောင်ဖေမြင့်နှင့် တပည့်တပန်းများ၏ အဓိကစားကျက် နယ်ပယ်ကြီးကား ကျယ်လှဘိသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ မဆိုထားနှင့် ယုံကြည်ကိုးကွယ်ရာ ဘာသာမတူသော မျိုးနွယ်ခြားများ ပင်လျှင် မကြုံအပ်၊ မစည်ရာအဖြစ် စိတ်ကူးထည့်ရန်ပင် မဝံ့လေသော

အလုပ်မို့ လွယ်ကူလှသည်။ မြိုးမြိုးမြက်မြက်ရှိလှသည်။ မြန်မာ့ဝိညာဉ်၊ မြန်မာ့အသဲနှလုံးတည်ရာ ပုဂံရှေးဟောင်းဒေသ အမရပူရ၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း၊ မြင်စိုင်း၊ တကောင်း၊ ဟန်လင်း စသည့်နယ်မြေ အဝန်းအဝိုင်းကို စနစ်တကျအကွက်ချကာ လုံခြုံရေးစည်းကမ်း လျော့နည်းလေသမျှ အပွကြဲခဲ့ကြသည်မှာ ရုပ်ပွားဆင်းတုတော်အဆူဆူ၊ အနမတဂ္ဂ၊ ဒေသခံရွာနေ ပြည်ထိုင်သူခိုးဓားပြလူဗာလတို့နှင့် အလွမ်း သင့်အောင်ပေါင်း၍ကဲ့ထုတ်ကာ လမ်းကြောင်းအသီးသီးမှ ပြည်ပနိုင်ငံ အစုံစုံတို့သို့ ဘုရားဆင်းတုတော်မြတ်များအပါအဝင် ရှေးဟောင်း အဖိုးတန် ပစ္စည်းမှန်သမျှကို ခိုးယူရောင်းချခဲ့သည်မှာလည်း အနဂ္ဃ။

စနစ်တကျစီမံချက်များ ရေးဆွဲချမှတ်ကာ ထိုခေတ်ပါတီ၊ ကောင်စီနှင့် ပြည်သူ့ရဲတို့ ပူးပေါင်း၍ နှိမ်နင်းခဲ့သည့်တိုင် (၁၉၇၀)ဝန်း ကျင်က ''ဘုရားကလေး၏ဂိုဏ်း''ကို ဖြိုကွဲအောင် မစွမ်းသာခဲ့။

ကျားကြီးတော့ ခြေရာကြီး၊ သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီး တော့ သူပုန်ဆိုဘိသကဲ့သို့ မြန်မာနယ်စပ် တစ်လျှောက်ရှိနေသော အရှေ့မြောက်၊ အရှေ့တောင်တစ်ကြောက သောင်းကျန်းသူအဖွဲ့အစည်း အသီးသီးနှင့်လည်း ပုလင်းတူဘူးဆို့ ပလဲန်ပသင့်ကာ သူ့လုပ်ငန်းများ ပို၍ပို၍ အရာကျယ်ခဲ့ဖူးပါ၏။

ဘုရားရှင်၏ ရုပ်တုရုပ်ပွားတော်မြတ်များမှလည်း ခေါင်းတော် ပြတ်၊ ကိုယ်တော်ပြတ်၊ လက်တော်မစုံ၊ ခြေတော်မပုံ မတင့်မတယ် မဖွယ်မရာသော မုဒြာများဖြင့် စိတ်မချမ်းမမြေ့ဖွယ် နိုင်ငံတော်အပသို့ ဒေသစာရီ ကြွချီခဲ့ကြရပါ၏။ အာဏာပိုင်အဖွဲ့အစည်းများ၏ ဖိဖိစီးစီး နှိပ်ကွပ်အရေးယူခဲ့မှုကြောင့် ''ဘုရားခိုးဂိုဏ်''များ တစ်ခုပြီးတစ်ခု ဖြို ကွဲကာ မသမာသူများ ထောင်နန်းစံခဲ့ကြရသော်လည်း ''ဘုရားကလေး အောင်ဖေမြင့်''အား အဖျားမခတ်ခဲ့။

သူ၏ ပိရိသောအကြံဉာဏ်၊ ကလီကမာများလှသော ပရိယာယ်၊ ကြမ်းကြုတ်လှသော ဆုံးမနှိပ်ကွပ်မှုများ၊ ရက်ရောလှသော အထောက်အပံ့ အပေးအကမ်းများ၏ အကာအကွယ်ဖြင့် "ဘုရားကလေး" ပန်းပန်နိုင်ခဲ့ပါ၏။ လူလူချင်းအတူတူ သူ့ကိုယှဉ်နိုင်သူ မရှိဟုပင် သွေးနားထင်ရောက်ခဲ့ပါ၏။ မကောင်းမှု၊ အကုသိုလ်၊ ဒုစရိုက် စသည့်ဝေါဟာရများသည် အောင်ဖေမြင့်အတွက် ကြွယ်ဝပြည့်စုံဖို့နှင့် လုံခြုံဖို့အတွက် လက်နက်များပေတကား။

♛♛♛♛♛

(၅)

သို့ရာတွင် "ဘုရားကလေး"၏ ချမ်းမြေ့လုံခြုံသောဘဝသည် ကာလကြာရှည်မခံခဲ့ပါ။ တရားကို စောင့်သောသူအား တရားကပြန်လည်စောင့်ရှောက်သကဲ့သလို၊ တရားမစောင့်သူအားလည်း တရားက ဘဝမခြားစေဘဲ ဒဏ်ခတ်ဆုံးမခဲ့ပါသည်။ "အောင်ဖေမြင့် (ခ) ဘုရားကလေး"အတွက် သူစိုက်ခဲ့သောသစ်သီးကို သူကိုယ်တိုင်ခူးဆွတ် ရိတ်သိမ်းချိန် ရောက်ခဲ့ပါပြီ။

တစ်ည။ "ဘုရားကလေးအောင်ဖေမြင့်" အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် သူ့ဘဝ၊ သူ့တစ်သက်၊ သူ့ဒုစရိုက်သက်တမ်းအတွင်း

နည်းအဖုံဖုံဖြင့် ခိုးခဲ့၊ လုခဲ့၊ ဓားပြတိုက်ခဲ့၍ ရောင်းဝယ်ဖောက်ကားကာ နိုင်ငံအပသို့ ခိုးထုတ်ခဲ့သော ဘုရားရှင်ရုပ်ပွားတော်အဆူဆူတို့သည် တင့်တယ်သပ္ပာယ်ကြည်ညိုဖွယ်သော သဏ္ဌာန်တော်ဖြင့် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးကာ တစ်ဆူပြီးတစ်ဆူ ဖူးတွေ့ရ၏။ ရုပ်ရှင်အနေးပြကွက်တစ်ခုသဖွယ် ရုပ်ပွားတော်များကို ပီပီသသ ထင်ထင်ရှားရှား တစ်ဆူပြီးတစ်ဆူ ဖူးမဆုံးအောင် ဖူးနေရတော့သည်။

ထို့နောက် သူ့အသံ၊ ''ဘုရားကလေးအောင်ဖေမြင့်''၏ အသံစစ်စစ် ဖြင့်လည်း **''ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ကောင်းတာကိုလုပ်ကြ မကောင်းတာကို မလုပ်ကြနဲ့''** ဟူသော အသံကို တိုးရာမှကျယ်၊ ကျယ်ရာမှတိုး၊ နီးရာကဝေး၊ ဝေးရာကနီး မရပ်တော့၊ မနားတော့။ အဆုံးမရှိသော ပဲ့တင်သံကြီးပမာ လှုပ်ခတ်မြည်ဟည်းနေတော့သည်။

''ဘုရားကလေး''အိပ်ရာမှ လန့်နိုးလာခဲ့ပါ၏။ သို့ရာတွင် အိပ်မက်ထဲကဖူးခဲ့ရသော ဘုရားရှင် ရုပ်ပွားတော်အဆူဆူသည် ပကတိမျက်စိ ပကတိအသိ၌လည်းကောင်း၊ အိပ်မက်ထဲတွင် ကြားခဲ့ရသော ''သူ့အသံ''သည် ပကတိ သူ့နား သူ့အာရုံတွင်လည်းကောင်း ရှင်းရှင်းကြီးမြင်နေရ၊ ကြားနေရတော့၏။

ပို၍ထူးဆန်းသည်မှာ ''သူ့အသံ''အတိုင်း သူကိုယ်တိုင် သူ့နှုတ်က တိုးတိုးကလေး ရေရွတ်နေမိသည်မှာ ရပ်၍မရတော့။ မျက်စိဖွင့်ထားလဲ မြင်နေဖူးနေရ၏။ မျက်စိမှိတ်ထားလည်း မြင်နေဖူးနေရ၏။ နားက ကြားနေရသော အသံမှာမူ ရပ်သည်မရှိတော့။ သူ့မှာ ပင်ကိုအသိ၊ ပင်ကိုသတိ၊ ပင်ကိုဉာဏ်မရှိတော့ပါ။ သူ့အာရုံအားလုံးကို သူနည်းအမျိုးမျိုး ခိုးဝှက်လုယက်ကာ ရောင်းဝယ်ခဲ့သော ဘုရားရှင်၏ ရုပ်ပွားတော်မြတ်များကသာ လွှမ်းမိုးထားခဲ့လေပြီ။

---

စိတ်ကူးသစ်စာပေ

သူ၏ မိသားစု၊ မိတ်ဆွေ၊ အသိုက်အဝန်းတစ်ခုလုံး တုန်လှုပ်သွားကြသည်။ ချောက်ချားသွားကြသည်။ စားမဝင်၊ အိပ်မပျော်၊ ... မသိ၊ သောက်ဖို့မသိ၊ ပင်ကိုအသိပျောက်ကာ ပါးစပ်မှ "ကော
**လုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ကောင်းတာကိုလုပ်ကြ မကောင်းတာကို မလုပ်ကြနဲ့"** ဟုသာ တတွတ်တွတ်ရေရွတ်နေသောသူ့ကို စိတ်ရောဂါကုဆရာဝန်အမျိုးမျိုးနှင့် ပြသကုသကြပါ၏။ လောကီအစီအရင် နည်းအစုံအလင်ဖြင့် စီရင်ပြုစုကြပါ၏။

မရပြီ။ ကြံရာမရသည့်အဆုံး မိသားစုကိုးကွယ်ရာ ဆရာတော်ဘုရားထံ ချုပ်နှောင်ထိန်းသိမ်း၍ ကြည်ညိုပူဇော်စေ၏။ ဆရာတော်အားဖြစ်ကြောင်းရယ်ကုန်စင်လျှောက်ထားကာ "ဘုရားကလေး(ခေါ်)အောင်ဖေမြင့်"အား ကယ်မပါမည့်အကြောင်း လျှောက်ထားတောင်းပန်ကြ၏။

ဆရာတော်ဘုရားကား ခပ်မဆိတ်နေတော်မူကာ "အဋ္ဌာနမေတံ"ဆိုဂါထာတော်မြတ်ကိုသာ စာရွက်ဖြူ၌ ရေးစေလျက်သူ၏လည်တွင်ဆွဲထားသော ရွှေကြုပ်၌ ထည့်ပေးကာဆွဲ၍ ပူဇော်စေ၏။ ခေတ္တမျှငြိမ်သက်သလိုရှိကာ "အောင်ဖေမြင့်"သည် ကျောင်းဝင်းအတွင်းမှ တစ်ခုသောအရပ်သို့ စူးစူးစိုက်စိုက်ဦးတည် ထွက်ခွာသွားတော့၏။ အဘယ်အရပ်ဟု ထင်ပါသနည်း။ မန္တလေးမြို့၊ အမှတ်(–)ရဲတပ်ဖွဲ့ စခန်းတည်း။

စခန်း၌ ငြိမ်သက်ပြုံးကျယ်သော မျက်လုံး၊ အသိသတိကင်းမဲ့နေသူ၏ ခန္ဓာကိုယ်ဖြင့် စခန်းမှူးရှေ့ စားပွဲတွင်ထိုင်ကာ သူ့ဘဝတစ်လျှောက် သူ့ဒုစရိုက်မှုများအားလုံးကို ကရားရေလွှတ် တတွတ်တွတ်ရွတ်ဆိုဝန်ခံ၍ အကုသိုလ်အညစ်အကြေးကို စတင်ဆေးကြောခဲ့တော့၏။

---

စိတ်ကူးသစ်စာပေ

ထိုသို့ အပြစ်ဝန်ခံ စကားဆုံးသည့်အချိန်မှ စတင်၍ သူ့နှုတ်ဖျားမှ အခြားစကားကို မကြားရတော့။ ရဲအချုပ်မှထောင်၊ ထောင်မှ အလုပ်စခန်း၊ အလုပ်စခန်းမှထောင်၊ ထောင်မှစိတ်ရောဂါဆေးရုံကြီး၊ နောက်ဆုံး သူကွယ်လွန်ချိန်အထိ အဆက်မပြတ် တိုးတိုး၊ ကျယ်ကျယ်နည်းအသွယ်သွယ်ဖြင့် သူ့နှုတ်က ရွတ်ဆိုခဲ့သည်များမှာကား အောက်ပါစကားစုတစ်ခုတည်း သာလျှင်တည်း။

**"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊**
**မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊**
**ကောင်းတာကိုလုပ်ကြ မကောင်းတာကို မလုပ်ကြနဲ့"**

♛ ♛ ♛ ♛ ♛

(၆)

ကြာတော့ ကြာခဲ့ပါပြီ။ နှစ်နှစ်ဆယ်ကျော်ကာလကို ဖြတ်သန်းလာခဲ့သော အဆိုပါဖြစ်ရပ်ကလေးမှာ ပုံပြင်လည်းမဟုတ်။ မိမိမျက်မှောက်၌ ကြုံဆုံတွေ့မြင်ခဲ့ရသော အကျဉ်းထောင်ဇာတ်လမ်းလေး တစ်ပုဒ်ဖြစ်ပါ၏။

(၁၉၇၉)ခုနှစ်ခန့်က ဘယ်လင်းကျောက်ထုတ် အလုပ်စခန်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အရာရှိဝန်ထမ်းတိုင်း၊ ပြစ်မှုကြွေး

ကို ချွေးဖြင့်ပေးဆပ်ခဲ့ကြရသော အကျဉ်းသားတိုင်း နံနက်၊ နေ့ည အခါကာလမရွေး အသံနက်ကြီးဖြင့် မရပ်မနားအော်ဟစ်နေခဲ့သော ''ဘုရားကလေး(ခေါ်)အောင်ဖေမြင့်''ကို မသိမရှိ။ သတိရကြပါလိမ့်မည်။

သို့ရာတွင် သူ့ဘဝ၊ သူ့ဇာတ်လမ်း၊ သူအော်နေခဲ့သည့် သူသိမြင်ခဲ့သော သူ့စကား၊ သူ့တရား၏ အနက်အဓိပ္ပာယ်ကို သိသူရှား လှပါသည်။ ကံကြုံ၍သာ ကျွန်တော်သိခွင့်ရခဲ့ပါ၏။

သံဝေဂစိတ်ဖြင့် ကြောက်ရွံ့ခဲ့ရပါ၏။ စာနာစိတ်ဖြင့် သနားခဲ့ ရပါ၏။ တာဝန်အရသာမက မိမိတတ်နိုင်၊ စွမ်းနိုင်သမျှ ဖေးမပြုစု ကူညီခွင့်ရခဲ့ပါ၏။

ထို့ထက်တစ်မူကား သူအော်ဟစ်နေခဲ့သော ဓမ္မသတိပေးသံ သည် ဘဝတစ်လျှောက်လုံးနားဝ၌ စောင့်ကြပ်ကာ မကောင်းတာမလုပ် မိဖို့ စောင့်ရှောက်ခဲ့သည့်အတွက် ရင်နှင့်အမျှ ကျေးဇူးတင်ရပါ၏။

ယခုမူ . . . ကာလတစ်ခုလွန်မြောက်ခဲ့ပြီဖြစ်ရာ နောင်တတစ် ဖန် ပူပန်ခြင်းကြီးစွာဖြင့် ဘဝကိုပေးဆပ်၍ ဓမ္မဒဿနတစ်ခုကို မရပ် မနား အော်ဟစ်သတိပေးသွားခဲ့သူ ''ဘုရားကလေး(ခေါ်)အောင်ဖေမြင့်'' ၏ဘဝကို ဖောက်သည်ချလိုက်ပါသည်။ ဘဝအား သတိဖြင့်စောင့်ကြည့် ထိန်းသိမ်းနိုင်ကြပါစေဟု ဆန္ဒရည်လျက်သာ . . . ။

*( "ဘုရားကလေး" အကြောင်းဟာ သိကောင်းတာမို့ ရေးစမ်းပါဟု အထပ်ထပ် တိုက်တွန်းခဲ့သူ "ကိုဝင်းမောင်"သို့ အမှတ်တရ။)*

♛ ♛ ♛ ♛ ♛

**ဧေယျမင်းချွင်**



# စိန်

(၁)

အဆုင်ခြင်မဲ့ နှုတ်ထွက်စကားတစ်ခွန်းသည် သည်မျှတာသွား အရာကျယ်စေမည်ကိုသာသိခဲ့ပါလျှင် စကားစကို ကြိုကြိုတင်တင်သိမ်းခဲ့မိသည်မှာ ကေန်။ စကားတံရှည်ခဲ့မိသမျှကို ဘွာခတ်၍ သင်ပုန်းချေစေခဲ့မည်လည်း အမှန်။ သို့တစေ၊ ငြိုးပြ်မင်းက မောင့်ကိုမွှေကာ နှုတ်အနေနည်း အာစေးထည့်ခဲ့မိသည်။

ယခုတော့ဖြင့် ပွဲကပြီးခဲ့ပြီ။ စိန်သူက ''စိန်''ခဲ့၍ ကြက်ခေါင်းဆိတ်မခံနိုင်သူက တစ်ပြန်တစ်လှည့် အတုံ့အတင်ပြုကာ နားရွက်တံတွေး ဆွတ်ခဲ့ပြီ။ မဆီမဆိုင် လက်ပံသား ခါးနှင့်ချိုင်၊ ပဲလှော်ကြားဆားညှပ်၍ ငရုတ်သီးနှင့် အလွမ်းသင့်မိသဖြင့် အထုအထောင်းခံရလေသော ကြက်သွန်နှယ် အလိုလိုအထက်မီးအောက်မီး အကင်ခံနေရ

သူက ကျွန်တော်။

နွတ်ကောင်း ပြည်စိုးကဲ့။ အခုတော့ဖြင့် နွတ်ရေးစကားတတ် လုပ်ချင်လွန်း၍ မထွေးနိုင် မအံ့နိုင်။

"တောက် . . . သောက်ကျိုးနည်း ဒုက္ခပေးတဲ့ စိန်ခေါ်ပွဲ" ဟစ်လို့သာ ငိုလိုက်ချင်တော့သည်။

♛ ♛ ♛ ♛ ♛

(၂)

သည်နှစ်ကောင်က ဖာတ်လမ်းစသည်။ သံချောင်းနှင့် ဝင်းသိန်း ဟန်။ ပြဿနာကို နေ့ခင်းကြောင်တောင် မီးခွက်ထွန်းရှာကြရာက ထို အတူတွဲကျူးလွန်ကြ၍ အတူတကွ အပြစ်ပေးခံကြရသူများဖြစ်သည်။

ပုဒ်မက ရာ/၃၇၉(ခါး)။ ပြစ်မှုက ခါးပိုက်နှိုက်မှု။ ကျလာ သည့် ပြစ်ဒဏ်က ခုနစ်နှစ်စီ။ သူတို့ အခေါ်အဝေါ် မျဉ်းစောင်း(၁၁) ဆိုသည့် ရာဇဝတ်မှုဖြင့် ကျော်စောစာရင်းဖြစ်၍ ဂိတ်ကုန်တန်းကုန် ချလိုက်သည့် အပြစ်ဒဏ်။ မှတ်လောက်သားလောက် ပေးလိုက်သော အမြင့်ဆုံးပြစ်ဒဏ်ပင်။

၁၉၈၇ ခုနှစ်၊ ရန်ကုန်ရွှေမြို့တော်အား ဒုက္ခပေးလာသည့် ဒုစရိုက်သမားများကို အထူးစီမံချက်ဖြင့် ပြင်းပြင်းထန်ထန် နှိပ်ကွပ်

နေသည့်ကာလက ''ကားခနဲ''ပါလာသူ ''လေထီးညီနောင်''နှစ်ဦး။

''ဟော့ကောင် . . . သံချောင်း၊ လာစမ်းပါဦးကွာ။ ငါ့ကိုလဲ တစ်ဆိတ်ရှင်းပြစမ်းပါဦး။ မင်းတို့ဟာက ခါးပိုက်နှိုက်ဆိုလဲ ခါးပိုက်နှိုက် ပေါ့။ ဘာလဲ ''လေထီး''ဆိုတာ။ မင်းတို့ကိုယ်မင်းတို့ တယ်လဲသိဒ္ဓိ တင်လှပါလား''

သည်သို့သည်နှယ် တစ်ခါကသူတို့အား မေးမြန်းစောကြော စပ်စုကြည့်ဖူးသည်။ မိမိတို့အကျဉ်းဦးစီးဌာနဝင်အရာရှိ၊ ဝန်ထမ်း များဆိုသည်မှာ မြန်မာပြည်အနယ်နယ် အရပ်ရပ်က ပြစ်မှုမျိုးစုံဖြင့် ရောက်ရှိလာသော ''မတစ်ထောင်သား''များအား သူတို့ပြစ်ဒဏ် ကာလစေ့ရောက်သည်အထိ လက်ပွန်းတတီး နီစွရူဝ ပြုစုထိန်းသိမ်း ကြရသူများပေမို့ သူတို့ဘဝ၊ သူတို့အထာ၊ သူတို့ဘာသာစကားကို ကျွမ်းဝင်ကျင်လည်ဖို့တော့ လိုကိုလိုသည်။ မျက်စိအကြား၊ နားအမြင် လျှင်ဖို့လိုသည်။ သို့မဟုတ်လျှင် သူတို့တွေ၏ မာယာပရိယာယ်နောက် ခြေတစ်လှမ်းမျှမက ရောက်နေနိုင်သည်လေ။

ခံခဲ့ရဖူးသည်။ ငယ်နုစဉ် မန္ဒးမနပ်ကာလက ''ဗောင်းမင်းသား'' များ၏ ယဉ်ယဉ်ကလေးနှင့် ပညာပေးခံခဲ့ရသည် အကြိမ်ကြိမ်။ ထောင်မှူး ပေါက်စ အရာရှိကလေး ဖြစ်လာတော့လည်း သူ့အဆင့်၊ သူ့နေရာ နှင့်သူ ထိုထိုကျေးဇူးရှင်များထံက မသိမသာ၊ သိသိသာဆည်းပူး ပညာခံ ယူခဲ့ရသေးတာပါပဲ။

လုပ်သက်ကလေးရ၊ အတွေ့အကြုံကလေး နည်းနည်းပြည့်၊ ထောင်မှူးကြီးရယ်လို့ ဖြစ်လာသည့်အခါမှသာ ကိုယ်ကတစ်ပြန်တစ်လှည့် ပညာပေးရတာလေးတွေ့ရှိလာသည်။ ဒါတောင် တစ်ချီတစ်ချီအလစ်မှာ ကော့နေအောင် ခံရတတ်သေးသည်။

ပြောပြဦးမည်။ မိမိအလုပ်စခန်းသို့ အင်းစိန်ဗဟို အကျဉ်း

ထောင်မှရဲဘက် (အကျဉ်းထောင် ပြင်ပသို့ထွက်၍ ပြစ်မှုကြေးကို ချေးဖြင့်ဆပ်ကာ ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်နိုင်သည့် စည်းကမ်းချက်များနှင့် ညီညွတ်သော အသက်ငါးဆယ်အောက်ကျခံရန် ကျန်ကာလ တစ်ဆယ့်ငါးနှစ်အောက်ရှိ အကျဉ်းသားများ) အင်အား ဖြည့်တင်းပေးပြီးသည့် တစ်နေ့။

ရဲဘက်လူသစ်များအား မှတ်ပုံတင်ခြင်း၊ ဝတ်စုံသစ်များ ထုတ်ပေးခြင်း၊ အခြားအုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးခြင်းစသည့် ထွေရာလေးပါး ကိစ္စများကြောင့် အလုပ်မဆင်းသေးဘဲ အနားပေး ထားသည်။ မိမိအလုပ်စခန်းသည် အညိုရောင်နယ်မြေ (ဒေသခံသောင်း ကျန်းသူများ မကြာခဏနှောင့်ယှက်တတ်သဖြင့် လုံခြုံရေးမတည်မငြိမ်၊ အကြွင်းမဲ့ စိတ်မချသေးသော ဧရိယာ)အတွင်း တည်ရှိ၍ မိမိရဲဘက်များ စခန်းသက်ကလေးရ၊ နေတတ်စားတတ်အောင် ခဏပေးနေတာလည်း ဖြစ်သည်။

တစ်ရက်ကနေ နှစ်ရက်၊ သုံးရက်။ သူတို့ ရဲဘက်လူသစ်များ အချင်းချင်းသုံးစွဲ ဆက်ဆံနေကြသော ဘာသာစကားတွင် ''မကျင်လှ'' ဆိုသော ဝေါဟာရက မကြာခဏ ကြားနေရသည်။ ''ထားလိုက်ပါကွာ၊ မကျင်လှပါ''။ ''အဲဒီဆရာကတော့ . . . မကျင်လှပဲဟေ့''။ ''အချင်းချင်း တွေကို မကျင်လှမလုပ်နဲ့နော်''. . . တဲ့။ ကြားကြားနေရသည့်သည် ''မကျင်လှ''ဆိုသော အမည်က နားထဲမှာကလီလှသည်။ ဘာလဲ . . . ဘာလဲ။ ဘယ်က မကျင်လှလဲ။

မိမိအလုပ်စခန်းအတွင်းမှာ အဘယ်မည်သော ''မကျင်လှ''က လာ၍ အရေးပါအရာရောက်လွန်းနေရသနည်း။ မရှိသေ့စကား စခန်း အတွင်းမှာ မိန်းမမှုကိစ္စ အရှုပ်အထွေးများ ရှိနေသလား။ သိပ်သိပ် သည်းသည်း တိတ်တဆိတ်စုံစမ်းရသည်။ ပထူးခြားသတင်း စုဆောင်း

ရသည်။ လား . . . လား။ ခုတ်ရာတခြား ရှရာတလွဲပါခင်ဗျာ။

"မကျင်လှ"ဆိုတာ ဘယ်က ကုတ္တိယအပျိုချော ဟုတ်လေမလဲ။ ဆေးပေါ့လိပ်ပါတဲ့ခင်ဗျာ။ အင်းစိန်ထောင်မှာ အကျဉ်းသားအများသောက်သုံးကာ အရာဝင်လေသော ဆေးပေါ့လိပ်နာမည်ပါတဲ့။ တံဆိပ်က "နွား"တံဆိပ်။ မကျင်လှဆေးလိပ်ခုံက ထုတ်လုပ်သောနွားတံဆိပ် ဆေးလိပ်ပေါ့ခင်ဗျာ။

ကျေးဇူးရှင်တို့က ရွှေဉာဏ်တော် စူးရောက်စွာ "နွား"တံဆိပ်ကို အမှတ်သညာပြုပြီး ခပ်အအ၊ ခပ်ထုံထုံ သူတို့နှပ်ချသမျှ ခံရနိုင်သူကို ကွယ်ရမှာ လက်တို့ပြီး နွားတံဆိပ်ကပ်ကြခြင်းပါ။

မကျင်လှဆိုတာက စကားဝှက်။ သူတို့အချင်းချင်းသာသိသော Code Word။ တော်ပါသေးရဲ့။ မကျင်လှစာရင်း၌ မိမိအမည်မပါပေလို့။ ဟုတ်ကဲ့။ အကျဉ်းသားဆိုတာ ထိုသို့တောင်တောင်အီအီ၊ အတော်ဉာဏ်မီအောင် လိုက်ရတာလေးတွေ ရှိတတ်ပါသည်ခင်ဗျာ။

"ဒီလိုဆရာရဲ့။ ကျွန်တော်တို့ ခါးပိုက်နှိုက်လောက၊ ဒုစရိုက်လောကမှာလည်း နယ်မြေအလိုက် ကျွမ်းကျင်မှုအလိုက်၊ လိုင်းအလိုက် အပိုင်းခွဲခြား ထားတာတွေရှိတယ်။ ကျွန်တော်တို့ဂိုဏ်းက ရန်ကုန်မြို့တော်တစ်ခွင်လုံးက ဘတ်စ်ကားတွေ၊ အငှားယာဉ်တွေ၊ အစိုးရယာဉ်လိုင်းတွေမှာ အလုပ်လုပ်ခွင့်ရှိတယ်။ ရထားဘူတာရုံတွေနဲ့ ဈေးတွေ၊ ဘုရားတွေစတဲ့ မြေလျှောက် အလုပ်လုပ်ခွင့်မရှိဘူး။ အလုပ်လုပ်လို့ အဆင်ပြေပြေ ပစ္စည်းရရင်ပဲဖြစ်ဖြစ်၊ အကြောင်းကြောင်းကြောင့် အလုပ်မအောင်မြင်ရင်ပဲဖြစ်ဖြစ် ကားပေါ်ကခုန်ချ ခြေရာဖျောက်ကြရတယ်။ ကားပေါ်ခုန်တက်၊ ခုန်ဆင်းကို လေယာဉ်ပေါ်က လေထီးနဲ့ ခုန်ဆင်းသလောက် ကျွမ်းကျင်ကြတယ်။ ခြစ်ရာပွန်းရာတောင် မရှိစေရဘူး။ ဒါကြောင့် ကျွန်တော်တို့ကို "လေထီးအဖွဲ့"လို့ ခေါ်တာ"

ကိုယ်တော်ချောက သေသေချာချာ အဓိပ္ပာယ်ဖွင့်ပြသည်။ ဖြစ်မှဖြစ်ရပလေ။ သူတစ်ပါးပစ္စည်းကို ပိုင်ရှင်မသိအောင် အလစ်အငိုက် နှိုက်ယူ၊ ဓားနဲ့ခွဲယူတာကိုပဲ အလုပ်လုပ်တာတဲ့။ လာလာချည်သေး။ အင်မတိ အင်မတန်သိက္ခာကြီးသော လုပ်ငန်းကြီးတစ်ရပ် ဖြစ်လေသည့် နယ် လေသံက ကြွယ်လွန်းအံ့ထင်သည်။

"နို့ . . . နေစမ်းပါဦး။ မင်းတို့တွေ အလုပ်လုပ်ဖို့ နယ်မြေတွေ၊ လိုင်းတွေကို ဘယ်ပုဂ္ဂိုလ်မျိုးက စနစ်တကျခွဲပေးတာလဲကွ။ ညှိနှိုင်းအစည်းအဝေးတွေ၊ အမိန့်ပြန်တမ်းတွေများ ရှိသေးလား။ အဲဒီလိုခွဲတာကိုလဲ မင်းတို့က မျက်စိမှိတ်လက်ခံတာပဲလား"

အမြင်ကတ်ကတ်ရှိလှ၍ ကျွန်တော်က ငေါ့တော့တော့ မေးလိုက်သည်။ ကိုယ်တိုင်သိချင်နေတာလည်း ပါပါသည်။ သူတို့ တစ်တွေနှင့်နီးစပ်စွာ လက်ပွန်းတတီးနေထိုင်ဆက်ဆံရာကမှ သူတို့ဒုစရိုက်လောက၊ သူတို့လုပ်ငန်း ဓလေ့ကလေးတွေက ထဲထဲဝင်ဝင် လေ့လာဖို့ကောင်းသည်။ စိတ်ဝင်စားစရာ ဖြစ်ရပ်လေးတွေ တွေ့လာရသည်။ စာတင်ပေတင် အက္ခရာစာလုံးများဖြင့် ကမ္ဗည်းရေးထိုးမထားသော်ငြား ခိုင်မာစွဲမြဲသည့် သံမဏိစည်းကမ်းများလည်း သူ့ဆိုင်ရာဆိုင်ရာကဏ္ဍနှင့်သူ ရှိနေသေးကြောင်း တစ်စွန်းတစ်စသိထားသဖြင့် အခွင့်သာခိုက် "အစ်" ထုတ် စကားနှိုက်ကြည့်ခြင်းလည်း ဖြစ်ပါသည်။

"ဘယ်ရဲ၊ ဘယ်အစိုးရက တရားဝင် သတ်မှတ်ပေးမှာလဲ ဆရာရယ်။ ကိုယ့်ချင်းကိုယ့်ချင်း၊ ဂိုဏ်းခေါင်းဆောင်ချင်း၊ တွေ့ကြ စကားပြောကြပြီး ညှိကြတာပေါ့။ ပေါ့ပေါ့လွယ်လွယ် မြေပုံပေါ် လက်ထောက်ပြီး နယ်ခွဲတာတော့ မဟုတ်ဘူးနော်။ ကိုယ့်လူအင်အား၊ အလုပ်သဘောနဲ့ဝင်ငွေ အဆင်ပြေနိုင်၊ မပြေနိုင်။ အမှုအခင်းရှုပ်ထွေးမှု၊ ဆိုင်ရာနယ်မြေရဲ့နဲ့ အမှုကြီးတွေ ငြိ၊ မငြိ စတာတွေ အသေးစိတ်

ကွင်းဆင်းပြီးမှ နယ်ခွဲ၊ လိုင်းခွဲတာ။ အပြီးအစီးနယ်ခွဲ၊ လိုင်းခွဲကိစ္စပြတ်ပြီဆိုရင်တော့ စည်းမကျော်နဲ့ဆရာရေ။ အလျော်အစားကတော့ ပြင်းတယ်။ မင်းအသက်ငါ့ပေးပဲ''

သံချောင်း မျက်နှာထားက ပီဘီတည်တည်ငြိမ်ငြိမ်။ သေသေသပ်သပ်။ ဒီကောင် တကယ်အလေးအနက် ပြောနေတာမှန်းသိသာသည်။ သူငယ်စဉ်ကလေးဘဝ ဆယ်ကျော်သက်ကတည်းက ယနေ့အသက်သုံးဆယ်ကျော် လေးဆယ်တွင်းအထိ တစ်ဘဝလုံးစုံးစုံးမြုပ်နှစ်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့သော သူ့အလုပ်ပေမို့လည်း သူ့စကားသံက စေးစေးပိုင်ပိုင်ရှိသည်။ ဟုတ်ပေမည်။ သူကလည်း ခေသူမဟုတ်။ ရန်ကုန်မြို့တစ်ခွင် ခါးပိုက်နှိုက်ကျော်စောမှုဖြင့် စိမ်ချက်ချကာ တကူးတကရှာဖွေဖမ်းဆီး၍ ထောင်ဒဏ်စို့စို့ပို့ပို့ကလေး ကျလာသည့် ''လေထီးဝိဇ္ဇာသံချောင်း'' ပါတကား။

''ကဲကွာ . . . အခြားဂိုဏ်းက မင်းတို့နယ်၊ မင်းတို့လိုင်းထဲကျော်ဝင်အလုပ်လုပ်တာကို ဘယ်လိုလုပ်သိမလဲ။ ဒီလောက်ကျယ်တဲ့နေရာနဲ့ ကားတွေများလှတာကို။ သိပါပြီတဲ့။ ဘယ်လိုလုပ်မှာတဲ့တုံး''

ကျွန်တော်က စကားစကို တောက်ပေးသည်။ တစ်ခါတစ်ခါ နယ်ကျော်လိုင်းကျော်၍ အလုပ်လုပ်ကြရင်း တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အသေအကြေရိုက်ကြနှက်ကြ သတ်ဖြတ်ကြသည်ကို ကြားဖူးနားဝရှိနေ၍ အခွင့်ကြုံတုန်း ''ဗျူး''လိုက်ခြင်းပါ။ တလောကလေးကပင် ပဲခူးဘူတာကြီးစကြံမှာ ''အာဋာဝကလုစိုး''တစ်ယောက် ဓားထိုးခံရကာမရှူမလှ သေခဲ့ရသေးသည် မဟုတ်လား။

''ရှားတော့ရှားတယ် ဆရာရဲ့။ လူသစ်ကလေးတွေ မျက်စိလည်ဝင်လာတတ်တာနဲ့ တစ်ခါတစ်ခါ အလုပ်သိပ်ပါးရင် တစ်ရက်၊ နှစ်ရက်၊ တစ်ပတ်စသည် ဂိုဏ်းကြေးပေးပြီး ဝင်အလုပ်လုပ်ကြတာက

လွဲလို့ ပေါ်တင်ကြီးဝင်တာ ရှားပါတယ်။ တစ်ယောက်စ၊ နှစ်ယောက်စ ဝင်ဖောက်တာဆိုရင်လည်း သူ့အလုပ်လုပ်တာနဲ့ ချက်ချင်းသိတယ်။ လိုင်းတိုင်း၊ နယ်မြေတိုင်းမှာ ကျွန်တော်တို့ နယ်ခံသမားတွေက ပုံမှန် ရှိနေကြတာပဲ။ အလုပ်လုပ်တဲ့ ''အထာ''ချင်းလည်း မတူကြဘူးလေ။ အလုပ်လုပ်ပုံ၊ ''ဖားရွှေးပုံ'' အထာမတူရင် ချက်ချင်းသိပြီပေါ့။ ဒါဆို လည်း လွယ်ပါတယ်။ နယ်မကျော်ခင် ''ခွင်ဆင်''ပြီး ဝိုင်းဖမ်း၊ ရဲစခန်း အပ်လိုက်တာပေါ့။ နယ်မြေရဲလည်း ရာဇဝတ်မှုတစ်ခုနှိမ်ပြီးရော၊ အမှု လည်းတစ်မှုတိုးရော ကျွန်တော်တို့အတွက်လည်း တစ်တောရှင်းပြီး ဖြစ်ကရော''

လုပ်လိုက်ဟ။ သူ့အရပ်နှင့် သူ့ဇာတ်ကတော့ ဟုတ်နေတာ ပါ။ သူပြောနေပုံကိုက ငှက်ပျောသီး အခွံနွှာစားရသလောက် လွယ်လွန်း နေသည်။

''မင်းတို့ ခါးပိုက်နှိုက်အလုပ်ဆိုတာ ခပ်ညှံ့ညှံ့၊ ခပ်ချာချာ၊ ခပ်တုံးတုံးကောင်တွေ၊ မော့တိမော့ကန်း၊ နဝေတိမ်တောင်တွေသာ နှိုက်လို့ရမှာပါကွာ။ သတိနဲ့နေ သတိနဲ့သွား ကိုယ့်လုံခြုံရေးကိုယ် ဂရုစိုက်နေရင် မင်းတို့ဘယ်လို အလစ်သုတ်မှာလဲ။ ကဲ . . . ပြောစမ်း ပါဦး''

လာပါပြီ။ လာပါပြီ။ မျှော်လင့်တုန်း ကြော့ဆုံးလာချေပြီ ဆိုရတော့မည်။ သူမှပါလာပါ့မလား။ စိတ်ပူလိုက်ရတာဟုပင် ဩဘာပေး ရမည်လား။ ခွသမား ထောင်မှူးဦးလွန်းမောင်။ ဘယ်သူ ဘာပြောပြော ကန့်လန့်ဖြတ် ဘေးတိုက်လုပ်လိုက်ရမှ အိပ်ပျော်စားဝင် ရင်ချောင်သူ။

ကိုယ်တိုင်က တပ်သားကလေးဘဝမှသည် ထောင်မှူးဖြစ်သည် အထိ လုပ်သက်နှစ်သုံးဆယ်ကျော် ကိုယ့်ထူးကိုယ်ချွန်လာသူမို့လည်း သူ့ကိုယ်သူ ယုံကြည်ရဲရင့်လှဘိ။ တစ်ခါတစ်ခါ ရိုးရိုးရှင်းရှင်း၊ ပြတ်ပြတ်

တင်းတင်းစဉ်းစားတတ်သူမို့ အများနှင့်သဘောကြိုက်ညီမှု နည်းလှသည်။ သူ့မူနှင့်သူ တစ်ဘာသာထူးတဲ့ ဆရာကြီး။

ကျွန်တော်တို့ စကားဝိုင်း စိုစိုပြည်ပြည်တည်နေသည်က မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ နောင်ရိုးကြံစိုက်ပျိုးရေး အလုပ်စခန်း ဧရိယာအတွင်းရှိ ချောင်းပြန့်ကျေးရွာထိပ်၊ ကျွန်တော့်တပ်ခွဲ(၄)၏ တပ်ခွဲတဲကြီးအတွင်း ထမင်းဝိုင်းတွင် ဖြစ်ပါသည်။

ရန်ကုန်–မော်လမြိုင် သွားမော်တော်ကားလမ်း၏ လမ်းလုံခြုံရေးကို စိုးမိုးထားနိုင်ဖို့နှင့် တစ်နေ့တန်(၅၀၀)ကြိတ်ဝါးမည့် ဘီးလင်းသကြားစက်ရုံသို့ စက်မှုကုန်ကြမ်းသီးနှံကြံများ ပြည့်ဝစွာရရှိရေး ရည်ရွယ်ချက်များဖြင့် ဤစိုက်ပျိုးရေးစခန်းကြီးကို (၁၉၇၈)က စတင်ကာ နိုင်ငံပိုင် စိုက်ခင်းကြီးအဖြစ် တည်ထောင်ခဲ့ခြင်း ဖြစ်ပါ၏။ ဧက(၃၇၀၀)ကျော် ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့သဖြင့် ထိုခေတ်ကာလက အကြီးမားဆုံး နိုင်ငံပိုင်စိုက်ကွင်းကြီးအဖြစ် ဝင့်ကြွားနိုင်ခဲ့ပါသည်။

တစ်ဖက်ကလည်း ဒေသတွင် ကြီးစိုးလွှမ်းမိုးကာ ရန်ကုန်–မော်လမြိုင်ကားလမ်းကို ခြိမ်းခြောက်လျက် မကြာခဏ ကားတန်းကို ချုံခိုတိုက်ခိုက်ခြင်း၊ မိုင်းပြတိုက်ခြင်း၊ ပစ္စည်းလုလူသတ်ခြင်းများ ဆောင်ရွက်လျက်ရှိသော KNU သောင်းကျန်းသူများအား ဘီးလင်းမြစ်တစ်ဖက်ကမ်းအထိ မောင်းထုတ်နိုင်ခဲ့သဖြင့် စစ်ရေးအရလည်း မဟာဗျူဟာကျလှပါသည်။

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းဘဝခရီး အတွင်း ထိုနောင်ရိုးစခန်း၌ ဆယ်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ကာ စီမံကိန်းတာဝန်ခံနှင့် ငွေစာရင်းတာဝန်ခံအဖြစ် ထမ်းရွက်ခဲ့ရပါသည်။

တစ်ပြိုင်တည်းတွင် အကျဉ်းသား(လုပ်အားပေးရဲဘက်ကြီး) နှစ်ရာကျော်ပါဝင်သော လုပ်ငန်းတပ်ခွဲအမှတ်(၄)၏ တပ်ခွဲမှူးအဖြစ်

လည်း ပူးတွဲတာဝန်ယူထားရသေးရာ ယနေ့ကဲ့သို့ ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် ရှေ့တန်းတပ်ခွဲရုံး၌ နေကုန်ရှိနေကာ တပ်ခွဲလုပ်ငန်းများကို ကြီးကြပ်ရပါ၏။

ယနေ့ စနေနေ့တွင်လည်း ချောင်းပြန့်ရွာထိပ်၊ ရေဇလုတ်ကွင်း ကေ(၄၀၀)ကျော်ကို ကြံပေါင်လုံးခြင်း၊ မြေသြဇာကျွေးခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်ရာမှ နံနက်ပိုင်းထမင်းစားချိန် ခေတ္တနားနေကြခြင်း ဖြစ်ပါသည်။

တပ်ခွဲ(၅)ခွဲ အကျဉ်းသား (ရဲဘက်) အင်အားတစ်ထောင်နီးပါးကို ချောင်းပြန့်ရွာနှင့် ရေဇလုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းများအတွင်း သင့်သလိုနေရာချထား နားနေစေကာ တပ်ခွဲမှူးများဖြစ်သော ထောင်မှူးဦးလွန်းမောင်၊ ထောင်မှူးဦးအုန်းသင်(ပဲခူး)၊ ထောင်မှူးဦးအောင်ကြည်နှင့် ထောင်မှူးဦးတင်အေးတို့က လုပ်ငန်းနယ်မြေအတွင်းရှိ တစ်ခုတည်းသော ဌာနပိုင်အဆောက်အအုံဖြစ်သည့် ကျွန်တော်တို့ တပ်ခွဲ(၄)၏ တပ်ခွဲတဲကြီး အတွင်း နံနက်စာစားသုံးရန် စုဝေးပြင်ဆင်နေကြခြင်းပါ။

တပည့်ကျော်များနှင့် အကူရဲဘော်များက စားသောက်ရေး ပြင်ဆင်နေကြစဉ် ကျွန်တော်တို့အရာရှိအဖွဲ့က အာလာပ သလ္လာပပြောဆိုကြရင်း စကားဦးက သံချောင်းတို့၏ခါးပိုက်နှိုက်လုပ်ငန်းဆီ နယ်ကျွံသွားကြခြင်း ဖြစ်ပါသည်။

''အဲဒီလိုချည်းလည်း တထစ်ချပြောလို့တော့မရဘူး ဆရာကြီး''

သံချောင်းက စကားကို ခပ်ဆဆပြောသည်။ သူ့လုပ်ငန်း၊ သူ့အသက်မွေးဝမ်းကျောင်း၊ သူ့ဘဝ ဝန်းကျင်ကို ခပ်ဆတ်ဆတ်လေးထိသွား၍ ရင်ထဲမှာ ကျွံမြီးတိုနေမည်မုချ။ သို့သော်လည်း လက်ရှိအခြေ

အနေမှာ ကိုယ်ကအကျဉ်းသား အဖြစ်နေရသည်မို့ စကားကိုအကုန် မပြောနိုင်။ အရိပ်သုံးပါးနားလည်စွာ ကြည့်နေရသည်။ သို့တိုင် စကားသံ ခပ်အစ်အစ်က အလိုမကျဟန်။

''ဟုတ်တယ်ဗျ . . . ဦးလွန်းမောင်ရဲ့။ အဲဒီလိုကြီးတစ်ဖက်သတ်ပြောလို့ဘယ်ရမလဲ။ ဘယ်ဖြစ်မလဲ။ အ,လို့၊ ညံ့လို့ ခံရတာတွေ ရှိနိုင်သလို သူတို့ကျွမ်းကျင်မှုနဲ့ သူတို့ပညာနဲ့ သူတို့ဖန်တီးယူတာတွေလဲ ရှိဦးမှာပဲ။ ခင်ဗျားပြောသလောက်တော့ ချောင်မယ်၊ လွယ်မယ် မထင်ဘူး''

စကားအစကို ဝင်ထောင်သူက ထောင်မှူးဦးအုန်းသင်။ တပ်မတော်(ကြည်း) တပ်ကြပ်ကြီးမှ အသွင်ပြောင်းတာဝန်ထမ်းဆောင်လာသူ အရာရှိတစ်ဦး။ အသားမည်းမည်း၊ အရပ်ရှည်ရှည်၊ ပိန်ကိုင်းကိုင်းနှင့် တည်ငြိမ်အေးဆေးသူ၊ စကားကိုမပွင့်တပွင့်ဖြင့် တိုးတိုးညင်ညင်ပြောတတ်ပြီး၊ အကွက်ဝင်လာပါက တစ်ပါးသူကို ခပ်ရိရိ၊ ကလိတိတိ ပြောတတ်လုပ်တတ်လေသူ။ ယခုလည်း စကားဝိုင်းကို ပွဲဆူအောင် အညှောင့်ထောင်ပေးလိုက်ခြင်း ဖြစ်သည်။

''ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်တို့လုပ်ငန်းမျိုးက အလွန့်အလွန်ပြတ်လပ်နေမှ ဘယ်လိုမျှကို အကူအကယ်မရနိုင်မှသာ တစ်ကိုယ်တော် ပွဲတိုးတာမျိုးပါ။ ဖြစ်နိုင်သမျှ ဘယ်သူမဆို အအုံအကျင်းမပါဘဲ အလုပ်မလုပ်တတ်ကြပါဘူး။ ''ဖား''တွေ့ပြီ ဆိုရင်တောင် အဲဒီ''ဖား''ကို အာရုံလွှဲဖို့၊ အလုပ်လုပ်မယ့်ဝန်းကျင်ကို နှောက်ဖို့၊ ခလောက်ဖို့ ဘော်ဒါတွေက တာဝန်ယူကြရတာပါ။ တော်တော်ပိုင်မှ တော်တော်စိတ်ချရမှ အလုပ်လုပ်ရဲတာပါ။ ကျွန်တော်တို့ လောကမှာ တစ်ယောက်ယောက် ''ဖား''တစ်ကောင်ကို အပိုင်ကိုင်နိုင်ဖို့ အနည်းဆုံးလေးငါးယောက်က ရံပေး၊ ရုပ်ရှင်ရိုက်ပေးနေရတာပါ။ ပစ္စည်း

ရပြီဆိုရင်လဲ ကားပေါ်တင်လက်လွှဲပြီး အဆင့်ဆင့်ပြောင်းသွားတာ ကားတစ်မှတ်တိုင်ပဲရပ်။ ပစ္စည်းက ပါသွားပြီ။ ချောင်ချောင်လေးရ တာတော့ မဟုတ်ပါဘူး။ ကျွမ်းကျင်မှုရယ်၊ ပါးနပ်မှုရယ်၊ အအုံအကျင်း ကောင်းဖို့ရယ် လိုပါသေးတယ် ဆရာကြီး''

ကိုယ်တော်ချော ကိုရွှေသံချောင်းက ဇာတ်စုံခင်းသည်။ သူ့ ဘက်မှာ အရာရှိတစ်ဦးကပါနေသည်မို့ ပြောအားကလေးကလည်း ရှိလာ ပေသည်ကိုး။

''မင်းကလည်းကွာ။ ချီးမှုပဲ။ လျှောမွေးကို ဗာရာဏသီချဲ့ နေတယ်။ ပစ္စည်းရှင်က မလစ်ဘဲ သတိရှိနေရင် မင်းတို့ဘာလုပ်လို့ ရမှာလဲ။ ဓားနဲ့ထောက် လုယူမှရမယ်''

ဆရာကြီး ဦးလွန်းမောင်(ထောင်မှူး)ကလည်း မလျှော့။ တင်း ခံသည်။

''ပစ္စည်းရှင်က သတိရှိနေရင် အလုပ်သမားကလည်း ဘယ် ပြဿနာအတက်ခံမှာလဲ။ ဒါပေမဲ့ ပစ္စည်းက မက်လောက်အောင် တန်ဖိုး ကြီးနေပြီး ''ဖား''မှာ ဘော်ဒါဘော်ကြွပ်မပါ။ အုန်းလီးဝမ်းဆိုဟာ သေချာ လို့ကတော့''ဖား''ကို အာရုံမှောက်အောင်ဖန်ပြီး ကစ်တာပေါ့။ ဆယ်ခါ တစ်ခါ လွတ်ခဲပါတယ်။ လုပ်နိုင်ခဲ့တာချည်းပါပဲ''

သံချောင်းက ကြက်ခေါင်းဆိတ်မခံ။ အရှိန်ကလေးကရလာ ပြီ။ သူလက်ရှိလုပ်နေရသည့် ထမင်းဝိုင်း ကူညီပြင်ဆင်ပေးနေမှုကိုပင် ရပ်ပြီး ဖွတ်တွန်းနေသည်။ ကျွန်တော်ကတော့ ထမင်းစားချိန် နည်း နည်းလိုနေသေးခြင်းနှင့် စိုစိုပြည်ပြည်စကားဝိုင်းကလေး မပျက်စေလို၍ အသာကြည့်နေမိသည်။

ဘူးဆိုဖရုံမသီးတတ်ဘဲ မျက်စိမှိတ်ကာ ခြေကန်ငြင်းတတ်သည့် ဦးလွန်းမောင်၏ဝေလေ့ကို ပြက်ရယ်ပြုချင်စိတ်ကြောင့်လည်း ဖြစ်သည်။

ထောင်မှူးဦးအုန်းသင်၏ ကော်လုံး ကတ်လုံး ခတ်လုံးကလေးများကို ကြားချင်၍လည်း ဖြစ်သည်။ ထောင်မှူးဦးတင်အေးနှင့် ထောင်မှူးဦးအောင်ကြည်တို့ကလည်း ကျွန်တော့်နည်းတူ ကြားမဝင်ဘဲ ငြိမ်ငြိမ်ကလေး ပွဲကြည့်ပရိသတ် လုပ်နေကြသည်။

''နေဦး . . . တပည့်ရ။ မင်းတို့အဖွဲ့ လူစုံတက်စုံများဆိုရင် ဘယ်လောက်သတိရှိရှိ သတိကြီးကြီး ရအောင်အလုပ်လုပ်နိုင်တယ်။ ဖန်တီးနိုင်တယ်လို့ ဆိုချင်တာလား''

ဦးအုန်းသင်၏ငြိလုံးကို သံချောင်းက ကသောကမျော ဝန်ခံသည်။

''ဟုတ်ပါတယ် . . . ဆရာကြီး။ ကျွန်တော်တို့ လက်ရည်တူတွေ စုံစုံညီညီနဲ့ အုပ်တောင့်လို့ကတော့ လူမရွေး၊ နေရာမရွေး၊ အချိန်မရွေးပါဘူး''

တောင်ငူကလည်း တောင်ငူ။ မောင်းထောင်ကလည်း မောင်းထောင်။ ဦးအုန်းသင်၏ အချွန်အမြှ သံချောင်းကလည်း အလိုက်သင့်ဝင်ကသည်။ တစ်စတစ်စနှင့် စကားဝိုင်းက ပိုစည်လာသည်။ နှုတ်ဖြင့်ဖွင့်ထုတ်ကာ ခွန်းကြီးခွန်းငယ် ဝင်မပါကြသော်ငြား ထောင်မှူးဦးလွန်းမောင်ဘက်က ထောက်ခံသူ၊ သံချောင်းဘက်က ထောက်ခံသူ နှစ်ပက္ခကွဲလာသည်။

တီးတိုးတီးတိုး ပွစိပွစိနှင့် ဖြစ်စပြုလာသည်။ ဒုစရိုက်လောကတွင် ကျင်လည်ကျက်စားခဲ့ကြသူချင်းမို့ မွေ့မွေ့ချင်းခြေမြင်ကာ ကိုယ့်ကျွမ်းကျင်မှုကို တင်စားလျက် သံချောင်းဘက်က ရပ်ချင်သူလည်းရှိ။ တစ်ကြိမ်တစ်ခါသာ ကုသိုလ်ကြမ္မာညှိုးကာ ရာဇဝတ်ပြစ်မှုနှင့် ထိငိတိုက်တိုးရလေငြား ရိုးရိုးသားသားပင် ဒုစရိုက်အပြုအမူတို့ကို အစေးမကပ်ဖြစ်ကာ မျက်ထောင့်နီနေသူများလည်းရှိ။ ထမင်းစားကြဖို့ပင် မေ့နေမိ

ကြသည်။

"သံချောင်း . . . သံချောင်း . . . သံချောင်း။ မှင်းတော်တော် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ကောင်ပဲ။ ဒီလိုလုပ်ရအောင်ကွာ။ ဟော ဒီမှာ ငါ့ယူနီဖောင်းအိပ်ကပ်ထဲက ဖောင်တိန်တွေ့လား။ အဲဒီ ဖောင်တိန် ကို ဒီညနေအလုပ်မသိမ်းခင် မင်းအလစ်နှိုက်ယူနိုင်ပါ့မလား။ မင်းယူနိုင် ရင်တော့ မင်းတစ်လစာ ထမင်းစားဖို့မပူနဲ့။ စခန်းကင်န်တင်း(Canteen) က ဟင်းယူစား။ ငါပိုက်ဆံရှင်းမယ်။ ငါ့ဖောင်တိန်ကို မယူနိုင်ရင်တော့ မင်းဆရာဆီခွင့်တောင်းပြီး နားရင်းတစ်ချက်အုပ်မယ်။ တစ်သက်လုံး ခါးပိုက်နှိုက် မစားတော့ပါဘူးလို့လည်း ကတိခံရမယ်။ ကဲ . . . ဘယ် လိုလဲ"

ဗုဒ္ဓေါ့။ ပွဲက မထင်မှတ်ဘဲ ကြမ်းပြီ။ ထောင်မှူးဦးလွန်းမောင် ကပြောပြီး ကျွန်တော့်ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်သည်။ သံချောင်း ကလည်း ကျွန်တော့်ကိုပဲ လှမ်းကြည့်နေသည်။ ခေတ္တတော့ အားလုံး အသက်ရှူရပ်သွားသည့်နှယ် လေသံတောင် မကြားရ။ ထောင်မှူး ဦးအုံ့န်းသင်ကလည်း ပြုံးစိစိ။ သံချောင်းမျက်နှာ နီမြန်းနေသည်။ အခြေအနေ အကျဉ်းအကျပ်အတွင်းက ရုန်းထွက်ဖို့ အားယူနေဟန်ကို မြင်နေရသည်။

"ဒါတော့ ဆရာကြီး။ ဗွေမယူဘူးဆိုရင် ပြောကြည့်ချင်တယ်။ ပြောခါမှ ဆရာကြီး ဒေါပွလို့ထတီးရင် ကျွန်တော်က အလကားနခဲဦး မယ်"

သံချောင်း၏ စကားသံ။ ဒင်းကလည်း လျှော့ဦးမည့်ဟန်မရှိ။ စိန်ခေါ်သံ ချိတ်တိတ်တိတ်ပါနေသည်။

"မင်းပြောစရာရှိတာ ရဲရဲပြောကွာ။ မင်းဆရာကြီးကို ငါ တာဝန်ယူပါတယ်။ ဒီပွဲကလေးပြတ်မှ တို့ထမင်းစားလို့ရမှာ။ မင်းအရှုံး

ပေးမလား။ ညနေအထိ ပွဲဆက်ကြမလား။ ဘယ်လိုလဲ ငါ့တပည့်''

ထောင်မှူးဦးအုန်းသင်ကလည်း အလျော်ကောင်း။ ဦးလွန်းမောင်ကို ဟန်ခပ်ပါပါဖြင့် ဝင့်ကြည့်ကာ ဘေးတီးပေးသည်။ ကျွန်တော်တို့အရာရှိ တစ်သိုက်လည်း ဒီကောင်သံချောင်း ဘာပြောမလဲ သိချင်စိတ်တို့ဖြင့် ဖင်တကြွကြွ။

သုံးနှစ်ခန့် ကျွန်တော့်တပ်ခွဲ၊ ကျွန်တော့်အုပ်ချုပ်မှုအောက်တွင် ငြိမ်ငြိမ်ဝပ်ဝပ်၊ ပိပိပြားပြားနေထိုင်ခဲ့ကာ တပ်ခွဲစားဖိုတွင် တွဲဖက်ထားရသည့် တပည့်ရင်းပေမို့ အထက်လူကြီးကို ရင့်သီးသောစကားတော့ ပြောမည်မဟုတ်မှန်း တပ်အပ်သိသည်။ သူ့ဘဝ၊ သူ့အသက်မွေးဝမ်းကျောင်းအလုပ် (ပြောပါရစေတော့) သူ့ကျွမ်းကျင်မှု ''ပညာ''၊ သည်အရာတွေ မထိပါးအောင် သူဘယ်လို ကာကွယ်မလဲ။ ကျွန်တော်က ထိုဆင်ခြေစကားကို ပို၍စိတ်ဝင်စားသည်။

''ပြောမှာသာ ပြောစမ်းပါသံချောင်းရာ။ မင်းကိုငါ ဘာမျှမလုပ်ပါဘူး''

''ဆရာကြီးခွင့်ပြုရင်၊ တကယ်လည်း ကျွန်တော့်ကိုဘာမျှမလုပ်တာသေချာရင် ဆရာကြီးရဲ့ဖောင်တိန်ကို နာရီဝက်အတွင်း ကျွန်တော့်ပညာနဲ့ ကျွန်တော်ရအောင်ယူပြပါမယ် ဆရာကြီး''

''ဟိုက် . . . သေဟဲ့ နန္ဒိယ''

လုဂ်ချလိုက်ပြီ။ သံချောင်းကတော့ ညစ်တွန်းတွန်းတာလား။ သူ့ပညာစွမ်း သူယုံကြည်လွန်းလေသလား။ နှုတ်ထွက်စကားက ရဲတင်းလွန်းသည်။

''ဟေ . . . နာရီဝက်အတွင်း။ ဟုတ်လား . . . ဟေ့ကောင်။ မင်းတယ်စာဆိုတဲ့ကောင်ပဲ . . . ချီး''

ထောင်မှူးဦးလွန်းမောင် ရှုးရှုးရှဲရှဲဖြစ်သွားသည်။ ကျွန်တော်

တို့ အရာရှိတစ်သိုက်နှင့် တဲအတွင်း ထမင်းဝိုင်းပြင်နေသော ရဲဘော်များ၊ အကြွပ်များ၊ အကူအကျဉ်းသား (ရဲဘက်)များမှာ မမျှော်လင့်ဘဲ မီးထတောက်လာသောသည့်''စိန်ခေါ်ပွဲ''ကို အံ့သြတကြီး ဖြစ်နေကြသည်။ ထောင်မှူးဦးအုန်းသင်ကတော့ တဟဲဟဲဖြင့် အကျေနပ်ကြီး ကျေနပ်၍ နေသည်။ သည်လိုပုံဖြင့် ထမင်းစားဖို့တောင် ခဏ (Half-time) ပေးကာ ရပ်ထားရမလိုလို။

''ဟုတ်ပါတယ် ဆရာကြီး၊ နာရီဝက်ထက် မပိုပါဘူး။ ဒီထက်တောင် မြန်ချင်မြန်နိုင်ပါသေးတယ်''

သံချောင်းဆိုတဲ့ သံချောင်းကလည်း အာမခံရဲလှသည်။ နာရီဝက်ဆိုသော အချိန်ကာလက ဘာမျှကြာသည်မဟုတ်။ မျက်လှည့်၊ လက်လှည့်၊ ပဥ္စလက်မဟုတ်ဘဲ ဘယ်လိုလုပ်မည်နည်း။ မှော်တွေ၊ သရဲတွေစီးပြီး ယူနိုင်းဖို့တော့ ဟုတ်မည်မထင်။ ဒီကောင်လုပ်လိုက်မှဖြင့် သည်လိုချည်း။ နှုတ်ကျူးနှုတ်လွန်။ မဟုတ်ခဲ့လျှင် လူကြီးကိုအားနာစရာ။ သူတစ်ပေါက်၊ ကိုယ်တစ်ပေါက် ထင်ရာမြင်ရာထင်ကြေးပေးကြရာ လက်ပံပင်ဆက်ရက်ကျသို့ ဖြစ်လာသည်။ ကျွက်စီကျွက်စီ။ ကိုင်း . . . ပေါက်သည့်နဖူး မထူးတော့ပြီ။ စောင့်လို့သာ ကြည့်လိုက်ရတော့မည်။

''မီး ဟေ့ မီး . . . မီး။ ကြခင်းမီးလောင်နေပြီ''

''မီး . . . မီး''

''ကြခင်းမီးလောင်ပြီဟေ့''

စူးစူးရဲရဲအော်လိုက်သော မီးလန့်သံများကြောင့် ခေတ္တမျှကမ္ဘာပျက်သွားသည်သို့ ရှိသည်။ ပြေးကြ၊ လွှားကြ၊ ဝုန်းဒိုင်းကြ။ ကျွန်တော်၏ ရင်ထဲတွင် ဒိုင်းခနဲဆောင့်တက်လာသော နှလုံးခုန်သံကြောင့် ရင်ကိုဖိ၍ တဲအပြင်ပြေးထွက်ကာ မီးလန့်ရာနေရာဆီသို့ လှမ်း

ကဲကြည့်လိုက်မိသည်။

ကျန်အရာရှိတစ်သိုက်လည်း သူတို့တပ်ခွဲများရှိရာ အပြေးထွက်သွားကြပြီ။ ကျွန်တော့်တပ်ခွဲနားနေရာ ချောင်းပြန့်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှ တပ်စိတ်မှူး(ရဲဘက်ကြီး)အချို့နှင့် ဖင်ပြာဝတ်စုံဝတ် စခန်းသက်ရင့်ရဲဘက်ကြီးများ ပြေးလာကြတာကို မြင်နေရသည်။

''စိုးသိန်း၊ မီးမျှော်စင်ပေါ်တက်ကြည့်စမ်း။ ဘယ်နေရာလဲ။ ဘယ်လောက်ဝေးလဲ။ ဘယ်လောက်များများ လောင်နေပြီလဲ။ မင်းမြင်သမျှသတင်းပို့''

ကျွန်တော့်လုပ်ငန်းတပ်ခွဲ၏ ရဲဘက်တပ်ခွဲမှူး စိုးသိန်း (သမိန်ထော)ကို အရေးတကြီး အမိန့်ပေးကာ နောက်တန်းစခန်းရုံးသို့ ပြန်လည်သတင်းပို့နိုင်ရန် စီမံရသည်။ ကြခင်းမီးလောင်သည့် ဖြစ်စဉ်က အရေးကြီးဖြစ်စဉ်။

အချိန်မီ မငြိမ်းသတ်နိုင်၊ မထိန်းသိမ်းနိုင်လျှင် ကြံစိုက်ခင်းဧက (၁၀၀)၊ ဧက(၂၀၀)မှသည် လေး,ငါး,ခြောက်ရာကို တစ်ခဏအတွင်း မီးဝါးကာ ဆုံးရှုံးသွားစေနိုင်သည်။ ပြီးတော့ နောက်ဆက်တွဲလိုက်ပါလာမည့် ပြဿနာများကလည်း မိုးမီးလောင်သလောက် ကြီးလာဦးမည်။ ပေးဆပ်ရမည့် အလျော်အစားကလည်း တန်ဖိုးတကြီး။ အရေးယူကြေးဆိုလျှင် ရှေ့ဆုံးက ပစ်မလွဲပါရမည်က စီမံကိန်းတာဝန်ခံဖြစ်သူ ကျွန်တော်။

''မီးစတော့ ငြိမ်းသွားပြီ ဆရာရေ။ မီးခိုးပဲရှိတော့တယ်။ လူနိုင်သွားတယ်ထင်တယ်။ တချို့တောင် ပြန်လာနေကြပြီ။ မစိုးရိမ်ရတော့ပါဘူး''

ကျွန်တော့်ရဲဘက် တပ်ခွဲမှူး၏ သတင်းပို့သံက ကျက်သရေရှိလှပါဘိ။ တဒင်္ဂ ခေါင်းမီးတောက်လိုက်ရသမျှ ပျောက်ပါးသွားရသည်။

---

တော်သေးရဲ့။ ကံကြီးပေလို့သာပါတကား။ ယခုလို ကြံပင်များ ပွင့်စပြုချိန်တွင် ကြံရွက်ကြံလက်များ မချရသေးမီ မီးလောင်လိုက်ပါက ဓာတ်ဆီ ဖြန်းစရာမလို။ ချက်ချင်းလက်ငင်း ပြာကျသွားနိုင်သည်။

မကြာမတင်မီ ၁၉၈၃ ခုနှစ်က တောမီးမှတစ်ဆင့် မီးပွားကျကာ ဝင်းပြန့်ကုန်းမှသည် နော်လေးရိုးတစ်လျှောက် ကြံစိုက်ခင်းဧက(၂၀၀)ကျော် မီးလောင်ဆုံးရှုံးခဲ့ရသေးသည်။ တစ်ခါသေဖူးပြီမို့ ပျဉ်ဖိုးနားလည်ကာ မီးရေးထင်းရေးကို အလေးဂရုထားရပါသည်။

ဆူဆူညံညံဖြင့် ကျွန်တော့်တပ်ခွဲ တပ်ကြပ်ဆရာမြဖေ(ရခိုင်၊ စစ်တွေအကျဉ်းထောင်)နှင့် ရဲဘက်တပ်စိတ်မှူးအချို့ ပြန်လာကြပြီ။ နောက်နားဆီတွင်လည်း လမ်းခုလတ်မှာပင် အခြေအနေ အကျိုးအကြောင်းသိ၍ ပြန်လာခဲ့ကြဟန်တူသော ထောင်မှူးဦးလွန်းမောင်တို့၊ ဦးအုန်းသင်တို့ လူသိုက်ကို တွေ့ရသည်။

မကြာမတင်မီ တပ်သားချွေကြည် (ကရင်လေး၊ ချောင်းပြန့်ဇာတိ)က သံချောင်း၏အမှူတွဲ ဝင်းသိန်းဟန်ကို ကုပ်မှကိုင်ကာ ကျွန်တော့်အရှေ့သို့ဆွဲလာပြီး အမောမပြေသေးသည့်အသံဖြင့် မကျေမချမ်း သတင်းပို့သည်။

''ဆရာရေ . . . လက်သည်ကတော့ ဒီကောင်ပဲ။ ကဖိုင်းလမ်းဆုံနားက ကြံတင်တွဲဆိုက်ဒင် (ဘီးလင်းသကြားစက်သို့ ပေးသွင်းရမည့် ခုတ်သိမ်းပြီးကြံများအား မီးရထားတွဲများပေါ်သို့ တင်ဆောင်ရာနေရာ)မှာ ကြံရွက်ခြောက်တွေ မီးပုံရှို့နေတာ။ ဘာလုပ်တာလဲမေးလို့မရဘူး။ မထုံတက်သေး၊ ပြုံးစိစိနဲ့။ ဒီကောင်တစ်ခုခုတော့ အကြံအစည်ရှိမယ်ဆရာ''

ဝင်းသိန်းဟန်ကတော့ ခေါင်းငုံ့၍ ကုပ်ကုပ်ကလေး ရပ်နေရှာသည်။ မောမောဖြင့် ဗိုင်းထုထားကြပုံပေါ်သည်။ အရာရှိလည်း လူစုံ

တက်စုံရောက်လာကြပြီ။ ပြေးလိုက်လွှားလိုက်ကြရ၍ အတော်မောသွားကြသဖြင့် တဲအတွင်းဝင်ကာ ခြေပစ်လက်ပစ် အပန်းဖြေနေကြသည်။ ကျွန်တော်တို့တွေ လူစုံသည့်တိုင် ဝင်းသိန်းဟန်က စကားမေးမရ။ ငြိမ်နေတုန်း။

"ကိုင်း . . . ဝင်းသိန်းဟန်။ မင်းဘာကြောင့် မီးရှို့တာလဲ ဆိုတာ ရှင်းအောင်မပြောရင်တော့ မင်းထိုက်နဲ့မင်းကံပဲ။ ငါ့ကိုအဆိုးမဆိုနဲ့။ မင်းလည်းရှူးနေတဲ့ကောင်မဟုတ်တော့ အကြောင်းမဲ့တော့ လုပ်မှာမဟုတ်ဘူး။ ပြော . . . "

ကျွန်တော်က လေသံတင်းတင်း၊ မျက်နှာမာဖြင့် ရာဇသံပေးလေမှ ခေါင်းမော့လာပြီး မလှမ်းမကမ်းတွင် ခပ်ယို့ယို့ရပ်နေသာ သံချောင်းကို လှမ်းကြည့်သည်။ မင်းပဲပြောလိုက်တော့ဟု မျက်နှာရိပ်ပြသယောင်။ သည်ပြဿနာ သည်နှစ်ကောင်နှင့် အဆက်အစပ်ရှိဖို့များသည်။ ကျွန်တော်က မျက်စိအကြည့်ကို ဝင်းသိန်းဟန်ဆီမှ သံချောင်းထံသို့ ရွှေ့လိုက်သည်။ သံချောင်းကိုပြောစမ်းဟု အမိန့်ပေးလိုက်သည့်သဘော။

"ဆရာကြီးဦးလွန်းမောင်၊ ဆရာကြီး ဖောင်တိန်ရှိပါသေးသလား"

မဆီမဆိုင် လက်ပံသားဓားနှင့်ချိုင်။ ဘာဆိုင်၍တုံး။ ကြွက်ခြောက်ပုံမီးရှို့သည့် အမှုကိစ္စနှင့် ဦးလွန်းမောင်၏ဖောင်တိန်။ ဘယ်လိုဆက်စပ်လို့လဲ။

"သောက်ကျိုးနည်း . . . ငါ့ဖောင်တိန် ဘယ်ကျခဲ့တုံးဟ။ တင်မြင့် . . . တင်မြင့်၊ လမ်းမှာလိုက်ကြည့်စမ်း"

"လိုက်ကြည့်မနေပါနဲ့တော့ ဆရာကြီး။ ဖောင်တိန်က ဒီမှာပါ။ ကောက်ရတာတော့မဟုတ်ဘူး။ ခုန မီးလန့်ပြီး ပြေးကြလွှားကြတုန်း

ဆရာကြီးဆီက ကျွန်တော်နှိုက်ထားလိုက်တာ''

''ဟော''

မောင်မင်းကြီးသား သံချောင်းက ရွှေရောင်ဖောင်တိန်ကလေးကို ထောင်မှူး ဦးလွန်းမောင်အား လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ပြန်ပေးသည်။ ဦးလွန်းမောင်က အံ့ဩလွန်းခြင်းကြီးစွာ သူ့ဖောင်တိန်ကို ပြန်ယူရင်း သံချောင်းကိုလည်း ဝေခွဲမရသောအကြည့်ဖြင့် ကြည့်သည်။ ကျွန်တော်အပါအဝင် အရာရှိတစ်သိုက်နှင့် ပွဲကြည့်ပရိသတ်တို့မှာ တံ့ဏှိဘာဝေ။ မတုန်မလှုပ်။

''နေပါဦး . . . နေပါဦး။ မင်းက အရာရှိဦးလွန်းမောင်ဆီက နှိုက်လိုက်တာတော့ ထားပါတော့။ မင်းလက်ထဲမှာသူ့ဖောင်တိန်ရောက်နေလို့ ငြင်းမရပါဘူး။ အဲဒါ မီးလောင်တာနဲ့ ဘယ်လိုပတ်သက် . . . ဟင်၊ ဟုတ်ပီ၊ ဟုတ်ပီ။ ကျလဲ . . . ကျတဲ့ကောင်တွေကွာ။ သံချောင်းက ဖောင်တိန်ကို နှိုက်လို့ရအောင် ဟိုအကောင် ဝင်းသိန်းဟန်က ကြွက်ခြောက်တွေ မီးပုံရှို့ပြီး ငါတို့ကိုရှုပ်ရှုပ်ထွေးထွေး အာရုံလွှဲခဲ့တာကိုး။ ရုတ်တရက်ထူပူသွားတော့ မီးကိစ္စကလွဲလို့ ခေါင်းထဲလည်း ဘာမျှမရှိတော့ပါဘူး။ ဒီအကွက်ကို အခွင့်အရေးယူလိုက်ကြတာကိုး။ ဟုတ်လေ့ကွာ။ ဟား . . . ဟား . . . ဟား''

ထောင်မှူးဦးအုန်းသင်က သံချောင်းကိုမေးနေတုန်း ပုစ္ဆာ၏ အဖြေကို စဉ်းစားတွက်ထုတ်ကာ အဖြေမှန်ရသွားသည့် ကျောင်းသားကလေးတစ်ဦးပမာ အူမြူးစွာ ခွက်ထိုးခွက်လန်ရယ်နေသည်။ ကျွန်တော်တို့လည်း သည်တော့မှ သည်နှစ်ကောင်၏လုပ်ရပ်ကို သဘောပေါက်နိုင်တော့သည်။

ကျောချမှ ဓားပြမှန်းသိရတာကိုး။ ဒါကြောင့်ပင် နာရီဝက်အတွင်း ဖောင်တိန်ကို နှိုက်ယူပြမည်ဟု သင်းကအာမခံရဲခဲ့ခြင်းပါပေ။

---

စိတ်ကူးသစ်စာပေ

ကျွမ်းကျင်ရာ လိမ္မာဆိုဆို၊ တဒင်္ဂမျှအတောအတွင်း လက်ငင်းလက်တွေ့ အလုပ်ဖြစ်အောင် ကြံဆနိုင်သော လျင်မြန်လွန်းသည့် တခဏာပွတ္တိ ဉာဏ်ဟုပဲ ချီးမွမ်းချီးမွမ်း၊ လုပ်ကွက်ကလေးကတော့ သပ်ရပ်လှပလွန်းသည်။

ဆိုကြပါစို့ခင်ဗျာ။ ထိုပွဲတွင် ကျွန်တော့်ဆရာကြီး ဦးလွန်းမောင် ဒိုင်ပွဲရပ်ဖြင့် ရှုံးပါသည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကျွမ်းကျင် လိမ္မာစွာ ထဲထဲဝင်ဝင်တတ်မြောက်ထားသည့် "ပညာ" တစ်ရပ်အား လွယ်လင့်တကူ အထင်သေး၍ မရစကောင်းမှန်း အမှတ်ထင်ထင်ပင် နှလုံးသွင်းမိရတော့သည်။

ပွဲသိမ်း ထမင်းစားဝိုင်းက မြိန်လှသည်။ ဝင်းသိန်းဟန်ဖန်တီး လုပ်ကြသည့် ဟန်ဆောင်ရှုံမီးကြောင့် ပြေးရလွှားရ၍ ဗိုက်ပိုချောင်သွား လေသလား။ ထွေးမရမျှမရ လိပ်ခဲတည်းလည်း နိုးလုခိုးလု ပြဿနာ တစ်ရပ် ပျော်ပျော်ရွှင်ရွှင် အပြေထွက်ကာ တစ်ခန်းရပ်သွား၍လား။ ထောင်မှူးဦးလွန်းမောင်မှလွဲ၍ အားလုံးထမင်းစားကောင်းကြသည်။ ဦးအုန်းသင်ကတော့ ဗိုက်ကိုခွေးနမ်းပေါ့။

♛ ♛ ♛ ♛ ♛

(၃)

တုန်ချိ(ခ)ရေအေး။

သူ့မိဘများကတော့ ရေလိုအေး၍ ပန်းနှယ်မွှေးပါစေ ရွှယ်စူးကာ ''မောင်ရေအေး''ဟု အမည်သညာလှလှကလေး ပေးခဲ့ကြခြင်းဖြစ်ပါလိမ့်မည်။ မိဘမေတ္တာပေကိုး။

သို့ရာတွင် ထောင်ထဲရောက်ကာမှ မိမွေ့ဖမွေ့ ထိုထိုနာမည်ကလေးနောက်တွင် လူပုံသေးသေးညှက်ညှက် အရာရာကို နှေးကွေးလေးလံစွာ ပျင်းတိပျင်းတွဲ လှုပ်ရှားတတ်သူ။

သူ့စရိုက်နှင့် ကိုက်ညီသော နောက်တိုးအမည်ပြောင်းတစ်ခုကို အကျေးအမွေးမပါ ကင်ပွန်းတပ်ခံခဲ့ရသည်။ ''တုန်ချိ''ပါတဲ့။ အကြောင်းမရှိလျှင် ခြေလှုပ်လက်လှုပ်ရမှာကိုပင် တွန့်တိုဝင်လေး ပင်ပန်းတတ်သူ သူ့အတွက်သည်အမည်က လိုက်ဖက်လေစွ။

သို့သော်။ အမည်ကို ကြည့်ကာမျှနှင့်၊ ကြားကာမျှနှင့် အရမ်းအထင်မသေးလိုက်ပါနှင့်ဦး။ သူ့အလုပ်၊ သူ့အသက်မွေးဝမ်းကျောင်း သူ့ပညာကို နားဆင်ကြည့်ပါဦး။ ဟုတ်ကဲ့။ ဖောက်ထွင်းဝိဇ္ဇာဆိုပါကလား။

ဖောက်ထွင်းဝိဇ္ဇာ ရေအေး(သို့မဟုတ်)တုန်ချိ။ သူလည်းခေသူမဟုတ်ပဲ ဆိုသည့်စာရင်းထဲကပါ။ ရေအေးကို ဖမ်းမိဖို့ နှစ်ရှည်လများ

စောင့်ဆိုင်းခဲ့ရသည်။ သူက မူတစ်မျိုး၊ သူ့ကိုယ်ကိုယ် သူကလွဲ၍ အဖော်မရှာ။ လုပ်ဖော်ကိုင်ဖက်မဖွဲ့။ ကိုယ်ကကျူးလျှင် ကိုယ့်ဒူးတောင်မယုံ။

သူ့ခေတ်သူ့အခါ သူလုပ်သမျှ တင့်တယ်အောင်မြင်နေဖို့က ကြီးမားသော ဖောက်ထွင်းမှုကြီးများကို အဖော်မပါ တစ်ကိုယ်ဘည်း ကျူးလွန်နိုင်ခဲ့သည်။

ခေါင်းဝင်ကိုယ်ဆံ့ဆိုသောဆိုထုံးက သူ့လက်သုံးစကား။ မိမယ့် မိတော့လည်း သူညံ့လွန်း၍ မဟုတ်ခဲ့။ သူအလုပ်လုပ်၍ ရရှိလာသော ပစ္စည်းများကို ပင်တိုင်ထုခွဲပေးနေသော မိချောင်းနှင့်ပီတာ(ခ)ဖော်မင်းတို့ ဆရာတပည့်နှစ်ဦး သတိမထား၊ ပေါ့ဆမှုကလေးများကြောင့်သာ တစ်နွယ်ငင်တစ်စင်ပါ ကိုယ်တိုင်အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ယခုမှု ထိုပြစ်မှုနှင့် ယခင်ပြစ်မှုများကိုပူးတွဲကာ ထောင်ဒဏ်(၁၀)နှစ် ကျခံနေရသူ။ ကျခံရန်ကျန်ကာလက သိပ်မရှိတော့ပါ။ (၂)နှစ်ကျော်ကျော်သာ ပြစ်ဒဏ်ကျခံပြီးလျှင် လွတ်တော့မည်။

သံချောင်းနှင့် ထောင်မှူးဦးလွန်းမောင်တို့၏ ဇာတ်လမ်းက ယနေ့အတွက် ဖေးဘရိတ်ဖြစ်နေသည်။ ညနေပိုင်း၊ အလုပ်လုပ်ချိန် တစ်လျှောက်လုံး လုပ်ငန်းတပ်ခွဲအသီးသီး၏ လုပ်ငန်းခွင်များအတွင်း အကျဉ်းသားရဲဘက်များ၏ နှုတ်ကိုစိုးသည်။ ဇာတ်ကြောင်းလှန်ကြ၊ စားမြုံ့ပြန်ကြ၊ ဝေဖန်ကြ၊ ချီးကျူးကြ၊ ရှုတ်ချကြ။ သူ့စိတ်အခံနှင့်သူ တုံ့ပြန်ကြသည်သာ။ သည်အချိန်ကလေးက ညနေတပ်ခွဲများ အလုပ်သိမ်းချိန်အထိ မပြေချင်သေး။

အကျဉ်းသားများ အလုပ်သိမ်း လူစစ်ဆေးခြင်း၊ လုပ်ငန်းနှင့် လက်သုံးကိရိယာများ သိမ်းဆည်းလူစစ်ဆေးခြင်းစသည့် တစ်နေ့တာအတွက် လုပ်ငန်းသိမ်းကိစ္စ ထွေတလာများကို တပ်ခွဲအလိုက် ဆောင်

ရှက်နေကြစဉ် ကျွန်တော်တို့ အရာရှိအဖွဲ့က တပ်ခွဲတဲအတွင်း ရေနွေးကြမ်းသောက်ကာ ယနေ့၏ပေါ်ပြူလာ ဇာတ်ဝင်ခန်းကို နောက်ပြန်ရစ်ကာ ရယ်ပွဲဖွဲ့ နေမိကြသည်။ ယခုတော့ဖြင့် ဆရာကြီး ဦးလွန်းမောင်လည်း ပြုံးနိုင်ရယ်နိုင်၊ ပြုံဖော်ရယ်ဖော်ရပါပြီ။

''တကယ်ကတော့ဆရာတို့ရယ်။ ကျွမ်းကျင်ရာလိမ္မာဆိုတာ အဓိကပါပဲ။ ဒီအလုပ်နဲ့ အသက်မွေးတယ်။ ဒီအလုပ်ကို ဇောက်ချပြီး စူးစူးစိုက်စိုက် လေ့လာရတယ်။ လေ့ကျင့်ရတယ်။ ပညာယူရတယ်။ ကိုယ့်အလုပ်နဲ့ ပတ်သက်သမျှ လုပ်ငန်းအသုံးအဆောင်ကစလို့ အသေးစိတ် ကြည့်ရှုမှတ်သားရတယ်။ စာနဲ့ပေနဲ့ မဟုတ်ဘူးနော်။ စိတ်ထဲမှာမှတ်ရတာ။ ကိုယ့်မှတ်ဉာဏ်ထဲမှာ အချိန်မရွေးပြန်ခေါ်၊ ပြန် ထုတ်သုံးလို့ရအောင်ကို မှတ်ရတာ။ ကျွန်တော်တို့က ဘဝအကျိုးပေး မကောင်းလို့ လမ်းကြောင်းမှားပြီး ဒုစရိုက်လောကထဲ ရောက်နေလို့။ အကျိုးပေးကောင်းကောင်းနဲ့ ဘဝလှခဲ့ရင် ရောက်ရာဖြစ်ရာဘဝမှာ ''ဒိတ်''ဖြစ်နေမှာပါ''

အလို့။ တယ်ဆိုတဲ့စာပါလား။ ပင်ကိုအခံငှက်ဖျားတက်လာ၍ ညနေတစ်ပိုင်း ဆေးနားနားပြီး တပ်ခွဲရုံးအတွင်း ကူဖော်လောင်ဖက် လုပ်ပေးနေသော ဆေးနားရဲဘက်တုန်ချိက စကားရောဖောရောဖြင့် ဝင်၍ မှတ်ချက်ပြုလာသည့် စကားသံပါ။

လက်တွင် ရေနွေးကြမ်းတစ်အိုးကိုင်၍ ပဲကြော်သုပ်တစ်ပန်း ကန်က ပါလာသေးသည်။ လူကောင်က ညှက်ညှက်သေးသေးပေမဲ့ သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ် နေတတ်စားတတ်ပုံတော့ပေါ်သည်။ မှတ်ဆိတ်ပါးမြိုင်းမွေးမရှိ။ ခြေသည်းလက်သည်း တိတိရိရိညှပ်ထား သည်။ ဆံပင်က တိုတိုပါးပါး။ မျက်နှာနေ မျက်နှာကျကလည်းငြိမ်ငြိမ်။ သိမ်သိမ်မွေ့မွေ့။

''အေးကွ . . . ဟုတ်တော့ဟုတ်တယ်။ ငါလည်းနေ့လယ်တစ်ပိုင်းလုံး ဒါပဲခေါင်းထဲဝင်နေတယ်။ ဗိုဇနဲ့ပတ်ဝန်းကျင် ဘယ်ဒင်းက ပိုအရေးကြီးသလဲဆိုတာရယ်။ မင်းတို့လို ဒုစရိုက်လောကထဲက တကယ့် ''မီးခဲ''တွေကို လူကောင်းသူကောင်းအဖြစ်နဲ့ ဘယ်လိုပြုပြင် အသုံးချမလဲဆိုတာ တွေရယ်ပေါ့''

ဦးလွန်းမောင်က ရှားရှားပါးပါး လိုလားစွာတလိုက်တလျော လက်ခံစကားပြောသည်။ နေ့လယ်ခင်းက အတွေ့အကြုံက တော်တော်ထိသွားပုံပေါ်၏။ စိတ်အခံဖြောင့်မတ်သူမို့ စေတနာမှန်သောအတွေးတို့ ဖိတ်အန်လျှံကျလာခြင်း ဖြစ်ပေမည်။

''ဟုတ်တယ်ဗျ။ ကျုပ်တို့ အင်းလုပ်ငန်း ရေလုပ်ငန်းတွေမှာဆိုရင်လည်း ''တစ်ပွဲစား''ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဘာမှတ်တမ်းမျှမကြည့်၊ ဘယ်လိုအတွက်အချက်မျှ မလုပ်ဘဲ ရာသီဥတု၊ ရေမြေတောတောင်၊ ရေအရောင်ကိုကြည့်ပြီး ဖမ်းရမယ့်ပိုက်ချက်တွေ၊ ဖိမယ့်ငါးပုစွန်တွေ၊ ရနိုင်တဲ့ အလေးချိန်ကအစ တိတိကျကျပြောနိုင်တယ်။ ပြောသလောက်လဲ ဒက်ထိပဲ''

''ဘုရားကွင်း စခန်းခွဲက ထောင်မှူးဦးရာကွတ်ရဲ့ တပည့်ကျော် ''ဆယ်မောင်''က တစ်ပွဲစားပဲ ဆရာရဲ့။ စခန်းနားက အင်းတွေအိုင်တွေကို လှုက်ကြည့်ပြီး ရဲဘက်ကြီး သုံးလေးယောက်နဲ့ ဖမ်းကြ၊ ဆီးကြ၊ သူ့တပ်ခွဲက ရဲဘက်တွေ အသားရိက္ခာ မပူရတဲ့အပြင် ဦးရာကွတ်အိမ် အတွက်လည်း ငါးခြောက်ငါးခြမ်းက အလျှံပယ်ပဲဗျ''

ထောင်မှူးဦးအောင်ကြည်နှင့် ထောင်မှူးဦးတင်အေးတို့က တွေးတွေးဆဆပြောသည်၊ ခြောက်စထောင် ဦးအုန်းသင်ကတော့ ရေငွေးကြမ်းပဲ မှုတ်သောက်နေသည်။ သည်စကားဝိုင်းက သည်တွင်ရပ်ခဲ့လျှင် အကောင်းသား။

---

''ကျွန်တော်တို့ ဒုစရိုက်သမား၊ အလုပ်သမား မျက်စိမှာတော့ အရာဝတ္ထုပစ္စည်းတို့၊ အခြေအနေတို့ဆိုတာက ယာယီအဟန့်အတားတွေပါဆရာ။ အဲဒီအဟန့်အတားကို ကျော်ဖြတ်နိုင်ဖို့ နည်းလမ်းမတွေ့သေးခင်သာ ထိုင်ကြည့်၊ ကိုင်တွေး၊ ထိုင်ကြဲနေရတာပါ။ နည်းလမ်းရပြီဆိုရင်တော့ ဘာကြီးနဲ့တားထားထား၊ လုပ်ချင်တာလုပ်လို့ဖြစ်ခဲ့တာချည်းပါပဲ''

လာလာချည်သေး။ တုန်ချိတို့ကတော့ ပါးစပ်ပေါက်ကျယ်လွန်းပြီ။ သည်ကောင်က စာကလေး ပေကလေးလည်း ဖတ်တတ်၊ မှတ်တတ်သည့်အခံကလေး အားကောင်းသည်။ စကားလုံးလည်း နည်းနည်းထွားချင်တတ်သည်။ ဒါက သူ့ဉာဏ်၊ သူ့စရိုက်။

''နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက် ကဲနေပြန်ပါပြီကွာ။ သံချောင်းက လက်စလေးထုတ်ပြလိုက်တာနဲ့ မင်းကလည်း လက်သည်းဖြန့်ပြချင်နေပြီလား ဝိဇ္ဇာအစုတ်ပလုတ်ရဲ့''

ထောင်မှူး ဦးအောင်ကြည်က ထ,ဟောက်သည်။ နားကလောလာအံ့ထင်၏။ သူက လူဖြောင့်စိတ်တို စကားနည်း၊ နှုတ်နည်းသော်လည်း ပြောစရာကြုံက ပိဿာလေး ဘေးပစ်ပြောတတ်၊ လုပ်တတ်သူ။

''အဟုတ်ပြောနေတာ ဆရာကြီးရဲ့။ ကျွန်တော့် အလုပ်ပဲကျွန်တော်ပြောပါမယ်။ ကျွန်တော်တို့ ဖောက်ထွင်းဝိဇ္ဇာသမားအဖို့ဖွင့်မရတဲ့သော့ဆိုတာ ကမ္ဘာမှာမပေါ်သေးဘူးလို့ပဲ မှတ်တယ်။ ဖွင့်မရသေးတာ၊ ဖွင့်ဖို့နည်းလမ်း ရှာမတွေ့သေးရင်သာ ရှိရမယ်။ လုံးဝဖွင့်မရတဲ့ သော့မရှိပါဘူး။ အခု ဆရာတို့သုံးနေတဲ့ တရုတ်သော့တို့၊ Globe သော့တို့ဆိုတာ ဘာပစ္စည်း၊ ဘာကိရိယာမျှမပါဘဲ ကျွန်တော်တို့ ''လက်ဆ''နဲ့လှူပ်ရုံတင် ပွင့်ပါတယ်။ ညှို့ဖွမန်းတာ မဟုတ်ဘူးနော်။

အတွေ့အကြုံ သမ္ဘာ။ ကျွန်တော်တို့ နည်းနည်းကြောက်တာက ဆရာတို့ထောင်တွေမှာသုံးတဲ့ Chubb သော့၊ Gubb သော့တွေပဲ။ ဖွင့်ရပြုရ နည်းနည်းခက်တယ်။ ဒါပေမဲ့ ဝါရင့်အလုပ်သမားကတော့ သံချောင်းကလေးတစ်စလောက် ကလိစရာရရင်ပဲ ဖွင့်နိုင်ပါတယ်။ သိပ်မခက်လှပါဘူး။ အဆင်ပြေလို့ ကျွန်တော်တို့လက်နက်ပစ္စည်းစုံစုံ Master Key နဲ့ဘာနဲ့ ကျကျနနအလုပ်လုပ်ခွင့်ရလို့ကတော့ ဘယ်သော့မျှ အာမခံမပေးနိုင် မပေးရဲအောင် သင်ခန်းစာပေးနိုင်ပါရဲ့''

သင်းကတော့ တစ်ဆိတ်နည်းနည်း လွှန်လွန်းပြီထင်သည်။ ဖောက်ထွင်းသမားမဟုတ်။ ဖောက်ထွင်းဝိဇ္ဇာဟု နာမည်တစ်လုံးနှင့် ထောင်ကျလာသူမို့ သူပြောနေတာကို ငြင်းဆန်ကန့်ကွက်ဖို့ကလည်း အခက်။ ကိုယ့်မှာပြောစရာ အချက်အလက်မရှိ။ ''တော်စမ်းပါကွာ''ဟု အာဏာဖြင့် ပိတ်ပင်ရအောင်ကလည်း ကိုယ့်လက်အောက် ဝန်ထမ်းများ၊ အကျဉ်းသား ရဲဘက်များရှေ့တွင် မတော်မတရား အကျိုးအကြောင်းမဲ့ နှိပ်ကွပ်သည်ဟု အမြင်မစောင်းစေချင်။

ကျွန်တော့်သဘော၊ ကျွန်တော့်အကျင့်က လက်အောက်ကို ဖိနှိပ်ချုပ်ချယ်ခြင်းကို လက်မခံတတ်။ ချုပ်ချယ်ခြင်းနှင့် ထိန်းကွပ်ခြင်းတို့မှာ သဘောလက္ခဏာအားဖြင့် ကွဲပြားကြပါသည်။ ချုပ်ချယ်ခြင်းသည် ဖိနှိပ်ခြင်းသဘောပြဒ္ဒါန်း၍၊ ထိန်းကွပ်ခြင်းသည် အကျိုးလိုလားခြင်းသဘော ပြဒ္ဒါန်းပါသည်။ ယခုလည်း တုန်ချိုကိုတားဟန်ပြုပြီးမှ တုံ့ဆိုင်းနေလိုက်မိသည်။

မှတ်မိသေးသည်။ မန္တလေးဗဟိုအကျဉ်းထောင်တွင် ထောင်မှူးလောင်းသင်တန်း အပတ်စဉ်(၃)တက်ရင်း၊ တစ်ပတ်တစ်ခါ ထောင်တွင်းသင်တန်းစာများကို လက်တွေ့ကွင်းဆင်းလေ့လာရစဉ်က ယခုတုန်ချိုပြောပြသကဲ့သို့ ခပ်ဆင်ဆင်ဖြစ်ရပ်မျိုး ကြုံခဲ့ရဖူးသည်။ ပြေး

ပေါက်မှားခဲ့ဖူးသည်။

၁၉၈၃–၈၄ ခန့်ကပေါ့။ ထိုစဉ်က မန္တလေးဗဟိုအကျဉ်းထောင်၏ ထောင်ကျအကျဉ်းသား အိပ်ဆောင်အမှတ်(၂)၏ တာဝန်ခံအဆောင်မှူးမှာ ထောင်မှူးဦးမြမောင်ဖြစ်သည်။ ဝဝဖိုင့်ဖိုင့်၊ ကျောက်ပေါက်မာသက်သက်နှင့် ဘဝကိုပေါ့ပေါ့ပါးပါး၊ ပျော်ပျော်ရွှင်ရွှင်နေတတ်သောတကယ့် စိနိယာအရာရှိတစ်ဦး ဖြစ်ပါသည်။

တစ်ခုသော တနင်္ဂနွေနေ့ဝယ် ကျွန်တော်တို့ ထောင်မှူးလောင်းသင်တန်းသား(၅)ဦးသည် လက်တွေ့ အကျဉ်းထောင်လုပ်ငန်းများကိုလေ့လာရန် အနီးထောင်ကျ အိပ်ဆောင်အမှတ်(၂)၌ ပူးတွဲတာဝန်ထမ်းဆောင်ရပါ၏။ ကျွန်တော်၊ ကျော်ဆန်းဦး (ထောင်မှူးကြီး(ငြိမ်း)၊ ယခုမူ မောင်ရည်ကျော်(ရှုပ) ကလောင်ဖြင့် စာရေးဆရာဖြစ်နေပါပြီ)၊ ခင်မောင်ထွန်း(ကွယ်လွန်)၊ ကိုထိန်လင်း (ဦးစီးအရာရှိ၊ ဟသ်ာတထောင်တာဝန်ခံ)နှင့် ကိုထွန်းသန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ယခုမြစ်ကြီးနား ထောင်တာဝန်ခံအရာရှိ) တို့ဖြစ်သည်။

တစ်နေကုန် လုပ်ငန်းခွင် လက်တွေ့အလုပ်များ လေ့လာလိုက်၊ အိပ်ဆောင်အတွင်းရှိ အကျဉ်းသားများနှင့် ရောနှောကာ စကားလက်ဆုံကျလိုက်၊ အဆောင်မှူးရုံးခန်းမှ တည်ခင်းဧည့်ခံသော ချိုချဉ်ခဲဖွယ်များကို စားလိုက်သောက်လိုက်နှင့် အဆင်ပြေကာ ပြည်တော်သာနေခဲ့ရာ၊ ယနေ့ ထောင်ပိတ်ချိန်ရောက်မှ ချွေးပြန်ရတော့သည်။

ထောင်ကျဆောင်(၂)နှင့် ပူးတွဲတာဝန်ယူရသည့် ပြစ်ဒဏ်တိုက်အမှတ်(၃)မှ သော့ခလောက်များအနက် နှစ်လုံးက ဖွင့်မရ။ သော့ခလောက်တွေ၏ သက်တမ်းကလည်း ဤထောင်ကြီး၏ သက်တမ်းလောက်ရင့်နေ၍ အတွင်းကလီစာတွေ ကပ်နေသလား။ ဘယ်လိုဖွင့်ဖွင့်၊ ဖွင့်၍မရ။

---

တိုက်ခန်းအတွင်း သီးခြားထိန်းသိမ်းထားရသော အကျဉ်းသားများမှာ အရေးကြီးအကျဉ်းသား၊ နှစ်ကြီးပြစ်ဒဏ်ကျ အကျဉ်းသားနှင့် သီးသန့်ထောင်တွင်း ပြစ်ဒဏ်ချမှတ်ခံထားရသော အကျဉ်းသားများ(V.I.P) ပုဂ္ဂိုလ်များသာ ဖြစ်ပေရာ ညနေထောင်ပိတ်ချိန်တိုင်း အခန်းပြောင်းရသည်က ထောင်၏လုပ်ရိုးလုပ်စဉ်။

အခန်းလုံခြုံရေး စစ်ဆေးရန်နှင့် အခန်းတစ်ခုထဲတွင် ပုံသေကြာရှည်ထားခြင်းဖြင့် တိုက်ခန်းဖောက်ထွင်းမှုမျိုး မကြံစည်နိုင်စေရန် ကြိုတင် ကာကွယ်စီမံရခြင်းပါ။ ခက်ပြီ၊ အဆောင်မှူး ထောင်မှူး ဦးမြမောင်ကလည်း ညွှန်မှူးရုံးခဏသွားနေသည်။

လက်ထောက်အဆောင်မှူး တပ်ကြပ်ဦးသန်းမောင်ကလည်း ခပ်အေးအေး၊ ခပ်ထုံထုံ။ နှုတ်စအာစလုပ်ရည်ကိုင်ရည်မရှိ။ ကိုင်း . . . ဖြစ်ချင်တာဖြစ်။ ကျွန်တော်တို့ သင်တန်းသားများအနက်မှ လူသွက်လူရွှင်ကျော်ဆန်းဦးက အိပ်ဆောင်အတွင်းစုံစမ်းပြီး ဖောက်ထွင်းမှုဖြင့်ထောင်ကျလာသူ (ဘောကြီးကြည်ဝင်း)ဆိုသူ အကျဉ်းသားအား ခေါ်လာကာ ဖွင့်စေသည်။ အံ့စရာခင်ဗျာ။ သူ့ဆရာနှင့် သူ့လူနာဟုတ်လို့။ သော့ကို အမျိုးမျိုးအဖုံဖုံကြည့်ကာ သော့ချိတ်ကွင်း သံတိုတစ်ချောင်းနှင့်ဖွင့်ရာ ချက်ချင်းရလိုက်ပါရောလား။ ဟုတ်ပေ့။

ကျွန်တော်တို့လည်း အတော်ပျော်သွားကြသည်။ ဒါကျောင်းမဆင်းသေးတဲ့ အရာရှိလောင်းသင်တန်းသားတွေရဲ့စွမ်းရည်ဟု ရင်ကော့လက်မထောင်ကြသည်။ ညနေထောင်ပိတ်ချိန်၊ ထောင်ပိတ်တာဝန်ခံထောင်မှူးကြီး ဦးထန်ဒိုလန်း (၁၉၈၉ က ကွယ်လွန်ရှာပါပြီ)ကိုပင်ဖြစ်ကြောင်းရယ်ကုန်စင် သတင်းပို့လိုက်သေးသည်။

လား . . . လား။ ထိုသတင်းပို့ချက်ကြားရသည်နှင့် ထောင်မှူးကြီးခမျာ ငယ်ထိပ်မြွေကိုက်ခံလိုက်ရသလို ဗျာများသွားကာ ကျွန်

တော်တို့နှင့် ထောင်မှူးဦးမြမောင်အား ဆုပူကြိမ်းမောင်းအော်ဟစ် လိုက်ပုံမှာ မိုးပြိုမတတ်။

ချက်ချင်းပင် သော့ဝိဇ္ဇာ ''ဘောကြီးကြည်ဝင်း''ကို ခြေချင်းခတ်၊ ဒေါက်ခတ်၊ ပြစ်ဒဏ်တိုက်သို့ ပြောင်းစေ၍ အလုံပိတ်ပြစ်ဒဏ် (၁၄)ရက် အပြစ်ပေးသည်။ သူဖွင့်ပေးလိုက်သော သော့နှစ်လုံးအပါအဝင် ဘိုတိုက်အမှတ်(၃)ရှိ လက်ရှိသော့များနှင့် ချက်ချင်းလဲလှယ်စေသည်။

ထူးခြားဖြစ်စဉ် မှတ်တမ်းကိုရေးသား၍ ထောင်ပိုင်ကြီးထံ တင်ပြသည်။ ကျွန်တော်တို့ အရာရှိလောင်းငါးဦးအားလည်း ပြစ်ဒဏ် မှတ်တမ်းလွှာ (Punishment Slip)ရေးကာ သင်တန်းမှူးထံ တရားဝင် တိုင်ကြားသည်။

ကိုယ့်တာဝန်၊ ကိုယ့်အရေး မဟုတ်ပါဘဲလျက် ဝင်ဆတ်ဆော့မိသူ ကျွန်တော်တို့တစ်သိုက် သင်တန်းမှူး၏ အပြစ်ပေးခြင်းကို အီစလံဝေအောင်ခံခဲ့ရပါ၏။ ဟုတ်သည်လေ။ သည်သော့ ဝိဇ္ဇာအား အကျဉ်းထောင်သော့များကို ပေး၍ ဖွင့်စေခြင်းဖြင့် တစ်ထောင်လုံးရှိ သော့များ၏ လုံခြုံမှုမှာ အဘယ်မှာရှိပါတော့အံ့နည်း။ ဤအချက်ကို ကျွန်တော်တို့ ပညာကျော်များ မတွေးမိခဲ့ပါ။ နသေးသကိုး။

ကျွန်တော်တို့၏ ကောင်းမှုကြောင့် ဖောက်ထွင်းဝိဇ္ဇာ၊ သော့ဝိဇ္ဇာ''ဘောကြီးကြည်ဝင်း'' ခမျာတော့ ခြေချင်းတန်းလန်း၊ ဒေါက်တန်းလန်းဖြင့် မြင်းခြံထောင်သို့ ပြောင်းရွှေ့ခံလိုက်ရရှာပါသည်။ ယခုပင် တွေးရင်း သတိရမိသေးတော့။ သည်အတွေ့အကြုံကြောင့် တုန်ချိကို လျှော့၍ မတွက်ရဲ။

သည်တစ်ချီ ခေါင်းထောင်လာသူက ဦးအောင်ကြည်။ တုန်ချိ၏ လေကို ဘဝင်ကျပုံမရ။

''မင်းတကယ်ပြောနေတာလား''

စိတ်ကူးသစ်စာပေ

သူ့လေသံက ပြတ်သည်။ မာသည်။ တစ်ခုခုကို အတိအကျ ပြောထွက်တော့မည်နှယ်။

''တကယ်ပါ ဆရာရဲ့။ ကျွန်တော်ဖောက်ထွင်းမှုနဲ့ ထောင်ကျခဲ့ရတာ အလုပ်လုပ်ရင်း လက်ပူးလက်ကြပ်မိလို့ကျခဲ့တာ တစ်ခါမျှ မရှိဘူး။ ပစ္စည်းထုခွဲတဲ့သူတွေမသေသပ်လို့ ကွင်းဆက်နဲ့ကျရတာ ချည်းပဲ''

တုန်ချိကလည်း တစ်ပြားသားမလျှော့။ အတုံ့အတင်တော့ ရှိလာလေပြီ။

''ဒီလိုဆို ဒီစခန်းက လုံခြုံရေးသော့ အားလုံးဖွင့်နိုင်တယ်။ ဖွင့်တတ်တယ်ပေါ့''

တကယ်သိချင်၍လား၊ မျှော့သွေးစမ်းကာ ထောင်ချောက်ဆင် လိုက်ခြင်းလား။ ဦးအောင်ကြည် တကယ်တင်းနေတာကတော့ ထင်ရှား လွန်းသည်။ တပည့်ကျော် တုန်ချိကိုလည်း ရပ်လိုက်စေချင်ပြီ။ ပွဲသိမ်း မလှမှာစိုးသည်။

''ဖွင့်နိုင်တာပေါ့ ဆရာရယ်။ ဒီမှာသုံးနေတဲ့ သော့တွေအားလုံး Globe သော့များတာပဲဟာ။ Solex သော့က ရှိလှသုံးလေးလုံးပေါ့။ ဘာမျှခက်တာ မပါပါဘူး''

တုန်ချိကလည်း တုန်ချိ။ မထိတထိ ကလိသည်။

''ဒါဆို မင်းဘာလို့ဖောက်ထွင်းပြီး ထွက်မပြေးသလဲ''

ထောင်မှူး ဦးအောင်ကြည်က ဘလိုင်းကြီး ဝင်အောင်းသည်။ Foul Shot ပါခင်ဗျာ။ Foul Shot ပါ။ ဝင်ထိန်းဖို့ အချိန်မရလိုက်ပါ။ အရှိန်ရသွေးပူနေသည့် တုန်ချို၏ နောက်ဆက်တွဲ ဖြေသံကလည်း ချက်ချင်းကပ်ပါလာသည်။

''ကျွန်တော် အင်းစိန်ထောင်ကနေ စခန်းကို လိုက်လာတာ

အဓိကအချက်က ပြေးလို့လွယ်မယ်ထင်လို့၊ ပြေးဖို့ပါဆရာ။ ရောက်ကတည်းက ဒါပဲ အချိန်ရှိသရွေ့ ကြံစည်၊ လေ့လာ၊ ပြင်ဆင်နေတာပါ။ အခုထိ မပြေးဖြစ်သေးတာက ကျွန်တော့်ဆရာ တပ်ခွဲမှူးက ကျွန်တော့်အပေါ် မိလိုဘလိုကောင်းလွန်းလို့၊ စောင့်ရှောက်လွန်းလို့။ ကျွန်တော်ထွက်ပြေးခဲ့ရင် ကျွန်တော့်ဆရာ ထောင်မှူးကိုအပြစ်ဒဏ်ထိမှာ စိုးရိမ်လို့ပါ။ တကယ်လို့များ ကျွန်တော့်ဆရာ တခြားကိုပြောင်းခဲ့ရင်၊ ဒါမှမဟုတ် တာဝန်နဲ့ခရီးရှည်ထွက်ခဲ့ရင် အဲဒီနေ့ဟာ ကျွန်တော်ပြေးမယ့်နေပါပဲ''

''ကိုင်းကွာ . . . ဒီလောက်တောင် ရှိလှတာ''

''ခွပ်''

''အား''

ဘယ်သူမှထင်မထား၍ တားရန်ပင် မမီလိုက်။ ပြောသူကလည်း ကြက်ခေါင်းဆိတ်မခံ၊ နှုတ်လုန်ထိုးသည်။ ဒေါသကုမ္မာရကြီးကလည်း ဘာမပြော၊ ညာမပြော လက်သီးနှင့်ထ,ထိုးလိုက်သည်။ အားလုံးမှင်တက်မိ၍ငြိမ်။ သတိရတော့ တုန်ချိကမြေမှာလဲလို့။ ဆိုကြပါစို့ခင်ဗျာ။ နိဂုံးချုပ်လိုက်တော့ နေ့လယ်ခင်းက အပျော်တွေအငွေ့ပြန်ကုန်တော့သည်။

တပ်ခွဲမှူးလည်းသိမ်း၊ အလုပ်လည်းသိမ်း၍ စခန်းပြန်လာခဲ့ကြသည်။ ကရုဏာဒေါသနှင့် တုန်ချိကို ပြစ်တင်မောင်းမဲသူက မောင်းမဲ။ သနားစိတ်ဖြင့် ချော့မော့သူက ချော့မော့။ သည်ကြားထဲကပင် ဒင်းက လုပ်လိုက်သေးသည်။

''ဒီလောက်တောင် ဖြစ်လှတာ။ ဒီတစ်ခါ ထောင်မှူးဦးအောင်ကြည် တာဝန်မှူးကျတဲ့နေ့ညမှာ ကျွန်တော်ပြေးဖြစ်အောင် ထွက်ပြေးမယ်''

---

စိတ်ကူးသစ်စာပေ

ပြောလေကဲလေ၊ မန်းလေပြလေ . . . ခွေးမသား။ တပ်ခွဲ
တပ်ကြပ် ကိုမြဖေ(ရခိုင်)က ခေါင်းကိုထုသည်။ ရဲဘက်တပ်ခွဲမှူး
စိုးသိမ်း(သမိန်ထော)က နားရွက်ဆွဲလိမ်သည်။ သို့နှင့်တိုင် သူ့စကား
က တစ်ယောက်စကား တစ်ယောက်နားဖြင့် အခမဲ့လက်ဆင့်ကမ်းကာ
အလုပ်စခန်းတွင် တပ်ခွဲတိုင်းသို့ ပျံ့နှံ့သွားသည်။

''ဒီတစ်ခါ ထောင်မှူးဦးအောင်ကြည် တာဝန်မှူးကျတဲ့နေ့မှာ
တုန်ချိကထွက်ပြေးမတဲ့ . . . ဟေ့''

ကောင်းကြရော။ မစင်ပုံကို ခဲဖြင့်ထုသည့်နှယ် စင်လဲစင်သေး။
နံလည်းနံသေး။ ကြားရချက်က မည်သို့မျှ မသက်သာ။ တုန်ချိ(ခ)
ရေအေး၏ ဆရာဖြစ်သော တပ်ခွဲမှူးကျွန်တော် မျက်နှာဘယ်လို
ထားရပါ့။

သို့ဖြင့် . . .

♛ ♛ ♛ ♛ ♛

(၄)

''ဆရာ . . . ဆရာ . . . ထပါဦး။ အိပ်ဆောင်(၄)က
ရဲဘက်တစ်ယောက်ပျောက်နေလို့တဲ့။ ထပါဦး''

ကျွန်တော့်ရုံးအကူ ရဲဘော်တပ်သား အေးကို၏ကျိတ်
ခေါ်လိုက်သံကြောင့် အိပ်မှုန်စုံမွှားနိုးလာရသည်။ သူ့စကားက မရှင်
လင်းလှ။ ထွက်ပြေးတာလည်း မဟုတ်။ ပျောက်နေတာတဲ့။ ဘယ်လိ

ဖြစ်ရပြန်ပါလိမ့်။ ယနေ့ နံနက်တာဝန်မှူးတာဝန်ကို လက်ခံဆောင် ရွက်ရမည်မို့ ကျွန်တော့်ကို ဦးစွာလာနှိုးကာ အသိပေးခြင်းဖြစ်ပါလိမ့် မည်။

လက်က နာရီကို ဖျတ်ခနဲကြည့်လိုက်မိ၏။ နံနက်သုံးနာရီခွဲ ကျော်ကျော်။ အကျဉ်းသားရဲဘက်များ၊ ပြေးလေ့ပြေးထရှိ၊ ထွက်ပြေးဖို့ ကြံစည်အားထုတ်လေ့ရှိတတ်သော အချိန်။ ညလယ်ပိုင်း(၁၁)နာရီ၊ (၁၂)နာရီခန့်နှင့် နံနက်ဦးပိုင်းလေးနာရီခန့်အကြား အချိန်များသည် အကျဉ်းထောင်၏ ညဥ့်အချိန်လုံခြုံရေးအတွက် အထူးဂရုပြုကြရသော အချိန်များ ဖြစ်သည်။

ထွက်ပြေးသည့် အကျဉ်းသားဆိုသည်ကလည်း အသိဉာဏ် နှင့် လူသားများသာဖြစ်၍ ယင်း၏ထွက်လမ်းနှင့် ထွက်ပြေးဖို့အချိန်ကို တွက်ကာ လိုက်လံရှာဖွေသူဝန်ထမ်းများ လျင်မြန်စွာလိုက်လံရှာဖွေ မဖမ်းဆီဖို့ အရေးမလှနိုင်သော အချိန်ကိုရွေးတတ်ကြသည်။

မိုးရွာလေတိုက် ရာသီဉတုပျက်ချိန်၊ လျှပ်စစ်မီးပျက်ချိန်၊ သဘာဝညဥ့်အမှောင်ထု အားကြီးချိန်များမှာ ယင်းတို့ ခံတွင်းတွေ့လှ သော ထွက်ပြေးချိန်များဖြစ်တတ်၊ ဖြစ်လေ့ရှိပါ၏။ ယခုပင်ကြည့်လေ။ သူတို့ဝလေ့နှင့် ကွက်တိ။

"အေး . . . အေး။ ငါအရင် စခန်းဝင်းထဲ သွားနှင့်မယ်။ မင်းကကျန်တဲ့ ထောင်မှူးတွေနဲ့ အကြပ်တွေကို လိုက်နှိုးပြီးသတင်း ပို့။ ဒါနဲ့နေပါဦးကွ။ တာဝန်မှူးက ဘယ်သူလဲ။ ကိုတင့်လွင်လား၊ ဦးသန်းနိုင်လား"

"ဦးအောင်ကြည်ဆရာ"

"ဟေ . . . ဘာဖြစ်တာလဲကွ။ ဦးအောင်ကြည် တာဝန်မှူး ကျရင် ပြဿနာများတတ်လွန်းလို့ ထောင်ပိုင်ကြီးကလဲ တာဝန်မှူး

မဝင်ခိုင်းဘဲ နားထားတာ မဟုတ်လား။ ဘယ်လို သူက တာဝန်မှူး ဝင်ရပြန်တာလဲ''

''တကယ်က ဦးတင့်လွင် တာဝန်ပါဆရာ။ မနေ့ညနေပိုင်းကမှ တောင်စွန်းကျောက်ထုတ် စခန်းမှာရှိတဲ့ သူ့အဖေ အသည်းအသန်မကျန်းမမာလို့ ခွင့်ယူသွားတဲ့အတွက် ထောင်မှူးကြီးက အစားထိုး တာဝန်ချလိုက်တာပါ။ ထောင်ပိတ်ချိန်ကမှ စဝင်တာပါ''

''ဒုက္ခပါပဲကွာ''

ကျွန်တော်ကလည်း ညည်းချင်းချကာ လက်နှိပ်ဓာတ်မီးကို ဝင့်၍ စခန်းသံဆူးကြိုးဝင်းဆီ ထွက်လာခဲ့မိသည်။ တပည့်ကျော်ကတော့ ကျန်အရာရှိများကို အရေးပေါ် သတင်းပို့စုစည်းရန် သွားလေပြီ။

ဇာတ်သဘင်တို့၊ ဂီတနယ်ပယ်တို့ စသည့်သဘင်မှု အနုပညာ သုခုမပညာရပ်များတွင် ''လမိုင်း''ဆိုတာရှိတတ်သည်။ ယုံလည်း စူးစူးနစ်နစ် ယုံကြည်တတ်ကြသည်။ အနုပညာအထာ, သမ္မာ၊ အအုံအကျင်း၊ အခြေအနေတွေ ဘယ်လိုပဲကောင်းကောင်း၊ ''လမိုင်း'' မကပ်လျှင် အာရုံမဝင်။ စေးစေးပိုင်ပိုင် မရှိ။ ဖွယ်တယ်တယ်။ လျော့ရဲရဲ ဖြစ်နေတတ်သည်။ Mood မရဘူးပေါ့ခင်ဗျာ။ ''လမိုင်း''ဝင်ပြီ၊ ''လမိုင်း'' ကပ်ပြီဆိုရင်တော့ လူနည်းနည်းနဲ့လည်း ကျဲကျဲဝိုင်းကာ ပွဲကျအောင် ဖန်တီးနိုင်ပါသည်။

အလားတူပင် ကျွန်တော်တို့ ထောင်မှာလည်း ယည်သို့ပင် ရှိတတ်ပါသည်။ အလုပ်တစ်ခုကို ဘယ်သူပင်လုပ်လုပ်၊ အလုပ်ပြီးသွားတာချင်း တူဦး။ ''လမိုင်း''ပါလျှင်၊ ''လမိုင်း''ဝင်အောင် ဖန်တီးဦးဆောင်တတ်သူ ဦးစီးလျှင် ပို၍ချောမွေ့ အဆင်ပြေတတ်သည်။ မြန်ဆန်တတ်သည်။

ပြဿနာနှင့် အကျိုးပေးသူ ''အကုသိုလ်လမိုင်း'' ကပ်သူ

တစ်ဦးပါခဲ့လျှင်လည်း ဘာလုပ်လုပ်အဖုအထစ်၊ အဆီအငေါ် မတည့် ဖြစ်ကာ ရှာလည်တတ်သည်။

ထောင်မှူးဦးအောင်ကြည်က ထိုသို့အကုသိုလ် လမိုင်းဝင်သူ။ သူမို့တာဝန်မှူး မကျလိုက်နှင့် တပ်သားကအစ ထောင်ပိုင်အဆုံး ထောင်ပိတ်သံချောင်း မခေါက်မချင်း (ညကိုးနာရီခန့်အထိ) ယူနီဖောင်းမချွတ်ရဲ။ ဘာဖြစ်မလဲ၊ ဘာပြဿနာပေါ်ဦးမလဲ နားရွက်ကားနေရသည်။ စွင့်နေရသည်။

သည်ကြားထဲကပင် ပြဿနာတစ်ခုမဟုတ် ပြဿနာတက်တတ်၊ ငြိတတ်သည်။ အကြီးအသေး၊ အလေးအပေါ့သာ ကွာမည်။ ကိစ္စကြီးငယ်မရှိဘဲ ပွဲမပြီးတတ်။ အဆိုးဆုံးက ရဲဘက်ပြေးကိစ္စနှင့် အထူးအကျိုးပေးတတ်ခြင်း။

ဦးအောင်ကြည် တာဝန်မှူးကျလျှင် ''ရဲဘက်ပြေးမှုရှိတော့ မယ်ဟေ့''ဟုသိကာ ကြို၍စောင့်ဆိုင်းနေရ လောက်အောင်ပင်။ သူနေ့တိုင်း ရဲဘက်ပြေးတတ်သည်။ ရဲဘက်ပြေးမှုတွေ ဇယ်ဆက်နေသဖြင့် ဒုက္ခများကြရလွန်း၍ ကျွန်တော်တို့ တာဝန်မှူးဝင်ရမည့် အရာရှိများပင် ခေါင်းချင်းရိုက်ကာ ထောင်ပိုင်ကြီးထံတင်ပြပြီး သူ့အား တာဝန်မှူး တာဝန်''လွှတ်''ထားပေးရသည်။

သူ့အတွက် တစ်ရက်စာကို ကျွန်တော်တို့ အလှည့်ကျ ဝင်ရောက် တာဝန်ထမ်းဆောင်ပေးခြင်းဖြင့် ပြဿနာကို အကြောင်းရိုက်၊ မျက်စိလည်အောင် လုပ်ခဲ့ကြရသည်။ သို့နှင့်တိုင် ယခု တစ်ခါဝင်၊ တစ်ခါပြဿနာတက်။ အကျဉ်းထောင်တွင် အရေးအကြီးဆုံး ပြဿနာကိစ္စကြီးဖြစ်သည့် ညဥ့်အချိန်ထောင်အတွင်းမှထွက်ပြေးခြင်း (Inside Escape at Night) နှင့် တည့်တည့်တိုးပြီ။

''လာ . . . လာ . . . ဦးဇော်မြင့်။ ခင်ဗျားက တာဝန်မှူး

လက်ခံမယ့် အရာရှိမဟုတ်လား။ အိပ်ဆောင်အလိုက် လူပေါင်းစာရင်း ယူတာ၊ လူစစ်တာ ဦးစီးလုပ်ဗျာ။ ပျောက်နေတဲ့ အကျဉ်းသားအမည်နဲ့ ဖြစ်ပွားပုံအကျဉ်း မှတ်တမ်းဖော်ထုတ်၊ ထွက်ပြေးတာ သေချာပြီဆိုရင် ပဏာမစုံစမ်းစစ်ဆေးမှု (Preliminary Inquiry) လုပ်ပေးပါ။ ကျွန်တော်က လိုက်လံရှာဖွေဖို့၊ ဖမ်းဆီးဖို့၊ ရဲအမှုဖွင့်ဖို့ အုပ်ချုပ်မှုကိစ္စတွေ စီစဉ်လိုက်မယ်။ စခန်းတာဝန်ခံရုံးမှာ ရှိမယ်ဗျာ။ မြန်မြန်လုပ်ကြပါ။ ထောင်ပိုင်ကြီးတော့ မိုးလင်းမှပဲ သတင်းပို့တော့မယ်။ အိပ်ပါစေတော့''

ထောင်မှူးကြီး ဦးဇာကေအာမက် (လက်ထောက်ညွှန်မှူး (ငြိမ်း)အကျဉ်းဦးစီးဌာန)က တာဝန်အသီးသီး ခွဲပေးသည်။ ပြီးတော့မှ ရုံးဘက်ဆီ ထွက်သွားသည်။ သူလည်း တူညီဝတ်စုံအပြည့်။

တကယ့်တကယ် အဖြေရှာလိုက်တော့ ပျောက်ဆုံးထွက်ပြေးသွားသူက ကျွန်တော်တို့ ဇာတ်လိုက်ကျော်ကြီး ''တုန်ချိ(ခ)ရေအေး''၊ ဖောက်ထွင်းဝိဇ္ဇာရေအေး ပါတကား။ အမှတ်မထင်သူပြောခဲ့သလို ထောင်မှူးဦးအောင်ကြည် တာဝန်မှူးကျသည့်နေ့တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ထွက်ပြေးခဲ့ပြီ။

ပို၍ ထူးဆန်းသည်က အိပ်ဆောင်ကိုခတ်ထားသော သော့လေးလုံးစလုံး လက်ရာခြေရာမပျက်။ အကျဉ်းထောင်ဝင်းကို ခတ်ထားသည့် သံဆူးကြိုးဝင်းနှစ်ထပ်လည်း မည်သို့မျှအရာမယွင်း။ အိပ်ဆောင်အဝင် ဘူးတံခါးကြီးရှိ သော့များလည်း အပွန်းအရှမရှိ။ ရေငွေ့ဖြစ်ပြီး ပြန်သွားလေသလား။ မြေကိုလျှိုးပြီးပဲ ပြေးလေသလား။ မသိ. . .မသိ။

သေသေချာချာ ပိုက်စိပ်တိုက်ရှာဖွေလေမှသာ ခြံစည်းရိုးမြောက်ဘက်ခြမ်း အောက်ဆုံးသံဆူးကြိုးအောက်တွင် လူတစ်ကိုယ်စာ တိုးဝင်တွားသွားသည့် ခြေရာခြေကြောင်းကို တွေ့ခဲ့ရ၏။

ဤဇာတ်လမ်းတွင် တစ်တပ်တစ်အားပါဝင်ခဲ့ကြကာ ရဲဘက်

ထွက်ပြေးမှုကျူးလွန်မည့် ကြိုတင်သတင်းကို ထိန်ချန်ထားခဲ့ကြသော ကျွန်တော်တို့လူစုကတော့ နှစ်တိုးတစ်နှစ်ဖြတ်တောက်ခြင်း ပြစ်ဒဏ် (One Year Increment Stop) ကို သွားဖြုံခံခဲ့ကြရပါသည်။

သူကောင့်သား စာနိချိုကတော့ ဘယ်ဆီဘယ်ဝယ် ပြေးလေပြီ မသိ။

♛ ♛ ♛ ♛ ♛

(၆)

''မြွေပွေးကို ငယ်သည်ဟု အလမ္မာယ်မပြုနှင့်''ဟု ကျွန်တော်တို့ငယ်ငယ် ဖိုးသူတော် ဦးနုဆုံးမစာ၌ နှုတ်တက်အာဂုံ ကျက်မှတ်ခဲ့ရဖူးပါသည်။ သို့တစေ ရင်ထဲမှာ မဝင်ခဲ့ဘူးထင်၏။ ယခုတော့ဖြင့် အရိုးစွဲ၊ အသည်းခိုက်အောင် မှတ်မိပါပြီ။

မြွေပွေးကိုလည်း အလမ္မာယ်မပြုတော့ပါ။ မြက်လျှောကိုလည်း အလမ္မာယ် မပြုတော့ပါ။ မြွေဆိုတာ မြွေပါပဲခင်ဗျာ။ အဆိပ်ပြင်းပြင်း၊ မပြင်းပြင်း အဆိပ်တော့ အမှန်ရှိတတ်ကြပါသည်။ ငရုတ်မှုန်လျှင် စပ်ကြစမြဲ ထုံးစံမဟုတ်ပေလား။

♛ ♛ ♛ ♛ ♛

ဧယျမင်းသျှင်